www.burmeseclassic.com

နေလှိုင်

# ငွေရှာနည်း ငွေသုံးနည်း

Robert T. kiyosaki's
RICH DAD POOR DAD

www.burmeseclassic.com

www.burmeseclassic.com

နေလှိုင်

# ငွေရှာနည်း ငွေသုံးနည်း

Robert T.Kiyosaki ၏

RICHDAD POOR DAD

မှီငြမ်းပြန်ဆိုသည်

ဖြန့်ချိရေး

ထီးလှိုင်ရှင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

★ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
★ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
★ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန် ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၄၁၉၀၅၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၄၉၂၀၅၁၂

ပုံနှိပ်ခြင်း

ပထမအကြိမ် - ၂၀၁၂ ခုနှစ်၊ ဇွန်လ
အုပ်ရေ - ၅၀၀
ကွန်ပျူတာစာစီ - AK
အဖုံးဒီဇိုင်း - နေလှိုင်

ထုတ်ဝေသူ
ဦးစန်းမွန်အောင် (ငါတို့စာပေ)
အမှတ် (၇၅)ဒီ၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

အဖုံးနှင့် အတွင်းပုံနှိပ်
ဒေါ်ရွှေ (သုခပုံနှိပ်တိုက်)
အမှတ် (၁၂၈)၊ ၄၆-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်

တန်ဖိုး - ၃၅၀

ဖြန့်ချိရေး
ထီးလှိုင်ရှင်စာပေ

နေလှိုင် ၁၃၁. ၃
ငွေရှာနည်း ငွေသုံးနည်း - နေလှိုင် ရန်ကုန်
ငါတို့စာပေ (ပထမအကြိမ်) ၂၀၁၂
၂၁၄ စာ - ၁၂. ၅ × ၁၉ စင်တီ
(၁) ငွေရှာနည်း ငွေသုံးနည်း

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

အမှာစကား
နိဒါန်း
အခန်း (၁) ချမ်းသာသောအဖေနှင့် ပညာတတ်အဖေ ၁
အခန်း (၂) သင်ခန်းစာ(၁) ချမ်းသာသူတို့အလုပ်လုပ်ခြင်းသည် ဝင်ငွေရဖို့မဟုတ် ၁၃
အခန်း (၃) သင်ခန်းစာ (၂) အဘယ်ကြောင့်ငွေကြေးအခြေခံပညာ သင်ထားသင့်ပါသလဲ ၄၄
အခန်း (၄) သင်ခန်းစာ(၃) ကိုယ့်အလုပ်သာ ကိုယ်လုပ်ကြဖို့ ၇၅
အခန်း (၅) သင်ခန်းစာ (၄) အခွန်အကောက်နှင့် အခွင့်အာဏာတို့၏သမိုင်းကြောင်း ၈၂
အခန်း (၆) သင်ခန်းစာ (၅) လူချမ်းသာတို့က ငွေကိုဖန်တီးယူသည် ၉၆
အခန်း (၇) သင်ခန်းစာ (၆) အလုပ်လုပ်ခြင်းသည် ငွေရဖို့အတွက် မဖြစ်စေဘဲ ပညာရဖို့အတွက်ဖြစ်ပါစေ ၁၂၉
အခန်း (၈) ပထမဦးစွာ အခက်အခဲများကို ကျော်လွှားခြင်း ၁၄၇
အခန်း (၉) ကြိုးပမ်းအားထုတ်မှုကို စတင်ခြင်း ၁၇၀
အခန်း (၁၀) ရှေ့ဆက်လုပ်ဆောင်ရမည့်အရာများ ၂၀၄
နိဂုံး ၂၁၀

www.burmeseclassic.com

www.burmeseclassic.com

# အမှာစကား

ယနေ့ခေတ်အခါတွင် လူငယ်လူရွယ် အများစုမှာ အောင်မြင်လိုကြသူများဖြစ်သည်။ အဆိုပါအောင်မြင်မှုကို မည်သည့်အရာနှင့် တိုင်းတာမည်နည်း။ မည်သည့်အနေအထားကို အောင်မြင်ပြီဟုဆိုနိုင်သနည်း။ အဆိုပါ အောင်မြင်မှုကို တိုင်းတာရာတွင် ငွေကြေးသည် အထိုက်အလျောက်အနေဖြင့် ဖယ်ရှားချန်လှပ်ထား၍ မရသောအရာတစ်ခုဖြစ်ပါသည်။ ငွေရှိပါက အစစအရာရာ ပြီးပြည့်စုံသည်ဟုမဆိုနိုင်သော်လည်း ငွေမရှိပါက အရာရာဘာမှမရှိပြန်ပေ။ ထို့အတွက်လူငယ်လူရွယ်များအနေဖြင့်ငွေကြေးတွင်ရှိသောစွမ်းအား ငွေကြေးနှင့်ပတ်သက်သမျှ အကြောင်းအရာများကို နားလည်သိရှိထားဖို့ လိုအပ်ပါသည်။

ထိုသို့ သိရှိရန်အတွက် စာသင်ကျောင်းများမှ သင်ကြားခဲ့ရသော ပညာရပ်များဖြင့် မလုံလောက်ပါ။ မည်သူမဆို ငွေကြေးအပေါ်တွင် မှန်ကန်စွာသဘောထားနိုင်ရန်နှင့် ရငွေသုံးငွေအပေါ်တွင် စီမံခန့်ခွဲတတ်စေရန်လည်းအသိအမြင်များစွာလိုအပ်ပါသည်။ မှုရင်းစာရေးဆရာ Robert Kiyosaki ၏ Rich Dad, Poor Dad ဟူသော စာအုပ်တွင် အဆိုပါရငွေနှင့်သုံးငွေ မည်သို့မည်ပုံ စီမံခန့်ခွဲရမည်ကို အသေးစိတ်ရှင်းလင်း ဖော်ပြထားသည်။ ထိုသို့ စီမံခန့်ခွဲမှုသည် တစ်ဦးချင်း တစ်ယောက်ချင်းအတွက်သာမက ကိုယ်ပိုင်စီးပွားရေး တစ်ပိုင်တစ်နိုင်လုပ်ငန်းမှစ၍ နိုင်ငံတကာလုပ်ငန်းကြီးများအထိ နားလည်သိရှိထားသင့်သည့် လိုအပ်သောအချက်တစ်ခုလည်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

## ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်တစ်ခု

ကျွန်မ၏မိဘများက အစဉ်အမြဲ ပြောကြားလာခဲ့သော စကားရှိသည်။ "စာကြိုးစားပြီးဂုဏ်ထူးတွေအများကြီးရအောင်လုပ်၊ ဒါမှ အများသူငါထက် အခွင့်အရေးပိုကောင်းပြီး လခကောင်းတဲ့ အလုပ်လုပ်ရမယ်"ဟု ဆိုသည်။ မိဘနှစ်ပါး၏ ဘဝရည်မှန်းချက်မှာ ကျွန်မတို့ ညီအစ်မနှစ်ဦး၏ ဘဝအောင်မြင်ဖို့အတွက် တက္ကသိုလ်ပညာကို ထူးချွန်စွာ တတ်မြောက်အောင်သင်ကြားပြီး အခွင့်အရေးကောင်းများရရှိစေလိုခြင်းပင်ဖြစ်သည်။ ထိုသို့ဆိုလျှင် လူငယ်လူရွယ်များ တကယ်လက်တွေ့လောကတွင် ဆိုင်ရသည့်အခါ အရန်သင့်ဖြစ်အောင် စာသင်ကျောင်းများက သင်ကြားပေးလိုက်ပါသလား။

မည်သို့ပင်ဖြစ်စေ ၁၉၇၆ ခုနှစ်တွင် ဖလော်ရီဒါတက္ကသိုလ်မှ စာရင်းကိုင်ပညာဖြင့် ကျွန်မဘွဲ့တစ်ခု ရရှိခဲ့သည်။ ကျွန်မတို့ တစ်အုပ်စုလုံးတွင် ရှေ့တန်းမှနေ၍ ဂုဏ်ထူးအများအပြားဖြင့် အောင်မြင်စွာ ရပ်တည်နိုင်ခဲ့သည်။ ဘဝရည်မှန်းချက်အတွက် မိဘနှစ်ပါး၏ လိုအင်ဆန္ဒလည်း ပြည့်ဝသွားလေသည်။ သူတို့အတွက်တော့ တကယ့်ကို ကြီးမားသောအောင်မြင်မှုကြီး ဖြစ်လေသည်။ မိဘများ မျှော်လင့်ထားသည့်အတိုင်း နာမည်ကြီးစာရင်းကိုင်အဖွဲ့တွင် ဝင်၍ အလုပ်လုပ်သည်။ ခိုင်မာသည့် အသက်မွေးဝမ်းကျောင်းအလုပ်ကို လုပ်ကိုင်ပြီး စောစီးစွာအနားယူနိုင်ဖို့ကိုလည်း မျှော်လင့်ထားသည်။

ကျွန်မ၏ခင်ပွန်းသည်ဖြစ်သူ မိုက်ကယ်လည်း ကျွန်မကဲ့သို့ပင်ဖြစ်သည်။ ကျွန်မတို့နှစ်ဦးစလုံးသည် ဝင်ငွေအသင့်အတင့်ရှိသော၊ အလုပ်ကိုကြိုးစားပြီး တန်ဖိုးထားသည့်မိသားစုများမှ ဆင်းသက်လာကြသူများ ဖြစ်ကြသည်။ မိုက်ကယ်သည်လည်း ထူးချွန်စွာဖြင့် ဘွဲ့နှစ်ခုရရှိထားသူဖြစ်သည်။ ဥပဒေပညာရပ်နှင့် အင်ဂျင်နီယာဘွဲ့၊ ချက်ချင်းဆိုသလိုပင် ဝါရှင်တန်ဒီစီရှိ နာမည်ကြီး ဥပဒေအဖွဲ့မှ ခေါ်ယူ၍အလုပ်ခန့်သည်။ သူသည်မူပိုင်နှင့်သက်ဆိုင်သော မှတ်ပုံတင်ဥပဒေရေးရာများကို ကိုင်ရသည်။ သူသည်လည်း ခိုင်မာသောအသက်မွေးဝမ်းကြောင်းပေါ်တွင်ရှိနေသဖြင့် ကျွန်မကဲ့သို့ပင် ငယ်ရွယ်စဉ်မှာတည်းက အလုပ်မှအနားယူဖို့ မျှော်မှန်းနိုင်သည်။

သို့ပါသော်လည်း တကယ်တမ်းလက်တွေ့မှာမူ ကျွန်မမျှော်လင့်ထားသလိုဖြစ်မလာခဲ့ပါ။ ကျွန်မတို့နှစ်ဦးစလုံး ရာထူးများ၊ ဌာနများ အမျိုးမျိုးပြောင်းခဲ့ကြသည်။ ဒါပေမဲ့ ကျွန်မတို့အတွက် စီစဉ်ထားသော အငြိမ်းစားစီမံကိန်းမရှိပါ။ ကျွန်မတို့ တစ်ဦးချင်းစီ၏ ထည့်ဝင်ထားသော ငွေကြောင့်သာ အငြိမ်းစား ရန်ပုံငွေ၏ ပမာဏ ကြီးထွားနေခြင်းဖြစ်သည်။ ကျွန်မတို့၏အိမ်ထောင်ရေးတွင်ရင်သွေး သုံးဦးမွေးဖွားခဲ့ပြီး ယခုအချိန်တွင် ကောလိပ်ကျောင်း၌ အကြီးနှစ်ဦး ကသင်ကြားကာ အငယ်လေးက အထက်တန်းကျောင်းသို့ ရောက်နေပြီဖြစ်သည်။ ကျွန်မတို့၏သားသမီးများ အဆင့်အတန်းမြင့်ပေးဆိုသည့်ပညာရပ်တွေ သင်ယူနိုင်ဖို့အတွက် ငွေကြေးအမြောက်အများ သုံးစွဲခဲ့ရသည်။

ယနေ့ ၁၉၉၆ ခုနှစ်ထဲတွင် သားဖြစ်သူသည် စာသင်ကျောင်းတွင် စာသင်ရသည်ကို စိတ်ပျက်ငြီးငွေ့ပြီး စာသင်ကျောင်းအပေါ်

www.burmeseclassic.com

www.burmeseclassic.com

ထင်မြင်မှုတွေ မှားယွင်းပြီး အိမ်ပြန်လာသည်။

"ကျွန်တော်တို့ လက်တွေ့ဘဝမှာ ဘယ်လိုမှအသုံးချလို့မရတဲ့ဘာသာရပ်တွေကို အချိန်ကုန်ငွေကုန်ခံပြီး ဘာဖြစ်လို့သင်နေကြရတာလဲ အမေ"

"ကျောင်းမှာ သားအဆင့် ကောင်းကောင်းမရရင် အဆင့်အတန်းမြင့်တဲ့ ကောလိပ်တက်လို့ မရမှာစိုးလို့ပေါ့သားရဲ့"ဟု ကျွန်မပြန်ဖြေလိုက်သည်။

"ကောလိပ်ကို မသွားလည်း သူဌေးဖြစ်တာပါပဲ"

"သား ကောလိပ်က ဘွဲ့မရလို့ ရာထူးကြီးကြီးမရရင် ဘယ်လိုလုပ် သူဌေးဖြစ်မလဲ"

ထိုအခါ ကျွန်မ၏ပြောဆိုမှုကို သားဖြစ်သူကစိတ်ပျက်သွားပုံရသည်။ ဤကိစ္စနှင့်ပတ်သက်၍ ကျွန်မတို့ ယခင်ကလည်း အကြိမ်ကြိမ် ဆွေးနွေးခဲ့ကြဖူးသည်။ ကျွန်မ၏တွေးခေါ်မြော်မြင်မှုကို သူလက်ခံနိုင်ပုံမရပါ။ သားဖြစ်သူသည် လီမွာပါးနပ်ပြီး စိတ်ဓာတ်ခိုင်မာသည်။ "ခေတ်နဲ့အမှီလိုက်စမ်းပါအမေရာ"ဟု သူက ပြောလာသည်။"တကယ့် တကယ်မှာ အချမ်းသာဆုံးဆိုတဲ့" ပုဂ္ဂိုလ်တွေချမ်းသာလာကြတာကျောင်းကသင်တဲ့ပညာတွေကြောင့်မှမဟုတ်ဘဲ၊ မိုက်ကရိုဆော့ဖ်ကို ထွင်နိုင်တဲ့ဘီလ်ဂိတ်လည်း ဟားဗက်တက္ကသိုလ်တောင်ပြီးအောင် မတက်ခဲ့ဘူးမှတ်လား၊ ခုဆို သုံးဆယ်ကျော်နဲ့ အမေရိကမှာ အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်နေပြီ၊ "အိုင်ကျူနိမ့်တယ်လို့ သတ်မှတ်ထားတဲ့ ဘေ့စ်ဘောကစားသမားတစ်ဦးတောင် တစ်နှစ်ကို ဒေါ်လာလေးသန်းကျော် ရနေတယ်လေ"

ကျွန်မတို့သားအမိနှစ်ယောက် အတော်ကြာကြာ ဆွေးတော့ နှုတ်ဆိတ်နေကြသည်။ ကျွန်မသည် ကျွန်မမိဘများ၏ လမ်းညွှန်ချက်များအတိုင်း ကျွန်မသားသမီးများကို တသွေမတိမ်းလိုက်နာအောင် ညွှန်ကြားနေမိသည့်ကို တဖြည်းဖြည်းသဘောပေါက်လာသည်။ကမ္ဘာကြီးနှင့်တကွကျွန်မတို့ပတ်ဝန်းကျင်တစ်ခုလုံးပြောင်းလဲနေသော်လည်း ကျွန်မတို့၏ သားသမီးများအပေါ် လမ်းညွှန်မှု အယူအဆများက မပြောင်းလဲဘဲ ရှိနေပါသေးသည်။ စာသင်ကျောင်းတွင် ကောင်းမွန်စွာကြိုးစားသင်ယူပြီး ဂုဏ်ထူးများများ၊ အဆင့်ကောင်းကောင်းရရှိခြင်းသည် အောင်မြင်ဖို့အတွက် စစ်မှန်သော အာမခံချက်မဖြစ်နိုင်တော့ပါ။ ထိုအချက်ကို ကျွန်မ၏ကလေးများက သတိပြုမိလာကြပေပြီ။

ကျွန်တော်တို့တော့ အမေတို့လိုမျိုး အလုပ်နဲ့ပဲ နပမ်းလုံးနေရတာမျိုးမဖြစ်ချင်ဘူး။ မေမေတို့ ပိုက်ဆံများများ ရှာနိုင်ပါတယ် ဒါပေမယ့် မေမေတို့ပြောတဲ့အတိုင်း လုပ်မယ်ဆိုရင် ကျွန်တော်တို့လည်း အလုပ်ရဲ့ကျေးကျွန်ဖြစ်သွားမယ်။ အလုပ်ကို ကြိုးစားပြီးကုန်းရုန်းလုပ်၊ နောက်ပြီး အခွန်အခတွေပေး၊ ကြွေးတွေနဲ့ လုံးချာလည်လိုက်၊ ဒီလိုသံသရာလည်နေမှာပဲ။ ခုချိန်မှာ အာမခံချက်ရှိတယ်ဆိုတဲ့ အလုပ်တွေလည်း ရှားပါးနေပါပြီ။ စီးပွားရေး အကြပ်အတည်းတွေ ကြုံရတာနဲ့။ လူလျှော့တာတို့၊ လုပ်ငန်းချုံ့တာတို့ အများကြီးပဲ မှတ်လား။ ကျွန်တော်ကတော့ လူမှုဖူလုံရေး ထောက်ပံ့ငွေတို့ အငြိမ်းစားလခဆိုတာတွေကို မှီခိုအားထားတာမျိုး မလုပ်ချင်ဘူး။ ကျွန်တော်တို့အတွက် နည်းလမ်းသစ်တွေ လိုအပ်လာပြီ

www.burmeseclassic.com

www.burmeseclassic.com

သူပြောသလိုပင် ကျွန်မအတွက်လည်း နည်းလမ်းသစ်များ အမှန်တကယ်ပင် လိုအပ်နေပါပြီ။ ကျွန်မ၏မိဘများ လမ်းညွှန်သည်များမှာ ၁၉၄၅-ခုနှစ်မတိုင်မီအထိတော့ မှန်နိုင်ဦးမည်ဖြစ်သော်လည်း အချိန်နှင့်အမျှ ပြောင်းလဲနေသော သည်ခေတ်ကမ္ဘာကြီးတွင် နည်းလမ်းသစ်များနှင့်အညီ ပြောင်းလဲ လမ်းညွှန်ဖို့ လိုအပ်နေပြီဖြစ်ပါသည်။ ကျွန်မတို့ မိဘများ လမ်းညွှန်ခဲ့သည့်အတိုင်း "စာသင်ကျောင်းမှာ စာတော်အောင်ကြိုးစားကြ၊ ပြီးရင် ခိုင်မာပြီး အာမခံချက်ရှိတဲ့ အလုပ်တစ်ခု ရအောင်ရှာလုပ်" ဟူသည့် မှာကြားချက်ကို ကျွန်မတို့၏သားသမီးများအား ဆက်လက် ပြောကြားနေ၍ မဖြစ်တော့ပေ။ ကျွန်မတို့၏ ကလေးများအတွက် ဘဝအာမခံချက်ရှိသော ပညာရေးနည်းပေးလမ်းညွှန်မှု အသစ်အသစ်များ လိုအပ်နေပြီဖြစ်ပါသည်။

ကျွန်မကဲ့သို့သော မိခင်တစ်ဦးအနေဖြင့် စာရင်းကိုင်အမြင်ဖြင့်ကြည့်ပြီး ကလေးများ စာသင်ကျောင်းတွင် ငွေကြေးဆိုင်ရာအသိပညာများ မသင်ယူခဲ့ရခြင်းအတွက် စိတ်ပူပင်ရင်လေးမိပါသည်။ ယခုအခါတွင် လူငယ်လူရွယ်များသည်အထက်တန်းကျောင်းတက်နေစဉ်မှာပင် ငွေကြေးဆိုင်ရာပညာရပ်ကို မသင်ကြားဖူးပါလျက်နှင့် (Credit Card) ကြွေးဝယ်ကတ်ပြားကို ကိုင်တွယ်သုံးစွဲနေကြပြီဖြစ်သည်။ သူတို့သည် ငွေကြေးဆိုင်ရာအခြေခံပညာများ မရှိကြပါ။ ငွေကြေး၏လည်ပတ်ပုံ၊ အလုပ်လုပ်ပုံကိုလည်း သိမထားကြပါ။ မည်သို့မည်ပုံ ရင်းနှီးမြှုပ်နှံရမည်ဆိုသည်ကိုလည်း မသိကြပါ။ Credit ကဒ်ပေါ်တွင် ယူထားသည့် နှစ်ထပ်တိုးဆိုသည်ကိုလည်း သဘောမပေါက်ထားကြ။ သူတို့အား ငွေကြေးကို စုဆောင်းဖို့ထက် သုံးစွဲဖို့ကို တွန်းအားပေးပြီး စောင့်ကြိုနေသည့် လောကကြီးကို ရင်ဆိုင်ရန်အတွက် အဆင်သင့်မရှိကြသေးပါ။

ကျွန်မ၏ သားအကြီးဆုံးဖြစ်သူပင်လျှင် တက္ကသိုလ်ကျောင်းသားဘဝမှာကတည်းက Credit Card ဖြင့် ကြွေးလည်ပင်းခိုက်နေသဖြင့် အဆိုပါ Credit Card ကို ဖျက်ဆီးပစ်လိုက်ဖို့ ကျွန်မလမ်းညွှန်ပေးခဲ့ရသည်။ အရေးကြီးသည်က ကျွန်မ၏ကလေးများအတွက် ငွေကြေးဆိုင်ရာအသိပညာများသင်ကြားပေးဖို့ မဖြစ်မနေရှာဖွေစီစဉ်ရပေတော့မည်။ ကျွန်မ၏ခင်ပွန်းဖြစ်သူက ကျွန်မတွေ့သင့်သည်ဟု ယူဆထားသော လူတစ်ယောက်အကြောင်းကို ကျွန်မအား အသိပေးလာသည်။ "သူ့နာမည်က ရောဘတ်ကီယိုဆာကီ"လို့ ခေါ်တယ်။ သူက ငွေကြေးရင်းနှီးမြှုပ်နှံတဲ့ စီးပွားရေးသမားလုပ်ငန်းရှင်တစ်ယောက်ပဲ။ ခုဆိုရင် ပညာပေးပစ္စည်းတစ်ခုကို မူပိုင်ခွင့်မှတ်ပုံတင်နေတယ်။ မင်းရှာနေတဲ့ပုံစံမျိုးမို့လို့ မင်းနဲ့တွေ့သင့်တယ်လို့ ထင်တယ်လေ" ဟုပြောလာသည်။

ကျွန်မ၏ ခင်ပွန်းမိုက်ကယ်သည် ရောဘတ်ကီယိုဆာကီတီထွင်ထားသော ငွေသား စီးဆင်းမှုဆိုသည့် ငွေကြေးပညာပေးကိရိယာလေးကို အလွန်ပင် သဘောကျနေသည်။ ရောဘတ်သည် သူ ကိုယ်တိုင်တီထွင်ထားသော ကစားနည်းကို ကျွန်မတို့အား အစမ်းသဘောမျိုး ကစားကြည့်စေချင်သည်။ ပညာပေးသည့် ကစားနည်းတစ်မျိုးဖြစ်သည့်အတွက် တက္ကသိုလ်တက်ရောက်နေပြီဖြစ်သည့် ကျွန်မ၏သမီးငယ်ကိုပါ ဝင်ရောက်ကစားစေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အဆိုပါ ကစားနည်းတွင် လူဆယ့်ငါးယောက်လောက် အုပ်စုသုံးစုခွဲ၍ ပါဝင်စေသည်။ ထိုကိရိယာသည်ကျွန်မမျှော်လင့်တကြီး ရှာဖွေနေသော ကိရိယာလေးဖြစ်နေပါသည်။ မိုနိုပိုလီကစားသကဲ့သို့ပင်ဖြစ်သည်။ သို့သော်လှည့်ကွက်တစ်ခုအနေဖြင့် ကတ်ပြား၏ အလယ်တည့်တည့်တွင် ကြီးမားသည့် ကွက်ကြီးတစ်ကောင်က ထိုင်၍နေသည်။ သို့သော် မိုနိုပိုလီကစားနည်းမျိုးကဲ့သို့တော့ မဟုတ်ပါ။ ကတ်ပြားတွင် အတွင်းလမ်းနှင့် အပြင်လမ်းဟူ၍ လမ်းနှစ်သွယ်ရှိသည်။ ကစားနည်း၏အောင်နိုင်ရမည့် ရည်မှန်းချက်မှာ အတွင်းလမ်းမှအပြင်လမ်းသို့ ထွက်နိုင်ဖို့ပင် ဖြစ်သည်။ ကစားနည်း တီထွင်ထားသူ ရောဘတ်က သူ၏ကစားနည်းကို ကြွက်အပြေးပြိုင်ပွဲဟု အမည်ပေးထားသည်။ အပြင်လမ်း (အမြန်လမ်း)မှာ ပြေးသည့်နည်းလမ်းက လက်တွေ့လောကတွင် ချမ်းသာသူများသုံးသည့် နည်းလမ်းနှင့် ပုံစံတူသည်ဟု ရောဘတ်က ဆိုသည်။

ကြွက်အပြေးပြိုင်ပွဲ၏သဘောတရားကို အောက်ပါအတိုင်း ရောဘတ်က ရှင်းပြသည်။

လူတစ်ဦးဟာ ပညာလည်းတတ်တယ်၊ အလုပ်ကိုလည်း ကြိုးစားတယ်၊ ဒါဆိုရင် သူရဲ့ဘဝကို လေ့လာကြည့်ရအောင်၊ အဲဒီအခါမှာ လမ်းကြောင်းတစ်ခုကိုတွေ့ရလိမ့်မယ်။ ကလေးငယ်တစ်ဦးဟာ လူမှန်းသိတဲ့အချိန်ကစပြီး ကျောင်းနေတယ်၊ စာသင်တယ်၊ စာအရမ်းတော်ပြီး အဆင့်ကောင်းကောင်းတွေပဲရလို့ မိဘတွေကလည်းသဘောကျဝမ်းမြောက်ကြတယ်။ နောက်ပြီး တက္ကသိုလ်တက်တယ်၊ ဘွဲ့ယူတယ်။ အဲဒီနောက်ပိုင်းမှာကတော့ ခိုင်မာတည်မြဲပြီး လခကောင်းမယ့် အလုပ်တစ်ခုကို ရှာလုပ်တယ်။ အသက်မွေးဝမ်းကျောင်းအလုပ်ဖြစ်ချင်ဖြစ်မယ်၊ ဆရာဝန်သော်လည်းကောင်း၊ ရှေ့နေသော်လည်းကောင်း၊ အစိုးရဝန်ထမ်းသော်လည်းကောင်း တစ်ခုခုဖြစ်ချင်ဖြစ်မယ်။ အဲဒီအချိန်မှာဝင်ငွေလေးစရပြီပေါ့။ ဒီတော့ ချေးဝယ်ထွက်ဘို့ ချေးဝယ်ကတ်ပြား Credit Cardတွေ စရပြီပေါ့။

ဒီအချိန်မှာ ဘာဖြစ်လာလဲဆိုတော့ ဝင်ငွေလေးနည်းနည်းရှိလာတဲ့အတွက် သုံးဖို့၊ ဖြုန်းဖို့ကို အားသန်လာတယ်။ တချို့လည်း အိမ်ထောင်ကျသွားကြတယ်။ ပထမပိုင်းမှာတော့ ယောကျ်ားလေးရော၊ မိန်းကလေးပါ အလုပ်လုပ်ကြတာကများတဲ့အတွက် ဝင်ငွေနှစ်ခုရှိတော့ ဘဝဆိုတာ ပျော်စရာကြီးပါလားလို့ ထင်မှတ်ရတယ်။

ပထမပိုင်းမှာ သူတို့ကိုယ်သူတို့ အဆင်ပြေကြပြီလို့ ထင်မှတ်နေကြပြီး အိမ်ဝယ်မယ်၊ ကားဝယ်မယ်၊ ဇိမ်ခံပစ္စည်းတွေဝယ်မယ်၊ အပန်းဖြေခရီးတွေထွက်မယ်၊ နောက်ပိုင်းသားသမီးတွေရလာတဲ့အခါကျတော့ သူတို့အတွက် လိုအပ်တဲ့ ငွေကြေးပမာဏလည်း ကြီးမားလာတော့တာပေါ့။ ဒီတော့ ပျော်ရွှင်အေးချမ်းနေတဲ့ အိမ်ထောင်သည်တွေအတွက် သူတို့ရဲ့သက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေမှာ ပိုပြီးကြိုးစားလုပ်ကိုင်လာကြတယ်။ ရာထူးတိုးဖို့၊ လစာတိုးဖို့၊ အခွင့်အလမ်းကောင်းတွေရှာကြတယ်။ ဒီလိုနဲ့ပဲ တစ်စထက်တစ်စ အလုပ်ထဲမှာ ပိုမိုနစ်မြုပ်လာပြီး အကြွေးချက် အတိုင်းအတာပမာဏက ပိုမိုများလာတယ်။

သူတို့အတွက် လုပ်ခလစာပိုမိုများများရနိုင်ဖို့ ကျွမ်းကျင်

www.burmeseclassic.com

မှုဆိုင်ရာ သင်တန်းတွေ ထပ်ခါထပ်ခါ တက်ကြတယ်။ ပို့ပြီးကောင်း မယ်ထင်တဲ့ အလုပ်တွေကို ပြောင်းပြောင်းလုပ်ကြတဲ့အတွက် ဝင်ငွေ တိုးတိုးပြီး ရလာတယ်။ ဝင်ငွေတိုးလာသလောက် ဝင်ငွေခွန်လည်း တိုးလာတာပါပဲ။ သူတို့ဝယ်ထားတဲ့ အိမ်အတွက် အိမ်ခွန်၊မြေခွန် စတဲ့အခွန်အခတွေပေးရတယ်။ အဲဒီအခါကျတော့ ငါတို့ရတဲ့လခ လည်းအများကြီးပါပဲ။ ငွေတွေဘယ်လိုများ ကုန်သွားတာပါလိမ့် အောက်မေ့ရမယ်။

သူတို့ရဲ့နေ့စဉ်အိမ်သုံးစရိတ်တွေကို Credit Cardနဲ့ ဝယ်ကြတယ်။ ကလေးတွေကလည်း ကျောင်းနေတဲ့အရွယ်ရောက်လာပြီ။ ကျောင်းထားဖို့လိုအပ်မယ့်စရိတ်စကနဲ့ ကလေးတွေတက္ကသိုလ် တက်ဖို့ စုဆောင်းရမဲ့ငွေ၊ ဒီပြင် သူတို့ဇနီးမောင်နှံ အငြိမ်းစား ယူဖို့ စုဆောင်းငွေ စသည်ဖြင့် လိုအပ်ချက်တွေက မရေမတွက်နိုင် အောင် အများအပြားရှိနေပါသေးတယ်။ ဒီတော့ စပြီးလူဖြစ်လာ ခါစက အေးချမ်းပျော်ရွှင်နေတဲ့ ဇနီးမောင်နှံဟာ အလုပ်ကိုလည်း ကြိုးစားလုပ်ကိုင်နေပါလျှက်နှင့် 'ကြွက်အပြေးပြိုင်ပွဲ' မှာ ပိတ်မိနေ ပါတော့တယ်။ အလုပ်ရှင်အတွက်ကိုလည်း သူတို့အလုပ်လုပ်ပေးရ တယ်။ အစိုးရအတွက်လည်း အခွန်အခတွေပေးပြီး အလုပ်လုပ်ပေး ရတယ်။ Credit Card ဝယ်တဲ့အတွက် ဘဏ်ကို အလုပ်လုပ်ပေးရ တယ်။ အဲဒါဟာ ငွေကြေးနဲ့ သက်ဆိုင်တဲ့အကြောင်းကို ဘာတစ်ခုမှ သိနားလည်မထားလို့ပဲပေါ့။ ဒီတော့ သူတို့အပေါ်မှာ တခြားသူတွေ က အမြတ်ထုတ်သွားကြတယ်။ သူတို့ကတော့ အသက်အရွယ် ထောက်လာတဲ့အထိ အလုပ်ကို ကြိုးစားရုန်းကန်လုပ်ပြီး မလွတ်

မြောက်နိုင်အောင်ဖြစ်နေကြသည်။ သို့တိုင်အောင် သူတို့၏ ကလေး များကို ' စာကိုကြိုးစား၊ အဆင့်ကောင်းကောင်းနဲ့အောင်အောင်လုပ် ပြီးရင်လခကောင်းတဲ့အလုပ်ဝင်နော်' ဟူ၍ပင်ဆုံးမကြသည် ထိုအခါ စာကြိုးစားသင်ပြီး အလုပ်ကြိုးစားလုပ်သော မျိုးဆက်သစ် တို့မှာလည်း အထက်ပါအတိုင်းတဝဲလည်လည် ရုန်းကန်ရှာဖွေ ရင်းဖြင့် ကြွက်အပြေးပြိုင်ပွဲထဲတွင် ပိတ်မိနေကြပါသည်။

ထို့သို့ပိတ်မိနေသည့်ထဲမှ လွတ်မြောက်နိုင်သည့်လမ်းစမှာ စာရင်းကိုင်ပညာနှင့်ရင်းနှီးမြှုပ်နှံမှုပညာကို တတ်ကျွမ်းဖို့ပင်ဖြစ် သည်။ ကျွန်မသည် အတွေ့အကြုံရင့်ကျက်သည့် စာရင်းကိုင်တစ် ယောက်ဖြစ်နေသည့်တိုင်အောင် ရောဘတ်၏ကစားနည်းကိုတွေ့ ကြုံရသောအခါ တအံ့တသြဖြစ်ရသည်။ ရောဘတ်က တတ်မြောက် ကျွမ်းကျင်ရန် ခက်ခဲသောစာရင်းကိုင်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုပညာ ကို စိတ်ဓါတ်တက်ကြွပြီး ပျော်ရွှင်စရာကောင်းအောင် သင်ယူနိုင် ရန် ဖန်တီးပေးထားသည်။ သူ၏ကစားနည်းက ပိရိသေသပ်သည့် အတွက် အဆိုပါကြွက်ပြေးလမ်းမှ လွတ်မြောက်အောင် ကြိုးစား ကစားကြရင်းဖြင့် စာရင်းကိုင်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုပညာကို သင်ယူလျက်ရှိနေသည်ဆိုသည့်အချက်ကို ခဏတာမျှ မေ့လျော့ နေလေသည်။

ရောဘတ်၏ကုန်ပစ္စည်းအသစ်ကိုစမ်းသပ်ကြသောအချိန် လေးသည်ပျော်ရွှင်ဖွယ်ရာ ဖြစ်၍နေသည်။ ယခင်အခါများက ပြောဆိုဆွေးနွေးခြင်းမရှိခဲ့သည့် အကြောင်းအရာများကိုပင် ကျွန်မ တို့ ဆွေးနွေးဖြစ်ခဲ့ကြသည်။ ကျွန်မကဲ့သို့သော စာရင်းကိုင်တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com

အနေဖြင့် ဝင်ငွေစာရင်း နှင့် လက်ကျန်ရှင်းတမ်း ရေးဆွဲဖို့ ဆိုသော အဆိုပါကစားနည်းကို ကစားဖို့ လွယ်ကူသော်လည်း ကျွန်မ၏သမီး အပါအဝင် အခြားသူများ၏သဘောမပေါက်သည်များကို နားလည်အောင် ရှင်းပြရပါသည်။ ကစားပွဲကို စမ်းသပ်ကစားသည့်နေ့တွင် ကျွန်မသည် ကြွက်ပြေးလမ်းမှ ပထမဆုံး လွတ်မြောက်လာသူ ဖြစ်ပါသည်။ ကစားချိန်သုံးနာရီနီးပါးတွင် မိနစ်ငါးဆယ်အတွင်း ကျွန်မ လွတ်မြောက်နိုင်ခဲ့သည်။

ကျွန်မတို့၏ ကစားဝိုင်းတွင် ဘဏ်မန်နေဂျာတစ်ဦး၊ လုပ်ငန်းရှင်တစ်ဦးနှင့်ကွန်ပျူတာပရိုဂရမ်မာတစ်ဦးပါဝင်သည်။ သူတို့တစ်တွေသည် အမှန်တကယ် အရေးပါသော စာရင်းကိုင်နှင့် ရင်းနှီးမြှုပ်နှံမှုပညာရပ်များကို သိနားလည်ခြင်းမရှိကြောင်း သိရသည့်အတွက် ကျွန်မအလွန်ပင် စိတ်ပျက်ရပါသည်။ သူတို့ကိုယ်တိုင် လုပ်ရှားလုပ်ကိုင်နေသော လုပ်ငန်းဆိုင်ရာကိစ္စများတွင် ငွေကြေးနှင့် ပတ်သက်ပြီးမည်သို့ ကိုယ်တွယ်နေကြသည်မသိပေ။ လောကအလယ် မရပ်တည်နိုင်သေးသော ကျွန်မ၏သမီးငယ် မသိသည်ကအကြောင်းမဟုတ်သော်လည်း သူတို့တွေက လုပ်ငန်းလုပ်ကိုင်နေကြသူတွေမဟုတ်ပါလား။

ကျွန်မသည် သူတို့ ဆက်လက်ကစားနေကြသည်ကို ကြည့်နေမိသည်။ ငွေကြေးပြည့်စုံသော၊ ပညာတတ်သော အရွယ်ရောက်သူ လူကြီးတွေဖြစ်နေကြသည့်တိုင် စာရင်းပညာရှင် ရင်းနှီးမြှုပ်နှံမှုကို အခြေခံအကြောင်းအရာတွေပင် သူတို့မသိရှိကြသေးပေ။ အဆိုပါပညာရပ်ကို မလေ့လာမသင်ကြားသည့်အတွက် လက်တွေ့

လောက၌ ငွေကြေးပြဿနာလုံးချာလိုက်နေသေးသူတွေ အဘယ်မျှများပြားစွာရှိနေပါသည်လဲ။

ကျွန်မတို့ ကစားပွဲပြီးစီးသွားသောအခါ အဆိုပါကစားပွဲနှင့် ပတ်သက်ပြီး ဝေဖန်ဆွေးနွေးဖို့ ရောဘတ်က ဆယ်ငါးမိနစ်ခန့် ကျွန်မတို့အား အချိန်ပေးသည်။ စီးပွားရေးလုပ်ငန်းရှင်ကတော့ အဆိုပါ ကစားနည်းကို သဘောမကျကြောင်း ပြောသည်။ ဒီအကြောင်းတွေကို ကျွန်တော် ကိုယ်တိုင် သိဖို့မလိုအပ်ဖူးလေ။ ဒီအတွက် စာရင်းကိုင်တွေ ဘဏ်မန်နေဂျာ နဲ့ ဥပဒေပညာရှင်တွေကို ကျွန်တော်ငှားထားတာပါ။

ထိုအခါရောဘတ်က 'လောကမှာမချမ်းသာတဲ့စာရင်းကိုင်တွေအများကြီးရှိတာ ခင်ဗျားသတိထားမိသလား၊ ဘဏ်မန်နေဂျာတွေ၊ ရှေ့နေတွေ၊ စတော့ပွဲစား၊ အိမ်မြေပွဲစားတွေ ဆိုတာလည်း လိမ္မာပါးနပ်သူတွေ တတ်သိနားလည်သူတွေ အများအပြားရှိတာပဲ၊ ဒါပေမယ့် သူတို့မချမ်းသာကြဘူး၊ ချမ်းသာတဲ့သူတွေ သိတဲ့ တတ်တဲ့ ပညာတွေကို စာသင်ကျောင်းတွေက သင်ပေးလိုက်တာမဟုတ်ဖူး။ ဒါကြောင့် စာရင်းကိုင်တွေ၊ ရှေ့နေတွေပေးတဲ့ အကြံဉာဏ်တွေကို ခင်ဗျားတို့လက်ခံကြတယ်။ ဒါပေမယ့် ခင်ဗျား ကိုယ်တိုင်နဲ့ အတူတူ၊ ခင်ဗျားစာရင်းကိုင်ရော၊ ခင်ဗျားနဲ့ဘဏ်မန်နေဂျာရောနေ့စဉ်နဲ့အမျှ အလုပ်ခွင်ကို အချိန်မီ အပြေးအလွှားသွားနေကြတဲ့သူတွေပါပဲ။

ကွန်ပျူတာပရိုဂရမ်မာကလည်း ထိုကစားနည်းကို အထင်ကြီးစရာမရှိဟု ယူဆသည်။ " ဒါတွေကို သင်ဖို့အတွက် ကျွန်တော် Software တွေဝယ်လို့ရတာပဲလေ" သို့သော်လည်း ဘဏ်မန်နေဂျာ

www.burmeseclassic.com

www.burmeseclassic.com

ကတော့ နှစ်ခြိုက်သဘောကျလျက်ရှိသည်။

ဒီအကြောင်းအရာတွေ စာရင်းကိုင်ပညာတွေကို ကျောင်းမှာတုန်းက ကျွန်တော်တို့သင်ခဲ့ရတယ်၊ ဒါပေမယ့် လက်တွေ့ဘဝမှာ ဘယ်လိုအသုံးချရမယ်ဆိုတာ မသိခဲ့တာ၊ ခုတော့သဘောပေါက်သွားပြီ။ ကျွန်တော်တို့ ကြွက်ပြေးလမ်းပေါ်က လွတ်အောင်ထွက်ရလိမ့်မယ်။

ကျွန်မ၏သမီးငယ်ကလည်း အောက်ပါအတိုင်း မှတ်ချက်ပေးသည်။ "ဒီအကြောင်းကို သင်ယူရတဲ့အတွက် ငွေကြေးဘယ်လိုလည်တယ်၊ ငွေကြေးကို ဘယ်လိုပုံစံ ရင်းနှီးမြှုပ်နှံရမယ်ဆိုတာ အများကြီးသိလာရတယ်၊ သင်ရတာလည်း ပျော်စရာကောင်းတယ်"

ကျွန်မနေနှင့်လည်း ယခုအခါ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုကို ရွေးချယ်နိုင်ပြီးဖြစ်သည်။ အဆိုပါလုပ်ငန်းသည် အခွင့်အရေးရ၍သော်လည်းကောင်း၊ အာမခံချက်ရှိ၍သော်လည်းကောင်း၊ လခကောင်း၍သော်လည်းကောင်း မဖြစ်စေဘဲ ကျွန်မကိုယ်တိုင် အမှန်တကယ် ဝါသနာပါသောအလုပ် ဖြစ်ရပါမည်။ ထိုကစားနည်းက သင်ပေးလိုက်သည့်အတိုင်း လေ့လာဆည်းပူးခြင်းသည် လုပ်ငန်းခွင်လိုအပ်ချက်အတွက် ကျွမ်းကျင်အရည်အချင်းမျိုး မဖြစ်စေဘဲ ထိုပညာရပ်ကို တတ်မြောက်ပါက အလုပ်ပြုတ်မည်ကိုလည်းကြောက်နေစရာမလိုဘဲ လူမှုဖူလုံရေးထောက်ပံ့ငွေတွေကိုလည်း မျှော်လင့်အားကိုးနေစရာမလိုတော့ပါ။

ကျွန်မသည် ရောဘတ်နှင့် သည်စီမံကိန်းကို ဆက်လက်ဆွေးနွေးဖို့ သဘောတူလိုက်ကြသည်။ ကျွန်မတို့လင်မယားက ရောဘတ်တို့လင်မယားကို ညစာကျွေးဖို့စီစဉ်သည်။ ပထမဦးဆုံးအကြိမ်ဆုံတွေ့ခြင်းဖြစ်သော်လည်း ကျွန်မတို့တစ်ရင်းတစ်နှီး ရှိကြပါသည်။ ထို့ပြင် ကျွန်မတို့တစ်တွေ တူညီသောအချက်အလက်တွေ အများအပြားရှိကြ၏။ ကြိုက်နှစ်သက်ရာအကြောင်းအရာများ၊ ဝါသနာတူညီရာများနှင့် ပြောင်းလဲနေသော ကမ္ဘာကြီးအကြောင်းအရာများ စကားလက်ဆုံကျကြ၏။

ကမ္ဘာတစ်ဝှမ်းဖြစ်ပေါ်နေသော ဆင်းရဲချမ်းသာကွာဟမှုကြီးမားလာသည့် ပြဿနာသည် ရောဘတ် စိုးရိမ်နေသော အဓိကပြဿနာဖြစ်သည်။ သူသည်ပညာသင်ကြားသည်မှစ၍ လုပ်ငန်းရှင်ဖြစ်လာသည်အထိ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ်ဒူးကိုယ်ချွန်လာသူဖြစ်သည်။ ကမ္ဘာနှင့်တစ်ဝှမ်းရှိ လုပ်ငန်းအများအပြားတွင် ရင်းနှီးမြှုပ်နှံထားသူလည်း ဖြစ်သည်။ သူ၏ အောင်မြင်မှုများကြောင့် အသက် (၄၇) နှစ်တွင်ပင် အငြိမ်းစားယူနိုင်ခဲ့သူလည်း ဖြစ်သည်။ ထိုအငြိမ်းစားဘဝမှပင် မျိုးဆက်သစ်ကလေးများအတွက် စိုးရိမ်သောကများကြောင့် သူပြန်လည်အားထုတ်ပြီး လှုပ်ရှားလာခဲ့ရသည်။ အကြောင်းမှာ ပြောင်းလဲနေသော ကမ္ဘာကြီးနှင့်အညီ ပညာရေးစနစ်က လိုက်၍ မပြောင်းလဲသေးသောကြောင့် ဖြစ်လေသည်။ ရောဘတ်၏အဆိုအရကလေးများသည်ခေတ်မမီတော့သောပညာရေးစနစ်ထဲတွင်ဘယ်လိုမှအသုံးချ၍မရသောပညာရပ်များကိုနှစ်ပေါင်းများစွာ စာသင်ကျောင်း၌သင်ကြားကြရသည်။ ထို့နောက် "ကျောင်းမှန်မှန်တက် စာတော်အောင်ကြိုးစားပြီး အလုပ်ကောင်းကောင်းရှာလုပ်"ဟူသော အသုံးမတည့်သည့် ဩဝါဒကို ကလေးများကိုပေးနေ

www.burmeseclassic.com

www.burmeseclassic.com

ကြသည်။

အဆိုပါသြဝါဒသည် အလွန်ဆိုးဝါးပြီး အန္တရာယ်ကြီးသည်ဟု သူက ယူဆသည်။ " ကလေးတွေကို ငွေကြေးဆိုင်ရာ အာမခံချက်ရှိတဲ့ ဘဝအနာဂတ် ပိုင်ဆိုင်စေချင်ရင် ဟောင်းနွမ်းနေတဲ့ အဆိုအမိန့်တွေနဲ့ လျှောက်လှမ်းလို့မရတော့ဘူး" ဥပမာအားဖြင့် ပြောရရင် ကော်ပိုရေးရှင်းတစ်ခုမှာ လူအင်အားလျှော့ချပြီဆိုရင် ဘယ်လိုဖြစ်မလဲ။ လူတွေအလုပ်လက်မဲ့ဖြစ်လာတဲ့အတွက် မိသားစုတွေ ထိခိုက်လာမယ်။ ကုမ္ပဏီအနေနဲ့ကော ဘာတွေဖြစ်လာမလဲ စတော့ ဈေးကွက်ထဲကအများပိုင်ကုမ္ပဏီဆိုရင် လူအင်အားလျှော့တယ်လို့ ကြေငြာလိုက်တာနဲ့ အစုရှယ်ယာဈေးနှုန်းတွေ တက်သွားမယ်၊ အဲဒီလိုအစုရှယ်ယာဈေးတွေ တက်သွားတော ကျွန်တော်တို့ အစုရှယ်ယာရှင်တွေ ပိုချမ်းသာလာတာပေါ့၊ ဆိုလိုချင်တာက ဝန်ထမ်းတွေမှာ ထိခိုက်ပြီး ပိုင်ရှင်နဲ့ရင်းနှီးမြှုပ်နှံသူတွေမှာ အကျိုးရှိသွားတာပေါ့။

တကယ်တမ်းအားဖြင့် ရောဘတ်ပြောချင်သည်က အလုပ်ရှင်နှင့်အလုပ်သမား ကွာဟမှုမဟုတ်ဘဲ၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးသူနှင့် ကိုယ့်ကြမ္မာကို သူတစ်ပါး လက်ထဲအပ်နှံထားသူတို့ ကွာခြားမှုဖြစ်သည်။ ထိုသို့ဖြစ်ရသည်ကို မတရားဘူးဟု လူတွေက ထင်ကြသော်လည်း ဖြစ်ရသည့်အကြောင်းရင်းကို အလွယ်တကူ သဘောမပေါက်ကြပါ။

" ပညာတတ်အောင် စာကောင်းကောင်းသင်ပြီး စာတော်အောင်လုပ် " ဆိုတဲ့စကားတွေပဲ ကလေးတွေကိုဆုံးမရင် အတော်မိုက်မဲရာကျတယ်၊ ကလေးတွေဘွဲ့ရလာတဲ့အခါ ဘဝရပ်တည်နိုင်ဖို့ ကျောင်းမှာသင်ခဲ့တဲ့ ပညာရေးက အဆင်သင့်ပြင်ဆင်ပေးလိုက်မယ်လို့ယူဆထားရင် အမှားကြီးမှားသွားမှာပေါ့၊ ကလေးတွေဟာ ဒီထက်မကတောင် တတ်ဖို့ လိုအပ်တယ်၊ ကျောင်းမှာ သင်မပေးလိုက်တဲ့ ကျောင်းသင်ခန်းစာနဲ့မတူတဲ့ ပညာရပ်တွေပေါ့"။

"ကမ္ဘာတစ်ဝှမ်းလုံးရဲ့ ၉၅% က အသုံးပြုတဲ့ငွေကြေးဆိုင်ရာဥပဒေသတွေရှိတယ်၊ ချမ်းသာသူတွေ အသုံးပြုတဲ့ ငွေကြေးဥပဒေသတွေလည်း ရှိတယ်၊ လူအများစုက အိမ်နဲ့ကျောင်းမှာ သင်တာတွေကိုပဲ လေ့လာဆည်းပူးကြတယ်၊ အဲဒါက 'စာကြိုးစား ပြီးရင်အလုပ်ရှာ' ဒါလောက်ပဲပြောကြတာ၊ အမှန်ကကလေးတစ်ယောက်မှာ ပိုပြီးထူးခြားကွဲပြားတဲ့ပညာတွေ တတ်ဖို့လိုအပ်တယ်၊ ခုလက်ရှိပညာရေးမှာ ငွေတွေဘယ်လောက်သုံးသုံး စာသင်ခန်းထဲကို ကွန်ပျူတာတွေဘယ်နှစ်လုံးထည့်ထည့်၊ အလုပ်မဖြစ်နိုင်တော့ဘူး၊ ကိုယ်တိုင်မသိထားတဲ့ ဘာသာရပ်ကို ဘယ်လိုလုပ်ပြီး ကလေးတွေ နားလည်အောင်သင်ပေးနိုင်မှာလဲ"

ထိုသို့ဆိုလျှင် စာသင်ကျောင်းက မသင်ပေးလိုက်သော ပညာကို သားသမီးများအား မည်သို့မည်ပုံ သင်ကြားပေးမည်လဲ။ စာရင်းကိုင်ပညာနှင့်ရင်းနှီးမြှုပ်နှံမှုပညာရပ်ကို ကလေးများပျင်းရိငြီးငွေ့မသွားအောင် ဘယ်လိုသင်ကြားပေးကြမလဲ။ ကျွန်မကတော့ ကလေးများ ဘေးကင်းအောင်နေထိုင်တတ်ပုံ သင်ကြားမည့်အစား သိမ္မာပါးနပ်စွာနေထိုင်တတ်ဖို့ သင်ပေးသည်ကသာ ပို၍ ကောင်းသည်ဟု ယူဆသည်။ " ဒါဆိုရင် ကျွန်မတို့ ဆွေးနွေးခဲ့ကြတဲ့ငွေကြေး

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ရာအကြောင်းတွေကို မိဘတွေကိုယ်တိုင် နားလည်လွယ်အောင် ဘယ်လိုလုပ်ပေးကြရမလဲ" "ဒီအကြောင်းနဲ့ပတ်သက်ပြီး စာအုပ်တစ်အုပ်ကျွန်တော်ရေးထားတယ်" "နည်းနည်းစီရေးပြီးပြန်မစုစည်းရသေးတာ ကျွန်တော့်ကွန်ပျူတာထဲမှာရှိပါတယ်။ ကျွန်တော့်ရဲ့ ဒီအရင်က စာအုပ်တစ်အုပ် အရောင်းရဆုံးစာရင်းဝင်သွားပြီးကတည်းက ဒါကိုဆက်ရေးခဲ့တာ"။

ကျွန်မသည် သူ၏နည်းနည်းချင်း တစ်ကွဲတစ်ပြား ဖြစ်နေသော အကြောင်းအရာများကို မှတ်သား ဖတ်ရှုပြီးနောက်တွင် လူတိုင်း ဖတ်ရှုသင့်သည့်အလွန်ကောင်းမွန်သော စာအုပ်တစ်အုပ်ဖြစ်ပြီး ယခုကဲ့သို့ပြောင်းလဲတိုးတက်နေသော ခေတ်အခါကာလကြီးတွင် အမှန်တကယ်မရှိမဖြစ် လိုအပ်သော စာအုပ်တစ်အုပ်ဖြစ်ကြောင်းကောက်ချက်ချမိသည်။ ထို့ကြောင့် ဤစာအုပ်ကို ရောဘတ်နှင့်အတူ ကျွန်မပါ ပူးတွဲ၍ ထုတ်လုပ်ဖို့သဘောတူညီကြပါသည်။

ကျွန်မကသူ့အား 'ကလေးတစ်ယောက်အနေဖြင့် ငွေကြေးဆိုင်ရာပညာရပ်ကို မည်သည့်အတိုင်းအတာအထိ သိဖို့လိုမည်လဲ' ဟု မေးကြည့်ရာတွင် 'ကလေးတစ်ဦးချင်းပေါ်မူတည်၍ ကွဲပြားခြားနားသည်'ဟုသူကယူဆသည်။ သူကိုယ်တိုင်သည် ငယ်ရွယ်စဉ်က အလွန်ပင်ချမ်းသာလိုကြောင်း ကံအားလျော်စွာ သူ့အား သွန်သင်လမ်းညွှန်ပေးခဲ့သောချမ်းသာသည့်အဖေတစ်ဦးရှိခဲ့ကြောင်း ပြောပြသည်။ ရောဘတ်က အောင်မြင်ဖို့အတွက် ပညာရေးသည် အခြေခံလိုအပ်ချက်တစ်ခုဖြစ်ကြောင်းနှင့် စာသင်ကျောင်းတွင် စာတော်ဖို့အလွန်အရေးပါသလို ငွေကြေးဆိုင်ရာ၊ ဆက်သွယ်ရေးဆိုင်ရာမှာလည်း အရည်အသွေးရှိဖို့ လိုအပ်သည်ဟု ပြောဆိုသည်။

ထို့နောက်ပိုင်းတွင် ရောဘတ်ကသူကိုယ်တိုင်၌ အဖေနှစ်ဦးရှိပြီး ထိုအဖေနှစ်ဦးက သူ့အားပြုစုပျိုးထောင်၍ လမ်းညွှန်မှုများပေးခဲ့သည်ကို ရှင်းပြသည်။ သူ၏အဖေနှစ်ဦးက နှိုင်းယှဉ်၍ ပြောပြရာ၌ ဘဝအတွက် အလွန်အရေးပါသော အတွေးသစ်အမြင်သစ်များကို ပေါ်ပေါက်စေပါသည်။ ဤစာအုပ်အတွက်လိုအပ်သော အထောက်အထားအချက်အလက်များကို ကျွန်မစုဆောင်းရှာဖွေတည်းဖြတ်ပေးထားပါသည်။

စာရင်းကိုင်ဘာသာရပ်ဖြင့် ကျောင်းပြီးထားသူများသည် ဤစာအုပ်ကို ဖတ်ရှုသည့်အခါတွင် ကျောင်းမှ သင်ကြားခဲ့ရသည့်အကြောင်းအရာများကို ခေတ္တခဏ ဘေးဖယ်ထား၍ ရောဘတ်တင်ပြထားသော သီအိုရီများကို ကျယ်ပြန့်သောအမြင်ဖြင့် လေ့လာကြည့်စေလိုပါသည်။ သူ၏သီအိုရီများသည် ကျွန်မတို့ယခုထက်တိုင်လက်ခံထားသော အခြေခံစာရင်းကိုင် သဘောတရားများကို စိန်ခေါ်လျက်ရှိကြောင်းတွေ့ရှိရပါမည်။ သို့သော်လည်းသူ၏သီအိုရီများသည် အမှန်တကယ် ရင်းနှီးမြှုပ်နှံသူများ လက်တွေ့ကျကျသုံးသပ်ပြီး ဆုံးဖြတ်နိုင်ဖို့ မြင်သာထင်ရှားအောင် တင်ပြထားသည်။

ကျွန်မကဲ့သို့ပင် မိဘအများအပြားသည် မိမိတို့၏ ကလေးများအား "ကျောင်းမှန်မှန်တက်ပြီး စာကိုကြိုးစား၊ ဘွဲ့ယူပြီး လခကောင်းတဲ့အလုပ်ကိုရှာလုပ်" ဟုပြောဆိုလာကြသည်မှာ ခေတ်အဆက်ဆက်က အစဉ်အလာတစ်ရပ်လို ဖြစ်နေပါသည်။ ထိုဆုံးမစကားသည် အမြဲလိုပင် မှန်ကန်သည်ဟုသာ ယူဆခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ရောဘတ်၏ အယူအဆများကို သိရှိရသောအခါ ကျွန်မအနေဖြင့် အတော်ပင် အံ့ဩသွားမိပါသည်။

ရောဘတ်ထံတွင် အဖေနှစ်ဦးရှိနေသောကြောင့် မတူညီသော ရည်မှန်းချက်နှစ်ခုစလုံးကို အောင်မြင်အောင် ကြိုးပမ်းခဲ့ရသည်။ ပညာတတ်အဖေက ကော်ပိုရေးရှင်းတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်ဖို့အကြံပေးသလို၊ ချမ်းသာသောအဖေက ကိုယ်ပိုင် ကော်ပိုရေးရှင်းတစ်ခုထူထောင်ဖို့ အကြံပေးသည်။ ထိုအကြံပေးချက်နှစ်ခုလုံးအတွက် ပညာရေးကတော့ လိုအပ်သည်။ လေ့လာရမည့် ဘာသာရပ်ကသာ ခြားနားနေသည်။ ပညာတတ်အဖေက ကိုယ်တိုင် လူတော်တစ်ယောက်ဖြစ်အောင် ကြိုးစားဖို့ အားပေးပြီး ချမ်းသာသောအဖေက လူတော်တွေကို ငှားရမ်းသုံးစွဲပုံ၊ သုံးစွဲနည်းကို သိအောင်လုပ်ဖို့ အားပေးသည်။

အဖေနှစ်ဦး၏ အားပေးပုံမတူညီသည့်အတွက် အတော်များများပင် အခက်အခဲများရှိသည်။ ရောဘတ်၏ဖခင်ရင်းဖြစ်သူက ဟာဝိုင်ရီပြည်နယ်မှ ပညာရေးမှူးတစ်ဦးဖြစ်ပြီး "ဂုဏ်ထူးများများနှင့်စာမေးပွဲအောင်မှ အလုပ်ကောင်းကောင်းရလိမ့်မည်' ဟု အစဥ်အမြဲ ဆုံးမပြောဆိုနေသူဖြစ်သည်။ သို့သော် ရောဘတ် ရည်ရွယ်ထားသည့် အသက်မွေးဝမ်းကျောင်းမှာ ကော်ပိုရေးရှင်းကြီးများကို ပိုင်ဆိုင်ရဖို့ပင်ဖြစ်သည်။ သူ၏သဘောမှာ ကော်ပိုရေးရှင်းတွင် ဝင်ရောက်အလုပ်လုပ်ကိုင်ဖို့မဟုတ်ပေ။

ရောဘတ်သည် သူ့အား အမြော်အမြင်ကြီးမားစွာ မရမက တိုက်တွန်းခဲ့သော အထက်တန်းကျောင်းမှ ပညာရေးအတိုင်ပင်ခံ

ကြောင့်သာ တက္ကသိုလ်တက်ဖြစ်ခဲ့ခြင်းဖြစ်သည်။ သူ့အနေနှင့်မူ ရင်းနှီးမြှုပ်နှံသောပစ္စည်း (Assets)များစုဆောင်းဖို့ကို စိတ်အားထက်သန်နေပြီဖြစ်သည်။ နောက်ဆုံး၌ တက္ကသိုလ်တက်ရောက် ပညာသင်ကြားခြင်းကလည်း တစ်နည်းတစ်ဖုံအကျိုးရှိနိုင်သည်ဟု ယူဆကာ တက်ရောက်ခဲ့ခြင်းဖြစ်လေသည်။

ယခုခေတ်လက်ရှိမိဘများအတွက် ရောဘတ်၏စာအုပ်ထဲမှအတွေးသစ်အမြင်သစ်များသည်ထူးခြားလွန်းနေမည်ဖြစ်သည်။ တစ်ချို့မိဘများမှာ မိမိသားသမီး ကျောင်းထားဖို့ကိုပင် အတော်ရုန်းကန်ကြိုးစားကြရပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်မတို့ မိဘများအနေနှင့်လည်းခေတ်နှင့်အညီပြောင်းလဲဆန်းသစ်လာသောအတွေးခေါ် အယူအဆများကို လက်ခံကြိုဆိုကြရပါမည်။ ကလေးများအား ဝန်ထမ်းလုပ်ဖို့ အားပေးနေခြင်းသည် တစ်သက်လုံး ကြပ်ကြပ်တည်းတည်းနေသွားကြတော့ဟု အကြံပေးနေသလို ဖြစ်နေပါသည်။ အမှန်တော့ အများစုသော မိဘများသည်လည်း ပေးဆောင်ရမည့် သူတို့၏အခွန်အခများကို ကျေအောင် နှစ်တစ်ဝက်ခန့် အလုပ်လုပ်ပေးနေကြရသည်။ ထို့ကြောင့် အဆိုပါ မိသားစုတွေအနေဖြင့် ဤစာအုပ်ပါ အယူအဆများကို သိနားလည်ဖို့ လိုအပ်နေပါသည်။

ချမ်းသာသောသူများက သူတို့၏ သားသမီးများအား ကျောင်းသင်ဘာသာရပ်များနှင့် ကွဲပြားစွာ သင်ကြားပေးကြသည်ဟု ရောဘတ်က ဆိုသည်။ သူတို့အိမ်မှ ညစာစားပွဲတွင် သင်ကြားပေးလေ့ရှိကြသည်။ ဤစာအုပ်ပါအယူအဆများသည် ကလေးများအနေဖြင့် စိတ်ဝင်စားဖွယ်ရာမရှိဟု ယူဆကောင်း ယူဆလိမ့်မည်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ သို့သော်ဖတ်ရှုလေ့လာကြည့်ပြီး အတွေးအမြင်သစ်များကိုရှာဖွေဖို့ အကြံပေးတိုက်တွန်းလိုပါသည်။ ကျွန်မအနေဖြင့် မိခင်တစ်ဦးအမြင်အရရော၊ စာရင်းကိုင်တစ်ဦးအမြင်အရပါ ပြောရလျှင် အဆင့်ကောင်းကောင်းနှင့် အောင်ပြီး အလုပ်တစ်ခု ရှာရမည်ဆိုသော အယူအဆသည် ယနေ့ပြောင်းလဲနေသော ခေတ်အခါကြီးနှင့်မကိုက်ညီတော့ပါ။ ကလေးများကို ခေတ်နှင့်အညီ တွေးတောကြံဆတတ်ရန် လမ်းညွှန်ဖို့လိုအပ်နေပါသည်။ သမားရိုးကျပုံစံများနှင့်မတူကွဲပြားသော အတွေးအမြင်သစ်များနှင့်ပညာရေးကိုသင်ကြားပေးနိုင်ရပါမည်။ အနည်းဆုံးတော့ ကလေးများကိုဝန်ထမ်းကောင်းတစ်ဦးဘဝမှ ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီထူထောင်နိုင်သည်အထိ လမ်းညွှန်ပေးရပါမည်။

ကျွန်မကဲ့သို့ပင် အခြားမိဘများကိုလည်း ဤစာအုပ်ဖြင့်အထောက်အကူဖြစ်စေလိုသည်။ ရောဘတ်ကလည်း လူတိုင်းလူတိုင်း မည်သူမဆိုကြိုးစားအားထုတ်ပါက ချမ်းသာကြီးပွားနိုင်ကြောင်းအသိပေးထားသည်။ ငွေကြေးဆိုင်ရာအသိပညာမှာတကယ်တမ်းဆိုလျှင်ဦးနှောက်အလုပ်သာဖြစ်သည်။ မိမိတို့၏ဦးနှောက်ကသာ ငွေကြေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းပေးကြရခြင်းဖြစ်သည်။

ကျွန်မတို့သည်ယခုအခါတွင် ရှေးယခင်ကတွေ့ကြုံရင်ဆိုင်ခဲ့ရဖူးသည်ထက် ကမ္ဘာ့ဖြစ်ရပ်အပြောင်းအလဲများ နည်းပညာရပ်အပြောင်းအလဲများကို တွေ့ကြုံရင်ဆိုင်နေကြရပါသည်။ လာမည့်ရှေ့အနာဂတ်ကာလတွင်လည်း အပြောင်းအလဲများနှင့် ရင်ဆိုင်ရမည်ကတော့သေချာနေပါသည်။ မည်သည့်ပုံစံမျိုးကြုံတွေ့ရမည်ကို မသိနိုင်သော်လည်း ကျွန်မတို့၏ကလေးများကို ဘေးကင်းစွာနေထိုင်သွားစေမည်လား၊ သို့မဟုတ် ငွေကြေးဆိုင်ရာ ပညာရပ်များကို ဆည်းပူးပြီးလိမ္မာပါးနပ်စွာ အသင့်ပြင်ဆင်နေထိုင်သွားစေမည်လားဟူ၍ နှစ်သက်ရာကို ရွေးချယ်စေနိုင်ပါသည်။

(ရှာရွန်လက်ခ်တာ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)
## (ရောဘတ်ကီယိုဆာကီကိုယ်တိုင်ပြောပြသော)
## ချမ်းသာသောအဖေနှင့် ပညာတတ်အဖေ

ကျွန်တော့်ထံတွင်အဖေနှစ်ဦးရှိပါသည်။ တစ်ဦးကအလွန်ချမ်းသာသောသူဖြစ်ပြီး နောက်တစ်ဦးက ဆင်းရဲသော်လည်း ပညာတတ်ပြီးဉာဏ်ရည်ထက်မြက်သူဖြစ်ပါသည်။ သူသည် ပီအိပ်ချ်ဒီဘွဲ့ရထားပြီး စတန်းဖို့တက္ကသိုလ်၊ ချီကာဂိုတက္ကသိုလ်နှင့်အနောက်မြောက်ပိုင်းတက္ကသိုလ်များတွင် အဆင့်မြင့်ပညာ ဆည်းပူးထားသူဖြစ်သည်။ ထိုတက္ကသိုလ်များသို့တက်ရောက်နိုင်ဖို့လည်း ပညာသင်စရိတ် ထောက်ပံ့ကြေးငွေရရှိထားသူဖြစ်သည်။ ချမ်းသာသည့်အဖေကတော့ရှစ်တန်းပင်မအောင်ခဲ့ပါ။

ကျွန်တော့်အဖေနှစ်ယောက်စလုံး အလုပ်ကြိုးစားကြသူများဖြစ်ပြီး သူတို့၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာတွေမှာလည်း အောင်မြင်ကြ၍ ဝင်ငွေလည်း အတိုက်အလျောက် ရရှိထားကြပါသည်။ သို့သော်တစ်ယောက်က ဟာဝိုင်ရီတွင် အချမ်းသာဆုံးစာရင်းဝင်ဖြစ်သွားသော်လည်း တစ်ယောက်ကတော့ အစဉ်အမြဲငွေကြေးကိစ္စများတွင်လုံးချာလည်နေသည်။ သူတို့ကွယ်လွန်သွားပြီးသည့်နောက်တွင် တစ်ဦးက ဒေါ်လာသန်းပေါင်းများစွာ မိသားစုအတွက် အမွေထားခဲ့ပြီး ဘာသာရေးနှင့် လူမှုရေးဆိုင်ရာကိစ္စများအတွက် အလှူငွေ များပြားစွာ ထားခဲ့နိုင်သည်။ ကျန်တစ်ဦးကမူ

www.burmeseclassic.com

www.burmeseclassic.com



ပေးဆပ်စရာ အကြွေးများစွာထားရှိခဲ့သည်။

အဖေနှစ်ဦးစလုံးသည် ဩဇာအရှိန်အဝါကြီးမားပြီး စိတ်ဓာတ်ကြံ့ခိုင်သူများ ဖြစ်ကြသည်။ နှစ်ဦးစလုံးသည် တစ်ဦးနှင့်တစ်ဦး မတူညီသော ဆုံးမသွန်သင်မှုများဖြင့် ကျွန်တော့်အား ဆုံးမလမ်းညွှန်ခဲ့ကြသည်။ သူတို့နှစ်ဦးလုံး ပညာတတ်ဖို့ကို ခိုင်မာစွာ လက်ခံသော်လည်း အကြံပေးသည့် ပညာရပ်ချင်းမတူညီကြပါ။

ကျွန်တော်သည် အကြံပေးလမ်းညွှန်နေသည့်အဖေနှစ်ဦးထံမှ အတွေးခေါ် အယူအဆများကို ဆင်ခြင်သုံးသပ်ကာ နှိုင်းယှဉ်ရွေးချယ်နိုင်ခွင့်ရှိနေပါသည်။ သူတို့နှစ်ဦး၏ အယူအဆများမှာ သာမန်အားဖြင့် တစ်ဦး၏အယူအဆကိုလက်ခံလျှင် ကျန်တစ်ဦး၏ အယူအဆကို ပစ်ပယ်လိုက်ရုံသာရှိသော်လည်း ကျွန်တော်သည် သူတို့နှစ်ဦး၏အယူအဆများကို နှိုင်းယှဉ်ကြည့်သည်။ ကိုယ်တိုင်စဉ်းစားဆင်ခြင်ပြီးရွေးချယ်မိသည်။ ခက်နေသည်မှာ ထိုအချိန်က ချမ်းသာသည့်အဖေလည်း သိသာစွာ မချမ်းသာလာသေးတဲ့ ဆင်းရဲသည့်အဖေက သိပ်ပြီးမနွမ်းပါးသေးသောအချိန် ဖြစ်လေသည်။ သူတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စတင်ကာစဖြစ်ပြီး မိသားစုနှင့်ငွေကြေးကိစ္စများ လုံးချာလည်နေသောအချိန်ဖြစ်သည်။ သို့သော် သူတို့တစ်ဦးချင်းစီ၏ ငွေကြေးအပေါ် ရှုမြင်ပုံက လုံးဝကွဲပြားခြားနားပါသည်။

ဥပမာပြောရလျှင် တစ်ဦးက 'မကောင်းမှုတွေဖြစ်ရတာအားလုံးဟာငွေမက်တာကြောင့်ဖြစ်ရတာပဲ'ဟု ပြောပြီး ကျန်တစ်ဦးက 'ငွေမရှိတာကြောင့် မကောင်းမှုတွေဖြစ်ရတာ'ဟု ပြောဆိုခြင်းမျိုး



ဖြစ်ပါသည်။ ငွေကြေးနှင့်ပတ်သက်ပြီး သူတို့၏အမြင်တွေက လုံးဝကို ဆန့်ကျင်နေတဲ့အတွက် ကျွန်တော်အနေနဲ့ အတော့်ကိုနားလည်ရခက်ပါတယ်။ သူတို့တစ်ဦးချင်း၏ အယူအဆများကို သဘောပေါက်အောင် အချိန်အတော်ကြာစဉ်းစား အဖြေရှာမိပါသည်။

ကျွန်တော်၏ အားလပ်ချိန်အတော်များများသည် အဆိုပါကိစ္စကို တွေးတော သုံးသပ်နေသောအချိန်များ ဖြစ်ပါသည်။ ကျွန်တော့်အနေဖြင့် ဩဇာကြီးမားသော အဖေနှစ်ဦးရှိနေသည့်အတွက် အတော်ပင်ခက်ခဲပါသည်။ နှစ်ဦးစလုံး၏အယူအဆများကို ပစ်ပယ်၍မဖြစ်၊ မချင့်ချိန် မစဉ်းစား၍မဖြစ်တော့၊ ကျွန်တော့်အတွက်တစ်ခုခုကို လက်ခံခြင်းသို့မဟုတ်ပစ်ပယ်ခြင်းထက် သေချာစွာ စဉ်းစားချင့်ချိန်ခြင်းက ရေရှည်တွင် ပိုမိုအကျိုးရှိစေပါသည်။

ဆင်းရဲချမ်းသာကွာဟမှုပိုမိုကြီးမားလာပြီးလူလတ်တန်းစားများက အကြွေးဖြင့် လုံးချာလည်နေသည်။ ထိုသို့ဖြစ်ကြရသည့် အကြောင်းရင်းတွေထဲမှတစ်ခုမှာ ငွေကြေးဆိုင်ရာပညာကို ကျောင်းမှသင်မပေးလိုက်တဲ့ အိမ်မှာသာသင်ယူနေကြရသောကြောင့် ဖြစ်ပါသည်။ ကျွန်တော်တို့အများစုသည် မိဘများထံမှသာသင်ယူနေကြရသည်။ ထိုအခါဆင်းရဲသည့်မိဘများက မည်သို့သင်ကြားနိုင်ပါမလဲ။ ကျောင်းတက်ပြီး စာကြိုးစားဖို့လောက်သာ ပြောကြပါမည်။ ထိုကလေးများ ဂုဏ်ထူးများစွာနှင့် ဘွဲ့ရလာပါက ဆင်းရဲမွဲတေသူတို့၏ စိတ်ဓါတ်အနေအထားနှင့်ဘွဲ့ရလာသူ ဖြစ်ပါမည်။ ထိုကလေးသည် အဆိုပါစိတ်ဓာတ်ကို ငယ်စဉ်ကတည်းက ကျွမ်းဝင်လာခဲ့ပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စာသင်ကျောင်းများတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာ နည်းပညာများကိုသာသင်ကြားပေးပြီး ငွေကြေးပညာကို သင်ကြားပေးခြင်းမပြုကြပါ။ ကျောင်းတွင်အလွန်စာတော်ပြီး အဆင့်ကောင်းကောင်းဖြင့် အောင်မြင်လာခဲ့ကြသည့် စာရင်းကိုင်များ၊ ဆရာဝန်များ၊ ဘဏ်မန်နေဂျာများ သူတို့ဘဝတစ်လျှောက် လုံး ငွေရေးကြေးရေးလုံးချာလည်နေခြင်းမှာ အထက်ဖော်ပြပါ အကြောင်းအရာကြောင့်ပင်ဖြစ်ပါသည်။ ကျွန်တော်တို့အမေရိကနိုင်ငံတွင်ပင် ကြွေးမြီးအများအပြားအံ့သြစဖွယ် တင်ရှိနေပါသည်။ အကြောင်းမှာ နိုင်ငံရေးသမားများ အစိုးရအရာရှိကြီးများသည် အလွန်ပညာတတ်ကြသော်လည်း ငွေကြေးဆိုင်ရာပညာတွင် တတ်သိနားလည်ထားမှုမရှိခြင်း သို့မဟုတ် အနည်းအကျဉ်းမျှသာ နားလည်ထားသောကြောင့်ဖြစ်ပါမည်။

နောင်လာမည့် ရှေ့အနာဂတ်ကို ကျွန်တော်မျှော်ကြည့်မိသောအခါ ငွေကြေးနှင့်ဆေးပညာဆိုင်ရာ အထောက်အပံ့များလိုအပ်လာမည့် ပြည်သူများအတွက် အလွန်ပင်စိုးရိမ်ပူပန်မိသည်။ ထိုငွေကြေးအတွက်နှင့်သူတို့သည်မိသားစုကိုသော်လည်းကောင်း၊ အစိုးရကိုသော်လည်းကောင်း မှီခိုလာကြရတော့မည်။ နိုင်ငံတစ်နိုင်ငံသည် ငွေကြေးအကြောင်းသင်ကြားဖို့ မိဘများကိုသာတာဝန်လွှဲအပ်ပေးကြသည့်အတွက် ထိုနိုင်ငံသည် ရေရှည်တွင်မည်သို့ရှင်သန်ရပ်တည်နိုင်ပါမည်လဲ။

ကျွန်တော့်ထံတွင်မူ စိတ်ဓာတ်ကြံ့ခိုင်ပြီး ဩဇာကြီးမားသောအဖေနှစ်ယောက်ရှိသောကြောင့်သာ သူတို့နှစ်ယောက်



စလုံးထံမှ အကြံပေးလမ်းညွှန်မှုများကို လေ့လာပြီး ဆင်ခြင်သုံးသပ်ရသည်။ ထို့ကြောင့် သုံးသပ်ကြည့်ရာမှ လူတစ်ယောက်၏ဘဝကိုသူ၏အတွေးအခေါ်များက ဘယ်နည်းဖြင့်အကျိုးသက်ရောက်စေသလဲ ဟူသည့် အသိအမြင်ကိုရရှိခဲ့ပါသည်။

ဥပမာအားဖြင့်အဖေတစ်ဦးက 'ငါတော့မတတ်နိုင်ဘူး' ဟုအမြဲပြောလေ့ရှိသည်။ နောက်တစ်ဦးကမူ ထိုအပြောမပြောဖို့တားမြစ်သည်။ ထိုသို့မပြောပဲ 'ငါဘယ်လိုနဲ့တတ်နိုင်အောင်လုပ်ပါမလဲ'ဟု ပြောစေလိုသည်။ တစ်ဦးက လက်လွှတ်ရှန်းထွက်ပြီး တစ်ဦးက တွေးတောကြံဆစေသည်။ 'ငါမတတ်နိုင်ဘူး' ဟူသောစကားကို အလွယ်တကူသုံးနှုန်းလိုက်ခြင်းသည် ဦးနှောက်ကို အလုပ်မလုပ်စေခြင်းဖြစ်ပြီး 'ငါဘယ်လိုနည်းနဲ့တတ်နိုင်အောင်လုပ်မလဲ' ဟုမေးမြန်းစဉ်းစားလျှင် ဦးနှောက်ကိုအလုပ်လုပ်ဖို့တာဝန်ပေးလိုက်ခြင်းဖြစ်သည်ဟု ချမ်းသာလာမည့်အဖေကရှင်းပြသည်။ ကမ္ဘာပေါ်တွင် စွမ်းအားထက်မြက်ဆုံးကွန်ပျူတာဖြစ်သည့် မိမိ၏စိတ်ကိုလေ့ကျင့်ပျိုးထောင်ဖို့လိုသည်ဟု သူကဆိုသည်။

"ငါအမြဲတမ်းလေ့ကျင့်ပေးထားလို့ ငါ့ဦးနှောက်ကကြံ့ခိုင်နေတယ်၊ ဦးနှောက်ကအားကောင်းလာမှ ငွေရှာရတာလွယ်ကူတာ" ဟုဆိုပြီး "ငါမတတ်နိုင်ဘူးဟု" အလွယ်တကူပြောသူသည်ဦးနှောက်အလုပ်မလုပ်ချင်သူ၊ စိတ်ဓာတ်ပျင်းရိသူဖြစ်သည်ဟုသူကဆိုသည်။

ကျွန်တော်၏အဖေနှစ်ဦးသည် အလုပ်ကိုကြိုးစားကြသည်ချင်း တူသော်လည်း ငွေကြေးဆိုင်ရာကိစ္စများတွင် တစ်ဦးက ဦးနှောက်

www.burmeseclassic.com

www.burmeseclassic.com



ကိုအလုပ်မပေးဘဲ ကျန်တစ်ဦးကဦးနှောက်ကို ခိုင်းစေလေ့ကျင့်ပေးကြောင်းတွေ့ရှိရသည်။ ထိုအခါ ရေရှည်တွင် ဦးနှောက်ကိုအလုပ်မပေးသူက ငွေကြေးကျပ်တည်းလာပြီး ဦးနှောက်ကိုအလုပ်ပေးသူက ငွေကြေးပေါများလာသည်။ ဥပမာအားဖြင့် အားကစားလေ့ကျင့်ခန်းအစဉ်အမြဲပြုလုပ်သူနှင့် ရုပ်မြင်သံကြားကိုသာ ငြိမ်ငြိမ်လေးထိုင်ကြည့်နေသူကဲ့သို့ပင် ဖြစ်သည်။ အမှန်တကယ်တွင် ရုပ်ပိုင်းဆိုင်ရာ၌ပုံမှန်လေ့ကျင့်သူသည် ရေရှည်တွင်ပစ္စည်းဥစ္စာတိုးပွားလာဖို့ရှိသည်။ပျင်းရိ မှုကမှုကျန်းမာရေးနှင့် စီးပွားဥစ္စာနှစ်မျိုးစလုံးကို ထိခိုက်လျော့ပါး ဆေပါသည်။

ကျွန်တော့်အဖေနှစ်ဦး၏အတွေးများမှာ ဆန့်ကျင်ဖက်များသာဖြစ်ကြသည်။ တစ်ဦးက 'အဆင်မပြေကာမကောင်းသူများကိုပံ့ပိုးစောင့်ရှောက်ဖို့ ချမ်းသာသူများက အခွန်အခပိုပေးသင့်သည်' ဟု ဆိုသည်။ တစ်ဦးကမူ အခွန်အကောက်ဟူသည် ကုန်ထုတ်လုပ်သူများကို နှိပ်ကွပ်ပြီး၊ ကုန်မထုတ်လုပ်သူများကိုပံ့ပိုးနေသည်' ဟုပြောသည်။ တစ်ဦးက 'ကုမ္ပဏီကောင်းကောင်းမှာအလုပ်ဝင်ဖို့ စာကိုကြိုးစား'ဟု အကြံပေးပြီး နောက်တစ်ဦးက 'မင်းကြိုးစားမှ မင်းဝယ်နိုင်မယ့်ကုမ္ပဏီကိုတွေ့မှာ' ဟုဆိုသည်။ တစ်ဦးက 'ကလေးတွေရှိလို့ငါမချမ်းသာတာ' ဟုပြောသော်လည်း ကျန်တစ်ဦးက 'ဒီကလေးတွေရှိတဲ့အတွက် ငါချမ်းသာမှုဖြစ်မယ်' ဟုပြောသည်။

ညစာစားချိန်တွင် စီးပွားရေးနှင့်ငွေကြေးကိစ္စများပြောဆိုဖို့တစ်ဦးက တိုက်တွန်းသော်လည်း ကျန်တစ်ဦးက ထမင်းစား



နေချိန်တွင် ထိုအကြောင်းအရာများကို မပြောရ' ဟုတားမြစ်သည်။ တစ်ဦးက 'ငွေကြေးနဲ့ပတ်သက်လာရင် အရဲမစွန့်နဲ့ စိတ်ချရမှဖြစ်မယ်' ဟု ပြောပြီး တစ်ဦးက 'တစ်နိုင်တစ်ပိုင်အရဲစွန့်တတ်အောင်ပညာရှာရမယ်' ဟုပြောသည်။ တစ်ဦးက 'ငါတို့ရဲ့ အကြီးဆုံးနဲ့တန်ဘိုးအရှိဆုံးပိုင်ဆိုင်ပစ္စည်းဟာ ငါတို့အိမ်ပဲ' ဟု လက်ခံနားလည်ထားသည်။ ကျန်တစ်ဦးကမူ 'တကယ်တော့ ငါတို့ အိမ်ဟာပေးစရာရှိတဲ့အကြွေးပဲ၊ မင်းရဲ့အိမ်ကိုသာ ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုလို့ယူဆရင်မင်းအကြီးအကျယ်ဒုက္ခရောက်ပြီပဲ'။ ပေးစရာရှိသောအကြွေးများကို အဖေနှစ်ယောက်လုံး အချိန်မှီ ပေးဆပ်ကြသော်လည်းတစ်ဦးက အရင်ဆုံးပေးပြီး တစ်ဦးက နောက်ဆုံးမှ ပေးသည်။

တစ်ဦးက မိမိဘဝလိုအပ်ချက်များအတွက် ကုမ္ပဏီတစ်ခု၊ လုပ်ငန်းတစ်ခု၊ သို့မဟုတ် အစိုးရကိုအားကိုးသည်၊ သူ၏လစာတိုးရရေး၊ အငြိမ်းစားခံစားခွင့်၊ ဆေးကုသမှု စသည်များအတွက် စိုးရိမ်ပူပန်နေရသည်။ "အစိုးရအတွက် ငါစွမ်းစွမ်းတမံ အလုပ်လုပ်ပေးထားသော အဲဒါတွေတော့ခံစားခွင့်ရှိတယ် " ဟုမကြာခဏပြောဆိုလေ့ရှိသည်။

အဲဖေနောက်တစ်ဦးကမူ ငွေရေးကြေးရေးနှင့်ပတ်သက်လာလျှင် သူ့ကိုယ်သူသာအားထားသည်။ ခံစားခွင့်များအားမျှော်ကိုးနေရသည်ကိုသူမနှစ်သက်။ အဆိုပါ စိတ်ခံတတ်ကိုလည်းသဘောမကျ။ ထိုစိတ်ခံတတ်သည် ငွေကြေးချို့တဲ့ပြီး ပျော့ညံ့စေသည် ဟုဆိုသည်။ ငွေကြေးကိစ္စတွင် ကျွမ်းကျင်လိမ္မာစွာကိုင်တွယ်တတ်ဖို့ကိုသာတိုက်တွန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေတစ်ဦးကလစာကောင်းသည့် အလုပ်ကောင်းကောင်းရဖို့အတွက် ပြည့်စုံကောင်းမွန်သော အလုပ်လျှောက်လွှာရေးပုံရေးနည်းသင်ကြားပေးသလိုနောက်အဖေတစ်ဦးကလည်း ခိုင်မာသောငွေကြေးနှင့်စီးပွားရေးစီမံကိန်းများမည်သို့ ရေးဆွဲရမည်ကိုသင်ကြားပေးသည်။ ထိုမှသာ ကိုယ်ပိုင်အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဟုဆိုသည်။

ကျွန်တော်အဖေနှစ်ဦး၏ အတွေးအမြင်လမ်းညွှန်မှုများအောက်မှာ ကြီးပြင်းလာရသောကြောင့် ကွဲပြားခြားနားသည့် အတွေးအခေါ်များကမတူညီကွဲပြားသောဘဝများကို ဖန်တီးပေးကြောင်း သိနားလည်လာသည်။ လူတိုင်းလူတိုင်းသည် သူတို့၏ အတွေးအခေါ်များဖြင့် သူတို့၏ဘဝများကို ပုံဖော်ကြခြင်းပင်ဖြစ်ကြောင်း ကျွန်တော်သတိထားမိသည်။ ဥပမာအားဖြင့် ဆင်းရဲသောအဖေက 'ဘယ်တော့မှငါချမ်းသာလာမှာမဟုတ်ဘူး' ဟု အမြဲလိုလိုပြောတတ်သလို သူပြောသည့်အတိုင်းပင်ဖြစ်နေသည်။ ချမ်းသာလာသောအဖေကမူသူကိုယ်သူလူချမ်းသာဟုအမြဲပြောသည်။ တစ်ခါတစ်ရံ ငွေရေးကြေးရေးအရအမြောက်အများအရှုံးပေါ်သွားသည့်တိုင်အောင်ပင် သူ့ကိုယ်သူ သူဌေးဟုဘဲပြောဆိုသတ်မှတ်သည်။ "ဆင်းရဲတာနဲ့ ဘိုင်ကျတာမတူဘူး၊ ဆင်းရဲတာက အမြဲတမ်းဖြစ်ပြီး ဘိုင်ကျတာက ယာယီဖြစ်တာ" ဟုပြောဆိုသေးသည်။ ဆင်းရဲသောအဖက ငွေကိုစိတ်မဝင်စားဘဲ 'ငွေကြေးကအကြောင်းမဟုတ်ပါဘူး' ဟု ပြောတတ်သော်လည်း ချမ်းသာသည့်အဖေကတော့ 'ငွေဟာစွမ်းအားတစ်ခုပဲ' ဟုဆိုသည်။



ကျွန်တော်သည် အတွေးအခေါ်များ၏စွမ်းအားကို တိုင်းတာမှု၊ အသိမှတ်ပြုမှု ရှိမည် မရှိမည် မသေချာသော်လည်း လူငယ်တစ်ဦးအနေဖြင့် ကိုယ့်အတွေးများကို ကိုယ်သတိထားမိလာသည်။ ထိုအတွေးများမည်သို့ ဖော်ပြရမည့်ကိုလည်း သဘောပေါက်စပြုလာသည်။ ကျွန်တော်၏ ဆင်းရဲသောအဖေနွမ်းပါးနေရခြင်းမှာ ဝင်ငွေနည်းသောကြောင့်ပင်ဖြစ်သည်။ ကျွန်တော့်အနေဖြင့် ဆင်းရဲသောအဖေနှင့်ချမ်းသာလာသောအဖေနှစ်ဦးတွင် ဘယ်သူ့အတွေး၊ ဘယ်သူ့စကားနားထောင်လက်ခံရမည်ကို ချင့်ချိန်စဉ်းစား တတ်လာသည်။

အဖေနှစ်ဦးစလုံးကမူ ပညာရေးကိုအားပေးပြီး လေ့လာဆည်းပူးဖို့အလွန်ပင် အလေးထားကြသည်။ သို့သော် ထိုသို့လေ့လာဆည်းပူးရာတွင် မည်သည့်အရာများက အရေးကြီးပြီး မည်သည့်အရာများကအရေးမကြီးသည်ဟု ပိုင်းခြားရာတွင် သူတို့၏အမြင်များကမတူညီကြပါ။ တစ်ဦးက စာကြိုးစား၍ ဘွဲ့ရလျှင်အလုပ်ကောင်းကောင်းဝင်လုပ်စေချင်သည်။ သူက ကျွန်တော်အား ပညာရှင်တစ်ဦးအဖြစ် ရှေ့နေသော်လည်းကောင်း၊ စာရင်းကိုင်သော်လည်းကောင်း၊ စီးပွားရေးစီမံခန့်ခွဲမှုဘွဲ့ရအောင်သော်လည်းကောင်းဝင်လုပ်စေချင်သည်။ နောက်တစ်ဦးကမူ ကြီးပွားချမ်းသာအောင် လေ့လာသင်ယူဖို့ တိုက်တွန်းသည်။ ငွေကြေး၏အလုပ်လုပ်ပုံ၊ အလုပ်လုပ်ပေးအောင် ငွေကြေးကိုခိုင်းစေပုံတို့အား သဘောပေါက်အောင် လေ့လာသင်ယူစေလိုသည်။ "ငါဟာ ငွေအတွက်အလုပ်မလုပ်ဘူး၊ ငွေကငါ့အတွက်အလုပ်လုပ်ပေးတာယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟူသည့် ချမ်းသာသောအဖေအစဉ်အမြဲပြောနေကျစကား ဖြစ်သည်။

ကျွန်တော်ကိုးနှစ်သားအရွယ်တွင်ပင် ငွေကြေးနှင့် ပတ်သက်လျှင် ချမ်းသာသောအဖေ၏စကားများကို သာ နားထောင်မည်ဟု ဆုံးဖြတ်လိုက်သည်။ တက္ကသိုလ်မှဘွဲ့ထူးတွေ များစွာရရှိထားပြီး ဆင်းရဲနေသည့်အဖေ၏စကားများကို ကျွန်တော် နားမထောင်တော့ပါ။

ငွေကြေးနှင့်ပတ်သက်ပြီး ဆင်းရဲသောအဖေ၏ ဩဝါဒ လမ်းညွှန်မှုများကို နားမထောင်တော့ဖို့ ရွေးချယ်ဆုံးဖြတ်ရသည့် အတွက် အလွန်စိတ်မချမ်းမသာဖြစ်ရပါသည်။ နှစ်အတော်အကြာ ကြာပင်အပြန်ပြန်အလှန်လှန် သုံးသပ်ဆင်ခြင်မိသည်။ ထိုဆုံးဖြတ် ချက်သည် ကျွန်တော့်ဘဝတစ်သက်တာလုံးကို ပုံစံချပေးမည့် ဆုံးဖြတ်ချက်ဖြစ်နေပါသည်။ ထိုသို့ဆုံးဖြတ်ပြီးသည်နှင့်တစ်ပြိုင်နက် ကျွန်တော်၏ငွေကြေးနှင့်သက်ဆိုင်သောပညာရေးကို စတင် လိုက်ပါတော့သည်။ ကျွန်တော်အသက် ၃၉နှစ်ရှိသည်အထိ နှစ်ပေါင်းသုံးဆယ်ကျော်သည့်တိုင်အောင် ချမ်းသာသောအဖေက လမ်းညွှန်ပို့ချပေးခဲ့သည်။ ထုံထိုင်းလှသောကျွန်တော့်အား သူ၏ ပညာရပ်များကို အပြည့်အဝနားလည်ပြီဟု ယူဆသည်အထိ သင်ကြားပေးခဲ့၏။

ငွေကြေးသည်စွမ်းအားတစ်မျိုးဖြစ်သော်လည်း ငွေကြေး နှင့်ပတ်သက်သည့်ပညာကပို၍ပင် စွမ်းအားကြီးသည်။ ငွေကြေး များဝင်လာမှု၊ ထွက်သွားမှု၊ ငွေကြေးအလုပ်လုပ်ပုံတို့ကို သိမြင်



လာလျှင်သင်သည်ငွေကြေးကိုခိုင်းစေလာနိုင်မည်။ ထိုအခါတွင် သင်၏စီးပွားဥစ္စာကိုစတင်ထူထောင်နိုင်ပြီဖြစ်သည်။ လူအများစု သည် ကျောင်းနေပြီး စာသင်ကြရသော်လည်း ငွေကြေးအလုပ် လုပ်ပုံကို သင်ယူလေ့လာခဲ့ရခြင်းမရှိသောကြောင့် သူတို့၏ ဘဝတစ် သက်လုံး ငွေရရှိရေးအတွက်သာ အလုပ်လုပ် နေကြရသည်။ ချမ်းသာသောအဖေ၏သင်ကြားပေးမှုများမှာ လွယ်ကူရိုးရှင်းလှ ပါသည်။ နှစ်ပေါင်းသုံးဆယ်အတွင်း အပြန်ပြန် အလှန်လှန် သင်ကြားပို့ချပေးခဲ့သော သင်ခန်းစာမှာ (၆)ခုသာ ရှိပါသည်။

ဤစာအုပ်၏အဓိကအကြောင်းအရာများမှာ အဆိုပါ သင်ခန်းစာ (၆)ခုပင်ဖြစ်သည်။ ချမ်းသာသောအဖေက ကျွန်တော့်အားသင်ကြားပေးခဲ့သည့်အတိုင်းအတတ်နိုင်ဆုံး လွယ်ကူ စွာရှင်းပြထားသည်။ ထိုသင်ခန်းစာများမှာ လမ်းညွှန်မှုများသာ ဖြစ်ပါသည်။ အရာရာပြောင်းလဲနေသော ကမ္ဘာကြီးတွင် မည်သို့သော အခြေအနေမျိုး ပေါ်ပေါက်လာသည်ဖြစ်စေ သင်၏ ကလေးများ၊ ပစ္စည်းဥစ္စာပေါကြွယ်ဝစေဖို့ ဖော်ပြပါ လမ်းညွှန်မှု များကအထောက်အကူပြုနေမည်ဖြစ်ပါသည်။

သင်ခန်းစာ (၁) ချမ်းသာသူတို့အလုပ်လုပ်ခြင်းသည် ဝင်ငွေရဖို့မဟုတ်

သင်ခန်းစာ (၂) အဘယ်ကြောင့်ငွေကြေးအခြေခံ ပညာသင်ထားသင့်ပါသလဲ

သင်ခန်းစာ (၃) ကိုယ့်အလုပ်ကိုယ်လုပ်ကြဖို့

သင်ခန်းစာ (၄) အခွန်အကောက်နှင့်အခွင့်အာဏာ

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| | | တို့၏သမိုင်းကြောင်း |
| သင်ခန်းစာ | (၅) | လူချမ်းသာတို့က ငွေကိုဖန်တီးယူသည်။ |
| သင်ခန်းစာ | (၆) | အလုပ်လုပ်ခြင်းသည် ငွေရဖို့အတွက်မဖြစ်စေဘဲပညာရဘို့အတွက်ဖြစ်ပါစေ |

## အခန်း (၂)
## ချမ်းသာသူတို့ အလုပ်လုပ်ခြင်းသည် ဝင်ငွေရဖို့မဟုတ်

'ချမ်းသာအောင်ဘယ်လိုလုပ်ရမယ်ဆိုတာသားကို ပြောပြပါဖေဖေ' ထိုအခါ ကျွန်တော့်အဖေက 'ဘာဖြစ်လို့ ချမ်းသာချင်ရတာလဲ' ဟုမေးသည်။ 'ကျောင်းက သူငယ်ချင်းတွေက ကျွန်တော်နဲ့ မိုက်ကို ငမွဲတွေလို့သတ်မှတ်ထားကြတာ'။ ကျွန်တော်သည် အဖေ့ထံမှ အဖြေတစ်ခုရလိုသောကြောင့် မျှော်လင့်စောင့်စားနေသည်။

ထိုအချိန်မှာ ကျွန်တော်၏ အသက် ၉ နှစ်အရွယ် ၁၉၅၆ ခုနှစ်ကာလဖြစ်သည်။ ကျွန်တော်သည် ကုသိုလ်ကံ ကောင်းပြီး ချမ်းသာသည့်ကလေးများတက်သည့် ပြည်သူပိုင်ကျောင်းတွင် ပညာသင်ခွင့်ရခဲ့သည်။ ကျွန်တော်တို့မြို့သည် ကြံစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သောမြို့လေးဖြစ်သည်။ ကျွန်တော်တို့ကျောင်းတွင် စိုက်ခင်းမန်နေဂျာ၊ ဆရာဝန်၊ စီးပွားရေးလုပ်ငန်းရှင်နှင့် ဘဏ်မန်နေဂျာစသည်တို့၏ သားသမီးများတက်ရောက်ကြသည်။ တစ်တန်းမှခြောက်တန်းအထိတက်ပြီး ခြောက်တန်းအောင်မြင်သွားပြီးလျှင် ပုဂ္ဂလိကကျောင်းများသို့သွား၍ တက်ရောက်ကြသည်ကများသည်။ ကျွန်တော်တို့မိသားစုက ကျောင်းရှိသည့်ဖက်အခြမ်းတွင် နေထိုင်သောကြောင့်သာ ဤကျောင်းသို့ တက်ခွင့်ရခြင်းဖြစ်သည်။ အကယ်၍သာ တခြားဖက်အခြမ်းတွင် နေထိုင်ပါက သူ့ကိုယ်လိုကလေးများတက်သည့် ကျောင်းတွင်ပင်တက်ပြီး (၆)တန်းအောင်ပါက ပြည်သူပိုင် အလယ်တန်း၊ အထက်တန်းကျောင်းများ

www.burmeseclassic.com

www.burmeseclassic.com



သို့သာ တက်ရပေမည်။ 'မင်းချမ်းသာချင်တယ်ဆိုရင် ငွေကို ဘယ်လိုရှာရမလဲဆိုတာ လေ့လာပေါ့ကွာ- အဖြေကိုတော့ မသိဘူး၊ အဖေတော့ အဲဒါပဲ ပြောနိုင်တယ်။' ဟု အဖေက ပြန်ဖြေလေသည်။

ကျွန်တော်သတိထားမိသလောက်ဆိုလျှင် ကျောင်း၌ ချို့ချို့တဲ့တဲ့ ကလေးဟူ၍ ကျွန်တော်နှင့်မိုက်နှစ်ဦးသာရှိသည်။ မိုက်သည်လည်း ကျွန်တော်ကဲ့သို့ပင် ကုသိုလ်ကံကောင်း၍ ဤကျောင်းသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။ အမှန်တကယ်ဆိုလျှင် ကျွန်တော်တို့သည်လည်း အဆင်းရဲအမွဲတေကြီးမဟုတ်ပါ။ ကျွန်တော်တို့၏ စိတ်ထဲမှာ ဆင်းရဲသည်ဟု ခံစားနေရသောကြောင့်ဖြစ်ပါသည်။ အကြောင်းမှာ တခြားကလေးများက စက်ဘီးအသစ်၊ ဘော့စ်ဘော လက်အိတ်အသစ်စသည်ဖြင့် အရာရာအသစ်တွေနှင့်ချည်း ဖြစ်ကြသောကြောင့်ပင်။

ကျွန်တော်တို့၏ စားဝတ်နေရေးလိုအပ်ချက်များကိုမူ မိဘများက ပြည့်စုံအောင် ဖန်တီးပေးထားပါသည်။ 'ဒီထက်မက လိုချင်ရင်တော့ အလုပ်လုပ်ပေါ့' ဟု အဖေကပြောတတ်သည်။ ကျွန်တော်တို့အရွယ် လူငယ်လေးတွေအတွက် လုပ်စရာအလုပ် သိပ်မရှိလှပါ။ ကျွန်တော်နှင့်မိုက်သည် နှစ်ယောက်အတူတွဲပြီး အလုပ်လုပ်ကြဖို့ သဘောတူလိုက်ကြသည်။ ကျွန်တော်တို့သည် ငွေရဖို့အတွက် အကြံဉာဏ်မျိုးစုံထုတ်ကြသည်။ စိတ်ကူးကြသည်။ ပိုက်ဆံချမ်းသာသောဂျင်မီဆိုသည့်ကျောင်းမှ ကောင်လေးအကြောင်းကိုပြောမိကြသေးသည်။ ထိုသို့ပြောဆိုမိသောအခါ ရင်ထဲမှာမခံချင်စိတ်များ ဖြစ်လာပြီး ငွေရှာနိုင်မည့်နည်းလမ်းများဆက်လက်ကြံဆဖြစ်အောင်



လှုံ့ဆော်ပေးနေသလိုဖြစ်လာသည်။ ထိုအချိန်၌ ရုတ်တရက်ဆိုသလို ကျွန်တော်စိတ်ကူးတစ်ခုရလိုက်သည်။ ကျွန်တော်တို့နှစ်ဦး လုပ်ငန်းတစ်ခုကို အစပျိုးလိုက်ကြပါသည်။

နောက်ပိုင်းရက်များတွင် ကျွန်တော်တို့သည် အနီးအနားပတ်ဝန်းကျင်ရှိအိမ်များမှ သွားတိုက်ဆေးတောင့်အဟောင်းများကို လိုက်လံစုဆောင်းကြသည်။ ၄င်းတို့အားလွှင့်မပစ်ဘဲ ကျွန်တော်တို့ကို ပေးဖို့မှာထားရသည်။ တစ်ချို့လူကြီးများက အံ့သြစူးစမ်းသောအကြည့်ဖြင့်ကြည့်ကြသည်။တစ်ချို့ကတော့ ဘာလုပ်မလို့လဲဟု မေးသည်။ 'ဒါက လျှို့ဝှက်ချက်ဖြစ်နေလို့ ပြောလို့မဖြစ်ဘူး' ဟု ကျွန်တော်ပြောထားလိုက်သည်။

ကျွန်တော်တို့စုဆောင်းထားသောကုန်ကြမ်းပစ္စည်းများကိုအဝတ်လျှော်စက်နံဘေးတွင်စုပုံထားသောကြောင့် ကျွန်တော့်အမေလည်း စိတ်ညစ်လို့နေသည်။ ရက်သတ္တပတ်ကြာလာသောအခါ အမေစိတ်မရှည်နိုင်တော့ပါ။ 'မင်းတို့ ဒီအမှိုက်တွေကို မရှင်းပစ်သေးဘူးလား၊ စီးပွားရေးလုပ်ငန်းတွေ လျှို့ဝှက်ချက်တွေလာပြော မနေနဲ့တော့ ငါအကုန်လုံးယူပြီးလွှင့်ပစ်လိုက်တော့မယ်' ဟု အမေက ဆူလာသည်။

ကျွန်တော်တို့နှစ်ဦးသည် အမေ့ကိုတောင်းပန်ပြီး စီစဉ်ထားသည့်ကုန်ထုတ်လုပ်မှုကို စတင်ရန်စီမံရတော့သည်။ တစ်နေ့တွင် ကျွန်တော်တို့အစွမ်းကုန်ကြိုးစား၍ ကုန်ထုတ်လုပ်နေသည်ကို ကျွန်တော်၏အဖေတွေ့ရှိသွားလေသည်။ အိမ်အဝင်ကားလမ်းတွင် ကျွန်တော်တို့ကုန်ထုတ်လုပ်သည့်ပစ္စည်းကရိယာများပိတ်ဆို့နေသည့်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ကားဝင်၍ပင်မရ၊ စားပွဲရှည်ကြီးပေါ်တွင် နို့ပုလင်းထည့်သည့်ကတ်ထူဘူးသေးသေးကိုတင်ထားပြီး မီးသွေးမီးဖိုက အပူရှိန်ပြင်းစွာဖြင့်သူ့အပေါ်တွင် သံမဏိအိုးတစ်လုံးတင်ထားသည်။ အိုးထဲရှိ သွားတိုက်ဆေးဘူးခွံတွေကအရည်ပျော်နေလေပြီ။ ကျွန်တော်က နို့ပုလင်းဘူးပေါ်ရှိအပေါက်လေးထဲသို့ ခဲရည်များကို လောင်းထည့်သည်။ နို့ပုလင်းကတ်ထူဘူးထဲတွင် ပလာစတာပုံသွန်းခွက်တွေရှိသည်။

ဖေဖေနှင့်သူ၏မိတ်ဆွေသည် ပလာစတာပုံသွန်းခွက်တွေထဲသို့ ခဲရည်ပူများလောင်းထည့်နေသည်တို့ကိုစောင့်ကြည့်နေကြသည်။

'မင်းတို့ဘာတွေလုပ်နေကြတာလဲ'ဟု ဖေဖေက ပြုံးပြုံးကြီးနှင့်မေးလာသည်။ 'ကျွန်တော်တို့နှစ်ယောက်ချမ်းသာဖို့အတွက် စပ်တူလုပ်ကြတာလေ' ဟု ကျွန်တော်ပြောလိုက်သည်။ 'ဒီပုံစံခွက်ထဲမှာဘာတွေရှိတာလဲ' ဟု အဖေကမေး၏။ တူသေးသေးလေးဖြင့် ပုံစံခွက်ကို ရိုက်၍နှစ်ခြမ်းကွဲသွားပြီး အပေါ်ခြမ်းကို ညင်သာစွာဆွဲခွာလိုက်သောအခါ ခဲပြားစေ့လေးထွက်လာလေသည်။
'ဟာ----- မင်းတို့က အကြွေစေ့တွေလုပ်နေကြတာဘဲ' ထိုအခါ မိုက်က 'ဦးတို့ပြောတဲ့အတိုင်း ကျွန်တော်တို့ ငွေလုပ်နေတာဦးရဲ့' ဟု ပြောလိုက်သည်။

အဖေနှင့်သူ့မိတ်ဆွေက အားပါးတရပင် ဟက်ဟက်ပက်ပက်ရယ်ကြလေတော့သည်။ ထို့နောက် ကျွန်တော်လုပ်ကိုင်နေသည့်ပစ္စည်းများကို ချခိုင်းထားပြီး သူနှင့်အတူ အိမ်ရှေ့လှေခါး



ထစ်ပေါ်တွင်ထိုင်ကာ 'အတုပြုလုပ်'သည့် အဓိပ္ပာယ်ကို သေချာစွာ ရှင်းပြလေသည်။ 'ဒါဆိုရင်ကျွန်တော်တို့လုပ်တာ တရားမဝင်ဘူးလို့ ပြောတာလား 'ဟု မိုက်ကစိတ်ပျက်အားလျော့စွာမေးလိုက်သည်။ 'ဟုတ်တယ်ကွဲ ဒီလိုလုပ်တာကတရားမဝင်ဘူး ဒါပေမယ့် မင်းတို့မှာ ကိုယ်ပိုင်အတွေးတွေရှိပြီး ဖန်တီးတီထွင်ချင်တဲ့စိတ်ဓာတ်ကိုတော့ ငါအားပေးတယ်၊ ဂုဏ်လည်းယူပါတယ်ကွာ'။

ကျွန်တော်နှင့်မိုက်သည် စိတ်ပျက်အားလျော့စွာ မိနစ်နှစ်ဆယ်ခန့်တိတ်ဆိတ်စွာထိုင်နေမိကြသည်။ ကျွန်တော်တို့အားခဲထားသော စီးပွားရေးလုပ်ငန်းကြီး ပျောက်ကွယ်သွားပြီဖြစ်သည်။ 'ဂျင်မီနဲ့သူ့ဘော်ဒါတွေပြောတာမှန်နေပြီလားမသိဘူးကွ၊ ငါတို့က ငမွဲတွေတဲ့'။

'ဒီမှာငါ့သားတို့ မင်းတို့ကိုယ်တိုင် အရှုံးပေးလိုက်မှမွဲမှာပါ။ တစ်ခုခုကို မင်းတို့လုပ်လိုက်နိုင်တာကသာအရေးအကြီးဆုံးပဲ။ များသောအားဖြင့်လူတွေက ချမ်းသာချင်တယ်ဆိုတာကို ပါးစပ်ကပဲပြောနေကြတာ၊ မင်းတို့က တကယ်လက်တွေ့ကိုလုပ်ပြနိုင်ကြတာ၊ ဒီအတွက်ဖေဖေအရမ်းဂုဏ်ယူတယ်၊ ဖေဖေထပ်ပြောချင်တာကအရှုံးမပေးဘဲနဲ့ ဆက်ပြီးကြိုးစားကြစမ်းပါ။'

ဖေဖေ့စကားများက ကျွန်တော်တို့နှစ်ဦးကို အားတက်စေပါသည်။ သို့သော် ကျွန်တော်တို့ ရှေ့ဘာဆက်လုပ်ရမည်မသိသေး။ 'ဖေဖေကတော့ဘာဖြစ်လို့ မချမ်းသာတာလဲ' 'ဖေဖေက ကျောင်းဆရာအလုပ်ကိုရွေးခဲ့လို့ပေါ့၊ ကျောင်းဆရာတွေက သူဌေး ဖြစ်ဖို့ ဆက်စာသင်ဖို့ကိုဘဲ စိတ်အားထက်သန်တာ၊ မင်းတို့ နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ လေ့လာ သင်ယူချင်ရင် မိုက်ရဲ့အဖေကို မေးကြည့်ရမှာကွ'။ 'ကျွန်တော်ရဲ့ အဖေ ဟုတ်လား' ဟု မိုက်ကသေချာအောင်မေးလိုက်သည်။ ဖေဖေကပြုံးလိုက်ပြီး 'ဟုတ်တယ်. . မင်းအဖေလေကွာ 'မင်းအဖေနဲ့ငါက ဘဏ်မန်နေဂျာတစ်ယောက်တည်းမှာ ထဲမှာ ဆက်သွယ်နေ ကြတော့ အဲဒီဘဏ်မန်နေဂျာက မင်းအဖေကို အတော်ချီးကျူး နေတာ၊ ငွေကြေးနဲ့ ပတ်သက်လာရင် မင်းအဖေအရမ်းတော်တဲ့ အကြောင်းတွေလည်း ငါ့ကို ပြောပြဖူးတယ်'။

ထိုအခါ မိုက်က 'ကျွန်တော်အဖေမှဟုတ်ရဲ့လား'၊ ဒါဆိုရင် ကျောင်းက သူဌေးသားတွေလို ကားအကောင်းစား၊ အိမ်အကောင်းစားတွေ ကျွန်တော်မှာဘာလို့မရှိတာလဲ'။

'မင်းဆီမှာ ကားအကောင်းစား၊ အိမ်အကောင်းစားရှိရုံနဲ့ ချမ်းသာနေပြီလို့ ပြောလို့မရဘူးလေကွာ။ ဂျင်မီအဖေက ကြံစိုက်ခင်းမှာ အလုပ်လုပ်တယ်။ ကုမ္ပဏီအတွက် အလုပ်လုပ်ပေးလို့ ကုမ္ပဏီက သူ့ကို ကားဝယ်ပေးထားတယ်။ ခုသကြားကုမ္ပဏီမှာ ငွေကြေးပြဿနာတွေပေါ်နေပြီ။ မကြာခင် ဂျင်မီအဖေဆီမှာ ဘာမှ ရှိမှာ မဟုတ်တော့ဘူး။ မင်းအဖေကတော့ သူနဲ့မတူဘူး။ မင်းအဖေက ဘာတစ်ခုကို စိတ်တိုင်းကျ ထူထောင်နေပုံရတယ်ကွ။ သိပ်မကြာခင်မှာ မင်းအဖေက တကယ့်ကို ချမ်းသာကြွယ်ဝသူတစ်ယောက်ဖြစ်လာတော့မယ်။

ကျွန်တော်နှင့်မိုက်သည် ထိုစကားများကို ကြားရသောအခါ အလွန်ပင်စိတ်ဓာတ်တက်ကြွလာကြပြန်ပြီး မအောင်မြင်



လိုက်သော ကျွန်တော်တို့၏ ပထမလုပ်ငန်းကြီးမှ အမှိုက်သရိုက်များကို ခွန်အားသစ်များဖြင့် လှည်းကျင်းရှင်းလင်းနေရင်းမှ မိုက်၏အဖေအား မည်သည့်စကားများ မည်သည့်အခါတွင် ပြောဆိုကြမည်ကို တိုင်ပင်ကြသည်။

မိုက်၏အဖေသည် အလွန်အလုပ်လုပ်သူဖြစ်ပြီး ညဘက်အိမ်ပြန်လာချိန် အတော်ကို နောက်ကျလေ့ရှိသည်။ သူ့ထံတွင် ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုရှိသည်။ ကုန်လှောင်ရုံတွေလည်း ရှိသည်။ ထို့နောက် စားသောက်ဆိုင်တွေရှိသည်။ စားသောက်ဆိုင်များကြောင့် အိမ်အပြန် နောက်ကျခြင်းဖြစ်သည်။ မိုက်က အိမ်ပြန်သွားပြီး အိမ်ရောက်လျှင် သူ့အဖေကို ကြီးပွားချမ်းသာအောင် လုပ်တဲ့နည်း ကျွန်တော်တို့ကို သင်ပေးဖို့ ပြောမည်။ ထိုနေ့ညတွင် မိုက်က ကျွန်တော့်အား လှမ်းပြောသည်။ မိုက်၏အဖေက ကျွန်တော့်ကိုတွေ့ဖို့ သဘောတူလိုက်ပြီဟု ပြောသည်။

စနေနေ့မနက်(၈)နာရီတွင် ကျွန်တော်တို့နှစ်ယောက် မိုက်၏အဖေနှင့်တွေ့ကြသည်။ မိုက်၏ အဖေက ကျွန်တော်တို့အား လုပ်အားခ တစ်နာရီလျှင် ၁၀ဆင့် ပေးမည်ဟုဆိုသည်။ ၎င်းသည် ၁၉၅၆-ခုနှစ်က အခြေအနေနှင့်တွက်ဆလျှင် အလွန်နည်းပါးနေပါသည်။

ကျွန်တော်တို့တွေ့ကြသည့်အချိန်၌ မိုက်၏အဖေက အလုပ်ခွင်တွင် အလုပ်များလျှက်ရှိနေပါပြီ။ "ဖေဖေဖုန်းပြောနေတယ်။ သူကတို့တွေကို နောက်ဝရံတာမှာ စောင့်ခိုင်းထားတယ်" ဟု မိုက်က ကျွန်တော့်အား တံခါးဝမှာ ဆီးကြိုရင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ နှစ်ဦး စားဖိုဆောင်သို့ သွားကြသည်။ စားဖိုဆောင်ကိုကျော်သွားသောအခါ ခြံနောက်ပိုင်းကို အပေါ်စီးမှ မြင်ရနိုင်သည့် ဝရံတာသို့ရောက်သည်။ ထိုစဉ် မိုက်၏အဖေရောက်လာပြီး 'သားတို့ အဆင်သင့်ဖြစ်ကြပြီလား'။ ကျွန်တော်တို့နှစ်ဦးသား ခေါင်းညိတ်ပြလိုက်ကြသည်။ မိုက်၏ အဖေသည် ခြောက်ပေခန့်မြင့်ပြီး ထွားကြိုင်းသူတစ်ဦးဖြစ်သည်။ အသက်အရွယ်အားဖြင့် ကျွန်တော့်အဖေက သူ့ထက် ငါးနှစ်ခန့် ပိုကြီးလိမ့်မည်။ မိုက်၏အဖေနှင့် ကျွန်တော်၏အဖေသည် ဇာတိမျိုးနွယ်ချင်းမတူသော်လည်း စွမ်းအားများကတော့ တူချင်တူနေမည်ထင်သည်။ 'မိုက်ကပြောတယ်၊ မင်းတို့ငွေရှာနည်းသင်ချင်တယ်ဆို' ထိုအခါ ကျွန်တော်အလျင်အမြန်ပင် ခေါင်းညိတ်လိုက်သည်။ သူကပြုံး၍နေသော်လည်း ဩဇာအရှိန်အဝါ များစွာ ရှိနေသည်။

'ကောင်းပြီ။ ငါမင်းတို့ကို သင်ပေးမယ်။ ဒါပေမယ့် စာသင်ခန်းမှာ သင်တဲ့ ပုံစံမျိုးတော့မဟုတ်ဘူး။ မင်းတို့ငါ့ဆီမှာ အလုပ်ဝင်လုပ်ရင် သင်ပေးမယ်။ ဝင်မလုပ်ရင် သင်မပေးဘူး။ ဘာလို့လဲဆိုတော့ အလုပ်ဝင်လုပ်ရင် ပိုပြီး မြန်မြန်တတ်အောင် သင်ပေးလို့ရတယ်။ မင်းတို့ကျောင်းမှာ စာသင်သလို ငြိမ်ငြိမ်လေးထိုင်နားထောင်ချင်ရင်တော့ ငါ့ရဲ့အချိန်တွေပြုန်းတီးသွားမှာပဲ ငါ့ရဲ့ကမ်းလှမ်းချက်ကိုလက်ခံနိုင်မလား၊ ငါ့မှာလုပ်စရာအလုပ်တွေအများကြီးရှိတယ်၊ မင်းတို့မြန်မြန်ဆန်ဆန်စိတ်ပိုင်းဖြတ်ပြီး ဆုံးဖြတ်ချက်ချရမယ်၊ ဘယ်လိုအခါမျိုးမှာ ဆုံးဖြတ်ချက်မြန်မြန်ချရမယ်ဆိုတာသိနေတာဟာ ကျွမ်းကျင်မှုတစ်ခုပဲ၊ အခုဆိုရင် မင်းတို့အတွက်



အခွင့်အလမ်းကာစနေပြီ' မိုက်၏အဖေကပြုံးရွှင်စွာပြောပြနေသည်။ ကျွန်တော်တို့ နှစ်ဦးစလုံးက လက်ခံပါတယ်' ဟုပြောလိုက်သည်။ 'ကောင်းတာပေါ့ကွ' ဟု မိုက်၏အဖေကပြောပြီး 'နောက်ဆယ်မိနစ်နေရင် မစ္စစ်မာတင်ရောက်လာတဲ့အခါ သူနဲ့လိုက်သွားပြီး ငါ့စတိုးဆိုင်မှာ အလုပ်စလုပ်တော့၊ မင်းတို့စနေနေ့တိုင်း သုံးနာရီ အလုပ်လုပ်ပေးရမယ် ဒီအတွက် တစ်နာရီကို ၁၀ ဆင့်ပေးမယ်'။

ကျွန်တော်သည်ဘေ့စ်ဘောကစားပွဲတွင် ဘေ့စ်ဘောကစားမည့်အစား အလုပ်လုပ်ပြီးပညာယူဖို့ ရွေးချယ်ဆုံးဖြတ်လိုက်တော့သည်။

စနေနေ့ရောက်သောအခါ ကျွန်တော်နှင့်မိုက်သည် မစ္စစ်မာတင်ထံတွင် အလုပ်ဝင်ကြလေသည်။ မစ္စစ်မာတင်ဟူသောအဖွားသည် စိတ်ရှည်ပြီးကြင်နာတတ်သူဖြစ်သည်။ သို့သော်လည်း သူကိုယ်တိုင်က အလုပ်ကြိုးစားသည်ကို ကြိုက်နှစ်သက်ပြီး ကျွန်တော်တို့ကိုလည်းမပြတ်အောင်ခိုင်းထားသည်။ ကျွန်တော်တို့၏ အလုပ်ချိန်သုံးနာရီတွင် စင်ပေါ်ကစည်သွပ်ဗူးများကို ချပြီး တစ်ဗူးချင်းကို ဖုန်သုတ်ရသည်၊ ပြီးမှဗူးများကိုစင်ပေါ်ပြန်တင်ရသည်။ အလွန်ပျင်းစရာကောင်းသော အလုပ်ပင် ဖြစ်သည်။

ချမ်းသာသောအဖေဟုခေါ်တွင်သည့်မိုက်၏အဖေတွင် အဆိုပါ စတိုးဆိုင်မျိုး(၉)ဆိုင်ရှိသည်။ ထိုဆိုင်များ၏ရှေ့တွင် ကျယ်ဝန်းသောကားပါကင်များရှိပြီး၊ နွားနို့၊ ပေါင်မုန့်ထောပတ်၊ ကာရက်စသည့် ပစ္စည်းမျိုးတို့ကို အလွယ်တကူဝယ်ယူလို့ရသည့် ဆိုင်မျိုးတွေဖြစ်သည်။ ထိုအချိန်အခါက ဟာဝိုင်ရီတွင် အဲယားကွန်း

www.burmeseclassic.com

www.burmeseclassic.com



များသုံးစွဲနိုင်ခြင်းမရှိသေး၊ ကားတစ်စီးမောင်းသွားတိုင်း ဆိုင်ထဲသို့ ဖုန်မှုန့်တွေဝင်ဝင်လာရာ အဲယားကွန်းမတတ်နိုင်သေးသည့်ကာလ တစ်လျှောက်လုံး ကျွန်တော်တို့ အလုပ်လုပ်နေရပေသည်။

ယခုဆိုလျှင် မစ္စစ်မာတင်ထံတွင် ကျွန်တော်တို့အလုပ် ဆင်းကြသည်မှာ စနေသုံးပတ်ရှိသွားပေပြီ။ တစ်နေ့သုံးနာရီအလုပ် လုပ်ပြီး မွန်းတည့်ချိန် ကျွန်တော်တို့အလုပ်ပြီးသွားသည့်အခါ မစ္စစ်မာတင်က ကျွန်တော်တို့ကို အကြွေစေ့သုံးစေ့စီပေးသည်။ ၁၉၅၀ ခုနှစ်ကာလလောက်က အဆိုပါ ဆင့် ၃၀ သည် မက်မော ပျော်ရွှင်ဖွယ်မရှိပါ။ ထိုစဉ်ကရုပ်ပြစာအုပ်တစ်အုပ်လျှင် ၁၀ ဆင့် ပေးရသောကြောင့် ကျွန်တော်အိမ်ပြန်သည့်အခါ လုပ်ခရသည့် ပိုက်ဆံဖြင့် ရုပ်ပြစာအုပ်များဝယ်သွားလိုက်သည်။

စတုတ္ထပတ်သို့ရောက်သောအခါ ကျွန်တော်အလုပ်ထွက် တော့မည်ဟုယူဆလိုက်သည်။ မိုက်၏အဖေထံမှ ငွေရှာနည်းကို သင်ယူလိုသောကြောင့် ထိုအလုပ်လုပ်ဖို့ ကျွန်တော် သဘောတူခဲ့ခြင်းဖြစ်သည်။ ယခုမူ အလုပ်စဆင်းသည့်အချိန်မှစ၍ ယခုအချိန်ထိ မိုက်၏အဖေကိုလုံးဝမတွေ့ရတော့ဘဲ လုပ်ခငွေ တစ်နာရီ ၁၀ ဆင့်ဖြင့်ကျွန်ခံရသလိုဖြစ်နေသည်။ 'ငါအလုပ်ထွက် တော့မယ်' ဟူ၍ မိုက်ကိုပြောပြလိုက်သောအခါ သူကပြုံးနေ လေသည်။ 'ငါ့အဖေကလည်း အဲဒီလိုဖြစ်လာလိမ့်မယ်လို့ပြောတယ်၊ နောက်ပြီး မင်းအလုပ်ထွက်မယ်လို့ပြောလာရင် သူ့ကိုလာတွေ့ဖို့လဲ ပြောထားတယ်'။ ထိုအခါ ကျွန်တော်မှာ မခံချင်စွာဖြင့် 'ငါ့စိတ်ကုန် မှာကိုသူကစောင့်နေတာလား'။ 'အဲဒီလိုတော့ မဟုတ်ပါဘူး၊ အဖေ



ကတော့ မင်းအဖေလို သိမ်အများကြီးမပြောဘူး၊ စနေနေ့ကျရင် အဖေရှင်းပြပါလိမ့်မယ်၊ မင်းအဲဒီနေ့အထိစောင့်လိုက်ပါကွာ'။

ကျွန်တော်သည် စနေနေ့တွင် သူနှင့်ရင်ဆိုင်ဖို့အတွက် အဆင်သင့်ပြင်ဆင်ထားသည်။ ကျွန်တော်၏ အဖေရင်းကပင် သူ့ကို စိတ်ဆိုးနေသည်။ အလုပ်သမားဥပဒေကိုချိုးဖောက်ပြီး ကလေး သူငယ်၏လုပ်အားကို ခေါင်းပုံဖြတ်စားနေသည်ဟု ယူဆနေသည်။ အနည်းဆုံး တစ်နာရီလျှင် ၂၅ ဆင့်ဖြင့်ရသင့်ရထိုက်သည်ကို တောင်းဆိုရမည်ဟု ကျွန်တော်အဖေကပြောပြီး ထိုလခမရလျှင် အလုပ်မှချက်ချင်းထွက်ခဲ့ဖို့လည်း မှာကြားလိုက်သေးသည်။

စနေနေ့နံနက် ၈း၀၀နာရီတွင် ကျွန်တော် မိုက်တို့အိမ်သို့ သွားသည်။ အိမ်ထဲဝင်သွားသောအခါ မိုက်၏အဖေက အလှည့် ရောက်တဲ့အထိ ထိုင်စောင့်နေဖို့ပြောပြီး သူ့အလုပ်ခန်းထဲသို့ ဝင် သွားလေသည်။ ကျွန်တော်သည် မိုက်ကိုလည်း မတွေ့ရသောကြောင့် စိတ်ထဲ မတင်မကျ ဖြစ်နေသည်။ ကျွန်တော်စောင့်နေသည်မှာ လေးဆယ့်ငါးမိနစ်ရှိသွားပြီဖြစ်၏။ ကျွန်တော်ရောက်ပြီးမှ မိန်းမ ကြီးနှစ်ယောက်နှင့် အသက်ကြီးကြီး လူကြီးတစ်ဦးတို့လည်း မိုက် ဖေဖေနှင့်ဝင်တွေ့ပြီး ပြန်သွားကြပြီဖြစ်သည်။ မှိုစော်နံနေသော ဧည့်ခန်းထဲတွင် ထိုင်စောင့်နေသူ ကျွန်တော်တစ်ဦးသာ ရှိသည်။ တခြားမည်သူတစ်ဦးတစ်ယောက်မျှမရှိ။ သူ၏ရုံးခန်းထဲတွင် လမ်းလျှောက်သံနှင့် ဖုန်းစကားပြောသံတွေကြားရသည်။

နောက်ထပ်ဆယ့်ငါးမိနစ်အကြာတွင် ရုံးခန်းထဲမှ မိုက် ဖေဖေထွက်လာသည်။ သူ၏ရုံးခန်းထဲသို့ ကျွန်တော့်အားဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



စေပြီး 'မင်းကလုပ်ခတိုးမရရင် အလုပ်ထွက်မလို့ဆို' ဟု မေးလိုက်သည်။ ကျွန်တော်မျက်ရည်များပင်လည်လာပြီး 'ဦးဘက်ကမှ စကားမတည့်တာကိုး' တကယ်တမ်းအားဖြင့် ကိုးနှစ်သားအရွယ်လူငယ်လေးတစ်ယောက်က ဂုဏ်သရေရှိလူကြီးမင်းတစ်ဦးနှင့်ရင်ဆိုင်ရသည်မှာ စိတ်လှုပ်ရှားပြီး တုန်လှုပ်စရာကောင်းပါသည်။ 'ဦးဆီမှာ အလုပ်လုပ်မှ သင်ပေးမယ်လို့ပြောခဲ့တာမဟုတ်လား' ကျွန်တော်အလုပ်လုပ်ပေးတာပဲ ဒါပေမဲ့ ဦးကဘာတစ်ခုမှ ကျွန်တော့်ကို သင်မပေးဘူး၊ တခြားလူတွေပြောကြသလို ဦးက လောဘကြီးတဲ့ အလုပ်သမားတွေကို မကြည့်တဲ့လူပဲ။

ချမ်းသာသောအဖေသည် သူ၏ကုလားထိုင်ပေါ်တွင် ထိုင်နေရင်းမှ ကျွန်တော့်ကိုစူးစူးစိုက်စိုက်နှင့်လေ့လာအကဲခတ်နေသည်။ 'မင်းလည်းတစ်လမပြည့်ခင်လေးမှာပဲ တစ်ခြားအလုပ်သမားတွေပြောကြသလိုမျိုး ပြောတတ်လာတာပါပဲ"။

သူ့စကား၏အဓိပ္ပာယ်ကို ကျွန်တော်သဘောမပေါက်ပါ။ "ကျွန်တော်ကတော့ ဦးဘက်ကစကားတည်ပြီး သင်ပေးလာလိမ့်မယ်လို့ထင်ထားတာ၊ ဦးက ကျွန်တော့်ကို သင်မပေးပဲနဲ့ ခိုင်းစားထားတာပဲ"

'ငါမင်းကိုသင်ပေးနေသားပဲ၊ မင်းကိုသင်မပေးဘူးလို့ မင်းဘာလို့ပြောနိုင်တာလဲ' ဟု အေးအေးဆေးဆေးပင် ပြန်မေးသည်။ 'ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်အလုပ်ဆင်း ကတည်းကခုချိန်ထိ ဦးကျွန်တော်ကိုတစ်ခါမှ စကားမပြောဖူး ဘူး'။

'ဒါဆိုရင်စကားပြောမှ ဟောပြောမှ သင်တယ်လို့ ယူဆ



တာလား' 'ဟုတ်တယ်လေ'။ 'အဲဒါက စာသင်ကျောင်းမှာ စာသင်တဲ့နည်းလေ၊ ဒါပေမယ့် ဘဝဆိုတဲ့ ဆရာကြီးက မင်းတို့ကို အဲဒီလို မသင်ဘူး 'ဟိုဟာလုပ်စမ်း' 'ဒီဟာလုပ်ဂမ်း'ဆိုပြီး မင်းတို့ကို တစ်ချိန်လုံးမောင်းနေတာ၊ မိုက်ဖေဖေဘာတွေပြောနေပါလိမ့်ဟု ကျွန်တော်စဉ်းစားနေမိသည်။ 'ဘဝပေးသင်ခန်းစာတွေကို လေ့လာသင်ယူမှ မင်းကြီးပွားချမ်းသာမယ် ဒီလိုမှမဟုတ် ဘဝကြီးက မင်းကို တစ်သက်လုံးမောင်းနေတော့မှာ၊ အမှန်ကတော့ ငါတို့တွေအားလုံးကို ဘဝကမောင်းနှင်နေတာပဲ ဒါပေမဲ့တစ်ချို့က စိတ်ပျက်အားလျော့လိုက်ကြတယ်၊ တစ်ချို့က ပြန်ဖြိုးရန်လုပ်ကြတော့ လက်တစ်ဆုပ်စာလူနည်းစုလောက်ကပဲ ဘဝရဲ့မောင်းနှင်ချက်ကို ကြိုဆိုကြတယ်။ သူတို့က ပညာယူတယ်၊ ဆည်းပူးတယ် ပြီးတော့ ရှေ့တိုးပြီးဆက်လက်လျှောက်လှမ်းကြတယ်။ အများစုကြီးကတော့ အရှုံးပေးကြပြီး မင်းလိုမျိုး လူနည်းစုလောက်ကသာ ရန်လုပ်ကြတယ်။

ထိုသို့ဖြေဆိုနေရင်း ချမ်းသာသောအဖေသည်သစ်သားပြတင်းတံခါးကို ထပိတ်လိုက်ပြီး ဆက်၍ပြောပြန်သည်။

'ဒီသင်ခန်းစာတွေကို လေ့လာသင်ယူနိုင်ရင် မင်းဟာ အမြော်အမြင်ကြီးပြီး ချမ်းသာပျော်ရွှင်တဲ့ လူတစ်ယောက်ဖြစ်လာမယ်။ မသင်ဘူးဆိုရင်တော့ မင်းအလိုဆန္ဒမပြည့်ဝတာတွေ အတွက် တစ်သက်လုံးအလုပ်ရှင်ကိုပဲ အပြစ်ဖို့သွားရင်းနဲ့ မင်းဘဝတစ်လျှောက်လုံးကြုံတွေ့ရမယ့် ငွေကြေးအကျပ်အတည်းတွေကို ဖြေရှင်းနိုင်ဖို့ ဆုတောင်းသွားရတော့မှာပဲ'။

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာသောအဖေသည် အဆိုပါစကားများပြောဆိုရာမှ ကျွန်တော်ကို ငုံ့ကြည့်သည်။ သူ၏စကားများမှန်ကန်နေကြောင်း ကျွန်တော့်စိတ်ထဲမှာသိနေသည်။

'မင်းကတော့ မင်းကိုမောင်းနေတာလို့ထင်လိမ့်မယ်။ တကယ်တော့ မင်းကိုငါက ဘဝဆိုတာ ဘယ်လိုလဲ ဘဝရဲ့အရသာကိုမြည်းကြည့်ခိုင်းလိုက်တာပဲ' ဟု ပြုံးပြီးပြောပြနေသည်။

'ငါ့ဆီမှာ အလုပ်သမားတွေ ၁၅၀ ကျော်ရှိပေမယ့် ငွေရှာတဲ့နည်းသင်ပေးပါလို့ပြောတာ မင်းတို့နှစ်ယောက်ပဲရှိသေးတယ်၊ ငွေနဲ့ပတ်သက်တဲ့ဗဟုသုတမျိုးငါ့ကို မေးတဲ့သူတစ်ယောက်မှ မရှိသေးဘူး၊ သူတို့ကငါ့ဆီမှာ အလုပ်တောင်းပြီးလခရဖို့လောက်ပဲပြောကြတာ၊ ဒီတော့သူတို့တွေက ငွေရဖို့အတွက်အလုပ်လုပ်ရင်းနဲ့ပဲ သူတို့ရဲ့တက်ကြွဖျက်လတ်တဲ့ အရွက်ကောင်းတွေ ကုန်လွန်သွားကြတော့တာပဲ'။

သူပြောသမျှကို ကျွန်တော်စူးစူးစိုက်စိုက်မင်နားထောင်နေမိသည်။

'ဒီလိုနဲ့ပဲ မင်းကငွေရှာတဲ့နည်းသင်ချင်တယ် ပြောလာလို့ ဘဝနဲ့အနီးစပ်ဆုံးဖြစ်တဲ့ပုံစံမျိုးနဲ့သင်ပေးဖို့ ငါဆုံးဖြတ်လိုက်တာ ပါးစပ်နဲ့ဟောပြောနေလို့ မင်းလေးလေးနက်နက် သဘောပေါက်မှာမဟုတ်ဘူး၊ ဒါကြောင့် တစ်နာရီကို ၁၀ ဆင့်ပေးပြီးမင်းဘဝကိုမောင်းခိုင်းရမယ်လို့ ဆုံးဖြတ်ရတာပေါ့'။

'ဒါဆိုရင် ဘာစ်နာရီကို ၁၀ဆင့်နဲ့အလုပ်လုပ်တဲ့အတွက် ကျွန်တော်ဘယ်လိုသင်ခန်းစာတွေရလိုက်သလဲ' 'ကျွန်တော်ကတော့



လခကိုမရရင်အလုပ်ထွက်တော့မှာပဲ'။

'အေး လူတွေအများစုပြောကြတာလဲ ဒီအတိုင်းပဲ။ သူတို့တောင်းတဲ့လခမရရင်အလုပ်ထွက်မယ်၊ နောက်အလုပ်တစ်ခုရှာမယ်၊ လစာပိုရမှ ပြေလည်သွားမယ်လို့ ထင်ကြတယ်၊ အမှန်ကတော့ အဲဒီ နည်းလမ်းနဲ့ပြေလည်အောင် မဖြေရှင်းနိုင်ဘူး'။

'ဒါဆိုရင် ရတဲ့လခလေးနဲ့ပဲ ငြိမ်ငြိမ်လေးနေရမှာလား ဘယ်လိုနည်းလမ်းနဲ့မှဖြေရှင်းနိုင်မှာလဲ'။ ကျွန်တော်ထိုသို့မေးသောအခါ ချမ်းသာသောအဖေက သဘောကျပြီးပြုံးလေ၏။ 'လူတွေအားလုံးဒီပုံစံအတိုင်းဖြစ်နေကြတာပဲလေ၊ လခတိုးရရင် သူတို့ပြဿနာတွေပြေလည်သွားမယ်လို့ထင်ကြတယ်၊ သူတို့အတွက်လခပိုရဖို့မျှော်လင့်ကြတယ်၊ တစ်ချို့ကတော့ တစ်ခြားအလုပ်တစ်ခု ကိုပါတွဲလုပ်ဖို့ကြိုးစားကြတယ်၊ သူတို့လုပ်နိုင်တာဒါပဲ ရှိတာပဲလေ'။

ကျွန်တော်သည် ထိုင်နေရာမှ ကြမ်းပြင်ကိုစိုက်ကြည့်နေရင်းဘဝနှင့်ပတ်သက်သည့်အကြောင်းအရာကို ရိပ်မိလာသည်။ ချမ်းသာသောအဖေသင်ပေးနေသည့် သင်ခန်းစာကို အနည်းငယ်သဘောပေါက်လာသည်။ 'ဒါဆိုရင် ဒီပြဿနာကိုဘာကဖြေရှင်းပေးနိုင်မှာလဲ' သူက ကျွန်တော့်ခေါင်းကို အသာပုတ်ရင်းဖြင့် 'ဒီဟာကဖြေရှင်းပေးမှာပေါ့'ဟု ဆိုသည်။

ထိုအချိန်တွင် သူ၏အယူအဆကို ကျွန်တော့်အားမျှဝေ၍ ပြောပြသည်။ ၎င်းအယူအဆသည် ဘဝတစ်ခုလုံးကိုပြောင်းလဲသွားမည့် ထူးခြားသောအယူအဆပင်ဖြစ်သည်။ ထိုအယူအဆကြောင့်ပင် ချို့တဲ့သောကျွန်တော့်ဖေဖေက ပညာတွေအများကြီး

www.burmeseclassic.com

www.burmeseclassic.com



အမြားတတ်သော်လည်း တစ်သက်လုံးငွေကြေးကျပ်တည်းနေချိန်တွင် ချမ်းသာသောအဖေက ဟာဝိုင်ရီတွင်အချမ်းသာဆုံးသောသူတစ်ဦးဖြစ်လာသည်။ ချမ်းသာသောအဖေ အစဉ်အမြဲပြောကြားသော ထိုအယူအဆကို ကျွန်တော်က သင်ခန်းစာ(၁)ဟု မှတ်ထားပါသည်။

- လူလတ်တန်းစား ဆင်းရဲသားများက ငွေရဖို့အလုပ်လုပ်ကြသည်။
- ချမ်းသာသူများကိုမူ ငွေကြေးက အလုပ်အကျွေးပြုသည်။

အဆိုပါစနေနေ့နံနက်တွင် ကျွန်တော်၏အဖေရင်းဖြစ်သောဆင်းရဲသည့်အဖေသင်ပေးထားသည့် အယူအဆနှင့်လုံးဝကွဲပြားခြားနားသောအယူအဆတစ်ရပ်ကို ကျွန်တော်စတင်သင်ယူလိုက်ရသည်။ အဖေနှစ်ဦးစလုံးက ကျွန်တော့်အားလေ့လာဆည်းပူးဖို့အားပေးတိုက်တွန်းကြသော်လည်း သူတို့လေ့လာစေလိုသောအကြောင်းအရာများက မတူညီကြပါ။

ကျွန်တော်၏ပညာတတ်ဖေဖေဖြစ်သော ချို့တဲ့သည့်အဖေကကျွန်တော့်အား သူကဲ့သို့လုပ်စေချင်သည်။ "အဖေကတော့ သားကို စာကြိုးစားပြီး အဆင့်ဆင့်ကောင်းကောင်းနဲ့အောင်စေချင်တယ်၊ ဒါမှ ခိုင်မာတဲ့ကုမ္ပဏီမှာအာမခံချက်ရှိတဲ့ အလုပ်တစ်ခု ခံစားခွင့်တွေအမြင့်ဆုံးရလိမ့်မယ်။

ချမ်းသာသောအဖေက ကျွန်တော့်အား ငွေကိုအလုပ်လုပ်အောင်ခိုင်းစေတတ်ဖို့အတွက် ငွေကြေးလည်ပတ်ပုံကို လေ့လာစေ



လိုသည်။ ထိုသင်ခန်းစာများမှာ စာသင်ကျောင်းက သင်ကြားပေးလိုက်သောကြောင့်မဟုတ်၊ ချမ်းသာသောအဖေ၏လမ်းညွှန်မှုများကြောင့်ဖြစ်သည်။

'လူအများစုက ငွေကြေးနဲ့ပတ်သက်ရင် သေချာမှလုပ်ချင်ကြတယ်၊ အဲဒါက ကြောက်စိတ်ကြောင့်ပဲ' 'နောက်တစ်ချက်က ပိုက်ဆံပိုရလာတဲ့အတွက်တော့ သူတို့အကျပ်အတည်းကိုဖြေရှင်းပေးနိုင်မှာမဟုတ်ဘူး၊ ဥပမာ မင်းအဖေဆိုရင် ပိုက်ဆံတွေအများကြီးရတယ် ဒါပေမယ့် အကြွေးတွေကျေအောင်မဆပ်နိုင်ဘူးလေ။ မင်းဖေဖေက အဆင့်မြင့်ပညာတွေတတ်ပြီး လခကောင်းတဲ့အလုပ်ရထားပေမယ့် ငွေကြေးပြဿနာရှိနေတာပဲ၊ ဒါဘာ့ကြောင့်လဲဆိုတော့ ငွေကြေးအကြောင်းကိုစာသင်ကျောင်းမှာ မသင်ခဲ့ရလို့ပဲ သူက ငွေရဖို့အလုပ်လုပ်နေတာလို့ ယုံကြည်နေတာဘာကြောင့်လဲ'။

လူအများစုကြီးအလုပ်တစ်ခုခုဝင်လုပ်နေကြခြင်းသည် အဓိကအားဖြင့် အလုပ်ပြုတ်မှာကြောက်သောကြောင့်၊ ကြွေးမဆပ်နိုင်မှာကြောက်သောကြောင့်၊ အပြောင်းအလဲတစ်ခုခုဖြစ်ပြီး ဘဝကိုတစ်ကနေပြန်စရမှာကြောက်သောကြောင့်ဖြစ်ပါသည်။ ကျွန်တော်သည် ကျောင်းမှာမသင်ရတဲ့ ပညာရပ်တစ်ခုကို သင်ယူရတော့မည်ဟုစိတ်က သိနေပြီး ပီတိဖြစ်နေမိသည်။

'မင်းအနေနဲ့ငွေကမင်းအတွက်အလုပ်လုပ် ပေးလာအောင်ဘယ်လိုခိုင်းမယ်ဆိုတာ မင်းဘဝတစ်သက်တာလုံး လေ့လာရမယ့်ပညာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ပိုပြီးသိလာတတ်လေ၊ ဒီထက်

www.burmeseclassic.com

www.burmeseclassic.com



ပို့ပြီးသိဖို့လိုလာလေ ဆိုတာကို မြင်လာလို့ပဲ'။

'လူတွေက ဒါကို လေ့လာမထားကြဘူး၊ အလုပ်ဝင်လုပ်ကြတယ်၊ လစာရတယ်၊ ဝင်ငွေထဲကထွက်ငွေတွေနှုတ်နှုတ်သွားပြီးတဲ့နောက်မှ ဝင်ငွေကမလောက်တော့ဘူး၊ ဒီတော့ဝင်ငွေပိုရရင်ဒီအခက်အခဲပြေလည်သွားမယ်ထင်ကြတယ်၊ ငွေကြေးနဲ့ဆိုင်တဲ့အသိပညာမရှိလို့ဆိုတာ သဘောမပေါက်ကြဘူး'။ 'ဒါဆို ကျွန်တော့်အဖေအခွန်အကောက်ပြဿနာအမြဲပေါ်နေတာက ငွေအကြောင်းနားမလည်လို့များလား' ဟု ကျွန်တော်မေးလိုက်သည်။ ထိုအခါ 'ငွေကကိုယ့်အတွက်အလုပ်လုပ်ပေးအောင်ခိုင်းတဲ့ ပညာကိုလေ့လာရာမှာ အခွန်အကောက်ဆိုတဲ့ ကဏ္ဍကကျဉ်းကျဉ်းလေးပဲရှိသေးတယ်'။ အခုမင်းအနေနဲ့ လေ့လာဆည်းပူးချင်တဲ့ ဆန္ဒရှိသေးရဲ့လား' ကျွန်တော်ခေါင်းညိတ်ပြလိုက်ပါသည်။ 'ဒါဆိုရင် မင်းအလုပ်ပြန်ဝင်ပေတော့၊ ငါမင်းကိုတစ်ပြားမှမပေးတော့ဘူး'။ ထိုအခါ ကျွန်တော်အံ့သြတကြီးဖြစ်သွားပါသည်။ မယုံနိုင်လောက်အောင်ဖြစ်သွားသည်။

"ဒါတော့ ဘယ်တရားမလဲ တစ်ခုခုတော့ ပေးရမှာပေါ့" ဟုအော်ပြောလိုက်သည်။

"မင်းကိုယ်တိုင်ပဲ ပညာလိုချင်တယ်လို့ ပြောခဲ့တယ်မဟုတ်လား၊ မင်းခုချိန်ကတည်းက မသင်ယူရင် တခြားလူလတ်တန်းစားဆင်းရဲသားတွေလိုပဲ ကြီးပြင်းလာတဲ့အခါ ငွေရဖို့ အတွက်အလုပ်လုပ်ရင်းနဲ့ အလုပ်မပြုတ်ပါစေနဲ့ ဆုတောင်း နေရမှာပဲ" "ဒါမှမဟုတ် မင်းအဖေလို လခအများကြီးရတာတောင်၊ အကြွေးတွေတင်၊ ဒီထက်မကလစာပို့ရဖို့မျှော်လင့်၊ ဒီလိုမျိုးမင်းနေချင်သလား" ၊ "ခု ငါမင်းကို အခွင့်အရေးပေးနေတာ၊ နောက်ပိုင်းမင်းလူလားမြောက်လို့ သူဌေးဖြစ်လာရင် ငါ့ကိုကျေးဇူးတင်လာလိမ့်မယ်"

"ကျွန်တော်သည် မတ်တပ်ရပ်နေရင်းဖြင့် သူ၏အပေးအယူကို မယုံကြည်နိုင်သလိုဖြစ်နေသည်။ ကျွန်တော်က လခပိုတိုးတောင်းဖို့လာခဲ့သည်။ သူက ယခုတော့ ငွေအကြောင်းကိုသင်ပေးမည်၊ ကျွန်တော်က လစာမယူဘဲ အလုပ်လုပ်ပေးဖို့ဖြစ်သည်။ ထို့နောက် ချမ်းသာသောအဖေက ကျွန်တော့်ခေါင်းကိုပုတ်ပြီး "ဒါကိုအံသုံးချရမှာကွ၊ ခုကစပြီး အလုပ်မြန်မြန်လုပ်ချေတော့"

## သင်ခန်းစာ(၁)ချမ်းသာသူတို့သည် ဝင်ငွေရဖို့ အလုပ်လုပ်ခြင်းမဟုတ်

ကျွန်တော် အိမ်ပြန်ရောက်သည့်အခါ လခမရသည့်အကြောင်းကို ကျွန်တော်၏ ဆင်းရဲသောအဖေအား ပြောမပြတော့ပါ။ သူလည်း သဘောပေါက်နိုင်မည်မဟုတ်ပါ။ ကျွန်တော်ပင်လျှင်ကျွမ်းကျင်စွာနားမလည်နိုင်သေးသောကိစ္စရပ်ကို မရှင်းပြချင်သေးပါ။

ကျွန်တော်နှင့်မိုက်သည် စနေနေ့တိုင်းပင် နောက်ထပ်သုံးပတ်ဆက်၍ အလုပ်လုပ်ကြသည်။ လခမရဘဲ တစ်နေ့လျှင် သုံးနာရီလုပ်ကြသည်။ အမြဲတစေလုပ်နေကျလိုဖြစ်ပြီး အလုပ်လုပ်ရတာ



www.burmeseclassic.com

www.burmeseclassic.com



လွယ်လာသည်။ ဘော့စ်ဘောပွဲမကစားရခြင်းနှင့် ရုပ်ပြစာအုပ်အနည်းငယ်မျှပင် မဝယ်နိုင်တော့သည့်အတွက် စိတ်မချမ်းမသာဖြစ်မိသည်။

ရက်သတ္တပတ်သုံးပတ်မြောက်သောအခါတွင် ကျွန်တော်တို့အလုပ်လုပ်သောဆိုင်သို့ မိုက်ဖေဖေရောက်ရှိလာသည်။ သူ၏ထရပ်ကားဝင်လာသံနှင့် စက်ရပ်သံတို့ကို ဆိုင်ထဲမှကြားကြရသည်။ ဆိုင်ထဲသို့ရောက်လာသောအခါ မစ္စစ်မာတင်ကို ပွေ့ဖက်နှုတ်ဆက်ပြီး အလုပ်အခြေအနေများကို မေးမြန်းသည်။ ထို့နောက်ရေခဲသေတ္တာကြီးထဲမှ ရေခဲမုန့် နှစ်ခုယူကာ ကျသင့်ငွေကိုပေးပြီး ကျွန်တော်တို့နှစ်ယောက်အား လမ်းလျှောက်ထွက်ဖို့ခေါ်လေသည်။

ကျွန်တော်တို့သည် လမ်းကိုဖြတ်ပြီး မြက်ခင်းပြင်ကျယ်ကြီးကို ဖြတ်လျှောက်လာသည်။ မြက်ခင်းပြင်ပေါ်တွင် လူတစ်ချို့က ဘော့စ်ဘောကစားနေကြသည်။ထို့နောက်အတော်ခပ်လှမ်းလှမ်းရှိ စားပွဲတစ်လုံးတွင် ကျွန်တော်တို့ဝင်ထိုင်လိုက်ပြီး ကျွန်တော်တို့ကို ရေခဲမုန့်တစ်ခုစီ ကျွေးလေသည်။

"သားတို့အဆင်ပြေကြရဲ့လား၊ ဘာတွေတတ်ကြပြီလဲ" ကျွန်တော်တို့နှစ်ဦးတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာပြိုင်တူပင် ခေါင်းခါလိုက်ကြသည်။

## ဘဝ၏ကြီးမားသော ထောင်ချောက်ကိုရှောင်ရှားခြင်း

"ကဲ-ခုဆိုရင် သားတို့နှစ်ယောက် ဘဝရဲ့အကြီးမားဆုံးသင်ခန်းစာတွေထဲက တစ်ခုကိုတွေ့နေရပြီ။ ဒါကို မင်းတို့ တတ်



မြောက်သွားပြီဆိုရင် အင်မတန် လွတ်လပ်ပြီး အာမခံ ချက်ရှိတဲ့ဘဝကို ခံစားရလိမ့်မယ်။ မတတ်မြောက်ရင်တော့ ဟောဟိုက ဘော့စ်ဘောကစားနေတဲ့လူတွေလိုမျိုး၊ မစ္စစ်မာတင် လိုမျိုး အဲဒီလိုဘဝမျိုးနဲ့ပဲ လျှောက်လှမ်းကြ ရလိမ့်မယ်။ "

"သူတို့တွေဟာ မဆိုစလောက်လခလေးကိုရဖို့ ကြိုးကြိုးစားစားအလုပ်လုပ်ကြရတယ်၊ တစ်နှစ်လုံးမှာ သုံးပတ်လောက်အပန်းဖြေခရီးထွက်ဖို့နဲ့ လေးငါးနှစ်လုံးလုံး လုပ်မှရမယ့် အငြိမ်းစားလခလေးကို မျှော်လင့်နေကြတယ်၊ အဲဒီလိုမျိုး မင်းတို့နေချင်တယ်ဆိုရင် မင်းတို့ကိုတစ်နာရီ(၂၅)ဆင့်ပေးမယ်"၊ "လူအများစုဟာကြိုးစားပြီး အလုပ်လုပ်ကြပေမယ့် သူတို့ရဲ့အမြင်က သိပ်ကိုကျဉ်းမြောင်းနေတယ်၊ သူတို့တွေထောင်ချောက်ထဲမှာ ကျွံနေတာမသိကြဘူး၊ ဒါကို မင်းတို့တွေမြင်လာအောင်ငါပြောပြချင်တာ"။

ကျွန်တော်တို့နှစ်ဦးသည် ဆိုလိုသည့်အဓိပ္ပါယ်ကိုသေချာစွာနားမလည်။ ကျွန်တော်တို့ သဘောပေါက်စေဖို့ သူကြိုးစားနေသည်ကိုတော့ နားလည်သည်။

"တစ်နာရီ(၂၅)ဆင့်ဆိုတော့ မင်းတို့အတွက်ပျော်စရာမကောင်းဘူးလား။ ကျွန်တော် ခေါင်းခါလိုက်သည်။ ထိုသို့ ခေါင်းခါလိုက်သော်လည်းတစ်နာရီ (၂၅)ဆင့်သည် ကျွန်တော်အတွက် မနည်းလှပါ၊ "ကိုင်း-ဒါဆိုရင် တစ်နာရီ တစ်ဒေါ်လာပေးမယ်ကွာ" ဟုပြုံးပြုံးကြီးပြောနေသည်။ ကျွန်တော်ဘာမှ ပြန်မပြော၊ သို့သော် ဟုတ်မှဟုတ်ရဲ့လားဟုထင်နေသည်။ "ဒါဖြင့်ရင် တစ်နာရီနှစ်ဒေါ်လာဆိုရင်ရော" ထိုအခါ ကျွန်တော် လက်ခံချင်စိတ်များပင်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသည်။ ထိုမျှလောက်ရဖို့ ကျွန်တော်တစ်ခါမှ စိတ်မကူးမိဖူးပါ။ ထိုအပေးအယူကို လက်ခံလိုက်မည်ဆိုလျှင် ကျွန်တော်အတွက် စက်ဘီးအသစ်တစ်စီး၊ ဘော့စ်ဘောလက်အိတ်အသစ်တစ်စုံ နောက်ပြီးကျွန်တော့်ထံမှ ပိုက်ဆံများကို မြင်သောအခါဝိုင်းအုံလာကြမည့်သူငယ်ချင်းတွေ၊ သူတို့ကျွန်တော့်ကို ငမွဲဟု ခေါ်နိုင်တော့မည်မဟုတ်၊ ကျွန်တော်စိတ်ထဲမှာတော့ တစ်နာရီနှစ်ဒေါ်လာဟူသော လုပ်ခငွေကို လက်ခံချင်နေပါပြီ။

ချမ်းသာသောအဖေက ကျွန်တော်တို့ကို အကဲခတ်နေသည်။ သူပေးသည့်လစာငွေကို ကျွန်တော်တို့ လိုချင်နေပြီဆိုတာကိုလည်းသူသိသည်။ လူတိုင်းလူတိုင်းတွင် စိတ်ဓာတ်ကိုဝယ်ယူလို့ရသည့် အားနည်းချက်ရှိနေသည်ကို သူသိသည်။ ထို့နောက် တစ်ချို့လူများတွင် ငွေဖြင့်ဝယ်ယူ၍ မရသောစိတ်ဓာတ်ခိုင်မာ ပြတ်သားမှုတွေရှိနေကြောင်းကိုလည်း သူသိသည်။ မည်သည့်စိတ်ဓာတ်က ပို၍အား ကောင်းသလဲဆိုတာသာ ကွာခြားသည်။ သူသည် သူ့ထံတွင်အလုပ် လာလျှောက်သော လူထောင်ပေါင်းများစွာ၏ စိတ်ဓာတ်များကို မေးမြန်းစမ်းသပ်ခဲ့ဖူးသူ ဖြစ်သည်။

"ကဲ-ဒါဆိုရင် တစ်နာရီငါးဒေါ်လာ" သူပေးသော ငွေက အလွန်များနေလေပြီ။ ၁၉၅၆-ခုနှစ်ဟူသော ထိုအချိန်က လူကြီးတစ်ဦးပင်လျှင် တစ်နာရီငါးဒေါ်လာရသူ သိပ်မရှိ။ ကျွန်တော့် စိတ်ထဲတွင်တဖြည်းဖြည်း တည်ငြိမ်လာသည်။ သိပ်ပြီးတပ်မက်မှုမရှိတော့ပါ။ ကျွန်တော်မိုက်ကို ကြည့်လိုက်သောအခါသူက ကျွန်တော့်ကို ပြန်ကြည့်သည်။ ကျွန်တော့်စိတ်ထဲ ဦးနှောက်ထဲ



တွင် ငွေကြေးနှင့်ပတ်သက်ပြီး တည်ငြိမ်နေပြီဖြစ်သည်။ မိုက်လည်း ကျွန်တော့်ကဲ့သို့ပင် ဖြစ်နေပါလိမ့်မည်။

"လူများစုကြီးမှာ လောဘနဲ့ကြောက်စိတ်တွေရှိကြတယ်၊ ငွေမရှိမှာကြောက်လို့ ကြိုးကြိုးစားစား အလုပ်လုပ်ကြတယ်၊ လစာလည်းရပြီးရော လောဘစိတ်ကြောင့် ငွေပေးဝယ်ရမှာတွေ စဉ်းစားကြတော့တယ်၊ သူတို့ကို လစာပိုပေးကြည့်၊ အဲဒီပိုက်ဆံနဲ့ ပိုပြီးသုံးစွဲကြတယ်။ သူတို့ရဲ့သံသရာက အိပ်ယာထ၊ အလုပ်သွား၊ အကြွေးဆပ်ဆိုတဲ့ သံသရာပဲပေါ့။"

"ဒါဆိုရင် တခြားနည်းလမ်းကော မရှိဘူးလား" ဟု မိုက်က မေးလိုက်သည်။ "ရှိတာပေါ့၊ ဒါပေမယ့် လူအနည်းစုလောက်ပဲ အဲဒါကိုတွေ့ကြတယ်"

"မင်းတို့ ငါနဲ့တွဲအလုပ်လုပ်ရင်းနဲ့တွေ့လိမ့်မယ်၊ ငါမျှော်လင့်တာက အဲဒါပဲလေ၊ ဒီအတွက် မင်းတို့ကို လခမပေးတော့တာပေါ့။ လူတွေအများစုဟာ ပိုက်ဆံရမှသာ ကြောက်ရွံ့စိတ်တွေပျောက်သွားမယ်လို့ထင်ကြတယ်။ ဒါပေမယ့် ပိုက်ဆံက လုပ်မပေးနိုင်ဘူး။

ချမ်းသာသောအဖေ၏ စကားများကို ကျွန်တော်တို့ အပြည့်အဝနားမလည်ပါ။ သို့သော် အလုပ်သို့အချိန်မှီပြေးနေကြသည့် လူတွေကိုကြည့်ရသည်မှာ ပျော်ရွှင်စရာမရှိကြောင်းကိုတော့ ကျွန်တော်တွေးမိသည်။ ချမ်းသာသောအဖေပြောသလိုပင် သူတို့ငွေမရမှာ ကြောက်သည့်စိတ်ကြောင့် အလုပ်ခွင်သို့ အပြေးအလွှားသွားနေကြပုံရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အနည်းငယ်သဘောပေါက်လောက်ပြီဟု ထင်သော အခါ သူကဆက်ပြောပြန်သည်။ “ငါမင်းတို့ကို အဓိက သင်ပေးချင်တာကတော့ မင်းတို့ချမ်းသာဖို့တစ်ခုတည်းကိုပဲမမှန်း ထားကြနဲ့။ ဘာဖြစ်လို့လဲဆိုတော့ ချမ်းသာရုံနဲ့ ပြေလည်သွားမှာ မဟုတ်ဘူး” “ဟုတ်လား၊ မပြေလည်နိုင်ဘူးလား” ဟုကျွန်တော်က အံ့သြတကြီးပြန်မေးမိသည်။

“ဘာလို့မပြေလည်နိုင်တာလဲဆိုတာ စိတ်ခံစားချက်က ဖြစ်လာတဲ့လိုအင်ဆန္ဒ(ဘောဘ)တွေကြောင့်ပေါ့၊ ပိုပိုပြီးတော့ ကောင်းတာ ပိုပိုပြီးလှတာ၊ ပိုပိုပြီးနှစ်သက် သဘောကျတာ၊ အဲဒီ လိုအင်ဆန္ဒတွေကြောင့် ငွေရဖို့အတွက် အလုပ်လုပ်ကြတာနေပါ့။

သူတို့က ပျော်ရွှင်မှုဆိုတာကို ငွေနဲ့ဝယ်ယူလို့ရမယ်ထင်လို့ ငွေကိုပိုပိုပြီး လိုချင်ကြတယ်။ ဒါပေမယ့် ငွေကြောင့်ရတဲ့ ပျော်ရွှင်မှုက သက်တမ်းတိုတယ်၊ နောက်တစ်ခါ ထပ်ပြီးငွေလို လာပြန်ရော၊အလုပ်လုပ်ပြီးထပ်ရှာပြန်ရော သူတို့စိတ်တွေ ငြိမ်းချမ်းဖို့ငွေရှိမှ ဖြစ်မယ်ထင်ကြတယ်၊ ဒါပေမယ့် အဲဒီလိုမဖြစ်လာ ဘူး”

“ဒီလိုဆို သူဌေးတွေကျတော့ကော” ဟုမိုက်ကမေးလိုက်သည်။ “ပါတာပေါ့ကွ၊ ပြောရမယ်ဆိုရင် သူဌေးအတော်များများ ချမ်းသာလာတာဟာ ဆင်းရဲနွမ်းပါးမှာကို ကြောက်တဲ့စိတ်ကြောင့်ပဲ၊ ဒါကြောင့်မို့ ငွေတွေအမြောက်အမြားရအောင် သူတို့ရှာဖွေ စုဆောင်းကြတယ်။ အဲဒီအခါကျမှ အဲဒီငွေတွေဆုံးရှုံးမှာ ကြောက် တဲ့ ကြောက်စိတ်က ပိုပြီးကြီးမားလာတော့တာပဲ၊” သူတို့ရဲ့ ပစ္စည်း



ဥစ္စာ၊ သူတို့ရဲ့အထက်တန်းစားဘဝတွေဆုံးရှုံးသွားမှာကြောက်ပြီး ပိုးရိမ်ပူပန်နေကြရတယ်”။

“ဒါဆိုရင် ဆင်းရဲသားက ပိုပြီး စိတ်ချမ်းသာနိုင်တာလား”

“အဲဒီလိုမဟုတ်ဘူး၊ နှစ်မျိုးနှစ်စားလုံးက စိုးရိမ်ပူပန်နေကြ ရတာပဲ၊ ဥပမာ-ငွေကြေးပြတ်လတ်မှာ ကြောက်တဲ့စိတ်ပေါ်လာလို့ ငွေကြေးနည်းနည်းပါးပါးရမယ့်အလုပ်တစ်ခုကို အပြေးအလွှား ရှာမယ့်အစား ကိုယ့်ကိုကိုယ်ပြန်သုံးသပ်ကြည့်၊ အလုပ်ဝင်လုပ်ရင် ကြောက်တဲ့စိတ်တွေပျောက်သွားမလားပေါ့၊ အမှန်က မပျောက်ဘူး ရေရှည်ပြဿနာကို လက်ငင်းနည်းနဲ့ဖြေရှင်းလိုက်တာပဲ၊ ဒါပေမယ့်ကျွန်တော့်အဖေကတော့ ကျောင်းကနေအဆင့်ကောင်း ကောင်းနဲ့အောင်အောင်ကြိုးစားပြီးရင် ကောင်းတဲ့အလုပ်ရှာ လုပ်”တဲ့ “ဒါပေါ့၊ ဒါလည်း အများလက်ခံတဲ့နည်းလမ်းကောင်းပဲ၊ ဒီနည်းလမ်းအတိုင်း အကြံပေးရတာလည်းကြောက်စိတ်ကြောင့်ပဲ၊” “မင်းဝင်ငွေ မရှာနိုင်ပဲ မရပ်တည်နိုင်မှာ သူကြောက်တယ်လေ၊ သူက မင်းကို အကောင်းဆုံးဖြစ်စေချင်တာ၊ ပညာတတ်ဖို့နဲ့ အလုပ် တစ်ခုရှိဖို့က တကယ်လည်းအရေးကြီးတာပါပဲ၊ ဒါပေမယ့် အဲဒါနဲ့တော့ ကြောက်စိတ်က ပြေပျောက်သွားမှာ မဟုတ်ဘူး၊” “ငါက ငွေကြေးရဲ့ စွမ်းရည်ကို ကျွမ်းကျွမ်းကျင်ကျင် အသုံးချ တတ်အောင် မင်းကိုသင် ပေးချင်တာ၊ ဒါတွေက မင်းတို့ကို ကျောင်းမှာ သင်ပေးမှာမဟုတ်ဘူး၊ ဒါကိုမှ မတတ်ရင် မင်းဟာ ငွေကြေးရဲ့ ခိုင်းစေတာကို ခံရမှာပဲ”၊

“ကျွန်တော်အနည်းငယ်ခန့် သဘောပေါက်လာပါပြီ၊ သူက

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အဖေနှင့်တကွ အများသူငါ မမြင်တာတွေကို ကျွန်တော့်အား မြင်သိစေချင်သည်။ အမြင်ကျယ်စေချင်သည်။ ထိုနေ့မှစ၍ ကျွန်တော်လည်း အနည်းငယ်အမြင်ကျယ်လာပါသည်။

"ငါမင်းတို့ကို ပိုက်ဆံချမ်းသာရုံလောက်ပဲ မသင်ပေးချင်ဘူး၊ ကြောက်စိတ်နဲ့ လောဘကို မထိန်းသိမ်းနိုင်ပဲနဲ့ ချမ်းသာလာရင်လဲ မင်းတို့ဟာ ကျွန်အကြီးစားကြီးတွေ ဖြစ်နေမှာပဲ"

"ဒါဆိုရင် ကျွန်တော်တို့ဘယ်လိုလုပ်ရမလဲ" ဟု ကျွန်တော် မေးလိုက်သည်။

"ငွေကြေးမပြည့်စုံတာနဲ့ ဆင်းရဲရတာဟာ ကြောက်စိတ်နဲ့ အသိဉာဏ်နည်းပါးတာကြောင့်ပဲ၊ "ဒါကြောင့် မင်းတို့ကျောင်းတက်ပြီးတက္ကသိုလ်က ဘွဲ့တခုခုရအောင်ယူကြ၊ မင်းတို့တွေ ငွေကြေးကို ခိုင်းစေနိုင်မယ့်နည်းငါသင်ပေးမယ်"

ကျွန်တော်သဘောပေါက်လာပါပြီ၊ ကျွန်တော်၏ အဖေသည် အထက်တန်း ပညာတွေများစွာတတ်ပြီး အဆင့်မြင့်သော အလုပ်တစ်ခုရှိသည်။ သို့သော်ငွေကြေးကို ခိုင်းစေသည့်နည်းမသင်ခဲ့ရပေ၊ ယခု ကျွန်တော်သည် အဖေနှစ်ဦးထံမှ မတူညီသော ပညာရပ်များကို သင်ယူနိုင်တော့မည် ဖြစ်သည်။

"လူတွေဟာ အသိဉာဏ်နည်းပါးတဲ့အတွက် ကြောက်စိတ်နဲ့ လောဘတွေ ပိုပြီးကြောက်စိတ်ကြီးလာလေ ဖြစ်တာပေါ့"။

"မင်းတို့တွေ စာသင်ကျောင်းမှာ ကျောင်းနေပြီး ကျွမ်းကျင်မှု သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာရပ်တွေသင်ယူတယ်ဆိုတာလည်း တကယ်ကိုအရေးပါ လိုအပ်တယ်၊ ဒါမှလည်း လူ့အဖွဲ့



အစည်းကြီး ဖွံ့ဖြိုးကြီးထွားလာမယ်၊ ခက်နေတာက စာသင်ကျောင်းဟာအစ မဟုတ်ပဲ အဆုံးဖြစ်နေတာပဲ"။

ထိုနေ့က ချမ်းသာသောအဖေ ပြောသမျှစကားအားလုံးကို ကျွန်တော်သဘောမပေါက်၊ သို့သော် နှစ်ပေါင်းများစွာ ကြာသည့်တိုင် သူ၏ စကားလုံးများက ကျွန်တော့်အား ဆက်လက်သင်ပြနေဆဲပင်ဖြစ်သည်။

"ကိုယ်ရည်မှန်းချက်တွေ အကောင်အထည်မဖော်နိုင်ပဲ ကြောက်စိတ်နဲ့ ရှင်သန်နေရတာဟာ စိတ်ပျက်စရာပဲ။ ငွေရှိရင် စိတ်ချမ်းသာနိုင်မယ်ထင်ပြီး ရုန်းကန်လုပ်ကိုင်နေရတာလဲ စိတ်ပျက်စရာပဲ။ ဆပ်စရာရှိတဲ့အကြွေးတွေကြောင့် အိပ်မပျော်နိုင်တဲ့ဘဝမျိုးဟာလည်း ဆင်းရဲခြင်းပဲ။ တကယ်က အလုပ်တခုရပြီး ဝင်ငွေတစ်ခုရှိရင် ကိုယ့်ဘဝလုံခြုံစိတ်ချရပြီလို့တွေးရင် မင်းတို့ကိုယ့်ကိုယ်ကိုလိမ်ညာပြီး ထောင်ချောက်ထဲကျနေတာပဲ" ဒါကို လွတ်အောင်ရှောင်နိုင်ရမယ်၊ မင်းတို့ဘဝက ငွေက မခိုင်းစေနေပါစေနဲ့။"

"လူအများစုကြီးမှာ ပြဿနာတစ်ခုရှိတယ်။ အဲဒါက လကုန်ရင်ပေးရမယ့်အကြွေးစာရင်းပေါ့ ဒီအတွက်အလုပ်တစ်ခုကို ဝင်ရင်လုပ်ကြတယ်။ ဒါဟာ လက်ငင်းဖြေရှင်းနည်းတစ်မျိုးပဲ။ သူတို့က ဖြေရှင်းဖို့ တစ်ခြားနည်းလမ်းရှိသေးရဲ့လားလို့ မစဉ်းစားတော့ဘူး၊ ဦးနှောက်ကို အလုပ်မပေးတော့ဘူး၊ နောက်တော့သူတို့ဘဝဟာ တဖြည်းဖြည်းနဲ့ ငွေရဲ့ကျေးကျွန်ဖြစ်သွားတော့တာပဲ။"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွက်မူ ချမ်းသာသောအဖေပြောသလို အမှန် တကယ်သင်ယူထိုက်သော သင်ခန်းစာတစ်ခုကို တွေ့ရှိနေပြီ ဖြစ်သည်။ ထိုသင်ခန်းစာသည် ကျွန်တော့်ဘဝတစ်လျှောက်လုံးကို အလုပ်အကျွေးပြုမည့်သင်ခန်းစာလည်း ဖြစ်ပါသည်။

## လူတိုင်းမမြင်တွေ့ကြသည်ကို တွေ့မြင်ခြင်း

ကျွန်တော်တို့ စကားပြောဆိုကြပြီးသောအခါ ချမ်းသာသော အဖေသည်သူ၏ ထရပ်ကားပေါ်သို့တက်ရင်း "သားတို့ အလုပ်ကိုဆက်လုပ်ကြ၊ မင်းတို့အခုအခမဲ့ အလုပ်လုပ်တာဟာ နောင်အခါမှာ ငါ့ဆီကရမယ့် လခထက်အဆများစွာသာတဲ့ ငွေဖြစ်မည့်နည်းတွေကို မင်းတို့စိတ်က သိလာလိမ့်မယ်" ဟုပြော သွားသည်။

"လူအများစု မမြင်နိုင်တဲ့အရာတွေ၊ အခွင့်အလမ်းတွေကို မင်းတို့တွေ့လိမ့်မယ်၊ အဲဒီကနေစပြီး နောင်တတစ်သက်လုံးအခွင့် အလမ်းတွေမြင်တွေ့လာတော့တာပဲ၊ အဲဒီလိုကြည့်တတ်၊ မြင်တတ်ဖို့ ကိုလေ့လာ၊ ဒါဆိုရင် မင်းတို့ဘယ်တော့မှ ဆင်းရဲတာကို ခံစားရမှာ မဟုတ်တော့ဘူး။

ကျွန်တော်နှင့်မိုက်သည် မစ္စစ်စမာတင်ကို နှုတ်ဆက်ပြီး စတိုးဆိုင်ထဲကထွက်လာကာ ပန်းခြံထဲမှ စားပွဲဆီသို့ပြန်လာထိုင်ကြ သည်။ အတော်ကြာအောင်ပင် ကျွန်တော်တို့စဉ်းစား ကြံဆကြ သည်။ကျောင်းတက်တော့လည်း ကျွန်တော်တို့နှစ်ဦးတိုင်ပင် စဉ်းစားကြသည်။ ထို့နောက်အခမဲ့အလုပ်လုပ်ကြသည်။ ဒုတိယ



မြောက်စနေနေ့အလုပ်ချိန်အပြီးတွင် မစ္စစ်မာတင်ကိုလက်ပြ နှုတ်ဆက်ရင်းရုပ်ပြစာအုပ်တွေတင်ထားသော စင်ကိုငေးကြည့် နေမိသည်။ ထိုအချိန်၌ မစ္စစ်မာတင် လုပ်နေသော အရာတစ်ခုကို ကျွန်တော်သတိပြုမိလိုက်သည်။ ယခင်ကသတိမထားမိခဲ့။

မစ္စစ်မာတင်သည် ရုပ်ပြစာအုပ်အဖုံးကို နှစ်ပိုင်းဖြတ်ပြီး အပေါ်ပိုင်းကို သိမ်းထားသည်။ ကျန်တာကို ကတ်ထူဘူးအညိုထဲ သို့ ပစ်ထည့်လိုက်သည်။ အကျိုးအကြောင်းမေးကြည့်လိုက်သော အခါ အဖုံးအပေါ်ခြမ်းကို ရုပ်ပြစာအုပ်ဖြန့်တဲ့လူတွေ စာအုပ်သစ် လာပေးတဲ့အခါ အပ်လိုက်တယ်၊ စာအုပ်တွေကို လွှင့်ပစ်လိုက် တယ်၊ ဒါမှ အကြွေးဝယ်လို့ရမှာလေ" ဟုရှင်းပြသည်။

ကျွန်တော်နှင့်မိုက်သည် ရုပ်ပြစာအုပ်ဖြန့်ချိရေးသမား ရောက်လာသည့်တိုင်အောင် စောင့်နေကြသည်။ ကျွန်တော်တို့ စာအုပ်အကြွေးဝယ်လို့ရမလားဟု မေးကြည့်လိုက်သည်။ "မင်းတို့ ငါ့စာအုပ်တွေပြန်ရောင်းမစားဘူးဆိုရင် ရတာပေါ့"ဟု ထိုသူက ပြန်ဖြေသည်။

ကျွန်တော်တို့နှစ်ဦးသည် မိုက်၏ အမေအသုံးမပြုသည့် မြေညီထပ်အခန်းပိုကို ရှင်းလင်းကြသည်။ မကြာမီ ထိုအခန်းတွင် ရုပ်ပြစာအုပ်ရာပေါင်းများစွာဖြင့် ကျွန်တော်တို့နှစ်ဦး၏ တွဲဘက် စာကြည့်တိုက်ကို ဖွင့်လှစ်လိုက်ကြသည်။ မိုက်၏ညီမလေးကို အလုပ်ခန့်ထားပြီး ရုပ်ပြလာဖတ်သည့်ကလေးတိုင်းကို ဖတ်ခ(၁၀) ဆင့်စီတောင်းသည်။ နေ့စဉ်ကျောင်းလွှတ်ပြီးချိန် (၂း၃၀)မှ (၄း၃၀) ထိစာကြည့်တိုက်ဖွင့်သည်။ ကလေးများအနေနှင့်လည်း ရုပ်ပြ

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်တစ်အုပ်ဝယ်လျှင် (၁၀)ဆင့်ကုန်မည့်အစား စာကြည့်တိုက်မှာလာဖတ်လျှင် လေးငါးအုပ်ခန့်ဖတ်လို့ရသည့်အတွက် သဘောကျကြသည်။

မိုက်၏ညီမလေးက စာအုပ်များကို စနစ်တကျသိမ်းဆည်းပြီးစာရင်းမှတ်သည်။ ကျွန်တော်တို့ ပျမ်းမျှတပတ်လျှင် (၉. ၅၀)ဒေါ်လာရကြသည်။ မိုက်၏ညီမလေးကိုတစ်ပတ်လျှင် တစ်ဒေါ်လာပေးသည်။ ကျွန်တော်တို့နှစ်ဦးကတော့ စတိုးဆိုင်မှာ ပင်ဆက်လုပ်ကြသည်။ နောက်ထပ်စာကြည့်တိုက်ခွဲတစ်ခုဖွင့်ဖို့ ကြံစည်သော်လည်း မိုက်၏ညီမလေးကဲ့သို့စိတ်ချယုံကြည်ရသူရှာမတွေ့ဖြစ်နေသည်။ ထိုအချိန်ကတည်းက ဝန်ထမ်းကောင်းရဖို့ ခက်ခဲကြောင်းကျွန်တော်တို့ သိလာသည်။

စာကြည့်တိုက်ဖွင့်ပြီး သုံးလခန့်ကြာသောအခါ စာကြည့်တိုက်တွင် ရန်ပွဲဖြစ်ပွားသဖြင့် စာကြည့်တိုက်ပိတ်လိုက်ဖို့ မိုက်၏အဖေက အကြံပေးလေသည်။ ကျွန်တော် စတိုးဆိုင်မှာလည်း အလုပ်မဆင်းတော့ဘဲလိုက်ကြသည်။

သို့သော်ချမ်းသာသောအဖေကတော့ ကျွန်တော်တို့ကို တခြားအကြောင်းအရာတွေသင်ပေးဖို့တက်ကြွနေလေသည်။ ကျွန်တော်တို့သည် စတိုးဆိုင်မှာလခမရသည့်အတွက် ငွေဖြစ်မည့်အခွင့်အလမ်းတစ်ခုကိုဖော်ထုတ်ဖို့ ကြံတတ်သွားသည်။ တနည်းအားဖြင့် ကျွန်တော်တို့ အကျိုးစီးပွားအတွက် ငွေကိုခိုင်းစား တတ်သွားသည့်မည်သည့်အလုပ်ရှင်ကိုမှ အားကိုးမှီခိုခြင်းမပြုဘဲ ကိုယ့်ငွေကိုယ်ရှာပြီး ထိန်းသိမ်းခဲ့သည့်အလုပ်ရှင်ကိုမှ အားကိုးမှီခိုခြင်းမပြု



ဘဲ ကိုယ့်ငွေကိုယ်ရှာပြီး ထိန်းသိမ်းခဲ့သည့်ငွေက ကျွန်တော်တို့ကို အလုပ်လုပ်ပေးခြင်းပင် ဖြစ်သည်။

ချမ်းသာသောအဖေသည် ကျွန်တော်တို့အားလခပေးမည့် အစားထိုထက်မက သောအခွင့်အလမ်းကိုပေးခဲ့လေသည်။

---

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

## သင်ခန်းစာ(၂) အဘယ့်ကြောင့် ငွေကြေးအခြေခံပညာ သင်ထားသင့်ပါသလဲ။

၁၉၉၀-ပြည့်နှစ်လောက် ကျွန်တော့်သူငယ်ချင်းမိုက်သည် သူ့ဖခင်၏ စီးပွားရေးလုပ်ငန်းများကို ဆက်လက်လွှဲပြောင်းလုပ်ကိုင်သည်။ မိုက်သည် စီးပွားရေးလုပ်ငန်းများတွင် သူ့ဖခင်ထက်ပင် ပို၍ အောင်မြင်ပါသည်။ ကျွန်တော်တို့နှစ်ယောက် ဂေါက်ကွင်းတွင် မကြာမကြာဆုံမိကြသည်။

ကျွန်တော်လည်း အသက်(၄၇)နှစ်တွင် အငြိမ်းစားယူခဲ့သည်။ အငြိမ်းစားယူသော်လည်း အလုပ်မလုပ်တော့ခြင်းမဟုတ်ပါ။ ကြိုတင်မခန့်မှန်းနိုင်သည့် ကြီးမားသောအပြောင်းလဲမပေါ်ပေါက်လျှင် ကျွန်တော်တို့အလုပ်လုပ်သည်ဖြစ်စေ မလုပ်သည်ဖြစ်စေ ကျွန်တော်တို့၏ ရင်းနှီးမြှုပ်နှံမှုမှ ငွေကြေးများတိုးပွားနေမည်သာဖြစ်သည်။ ဥပမာအားဖြင့် သစ်ပင်တစ်ပင်ကို ရေလောင်းပေါင်းသင်ပေးပြီး စိုက်ပျိုးလာခဲ့သည်။ တဖြည်းဖြည်းနှင့် သူ့အမြစ်များက နက်ရှိုင်းစွာ မြဲမြံပြီး ရှင်သန်လာသည့်အခါ အထူးတလည် ဘာမှလုပ်စရာမလိုတော့ဘဲ သူ၏အရိပ်များဖြင့် အုပ်မိုးပေးထားပြီးဖြစ်သည်။

မိုက်ကသူ၏စီးပွားရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲလျက်ရှိပြီး ကျွန်တော်က အငြိမ်းစားယူခဲ့သည်။



ကျွန်တော်လူအများနှင့် အဖွဲ့အစည်းလိုက်နှင့်စကားပြောခွင့်ကြုံတိုင်း အမေးခံရလေ့ရှိသော မေးခွန်းများမှာ -

"သူတို့ ဘယ်လိုစတင်ရပါမလဲ"

"ကျွန်တော့်အနေနှင့် ဖတ်ရှုသင့်သည်ဟု ယူဆသောစာအုပ်ရှိပါသလား"

"သားသမီးတွေကို ဘယ်လိုမြေတောင်မြှောက်ရမလဲ"

"အောင်မြင်ဖို့အတွက် ဘာတွေအရေးကြီးပါသလဲ"

"ငွေကြေးသန်းပေါင်းများစွာရအောင် ဘယ်လိုလုပ်ခဲ့ပါသလဲ"

ထိုအခါ ကျွန်တော်ဖတ်ဖူးသော ဆောင်းပါးတစ်ပုဒ်ကို ပြောပြလိုပါသည်။

### အောင်မြင်ဆုံးဖသောစီးပွားရေးလုပ်ငန်းရှင်များ

၁၉၂၃-ခုနှစ်တွင် ချမ်းသာအောင်မြင်ဆုံးသော စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်စုသည် ချီကာဂိုမြို့ရှိ အက်ချ်ဝါးတားဘီချ်ဟိုတယ်တွင် အစည်းအဝေးပြုလုပ်ကြသည်။ အစည်းအဝေးတက်ရောက်ကြသူများထဲတွင် အမေရိကန်ပြည်ထောင်စု၏ အထင်ကရပုဂ္ဂိုလ်များပါဝင်ကြသည်။

အဆိုပါအုပ်စုထဲမှ ကိုးယောက်သည် နောက်နှစ်ဆယ့်ငါးနှစ်ကြာသောအခါ အောက်ပါအတိုင်း ဘဝကို ကုန်ဆုံးခဲ့ရသည်။

အကြီးမားဆုံး သံမဏိ ကုမ္ပဏီကို ဦးဆောင်ခဲ့သည့် ချားလ်ရှတ် သည်ငါးနှစ်မျှ ချေးငှားစာသောက်ပြီး ဘာမှမရှိသော

www.burmeseclassic.com

www.burmeseclassic.com



ဘဝဖြင့် ကွယ်လွန်သွားသည်။

- ကမ္ဘာ့အကြီးမားဆုံးလူသုံးကုန် ကုမ္ပဏီဥက္ကဋ္ဌ ဆင်မြူရယ် အင်ဆားလ်သည် ဆင်းရဲမွဲတေစွာ ကွယ်လွန်သွားခဲ့သည်။

- မီးခြစ်ကုမ္ပဏီဥက္ကဋ္ဌ အိုင်ဗာခရုဂါနှင့် ဘာသာကော့တန် (စတော့ရောင်းဝယ်ရေးသမား)သည် ဆင်းရဲစွာဖြင့် ကွယ်လွန်သွားသည်။

- နယူးပေတ့စတော့အိပ်ချိန်း ဥက္ကဋ္ဌ ရစ်ချတ်ဝှစ်တနီနှင့် သမ္မတ၏ အစိုးရအဖွဲ့ဝန်ကြီး အဲလ်ဘတ်ဖောလ်တို့မှာ မကြာခင် ကမှထောင်မှလွတ်လာကြသည်။အကြီးမားဆုံး ဓာတ်ငွေ့ကုမ္ပဏီ အကြီးအကဲကရူးသွပ်စိတ်မမှန်ဖြစ်သွားသည်။ အင်တာနေရှင်နယ် ဘဏ်ဥက္ကဋ္ဌလီယွန်ဖရေဇီယာနှင့် ဂျက်စီလစ်ဗားမိုး(စတော့အရောင်းအဝယ်)တို့ကိုယ်ကိုယ်ကို အဆုံးစီရင်သွားကြသည်။

ထိုသို့ဖြစ်ပျက်ခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများ၏ အခြေအနေအရပ်ရပ်ကို တိကျစွာပြောနိုင်သူရှိမည်မထင်ပါ။ ၁၉၃၂-ခုနှစ်ဟူသောထိုအချိန်ကာလသည် စီးပွားရေးကပ်ဆိုးကြီး တွေ့ကြုံရခါနီး အကြိုကာလဖြစ်ပြီး ၎င်း၏အကျိုးဆက်များက ဖော်ပြပါ ပုဂ္ဂိုလ်ကြီးများကို ထိခိုက်စေခဲ့ပုံရပါသည်။ ဆိုလိုသည်မှာ ကျွန်တော်တို့သည်ထိုအချိန်ကာလကထက်ပို၍ လျှင်မြန်စွာပြောင်းလဲနေသော ခေတ်ကြီးတွင် ရှင်သန်နေကြရသောကြောင့် အဆိုပါစီးပွားရေးကမောက်ကမအခြေအနေများကို များမကြာမီ ကြုံတွေ့နိုင်ပါသေးသည်။ အကြောင်းမှာ လူအများစုသည် အမှန်တကယ် အရေးကြီး



သည့်ပညာကိုအလေးမထားဘဲ ငွေကြေးကိုသာအလေးထားနေကြသောကြောင့်ဖြစ်သည်။

ကျွန်တော်၏ ပညာတတ်အဖေက စာများများဖတ်ဖို့ အရေးကြီးကြောင်း ဦးစားပေးပြီး ဆုံးမသည်။ ချမ်းသာသောအဖေကမူ ငွေကြေးအခြေခံပညာကို နားလည်တတ်ကျွမ်းဖို့လိုကြောင်း ဦးစားပေးပြီး သွန်သင်ပါသည်။ သင်သည် အင်ပါယာစတိတ်ကဲ့သို့ အဆောက်အဦးကြီးကြီးဆောက်မည်ဆိုလျှင် တောင့်တင်းခိုင်မာဖို့အတွက် မြေကြီးနက်နက်တူးပြီး အုတ်မြစ်ချရပါမည်။ သာမန်လူနေအိမ်ငယ်လေးတစ်လုံးဆောက်မည်ဆိုလျှင်တော့ ခြောက်လက်မလောက်သာတူးပြီး အုတ်မြစ်ချလျှင် လုံလောက်ပါသည်။ သို့သော် ချမ်းသာကြွယ်ဝလိုသော ယနေ့လူအများစုသည် ခြောက်လက်မခန့်သာ အုတ်မြစ်ချပြီး အင်ပါယာစတိတ်ကဲ့သို့ အဆောက်အအုံကြီးကို ဆောက်လိုကြသည်။

ဆိုလိုသည်မှာ စာရင်းရေးဆွဲရသည့် စာရင်းပညာသည် စိတ်ရှုပ်စရာအကောင်းဆုံးနှင့် ပျင်းစရာအကောင်းဆုံးအလုပ်ဖြစ်နိုင်သော်လည်း ရေရှည်ချမ်းသာကြွယ်ဝဖို့အတွက်လည်းကောင်း၊ အရေးကြီးသော ဘာသာရပ်ကို ကလေးများစိတ်ဝင်စားဖွယ်ဖြစ်အောင်သင်ကြားပေးရန်သာ အခက်အခဲရှိပါသည်။ ပထမဦးစွာ ရိုးရိုးရှင်းရှင်းဖြစ်အောင် ပုံများဖြင့် သင်ကြားသည်က အကောင်းဆုံးဖြစ်ပါသည်။

မိုက်နှင့်ကျွန်တော်အား ချမ်းသာသောအဖေက ငွေကြေးအခြေခံပညာကို ပုံများဖြင့် သင်ကြားပေးခဲ့သည်။ လူတိုင်းနားလည်

www.burmeseclassic.com

www.burmeseclassic.com



လွယ်သော စကားလုံးများကိုသာ အသုံးပြုခဲ့သည်။ ရိုးရှင်းလှသော ပုံလေးများသည် ကျွန်တော်တို့နှစ်ဦးအား ငွေကြေးအခြေခံပညာ များပေးခဲ့သည်။ ၎င်းကိုအခြေပြု၍ ကြီးပွားချမ်းသာအောင် လမ်းညွှန်မှုများပေးခဲ့သည်။

## ဥပဒေသ (၁) ။သင်သည် ရင်းနှီးမြှုပ်နှံထားသည့် ရပိုင်ခွင့် (assets)နှင့်ပေးရန်တာဝန် (Liability) ကို ခွဲခြားစွာနားလည်ပြီး ရပိုင်ခွင့်များ ဝယ်ယူ စုဆောင်းရမည်။

အဆိုပါဥပဒေသသည် အလွန်ရိုးရှင်းလွန်းပြီး ထိရောက် လေးနက်မှု မည်မျှရှိသည်ကို လူအများစု သဘောမပေါက်ကြပါ။ ထို့ကြောင့်ရပိုင်ခွင့်နှင့်ပေးရန်တာဝန်ကို ခွဲခြားမသိကြပဲ ငွေကြေး အကျပ်အတည်းနှင့် ကြုံတွေ့နေကြရခြင်းဖြစ်သည်။

ချမ်းသာသူတို့က ရပိုင်ခွင့်နှင့်ပိုင်ဆိုင်ပစ္စည်းများကို ရယူ စုဆောင်းသည်။ လူလတ်တန်းစားဆင်းရဲသားများက ဝန်ထုပ် ဝန်ပိုးများကို စုဆောင်းသည်။ ချမ်းသာသောအဖေက ကျွန်တော် တို့အား ရှင်းပြသည်မှာ ဖော်ပြပါ အဖြေပင်ဖြစ်သည်။

"အခု မင်းတို့အဲဒီအကြောင်းကို တွေးပြီးခေါင်းရှုပ်မခံနဲ့၊ ရပိုင်ခွင့်နဲ့ ပတ်သက်တဲ့ ရိုးရှင်းတဲ့အယူအဆလေးကိုသာ စွဲစွဲမြဲမြဲ မှတ်ထား၊ ဒါမှ မင်းတို့မှာ ရည်မှန်းချက်တွေရှိပြီး ငွေကြေးအဆင်



ပြေလာလိမ့်မယ်၊ အဲဒီအယူအဆလေးက ရိုးရှင်းလွန်းလို့ လူတွေ မျက်စိမှောက်နေကြတာ" ။

"ဒါဆိုရင် ရပိုင်ခွင့်ကို ကျွန်တော်တို့ နားလည်ထားပြီး၊ အဲဒါကို ဝယ်ယူစုဆောင်းရင် ချမ်းသာကြွယ်ဝပြီလို့ ဆိုလိုတာလား" "ဒီလောက်ရိုးရိုးလေးနဲ့ လွယ်ကူနေရင် ဘာဖြစ်လို့ လူတွေမချမ်း သာကြတာလဲ" ဟုကျွန်တော် မေးမိသည်။

ချမ်းသာသောအဖေက ပြုံး၍ "ရပိုင်ခွင့်နဲ့ ပေးရန်တာဝန် ကို လူတွေ ကွဲကွဲပြားပြားမသိကြလို့ပါ"။

ကျွန်တော်သည် အဆိုပါအကြောင်းအရာကို လူကြီးများ အားရှင်းပြရန်အတော်ပင်ခက်ခဲပါသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သင်ယူတတ်မြောက်ထားသည့်ပညာများနှင့် တစ်မျိုးတစ်ဖုံ ကွဲပြားနေသောကြောင့် ဖြစ်သည်။ ဘဏ်မန်နေဂျာများ၊ စာရင်းကိုင် များ၊ အိမ်မြေပွဲစားများ၊ စီမံကိန်းမှူးများစသည်တို့မှာ အသက်မွေး ဝမ်းကျောင်းပညာတွေသင်ယူလာခဲ့ကြသူများဖြစ်သည်။ ထို့ကြောင့် သူတို့အနေဖြင့် လွယ်ကူလွန်းသော အဓိပ္ပါယ်လေးကို ဆည်းပူးရမှာ ခက်ယေသည်ဟု ထင်ကြသည်။

ကျွန်တော်တို့သည် များသောအားဖြင့် ငွေကြေးအခြေခံ ပညာကို အာရုံမစိုက်မိကြပါ။ စာရင်းကိုင်တစ်ဦးအနေဖြင့် ရပိုင်ခွင့် (Assets) နှင့် ပေးရန်တာဝန် (Liability) တို့၏ အဓိပ္ပါယ်က ရှင်းလင်းလွယ်ကူနေမည်ဖြစ်သော်လည်း သာမန်လူတွေကတော့ သဘောပေါက်မည်မဟုတ်ပါ။ သို့သော် လူကြီးများအနေဖြင့် ၎င်းသဘောမပေါက်မှုကို ဝန်ခံဖို့ခက်ခဲနေပါသည်။


www.burmeseclassic.com

www.burmeseclassic.com




လူတိုင်းလူတိုင်းအတော်များများပင် စာဖတ်ကြ ပါသည်။ သို့သော် စာဖတ်ပြီး နားလည်သဘောပေါက်မှုတွင် အားလုံး၌ အရည်အသွေးအမျိုးမျိုးရှိကြသည်။

## ရပိုင်ခွင့်၏ ငွေသားစီးဆင်းမှုပုံစံ




အပေါ်ပုံက ဝင်ငွေစာရင်း(အရှုံးအမြတ်စာရင်း)ဖြစ်ပြီး အောက်ပုံက လက်ကျန်ရှင်းတမ်းဖြစ်သည်။ ထိုပုံတွင် ချမ်းသာသောအဖေက ရှင်းရှင်းလေးပြခဲ့သည်မှာ "ရပိုင်ခွင့်တွေက မင်းတို့အိတ်ထဲကို ငွေထည့်ပေးတယ်"။

## ပေးရန်တာဝန်၏ငွေသားစီးဆင်းမှုပုံစံ






ရပိုင်ခွင့်ဆိုသည်မှာ အိတ်ထဲသို့ငွေထည့်ပေးသောအရာဖြစ်ပြီး ပေးရန်တာဝန်က ငွေထွက်သွားစေသောအရာဖြစ်သည်။ ရပိုင်ခွင့်ကို များများဝယ်ပါက ချမ်းသာမည်ဖြစ်ပြီး ပေးရန်တာဝန် များများဝယ်ပါက ဆင်းရဲမည်ဖြစ်သည်။ ရပိုင်ခွင့်နှင့်ပေးရန်တာဝန်၏ ခြားနားချက်ကို မသိသောကြောင့် ငွေကြေးလုံးချာလည်နေကြရခြင်းဖြစ်သည်။ ထိုသို့ လုံးချာလည်နေရခြင်းမှာ စကားလုံးများနှင့် ဂဏန်းများကို မဖတ်တတ်၍သာဖြစ်သည်။ ထို့ကြောင့် ငွေကြေးအခြေခံပညာနှင့် ပတ်သက်ပြီး စကားလုံးများအရရော ဂဏန်းများအရပါ တတ်မြောက်ထားဖို့အရေးကြီးပါသည်။ ထိုမှသာလျှင် သင့်စီးပွားရေးဥစ္စာကိုထိန်းသိမ်းထားနိုင်ပြီး ချမ်းသာကြွယ်ဝနိုင်ပါသည်။

ပုံများတွင်ဖော်ပြထားသောမြားများသည် ငွေသားစီးဆင်းမှုလမ်းကြောင်းကို ညွှန်ပြသည်။ ငွေကြေးဆိုင်ရာအစီရင်ခံချက်တစ်ခုတွင် ငွေသားတွေဘယ်နေရာကို စီးဆင်းသွားသလဲဆို သည်ကို အဓိကထားကြည့်ရမည်။ လူတိုင်းသည် ကြိုးစားပမ်းစား အလုပ်လုပ်ပြီး ငွေရှာကြသော်လည်း ငွေကြေးမပြေလည်ကြ။ အကြောင်းရင်းမှာသူတို့သည်ရပိုင်ခွင့်များကိုဝယ်ရမည့်အစား ပေးရန်တာဝန်များကိုသာ ဝယ်ယူနေကြသောကြောင့်ဖြစ်သည်။


ဥပမာအားဖြင့် -

တစ်ဖက်ပါပုံသည် ဆင်းရဲသားတစ်ဦး၏ ငွေသားစီးဆင်းမှုပုံစံဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com








အောက်ပါပုံသည် လူလတ်တန်းစားတစ်ဦး၏ ငွေသားစီးဆင်းမှုပုံစံဖြစ်သည်။






အောက်ပါပုံသည် ချမ်းသာကြွယ်ဝသူတစ်ဦး၏ ငွေသားစီးဆင်းမှုပုံစံဖြစ်သည်။




www.burmeseclassic.com

www.burmeseclassic.com



| ရပိုင်ခွင့် | ပေးရန်တာဝန် |
| --- | --- |
| ငွေစုစာချုပ်များ | |
| စတော့များ | |
| မူပိုင်ခွင့်များ | |
| အိမ်မြေများ | |

ဖော်ပြပါပုံများသည် လွယ်ကူရှင်းလင်းပြီး လူတိုင်းလူတိုင်း၌စားဝတ်နေရေး အသုံးစရိတ်များရှိကြသည်။

ပုံတွင်ပြထားသည့်အတိုင်း ဆင်းရဲသား၊ လူလတ်တန်းစားနှင့် ချမ်းသာသူတို့၏ငွေသားစီးဆင်းမှုပုံစံများက သူ၏ဘဝများကို ဖော်ပြနေကြသည်။ လက်ထဲသို့ရောက်ရှိ လာသည့်ဝင်ငွေကို သူတို့ဘယ်လိုသုံးစွဲကြသည်ကို ဖော်ပြနေသည်။

အမေရိကန်၏ အချမ်းသာဆုံးပုဂ္ဂိုလ်များ၏ ဇာတ်လမ်းကိုကြည့်ခြင်းဖြင့် လူအများတွင် ပြဿနာအရပ်ရပ်ကိုငွေကြေးကဖြေရှင်းပေးနိုင်ခြင်းမရှိကြောင်း တွေ့ရသည်။ ဝင်ငွေတိုးလာတိုင်းပြဿနာများပြေလည်မသွားဘဲ ပို၍ပင်များပြားလာပါသည်။ အကယ်၍သာ ရရစားစားလူမျိုးဆိုလျှင် ငွေမည်မျှရစေကာမူ များများသုံးပြီး မူလဘဝ ပြန်ရောက်သွားမည်သာဖြစ်သည်။

ကျွန်တော်တို့သည် ပညာသင်ကြားကြပြီး ကျွန်တော်တို့တတ်မြောက်သော အသက်မွေးဝမ်းကျောင်းပညာရပ်ဖြင့် ဝင်ငွေရှာကြသည်။ ၁၉၆၀-ခုနှစ်ပတ်ဝန်းကျင်လောက်ကဆိုလျှင် ဆရာဝန်အလုပ်သည် ဝင်ငွေအကောင်းဆုံးရပြီး အာမခံချက်ရှိသော အလုပ်



ဖြစ်သည်။ ခေတ်တွေပြောင်းကုန်ပြီး ယခုအခါတွင်မူ ဆရာဝန်အလုပ်သည် ငွေကြေးအာမခံချက်မရှိလှတော့ပါ။ ယခုခေတ်လူငယ်အများစုသည် နာမည်ကြီးဘတ်စ်ကက်ဘောသမားများ၊ ကြေးစားဂေါက်သီးကစားသမားများဖြစ်လိုကြသည်။ အလှမယ်များ၊ ရော့ခ်အဆိုတော်များ၊ ရုပ်ရှင်သရုပ်ဆောင်များ၊ အောင်မြင်သောအရောင်းအဝယ်သမားများဖြစ်လိုကြသည်။ အကြောင်းမှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအရအောင်မြင်မှုသည် ကျောင်းသင်သည့်စာတော်ခြင်းနှင့်ဆက်နွယ်မှုမရှိကြောင်း သိနေကြသောကြောင့်ပင်ဖြစ်သည်။

စာသင်သားများကျောင်းပြီးလာကြသည့်အခါ လက်တွေ့ဘဝတွင် ငွေကြေးဆိုင်ရာ ကျွမ်းကျင်မှုတွေရှိဖို့ လိုအပ်နေသည်။ သူတို့ကျွမ်းကျင်ရမည့်အရာမှာ ငွေရှာနည်းမဟုတ်၊ ငွေသုံးနည်းဖြစ်သည်။ မိမိလက်ထဲရောက်ရှိလာသည့်ငွေကို မည်သို့အသုံးချရမည်မသိသောကြောင့် ငွေကြေးလုံးချာလည်နေကြခြင်းဖြစ်သည်။ မိမိလက်ထဲရောက်ရှိလာသည့်ငွေကို မည်သို့ ထိန်းသိမ်းထားရမည်နည်း။ မည်မျှအချိန်ကြာကြာထိန်းသိမ်းထားမည်နည်း။ ထိုငွေက ဘယ်လောက်အလုပ်အကျွေးပြုသနည်းဆိုတာတွေ သိဖို့ဖြစ်သည်။

လူတစ်ဦးသည် အဆင့်မြင့်ပညာတွေတတ်မြောက်ပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် အောင်မြင်နိုင်သော်လည်း ငွေကြေးအခြေခံပညာကို လုံးဝတတ်မြောက်မထားသည့်ခြင်းဖြစ်နေနိုင်ပါသည်။ ထိုသူတို့သည် အလုပ်ကိုကြိုးစားပင်ပန်းစွာ

www.burmeseclassic.com

www.burmeseclassic.com




လုပ်ကိုင်ကြသည်ကို မကြာခဏတွေ့ရသည့်အကြောင်းမှာ သူတို့သည်အလုပ်ကို ကြိုးစားအားထုတ်ဖို့ကိုသာ လေ့လာထားပြီး ငွေကြေးအားမည်သို့ခိုင်းစေရမည်ကို လေ့လာမထားသောကြောင့် ဖြစ်သည်။

## ငွေကြေးမျှော်မှန်းချက်တစ်ခုမှ အိမ်မက်ဖြစ်သွားရခြင်း


အောက်ပါပုံများသည် အလုပ်ကြိုးစားလုပ်ကိုင်သူများတွင် ပုံစံသေတစ်ခုရှိနေကြောင်းဖော်ပြနေသည်။ မကြာမီကမှ လက်ထပ်လိုက်ကြသော ပညာတတ်စုံတွဲတစ်တွဲသည် ငှားထားသောအခန်းကျဉ်းလေးတွင် ပျော်ရွှင်ကြည်နူးစွာနေထိုင်ကြသည်။ သူတို့နှစ်ဦးပေါင်းစားဝတ်နေရေးအခက်အခဲမရှိလှဘဲ ငွေပိုငွေလျှံလေးများပင်ရှိနေသေးသည်။ သူတို့တွင်ဝင်ငွေနှစ်ခု ရှိနေသည့်အတွက် အလုပ်ကိုပို၍ကြိုးစားလုပ်ကိုင်ပြီးသားသမီးယူမည်ဟုဆုံးဖြတ်ကြသည်။

သူတို့ဝင်ငွေတိုးလာသောအခါ





သူတို့အတွက်အသုံးစရိတ်တွေတက်လာသောအခါ






ထို့နောက်တွင်သူတို့ပေးရန်တာဝန်များ များပြားလာတော့သည်။




လူငယ်ဇနီးမောင်နှံ၏ အခြေအနေကို ဖော်ပြပါ သုံးပုံက ထင်ဟပ်ပြနေသည်။ သူတို့တွင် နှစ်ဦးပေါင်းဝင်ငွေမြင့်လာသည့်အတွက် ကိုယ်ပိုင်အိမ်တစ်လုံးဝယ်ဖို့ ဆုံးဖြတ်လိုက်ကြသည်။ အိမ်သစ်ကို ရောက်သာအခါ အိမ်ခွန်၊ မြေခွန်နှင့်အခြားအခွန်အခများကို ပေးဆောင်ကြရတော့သည်။ ထို့နောက် သူတို့ဝယ်ထားသောအိမ်နှင့်လိုက်ဖက်ရန်အတွက် မော်တော်ကား၊အိမ်ထောင်ပရိဘောဂနှင့် အခြားအသုံးအဆောင်များကို ဝယ်ယူကြလေသည်။ ပထမပိုင်း၌ သူတို့ သတိမမူမိသော်လည်း သတိပြုမိလိုက်သည့်အချိန်တွင် ပေးရန်တာဝန်များဖြစ်သည့် ကြွေးဝယ်ကတ်ပြားနှင့် ပေါင်နှံချေးငွေကြေးများ များပြားပြည့်နှက်နေသည်ကို တွေ့ကြရသည်။

ဤတွင် သူတို့ကလေးတစ်ယောက်ရလာသည်။ ထို့အတွက် သူတို့ပိုပြီး ကြိုးစား အလုပ်လုပ်ကိုင်ကြသည်။ အသုံးစရိတ်တွေပို

www.burmeseclassic.com

www.burmeseclassic.com



များပြားလာသည်။ သူတို့မှာ ကြွက်ပြေးလမ်းတွင် ပိတ်မိသလို ဖြစ်နေလေပြီ။ ဝင်ငွေပိုရသည့်အတွက် အခွန်အခပိုပေးရသည်။ ကြွေးဝယ်ကတ်ပြားရောက်လာပြီး သုံးစွဲလိုက်သည့်အခါ ကြွေးဝယ်ကတ်ပြားထဲက ငွေကုန်သွားသည်။ သူတို့၏အကြီးမားဆုံးရပိုင်ခွင့်ဖြစ်သော အိမ်ကို တန်ဖိုးဖြတ်ပြီး ငွေချေးကုမ္ပဏီမှ ငွေချေးသည်။ ထို့နောက် အတိုးနှုန်းမြင့်သည့်ကြွေးဝယ်ကတ်ပြားဖြင့် ကြွေးတွေကို ဆပ်လိုက်ကြသည်။ ငွေချေးကုမ္ပဏီက အခွန်နှုတ်ပြီး ငွေပေါ်မှသာ အိမ်ပေါင်ချေးငွေအတိုးကို ယူမည်ဟု ဆိုသည်။ ထိုအခါမှပင် သူတို့သက်ပြင်းချနိုင်တော့သည်။ ကြွေးဆပ်ရသည့် ငွေပမာဏလျော့နည်းသွားသည့်အကြောင်းမှာ ချေးငွေကာလ နှစ် ၃၀ ချေးငွေဖြစ်သောကြောင့်ဖြစ်သည်။

သူတို့သည် လျှော့ဈေးဖြင့် ရောင်းချသောကြောင့် ကုန်ကျစရိတ်သက်သာမည့် ဈေးရောင်းပွဲတော်သို့ အိမ်နီးချင်းတစ်ဦးက ဖိတ်ခေါ်သဖြင့် သွားရောက်ကြသည်။ ဘာမှမဝယ်ဘဲ ကြည့်ရုံပဲ ကြည့်မည်ဟု စိတ်ကဆုံးဖြတ်ထားသော်လည်း ဈေးတော်တာလေးများတွေ့ရင်ဟူသော စိတ်ကူးဖြင့် ကြွေးဝယ်ကတ်ပြားအသစ်လေးကိုပါ ထည့်လာခဲ့ကြသည်။

သူတို့ကဲ့သို့သော ဇနီးမောင်နှံ စုံတွဲတစ်တွဲ ကျွန်တော်၏ ဟောပြောပွဲသို့လာကြသည်။ သူတို့၏ ငွေကြေးအခက်အခဲများကတော့ အတူတူပင် ဖြစ်သည်။ သူတို့ငွေကြေးမပြေလည်ရခြင်း၏ အကြောင်းရင်းမှာ သူတို့မှာရှိသည့်ငွေကို ဘယ်လိုသုံးစွဲရမလဲဟူသော ရွေးချယ်မှုပေါ်တွင် မူတည်နေကြောင်း မသိကြသောကြောင့်



ဖြစ်ပါသည်။ အဓိကမှာ ငွေကြေးအခြေခံပညာကိုမတတ်ဘဲရပိုင်ခွင့်နှင့်ပေးရန်တာဝန်ခြားနားချက်ကို မသိကြသောကြောင့်ဖြစ်သည်။

မည်သူပင်ဖြစ်ပစေ ပိုက်ဆံမပြေလည်ခြင်းကို ပိုက်ဆံပိုရခြင်းဖြင့် ဖြေရှင်းဖို့ မလွယ်ကူလှပါ။ ထိုပြဿနာကို ဦးနှောက်ဉာဏ်ကသာ ဖြေရှင်းပေးပါသည်။ ဂျပန်လူမျိုးတို့သည် စွမ်းအားသုံးရပ်ကို အလေးထားကြကြောင်း ကျွန်တော့်အဖေမကြာမကြာ ပြောခဲ့ဖူးသည်။ ၎င်းမှာ ဓါးရှည်၏စွမ်းအား, ကျောက်သံပတ္တမြား၏ စွမ်းအားနှင့်ကြည့်မှန်၏စွမ်းအားတို့ဖြစ်သည်။

ဓါးရှည်၏စွမ်းအားက လက်နက်ကို ကိုယ်စားပြုသည်။ အမေရိကသည် ဒေါ်လာသန်းပေါင်းများစွာ အရင်းအနှီးပြုပြီး လက်နက်များ ထုတ်လုပ်ခဲ့သည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် လက်နက်အင်အားကြီး နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။

ကျောက်သံပတ္တမြား၏စွမ်းအားက ငွေကြေးကို ကိုယ်စားပြုသည်။ ကြည့်မှန်ကမူ ကိုယ့်ကိုကိုယ်သိမြင်ခြင်းကို ကိုယ်စားပြုသည်။ စွမ်းအားသုံးရပ်ထဲတွင် ကိုယ့်ကိုကိုယ်သိမြင်ခြင်း စွမ်းအားကို တန်ဖိုးအထားဆုံးဖြစ်ကြောင်း ဂျပန်လူမျိုးတို့က ဆိုသည်။

လူလတ်တန်းစားများ နှင့်ဆင်းရဲသားများကိုငွေ၏စွမ်းအားက အမြဲတမ်းလို ထိန်းချုပ်ထားသည်။ နေ့စဉ်နှင့်အမျှ အလုပ်ကို ဖိဖိစီးစီး ကြိုးစားလုပ်ကိုင်နေသော်လည်း ငွေကြေးအကြောင်း အပြည့်အဝနားလည်သဘောပေါက်မှု မရှိသဖြင့် ငွေ၏ စွမ်းအားက သူတို့ကို ထိန်းချုပ်ထားခြင်း ဖြစ်သည်။ ကြည့်မှန်၏ စွမ်းအားကိုသာ အသုံးချတတ်မည်ဆိုလျှင် သူတို့လုပ်ကိုင်နေကြသည်မှာ အဓိပ္ပါယ်

www.burmeseclassic.com

www.burmeseclassic.com



ရှိရဲ့လားဟု သူတို့ကိုယ်သူတို့ မေးကြလိမ့်မည်။ ကိုယ့်ပင်ကိုယ် စွမ်းရည်နှင့် ဉာဏ်အမြော်အမြင်ကို ယုံကြည်အားကိုးခြင်းမပြုပဲ၊ အများလုပ်သည့်အတိုင်း လိုက်လုပ်နေကြသည်။ အများသူငါ လက်ခံထားကြသော အယူအဆများဖြစ်သည့် "အလုပ်ကို သုံးလေး မျိုးလောက်ခွဲလုပ်မှ"ဆိုသောစကားမျိုး "ကိုယ့် ကိုယ်ပိုင်အိမ်မှ ကိုယ် ရပိုင်ခွင့်" ဆိုသော စကားမျိုးအတိုင်း စဉ်းစားဆင်ခြင်ကင်းမဲ့စွာ ပြုလုပ်နေကြသည်။

များစွာသော သူတို့သည် ပရိသတ်ရှေ့တွင် စကားပြောရမည်ကို သေမှာထက်ပင်ကြောက်ကြသည်ဟု ဆိုသည်။စိတ်ပညာရှင်များအဆိုအရ လူအများရှေ့ စကားပြောရမှာကို ကြောက်သည့်စိတ် ဖြစ်ရခြင်းမှာ ဝေဖန်ခံရမှာ ကြောက်သည့်စိတ်၊ ထီးထီးမားမား ဖြစ်နေမှာကိုကြောက်သည့်စိတ်၊ လှောင်ပြောင်ခံရမည်ကို ကြောက်သည့်စိတ်တို့ကြောင့် ဖြစ်သည်ဟုဆိုသည်။ အများသူငါနှင့်မတူပဲ ထူးခြားနေမှာကို ကြောက်သည့်စိတ်က ပြဿနာဖြေရှင်းနိုင်သည့် နည်းလမ်းသစ်များကို မရအောင် တားဆီးထားလေသည်။ အတော်များများသော ကြီးမားသည့် ငွေကြေးအခက်အခဲများသည် အများနည်းတူလိုက်ပြီး လှုပ်ရှားနေသောကြောင့် ပေါ်ပေါက်လာရခြင်းများဖြစ်ကြသည်။ ကျွန်တော်တို့ အားလုံးသည် မကြာခဏဆိုသလို ကြည့်မှန်ထဲကို ပြန်ကြည့်ဖို့လိုသည်။ ထို့နောက် ကြောက်ရွံ့စိတ်များကို ရှေ့တန်းတင်မည့်အစား မိမိဦးနှောက် စဉ်းစားဉာဏ်အတိုင်း ပြုလုပ်သင့်သည်။

ကျွန်တော်နှင့်မိုက်တို့နှစ်ဦးသည် နေ့စဉ်ကျောင်းဆင်းချိန်



နှင့်ကျောင်းပိတ်ရက်များတွင် မိုက်၏အဖေထံမှာ အလုပ်လုပ်ကြသည်။ ကျွန်တော်တို့ လုပ်စရာရှိသောအလုပ်များပြီးသောအခါ မိုက်ဖေဖေ၏ စည်းဝေးစားပွဲမှာ တစ်ခါတစ်ရံ ဝင်ရောက်နားထောင်ကြသည်။ မိုက်ဖေဖေက စာရင်းကိုင်များ၊ ဘဏ်မန်နေဂျာများ၊ ဥပဒေပညာရှင်များ၊ ပွဲစားများ၊ ရင်းနှီးမြှုပ်နှံသူများ၊ ကုမ္ပဏီမန်နေဂျာများကို ထိုစည်းဝေးပွဲတွင် လမ်းညွှန်ပေးသည်။ အဆိုပါ အတတ်ပညာများကို အမိန့်ပေးလမ်းညွှန်သူကား အသက် (၁၃) နှစ်ကတည်းက ကျောင်းထွက်လာသည့် ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်ကြီးသည် ကိုယ်ပိုင်စဉ်းစားဉာဏ်ဖြင့် ကြံဆလုပ်ကိုင်တတ်သူဖြစ်ပြီး အခြားသူတွေယောင်တိုင်းလိုက်ပြီး ယောင်တတ်သူမဟုတ်ပေ။ သူသည် တစ်ခုခုလုပ်စေချင်သည်ဆိုလျှင် မဖြစ်ဖြစ်အောင်လုပ်တတ်သူဖြစ်ပြီး "မလုပ်နိုင်" ဟူသော စကားကို နှစ်ခြိုက်မှုမရှိပါ။

ကျွန်တော်နှင့်မိုက်သည် ကျောင်းစာသင်နှစ်များအတွင်း ချမ်းသာသောအဖေ၏စည်းဝေးပွဲမှာ လိုက်ထိုင်သောကြောင့် အသိပညာများစွာ တတ်သိနားလည်ခဲ့သည်။ မိုက်၏အဖေက ကျောင်းပညာမတတ်သော်လည်း ငွေကြေးနှင့်ပတ်သက်သော ပညာတတ်သည်။ ထို့ကြောင့်ပင် သူသည် ကြီးပွားချမ်းသာပြီး အောင်မြင်လာခဲ့ခြင်းဖြစ်သည်။ 'ဉာဏ်ရှိတဲ့လူတစ်ယောက်ဟာ ဉာဏ်ရည်သာတဲ့သူတွေကိုငှားသုံးတာကွ'ဟု မိုက်၏အဖေက အမြဲလိုလိုပြောခဲ့သည်။ ကျွန်တော်နှင့်မိုက်သည် ထိုကဲ့သို့သောစကားများကို ကြိမ်ဖန်များစွာနားထောင်ခွင့်ရခဲ့သည်။ ထိုသို့နားထောင်ရင်းဖြင့် လေ့လာသင်ယူ

www.burmeseclassic.com

www.burmeseclassic.com



ဆည်းပူးခွင့်ရခဲ့သည်။

ထိုအကြောင်းများကြောင့် ကျွန်တော်နှင့်မိုက်သည်ကျောင်း ဆရာ/ဆရာမများ သင်ကြားပေးသည့် ပုံသေအယူအဆများကို လက်ခံလိုခြင်း မရှိတော့ပါ။ အကယ်၍ ဆရာတစ်ယောက်က 'မင်း စာမတော်ရင် လက်တွေ့လောကမှာ မအောင်မြင်နိုင်ဘူး' ဟု ပြော လာလျှင် ကျွန်တော်နှင့်မိုက်တို့ မျက်ခုံးတွန့်မိကြသည်။ သတ်မှတ် ထားသည့် လုပ်ထုံးလုပ်နည်းအတိုင်း လိုက်နာဖို့ညွှန်ကြားခံရသော အခါ ကျောင်းနေစာသင်နည်းသည် တီထွင်ဆန်းသစ်မှုကို အားပေး မှုမရှိကြောင်း သိမြင်လာရသည်။ ထို့ကြောင့် စာသင်ကျောင်းမှ ပုံဖော်ပေးလိုက်သူများသည် အလုပ်ရှင်များဖြစ်မလာဘဲ အလုပ် သမားများ ဖြစ်လာသည်ဟူသည့်ချမ်းသာသောအဖေ၏စကားများ ကို ကျွန်တော်တို့ သဘောပေါက်စပြုလာပါသည်။

ကျွန်တော်နှင့်မိုက်သည် အခွင့်အရေးရတိုင်း ဆရာ/ ဆရာမများကို မေးခွန်းတွေမေးလာကြသည်။ လက်တွေ့ဘဝတွင် ကျောင်းမှာ သင်ကြားသည့်စာများမည်သို့ အသုံးချမည်နည်း။ ကျွန်တော်တို့စာသင်ကျောင်းများတွင် ငွေကြေး အလုပ်လုပ်ပုံကို အဘယ့်ကြောင့် မသင်ခဲ့သနည်း။ ငွေကြေးက အရေးမကြီးပဲ၊ ကျွန်တော်တို့ စာတော်လျှင် ငွေက အလိုလိုဖြစ်လာမည် ဟူသော အဖြေမျိုးကိုသာ မကြာခဏ ကြားကြရသည်။

ကျွန်တော်တို့နှစ်ယောက်သည် ငွေ၏စွမ်းအားကိုပိုသိလာ လေ ကျောင်းရှိအတန်းဖော်များ ဆရာဆရာမများနှင့်ပို၍ ဝေးကွာ လာလေဖြစ်တော့သည်။ အဘယ့်ကြောင့်ဟူ၍တော့မသိ ပညာတတ်



အဖေက အတန်းထဲမှာ အဆင့်ကောင်းကောင်းရအောင် ကျွန်တော့် ကို ဘယ်တော့မှ ဖိအားမပေးပါ။ သို့သော် ငွေအကြောင်းနှင့် ပတ်သက်လာလျှင်တော့ ကျွန်တော်တို့သားအဖနှစ်ယောက်အခြေ အတင် ငြင်းခုန်ကြရသည်။ ငွေကြေးနှင့်ပတ်သက်လာလျှင်(၁၆) နှစ်သားအရွယ်ကတည်းက အဖေအမေတို့ထက်ပို၍ တတ်ကျွမ်းနား လည်နေပြီ ဖြစ်သည်။ အခွန်စာရင်းကိုင်များ၊ ကုမ္ပဏီဥပဒေပညာ ရှင်များ၊ ဘဏ်မန်နေဂျာများ၊ အိမ်မြေပွဲစားများ၊ ရင်းနှီးမြှုပ်နှံသူ များ ပြောဆိုဆွေးနွေးကြသည်ကို ကျွန်တော်နားထောင်သည်။ပညာ ယူသည်။ ထို့နောက် ကျွန်တော်စာရင်းတွေ ရေးဆွဲတတ်လာသည်။ ကျွန်တော်အဖေကမူ ကျောင်းဆရာများနှင့်သာ စကားပြောဆို ဆွေးနွေးသည်။

တစ်နေ့တွင်မူ ပညာတတ်သောအဖေက သူပိုင်အိမ်သည် သူ့အတွက် အကြီးမားဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်း ပြောပြသည်။ ထိုအခါ ကျွန်တော်က အိမ်သည် အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုဖြစ် သည်ဟု မယူဆကြောင်း ပြောသောအခါ အခြေအတင် ငြင်းခုန်ပွဲ လေး တစ်ခုဖြစ်ပေါ်ခဲ့ရလေသည်။

အောက်ပါပုံများသည် ချမ်းသာသောအဖေနှင့်ဆင်းရဲ သောအဖေ၏ အိမ်နှင့်ပတ်သက်ပြီး အမြင်မတူပုံကို ဖော်ပြထား သည်။

**ချမ်းသာသောအဖေ**

| ရပိုင်ခွင့် | ပေးရန်တာဝန် |
|---|---|
| | အိမ် |

**ဆင်းရဲသောအဖေ**


| ရပိုင်ခွင့် | ပေးရန် တာဝန် |
|---|---|
| အိမ် | |

www.burmeseclassic.com

www.burmeseclassic.com



ငွေသားစီးဆင်းမှုလမ်းကြောင်းကို ပြလိုသောကြောင့် ထိုပုံများကို ဆွဲရခြင်းဖြစ်သည်။ အိမ်ကြီးကြီးပိုင်လေ ကုန်ကျစရိတ်ပိုကြီးလေဖြစ်ကာ အသုံးစရိတ်ကော်လံမှတဆင့် ငွေသားများ စီးထွက်နေလေသည်။




တကယ်တမ်းတွင် အိမ်တစ်လုံးသည် ရပိုင်ခွင့်မဟုတ်ဟူသော အယူအဆကို ယခုတိုင်ကျွန်တော်ငြင်းခုန်နေရဆဲပင်ဖြစ်သည်။ ကိုယ်ပိုင်အိမ်တစ်လုံးဆိုသည်မှာ လူအတော်များများအတွက် ရယူပိုင်ဆိုင်လိုသောအရာလည်းဖြစ်၊ အကြီးမားဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်းကို ကျွန်တော်လည်းသိပါသည်။ အဆိုပါစွဲလမ်းမှုကို တခြားအမြင်တစ်မျိုးဖြင့် ကြည့်ဖို့တိုက်တွန်းချင်ပါသည်။ ကျွန်တော့်အနေနှင့်မူ ပို၍ကြီးမားထည်ဝါသော အိမ်တစ်လုံးဝယ်ပါက ကျွန်တော့်အတွက် ရပိုင်ခွင့်မဖြစ်ပဲ ပေးရန်တာဝန်သာဖြစ်မည်ကို သဘောပေါက်နားလည်ထားသည်။ အကြောင်းမှာ ကျွန်တော်တို့



ထံတွင် ရှိသောပိုက်ဆံများကို ထိုအိမ်ကတဖြည်းဖြည်းချင်းသယ်ယူမည်ကို သိထားသောကြောင့်ဖြစ်သည်။

အကြောင်းပြချက်တစ်ခုကို ကျွန်တော်တင်ပြပါက လူအများစုကြီးက သဘောတူလက်ခံလိမ့်မည်မထင်ပါ။ ၄င်းမှာကိုယ်ပိုင်အိမ်ဟူသည် စိတ်ခံစားချက်နှင့်ပတ်သက်သော ပစ္စည်းဖြစ်ပြီး ထိုခံစားချက်ကြီးမားပါက ငွေကြေးအသိဉာဏ်ကို ဆင်ခြင်နိုင်စွမ်းအားနည်းစေပါသည်။ ငွေကြေးက စိတ်ခံစားချက်နှင့်ယှဉ်သော ဆုံးဖြတ်ချက်များကိုသာ ပြုလုပ်စေကြောင်း ကျွန်တော်၏အတွေ့အကြုံများအရ သိရှိနေပါသည်။

(၁) လူတို့သည် ကိုယ်မပိုင်ဆိုင်သည့် အိမ်တစ်လုံးအတွက် အလုပ်လုပ်ပြီး ပေးဆပ်နေကြရသည်။ တနည်းအားဖြင့် လူတို့သည် အချိန်ကြာမြင့်တိုင်း အိမ်တစ်လုံးဝယ်၏။ ထိုအခါ ပထမအိမ်ကြွေးကိုဆပ်ဖို့ နှစ် (၃၀)ချေးငွေကို ချေးကြသည်။ ကြွေးတင်ပြီးသားဖြစ်နေသောကြောင့် အိမ်ကို ပိုင်သည်ဟု ပြော၍မဖြစ်ချေ။

(၂) အိမ်ပေါင်ချေးငွေဆပ်ရန်အတွက် အခွန်အခနှုတ်ပြီး ငွေပေါ်မှသာ အတိုးပေးရမည်ဆိုသော်လည်း အခြားအသုံးစရိတ်များအားလုံးကိုလည်း အခွန်နှုတ်ပြီးသားငွေဖြင့်ပင် ပေးချေရပါသည်။

(၃) အိမ်ခွန်၊ မြေခွန်များက အငြိမ်းစားပြီးသွားသည့်အခါမျိုးတွင် မဖြစ်စလောက်သော အငြိမ်းစားလစာငွေလေးကို ထိခိုက်လာတော့သည်။

(၄) အကြောင်းတစ်ခုမှာ အိမ်ဟူသည် အစဉ်အမြဲ တန်ဖိုးတက်မနေတတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



(၅) အိမ်ဝယ်ဖို့အတွက် ရှိသမျှငွေအားလုံးစိုက်ထုတ်ထားလျှင် စရိတ်စကများ ကာမိစေရန် ပိုမို ကြိုးစားအလုပ်လုပ်ရပေတော့မည်။ ထို့အတွက် အခွင့်အလမ်းများ လက်လွှတ်ကုန်ခြင်းသည် အကြီးမားဆုံး ဆုံးရှုံးမှုဖြစ်သည်။ ရပိုင်ခွင့်ဖက်တွင် ပိုင်ဆိုင်ပစ္စည်းတိုးလာမည့်အစား အသုံးစရိတ်ဖက်မှသာ ငွေသားများစီးထွက်နေပေလိမ့်မည်။

အကယ်၍သာ လူငယ်ဇနီးမောင်နှံသည် သူတို့၏ ရပိုင်ခွင့်ဖက်တွင် စောစောကတည်းက ငွေထည့်ပြီး ရင်းနှီးထားလျှင် တဖြည်းဖြည်းနှင့် သူတို့အတွက် အဆင်ပြေလာလိမ့်မည်။ ၄င်းမှာ ကလေးများ တက္ကသိုလ်ပို့ရသည့်အချိန်မျိုးဖြစ်သည်။ ရပိုင်ခွင့်ကြီးထွားလာသည့်အခါ အသုံးစရိတ်များကို ထေမိစေမည်။ အိမ်တစ်လုံးသည် အပေါင်ထားငွေချေး၍ စရိတ်စကများပေးချေရုံလောက်သာ အသုံးဝင်လေ့ရှိသည်။

စောစီးစွာ ရင်းနှီးမြှုပ်နှံခြင်းမလုပ်ဘဲ အိမ်ဝယ်ဖို့ ဆုံးဖြတ်ခြင်းသည် ဘဝကို အောက်ပါအတိုင်း ထိခိုက်နစ်နာစေသည်-

(၁) ရပိုင်ခွင့်များ တန်ဖိုးတက်လာနိုင်သည့်အချိန်ကို ဆုံးရှုံးသည်။

(၂) ထပ်မံရင်းနှီးနိုင်မှုများ ဆုံးရှုံးသည်။ အိမ်အတွက်ပြုပြင်ထိန်းသိမ်းစရိတ်များ ကုန်ကျနေသောအခါ ထပ်မံရင်းနှီးနိုင်သည့် ရပိုင်ခွင့်များကို ဝယ်ယူမြှုပ်နှံမှု မလုပ်နိုင်တော့ပါ။

(၃) အသိပညာများ ဆုံးရှုံးရသည်။ လူအများသည် သူတို့၏ ရပိုင်ခွင့်ထဲတွင် အိမ်၊ စုငွေ စသည်တို့ ထည့်သွင်းထားသည့်အခါ



ငွေမရှိသည့်အတွက် ရင်းနှီးမြှုပ်နှံမှုမပြုလုပ်ကြတော့ပါ။ ရင်းနှီးမြှုပ်နှံမှု အတွေ့အကြုံမရှိတော့သည့်အတွက် ခေတ်မီရင်းနှီးမြှုပ်နှံသူဖြစ်မလာတော့ပါ။

ဆိုလိုသည်မှာ လုံးဝအိမ်မဝယ်နှင့်ပြောနေခြင်း မဟုတ်ပါ။ ရပိုင်ခွင့်နှင့်ပေးရန်တာဝန်ကို ခြားနားသိစေလို၍ ပြောနေခြင်းဖြစ်ပါသည်။ ငွေထွက်လာမည့်ရပိုင်ခွင့်များကို ဦးစွာဝယ်ယူပြီးမှသာ အိမ်ဝယ်ဖို့ဆုံးဖြတ်သင့်ပါသည်။ ပညာတတ်အဖေ၏ငွေစာရင်းကို ကြည့်လျှင် အသုံးစရိတ်များက ဝင်ငွေနှင့်ထပ်တူထပ်မျှ ဖြစ်၍နေသည်။ ရပိုင်ခွင့်ထဲတွင် ရင်းနှီးမြှုပ်နှံဖို့ သူ့တွင်ငွေပိုလျှံသည်ဟူ၍ မရှိ။ ထို့ကြောင့် ပေးရန်တာဝန်များသည် ရပိုင်ခွင့်များထက် ပိုများပြားနေလေသည်။

**ပညာတတ်အဖေ၏ ငွေစာရင်းရှင်းတမ်း**


| |
|---|
| ဝင်ငွေ |
| အသုံးစရိတ် |

| ရပိုင်ခွင့် | ပေးရန်တာဝန် |
|---|---|
| | |

ချမ်းသာသောအဖေကမူ ရင်းနှီးမြှုပ်နှံမှုကို ဦးစားပေးပြီး ပေးရန်တာဝန်များအနည်းဆုံးဖြစ်အောင် လျှော့နိုင်သလောက် လျှော့ချထားသည့်ငွေစာရင်းရှင်းတမ်းဖြင့် သူ့ဘဝကို ထင်ဟပ်စေသည်။

www.burmeseclassic.com

## ချမ်းသာသောအဖေ၏ ငွေစာရင်းရှင်းတမ်း




ချမ်းသာသူတွေက အဘယ့်ကြောင့် ပို၍ ချမ်းသာရကြောင်းကို ချမ်းသာသောအဖေ၏ ငွေစာရင်းရှင်းတမ်းကို ကြည့်ပြီး သိနိုင်ပါသည်။ ရပိုင်ခွင့်များမှ ရရှိသောဝင်ငွေသည် အသုံးစရိတ်များကို ကာမိသည်။ ၎င်းမှပိုသည့်ငွေကို ရပိုင်ခွင့်ကဏ္ဍတွင်ပင် ပြန်၍ ရင်းနှီးမြှုပ်နှံသည်။ အစိပ္ပါယ်မှာ အကျိုးရှိမည့် ပစ္စည်းများကို ထပ်မံဝယ်ယူသည်။ ထိုအခါ ရပိုင်ခွင့်များ ပိုများပြားလာပြီး ဝင်ငွေများပို၍ တိုးပွားလာသည့်သဘောဖြစ်သည်။ ထို့ကြောင့် ချမ်းသာသူများက ပို၍ချမ်းသာလာကြသည်။

လူလတ်တန်းစားများသည် အမြဲလိုပင်ငွေကြေးကြပ်တည်းနေကြရသည်။ သူတို့အတွက် လခသည် အဓိကဝင်ငွေဖြစ်သည်။ လခတိုးလာသည်နှင့်အခွန်အခများပါ တိုးလာသည်။ ဝင်ငွေတိုးလာသည်နှင့်အမျှ အသုံးစရိတ်များ တိုးပွားလာနိုင်သည်။ သူတို့သည် ဝင်ငွေရမည့်အရာများကို ရင်းနှီးမြှုပ်နှံမည့်အစား ကိုယ်ပိုင်အိမ်ကို ရင်းနှီးမြှုပ်နှံမှုဟု သဘောထားကြသည်။

အဓိကအားဖြင့် သင်၏အိမ်ကို ရင်းနှီးမြှုပ်နှံမှုဟု ယူဆပြီး လခတိုးလျှင် သို့မဟုတ် ဝင်ငွေတိုးလျှင် ငွေကြေးပို၍များများ သုံးစွဲ



နိုင်မည်ဟူသော အတွေးအခေါ်တို့သည် ယနေ့လူမှုအဖွဲ့အစည်းကို ငွေကြေးအကြပ်အတည်းများ ကြုံတွေ့စေနိုင်သည့် အကြောင်းရင်းများပင်ဖြစ်သည်။ သူတို့သည် သက်ဆိုင်ရာ ရုံးအလုပ်ဌာနများတွင် ရာထူးတိုး၊ လစာတိုးကြသည်။ ထိုအခါ ငွေကိုပို၍ပင် သုံးစွဲလာကြသည်။ ဒီအတွက် ပို၍ပင် ကြွေးတင်ပြီး ငွေကြေးမတည်ငြိမ်မှုနှင့် ကြုံကြရသည်။ ၎င်းမှာ ငွေကြေး အခြေခံပညာအားနည်းသောကြောင့် ဖြစ်လာရသည့် လူနေမှုပုံစံပင်ဖြစ်သည်။

၁၉၉၀ ပြည့်နှစ်များက ဖြစ်ပေါ်ခဲ့သော စီးပွားရေးအကျပ်အတည်းကြောင့် အလုပ်ဖြုတ်ခံရမှုများ၊ လူလျှော့ခံရမှုများကို ကြည့်ခြင်းအားဖြင့် လူလတ်တန်းစားတို့၏ငွေကြေးအခြေအနေမည်မျှအထိ မတည်မငြိမ်ဖြစ်နေသည်ကို သိနိုင်သည်။ ယခုအခါတွင် လူလတ်တန်းစားများသည် အကျိုးတူရံပုံငွေများ ထည့်ဝင်အပ်နှံကြသည်။ ၎င်းကို စိတ်ချလုံခြုံသည်ဟု ယူဆသောကြောင့် အကျိုးတူအပ်နှံငွေများ၊ လူကြိုက်များခေတ်စားလာခြင်းဖြစ်သည်။ များသောအားဖြင့် လူလတ်တန်းစားများသည် ကိုယ့်အလုပ်နှင့်ကိုယ် ကိုယ့်ကြပ်တည်းမှုနှင့်ကိုယ် ဗျာများနေကြရသည်။ မည်သို့သော နည်းလမ်းများဖြင့် မိမိငွေကို ရင်းနှီးမြှုပ်နှံရမည်ဆိုသည်ကို အချိန်ပေးပြီး မလေ့လာနိုင်ကြပါ။ ထို့ကြောင့် အကျိုးတူစီးပွားရေးလုပ်ငန်းစသည်တို့ကိုသာ အားထားကြရသည်။ အဆိုပါအကျိုးတူစီးပွားရေးလုပ်ငန်းကုမ္ပဏီတွင် လုပ်ငန်းခွဲလေးပေါင်းများစွာရှိသည့်အတွက် စိတ်ချရနိုင်သည်ဟု ယူဆကြသည်။

တကယ်တမ်းအားဖြင့် လူလတ်တန်းစားများ ရင်ဆိုင်နေ

www.burmeseclassic.com



ကြရသည့်အကြပ်အတည်းများသည် ငွေကြေးအခြေခံပညာကို စေ့စေ့စပ်စပ်ထဲက မသင်ယူမလေ့လာခဲ့ကြသောကြောင့်ဖြစ်သည်။ သူတို့၏ မလုပ်သာမလွန့်သာသော ငွေကြေးအခြေအနေအရ စွန့်စားရမှုနည်းသောအလုပ်မျိုးကိုသာ လုပ်လိုကြသည်။ သူတို့ထံတွင် ဝင်ငွေရစေမည့်ရင်းနှီးမြှုပ်နှံမှုပစ္စည်း (ရပိုင်ခွင့်) အမှန်အကန်များမရှိဘဲ အကြွေး(ပေးရန်တာဝန်)များသာရှိနေသည်။ ယေဘုယျအားဖြင့် တစ်မျိုးတည်းသော သူတို့၏ဝင်ငွေမှာ လခသာ ဖြစ်သည်။ သူတို့၏ဘဝ အေးချမ်းရေးအတွက် အလုပ်ရှင်အပေါ်တွင်သာ လုံးလုံးလျားလျား မှီခိုနေကြရသည်။

ထို့ကြောင့်အရေးအကြီးဆုံးဥပဒေသမှာ ရပိုင်ခွင့်နှင့်ပေးရန်တာဝန်၏ခြားနားချက်ကို ကွဲကွဲပြားပြား သဘောပေါက်ဖို့ပင် ဖြစ်သည်။ ထိုသို့သဘောပေါက်ပြီးသည်နှင့် ဝင်ငွေရမည့် ရပိုင်ခွင့်များကို ဝယ်ယူဖို့သာ ဦးတည်ချက်ထားရပါမည်။ ချမ်းသာကြွယ်ဝစေဖို့အတွက် အဆိုပါလမ်းကြောင်းသည်သာ အကောင်းဆုံးလမ်းကြောင်းဖြစ်ပါသည်။

ထိုလမ်းကြောင်းအတိုင်း အစဉ်တစိုက်သွားခြင်းဖြင့် သင်၏ရပိုင်ခွင့်များ တဖြည်းဖြည်းချင်း ကြီးမားလာပါမည်။ ပေးရန်တာဝန် (အသုံးစရိတ်)များ နည်းနိုင်သမျှနည်းအောင်အစဉ်တစိုက်အလေးပေးပါ။ သို့မှသာရပိုင်ခွင့်များ ပို၍ပို၍တိုးပွားအောင် ပြုလုပ်နိုင်ပါမည်။ မိမိ၏ရပိုင်ခွင့်များ အခြေခိုင်မာလာမှသာ အခွင့်အလမ်း ပိုကောင်းသောရင်းနှီးမြှုပ်နှံမှုများကို ရှာဖွေမျှော်မှန်းနိုင်ပါမည်။ ရင်းနှီးမြှုပ်နှံမှုဟူသည်ကို လူလတ်တန်းစားများက အရဲစွန့်ရလွန်းသည်ဟု ဆိုသည်။ အမှန်တကယ်ဆိုလျှင် ရင်းနှီးမြှုပ်နှံခြင်းသည် အရဲစွန့်ခြင်းမဟုတ်ပါ။ ငွေကြေးအသိပညာခေါင်းပါး သောကြောင့် အရဲစွန့်ရလွန်းသည်ဟု ယူဆနေခြင်းဖြစ်သည်။



အကယ်၍ သင်သည် ကိုယ်ပိုင်အိမ်တစ်လုံး ပိုင်သော လခစားသမားတစ်ဦးဖြစ်ပါက သင်၏ အလုပ်ကြိုးစားမှုများသည် အောက်ပါအခြေအနေများအတွက် ဖြစ်နေပေမည်။

(၁) သင်သည် လခရဖို့ အလုပ်လုပ်နေရသောကြောင့် အလုပ်ရှင်ကို ပိုပြီးချမ်းသာအောင် အလုပ်လုပ်ပေးနေရသည်။ သင်၏ကြိုးပမ်းမှုများနှင့် အောင်မြင်မှုများသည် အလုပ်ရှင် အောင်မြင်ဖို့နှင့် အငြိမ်းစားယူနိုင်ဖို့ လုပ်ဆောင်ပေးနေရသလို ဖြစ်သည်။

(၂) သင် အလုပ်လုပ်ပေးနေသည်မှာ အစိုးရအတွက် ဖြစ်သည်။ အစိုးရက သူ၏ဝေစုကို ဖြတ်ယူထားပြီးမှ သင့်အတွက် လခရခြင်းဖြစ်သည်။

(၃) ဘဏ်အတွက်လည်း သင်အလုပ်လုပ်ပေးနေရသည်။ အခွန်များပေးပြီးပါက နောက်ထပ်အများဆုံးပေးရသည်မှာ ဘဏ်စရိတ်နှင့်ဘဏ်တိုးများဖြစ်ပါသည်။

သင်၏အလုပ်ကြိုးစားအားထုတ်မှုများကို ဖော်ပြပါ အဆင့်သုံးဆင့်က ခွဲဝေယူသွားကြမည်ဖြစ်သည်။ ထို့ကြောင့်သင်၏ကြိုးစားအားထုတ်မှုမှ ရလာမည့် အကျိုးအမြတ်ကို သင့်မိသားစုအတွက် အပြည့်အဝ အကျိုးခံစားခွင့်ရအောင် လေ့လာရှာဖွေဖို့ လိုအပ်ပါသည်။ ကိုယ့်စီးပွားရေးကိုယ် ရှေ့ရှုမည်ဟု ဆုံးဖြတ်သည်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ရည်မှန်းချက်များ ထားရှိရပါမည်။ လူအများစုကမူ လက်ရှိလခ၊ ဝင်ငွေရမည့်ပိုင်ဆိုင်ပစ္စည်းများ ဝယ်ယူကြသည်။ အကယ်၍ သူတို့၏ ရပိုင်ခွင့်များ တိုးတက်များပြားလာပြီဆိုလျှင် သူတို့၏ကြွယ်ဝမှုကို မည်သို့တိုင်းတာမည်နည်း။ မည်သည့်အချိန်မျိုးတွင် ချမ်းသာကြွယ်ဝနေပြီဟု သတ်မှတ်မည်နည်း။

ကျွန်တော့်ထံတွင် ရပိုင်ခွင့်များ ပေးရန်တာဝန်များနှင့် ပတ်သက်၍ ကိုယ်ပိုင်အဓိပ္ပါယ်ဖွင့်ဆိုချက်ရှိပါသည်။ ၎င်းကို (Buckminster) ဘတ်မင်စတာဆိုသူပုဂ္ဂိုလ်ထံမှ ရယူသုံးစွဲထားခြင်းဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်ကိုတစ်ချို့က ကိုယ့်ကိုကိုယ် မာန်တက်နေသူဟုသမုတ်ပြီး တစ်ချို့ကတော့ ပါရမီရှင်တစ်ဦးဟု အသိအမှတ်ပြုကြသည်။ သူ၏ပြောကြားချက်များက အစပထမတွင် ရှုတ်ထွေးနေသည်ဟု ထင်ရသော်လည်း တဖြည်းဖြည်းအချိန်ကြာလာသည်နှင့် အတော်ပင် အဓိပ္ပါယ်ပြည့်ဝကြောင်း သိလာရသည်။

အချိန်ကာလ (ရက်ပေါင်းဘယ်လောက်ကြာကြာ) ဆက်လက်ရပ်တည်ရှင်သန်နိုင်သည့်လူတစ်ဦး၏စွမ်းရည်သည် ကြွယ်ဝမှုဖြစ်သည်။ ဥပမာ - ယနေ့မှစ၍ ကျွန်တော်အလုပ်မလုပ်တော့ဘူး ဆိုလျှင် အချိန်ဘယ်လောက်ကြာကြာ အလုပ်မလုပ်ဘဲ ရပ်တည်ရှင်သန်နိုင်မှုစွမ်းရည်ကို ဆိုလိုခြင်းဖြစ်သည်။

ရပိုင်ခွင့်နှင့်ပေးရန်တာဝန်၏ခြားနားချက်ဖြစ်သော အသားတင်တန်ဖိုးကို ဆိုလိုခြင်းမဟုတ်ဘဲ အထက်ပါအဓိပ္ပါယ်ဖွင့်ဆိုချက်က ကြွယ်ဝမှုကို သေချာစွာပင် တိုင်းတာပေးနိုင်သည်။ အသားတင်တန်ဖိုးများတွင်မူ တခါတရံငွေဖြစ်နိုင်ခြင်းမရှိသော



ရပိုင်ခွင့်များပါဝင်နေတတ်သည်။ ထို့ကြောင့် သင့်ထံတွင်ရှိသောငွေကြေးက သင်ရပ်တည်နိုင်ဖို့ မည်မျှအတိုင်းအတာအထိ အလုပ်လုပ်ပေးနေသလဲဟူသော အနေအထားဖြင့်သာ ကြွယ်ဝမှုကိုတိုင်းတာနိုင်မည်ဖြစ်ပါသည်။ ရပိုင်ခွင့်များထဲမှ ငွေသားနှင့် အသုံးစရိတ်များ ကွာခြားမှုကို ကြွယ်ဝခြင်းဟု ခေါ်ပါသည်။

သူ၏အဓိပ္ပါယ်ဖွင့်ဆိုချက်အတိုင်းဆိုလျှင် တစ်လတွင်ရှိသည့် ရက်ပေါင်း ၃၀ မှာ ကျွန်တော်၏ဝင်ငွေစီးဆင်းမှုက ၁၅ ရက်သာခံလိမ့်မည်။ ရှေ့ဆက်၍ ကျွန်တော် ဘယ်လောက်ကြာကြာ ရပ်တည်နိုင်မည်နည်း။ ကျွန်တော့်ထံသို့ တစ်လလျှင် ဒေါ်လာ ၂၀၀၀ စီးဝင်လာမည်ဆိုပါက ကျွန်တော်ကြွယ်ဝလာပါလိမ့်မည်။ လက်ရှိ အနေအထားထက် ပိုမိုသုံးစွဲလိုပါက ရပိုင်ခွင့်ဖက်သို့ ဝင်လာမည့် ဝင်ငွေကို ပိုမိုများပြားတိုးမြင့်အောင် ကြံစည်ရပါမည်။ သို့မှသာ ကြွယ်ဝမှုကို ရေရှည်အချိန်ကြာကြာ ထိန်းထားနိုင်ပါမည်။

နောက်ထပ် ရည်မှန်းချက်တစ်ခုမှာ ပိုလျှံသောငွေကိုထပ်မံ၍ ရင်းနှီးမြှုပ်နှံရပါမည်။ သို့မှသာ ရပိုင်ခွင့်တွေကြီးမားလာပြီးငွေသားစီးဝင်မှု များပြားလာမည်ဖြစ်သည်။ ငွေသားစီးဝင်မှုထက် အသုံးစရိတ်လျော့နည်းနေသမျှ ကာလပတ်လုံး ကျွန်တော်တို့ ပိုမိုကြွယ်ဝချမ်းသာလာပါမည်။ ထပ်ခါထပ်ခါ ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းစဉ်ကို လုပ်ဆောင်နိုင်လျှင် ကြွယ်ဝချမ်းသာသည့် လမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ပြီ ဖြစ်ပါသည်။ ချမ်းသာခြင်း၏ အဓိပ္ပါယ်မှာ သက်ဆိုင်ရာ ကာယကံရှင်အပေါ်၌သာ မူတည်ပါသည်။ ချမ်းသာသူများက ရပိုင်ခွင့်များကို ဝယ်ယူသည်။ ဆင်းရဲသားများတွင်

www.burmeseclassic.com

www.burmeseclassic.com



အသုံးစရိတ်များသာ ရှိသည့် စသည့်အတွေးအခေါ် အယူအဆလေးသာ လက်ကိုင်ပြု၍ ဆောင်ရွက်သင့်သည်။

လူလတ်တန်းစားများက များသောအားဖြင့် ရပိုင်ခွင့်ဟု ထင်မှတ်သည့် ပေးရန်တာဝန်များကို ဝယ်ယူစုဆောင်းကြသည်။ ထိုသို့ဆိုလျှင် မည်ကဲ့သို့ စတင်လုပ်ဆောင်ကြမည်နည်း။ မက်ဒေါ်နယ်စားသောက်ကုန်လုပ်ငန်းကို စတင်တည်ထောင်ခဲ့သူ၏ အမှာစကားကို ဆက်လက်နားဆင်ကြည့်ကြပါစို့။

× × ×

## အခန်း (၄)

## သင်ခန်းစာ (၃) ကိုယ့်အလုပ်သာကိုယ်လုပ်ကြဖို့

၁၉၇၄ ခုနှစ်ခန့်လောက်တွင် မက်ဒေါ်နယ်မုန့်လုပ်ငန်း စတင်တည်ထောင်သူ Ray Kroc (ရေးခရော့) အား တက်ဆက်တက္ကသိုလ် MBAသင်တန်းတွင် ဟောပြောပို့ချပေးဖို့ ဖိတ်ကြားခြင်းခံရလေသည်။ ကျွန်တော်၏ အလွန်ရင်းနှီးသော မိတ်ဆွေ ကီကမ်နင်ဟမ်သည် အဆိုပါသင်တန်းသားတစ်ဦး ဖြစ်သည်။ ဟောပြောပွဲအပြီးတွင် သင်တန်းသားများအားလုံးက ဘီယာသွားသောက်ကြဖို့ ရေးကို ဖိတ်ခေါ်ရာ ရေးကလည်း ဝမ်းပန်းတသာ လက်ခံလိုက်သည်။

ဘီယာဆိုင်သို့ ရောက်၍ သင်တန်းသားများအားလုံး၏ လက်တွင်းသို့ ဘီယာခွက်တွေ ရောက်ရှိသည့်အချိန်တွင် ရေးက 'ကျွန်တော်ဘာလုပ်ငန်းလုပ်နေတယ်ဆိုတာ ခင်ဗျားတို့သိလား' ဟု မေးလိုက်သည်။ အမ်ဘီအေသင်တန်းသားအများစုက ရေးကို နောက်ပြောင်နေသည်ဟု ထင်ပြီး ရယ်မောလိုက်ကြသည်။ ထိုအခါ 'ကျွန်တော်ဘာစီးပွားရေးလုပ်ငန်း လုပ်နေတယ်လို့ ထင်သလဲ' ဟု ရေးက ထပ်မေးလိုက်ပြန်သည်။ ထိုအခါ သင်တန်းသားများထဲမှ တယောက်က 'ကမ္ဘာပေါ်မှာရှိတဲ့ လူတွေအားလုံးက ခင်ဗျား ဟမ်ဘာဂါ (အသားညှပ်ပေါင်မုန့်) လုပ်ငန်းလုပ်နေတယ် ဆိုတာ သိကြတာပေါ့ဗျာ' ဟု ပြန်ဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ရေးက ပြုံးလိုက်ပြီး 'ခင်ဗျားတို့ ဒီလိုပဲ ယူဆမယ်လို့ ကျွန်တော်ထင်ပါတယ်' ဟု ရေးကပြောပြီးနောက် ခေတ္တမျှ အကြာတွင် အောက်ပါအတိုင်း ပြောလိုက်လေသည်။ "သင်တန်းသားများခင်ဗျား၊ ကျွန်တော့်ရဲ့အဓိကလုပ်ငန်းက ဟမ်ဘာဂါမုန့်လုပ်ငန်းမဟုတ်ပါဘူး၊ အိမ်မြေအရောင်းအဝယ်လုပ်ငန်းတစ်ခုပါ"။

ရေးသည် အတော်အချိန်ယူပြီးမှ သူ့အယူအဆကို ရှင်းပြကြောင်း ကိက်က ပြန်ပြောပြသည်။ သူတို့၏လုပ်ငန်းတွင် အဓိကဦးတည်ချက်ထားသည်မှာ ဟမ်ဘာဂါဆိုင်ခွဲများ ဖွင့်လှစ်ဖို့ဖြစ်ကြောင်း၊ သူတို့၏ ဆိုင်ခွဲဖွင့်မည့်နေရာ အကွက်အကွင်းကို အထူးဂရုစိုက်ခဲ့ကြောင်း၊ လက်ခွဲဆိုင်တစ်ဆိုင်အောင်မြင်ဖို့ နေရာအကွက်အကွင်းပေါ်တွင် အဓိကမူတည်နေကြောင်း၊ ဆိုင်ခွဲဖွင့်လိုသူသည် မက်ဒေါ်နယ်နာမည်ဖြင့် ရောင်းချခွင့်တင်မဟုတ်ဘဲ ဆိုင်ခွဲတည်ရှိသည့်မြေနေရာကိုပါ ဝယ်ယူရကြောင်း ရေးခရော့က ရှင်းပြသည်ဟု ပြောသည်။

ယခုအခါ ကမ္ဘာပေါ်တွင် မြေနေရာအများဆုံးပိုင်သူမှာ မက်ဒေါ်နယ်ကုမ္ပဏီတစ်ဦးတည်းသာဖြစ်ကြောင်း အမေရိကနှင့်တကွ အခြားနိုင်ငံအသီးသီးရှိ တန်ဖိုးကြီးသော အကွက်အကွင်းနေရာများကို မက်ဒေါ်နယ်ကုမ္ပဏီက ပိုင်ဆိုင်ထားသည်ဟု ဆိုသည်။ ရေးခရော့သင်ပေးသွားသော သင်ခန်းစာသည် သူ့အတွက် အမှန်တကယ်အကျိုးအရှိဆုံးပင်ဖြစ်ကြောင်း ကိက်က ပြောသည်။ သူ့တွင် ကားရေဆေးသောဌာနတွေရှိပြီး အဓိကစီးပွားရေး လုပ်ငန်းမှာ ကားရေဆေးဌာနများလက်အောက်ရှိ မြေနေရာတွေပင်



ဖြစ်ကြောင်း ပြောပြသည်။

လူအများသည် ကိုယ့်အတွက်မဟုတ်ဘဲ အခြားသူများအတွက်အလုပ်လုပ်ပေးနေရခြင်းဖြစ်သည်ကို ရှေ့ပိုင်းတွင်ပုံများဖြင့် ဖော်ပြခဲ့ပြီးသားဖြစ်ပါသည်။ မိုက်၏အဖေကလည်း ကျွန်တော်တို့နှစ်ယောက်အားထိုသင်ခန်းစာကိုပင်သင်ပေးခဲ့ပါသည်။ထိုသင်ခန်းစာအမှတ် (၃) မှာ 'ကိုယ့်အလုပ်သာ ကိုယ်လုပ်' ဟူ၍ ဖြစ်ပါသည်။

လူတို့သည် အခြားသူတစ်ဦးတစ်ယောက်အတွက်သာ အလုပ်လုပ်ပေးနေခြင်းကြောင့် စီးပွားရေးမပြေလည်ကြရခြင်းဖြစ်ပါသည်။ ထို့ကြောင့်သာ အလုပ်လုပ်သော်လည်း လက်ထဲတွင် ဘာမှမကျန်ရစ်သည့် အဖြစ်မျိုးနှင့်ကြုံကြရခြင်းဖြစ်သည်။

ယခုလက်ရှိပညာရေးစနစ်သည် လူငယ်အများကျောင်းပညာတွင် ထူးချွန်ထက်မြက်ပြီး အလုပ်အကိုင် ကောင်းကောင်းတွေရရှိအောင် သင်ကြားပေးဖို့ကိုသာ အဓိကအလေးအနက်ထားကြသည်။ သူတို့အသိပညာရှင် အတတ်ပညာရှင်များဖြစ်လာကြသောအခါ ငွေရဖို့အတွက် အလုပ်ဝင်လုပ်ကြသည်။ ဤသို့ဖြင့် သူတို့၏ဘဝသည် သူတို့၏ဝင်ငွေ (လခ) ဖြင့် လုံးချာလည်နေတော့သည်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းသည် ကွာခြားမှုအလွန်ကြီးမားသည်။ မကြာခဏဆိုသလိုပင် 'ခင်ဗျား ဘာစီးပွားရေးလုပ်သလဲ' ဟု လူတချို့ကို မေးကြည့်သည်။ 'ကျွန်တော် ဘဏ်မှာလုပ်တယ်' ဟု တချို့က ဖြေတတ်သည်။ 'ခင်ဗျား ဘဏ်တစ်ခုပိုင်တာလား' ဟု ကျွန်တော်ပြန်မေးသောအခါ 'မဟုတ်ပါဘူး၊ ဘဏ်မှာ အလုပ်လုပ်တာပါ' ဟု ဖြေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



၎င်းကို ကြည့်ခြင်းဖြင့် သူတို့သည် မည်သည့်နေရာတွင် အလုပ်လုပ်နေသည်ပဲဖြစ်ဖြစ် သူတို့အတွက် ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းတစ်ခု လိုအပ်နေသည်။ ဝမ်းကျောင်းလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းကို ရေးခရော့က ရှင်းလင်းစွာတင်ပြသွားသည်။ တစ်ချိန်က သူသည် နွားနို့ဖျော်စက်များ ရောင်းချခဲ့သည်။ ယခု ဟမ်ဘာဂါဆိုင်ခွဲဖွင့်ခွင့်များ ရောင်းချသည်။ သို့သော် သူ၏ စီးပွားရေးလုပ်ငန်းမှာ အိမ်မြေအရောင်းအဝယ်လုပ်ငန်း ဖြစ်သည်။

ကျောင်းနေပြီး စာသင်ကြသည့်အတွက် ကြုံတွေ့ရသည့် အဟာန့်အတားတစ်ခုမှာသင်ယူသည့်အတိုင်း ဖြစ်လာခြင်းဖြစ်သည်။ ဥပဒေပညာသင်ယူလျှင် ရှေ့နေဖြစ်လာပြီး အချက်အပြုတ်သင်ယူလျှင် စားဖိုမှူးဖြစ်လာသည်။ ထိုသို့သင်ယူသည့်အတိုင်း ဖြစ်လာသောအခါ ကိုယ်ပိုင်အလုပ်ကို မလုပ်ဖြစ်ကြတော့ပေ။ တစ်သက်တာလုံးတစ်ဦးတစ်ယောက်အတွက်ကိုသာ အလုပ်လုပ်ပေးပြီး ထိုသူချမ်းသာသွားလေတော့သည်။

မည်သူမဆို စီးပွားရေးအရ ခိုင်မာတောင့်တင်းလိုလျှင် ကိုယ်ပိုင်လုပ်ငန်းလုပ်ဖို့ လိုအပ်သည်။ ထိုကိုယ်ပိုင်လုပ်ငန်းမှသာ ရပိုင်ခွင့်တွေ လည်ပတ်နေပါမည်။ ဝင်ငွေရလိုက်ကုန်လိုက် ဖြစ်နေမည်မဟုတ်ပါ။ ရပိုင်ခွင့်နှင့်ပေးရန်တာဝန်ကို သေချာစွာ ခွဲခြားသိရှိပြီး ရပိုင်ခွင့်များကိုသာ ဝယ်ယူစုဆောင်းရမည်ဖြစ်သည်။ ချမ်းသာလိုသူများက ရပိုင်ခွင့်များကိုသာ ဝယ်ယူစုဆောင်းရမည်ဖြစ်သည်။ ချမ်းသာသူများက ရပိုင်ခွင့်ကို အလေးထားနေချိန်တွင် လူအများက အရှုံးအမြတ်စာရင်းကိုသာ အာရုံစိုက်ကြသည်။ ထို့အတွက်



ကြောင့် လုပ်ခလစာ တိုးရလိုသောစကားများ၊ ရာထူးတိုးရလိုသောစကားများ၊ အလုပ်ထွက်ပြီး လခပိုရသည့်အလုပ်ကို ပြောင်းရွှေ့လိုသောစကားမျိုး အမြဲလိုလိုကြားနေကြရသည်။

ရေးခရော့၏အဆိုအရဆိုလျှင် ကိုယ့်အလုပ် ကိုယ်လုပ်သည့်သဘောမဟုတ်သေးပါ။ ဝင်ငွေထဲမှ ပိုထွက်လာမည့် ငွေကို ရပိုင်ခွင့်များ ဝယ်ယူအသုံးချနိုင်မှသာ စီးပွားရေးခိုင်မာလာပါမည်။

လုပ်ငန်းတွေ လျှော့ချသည့်အချိန်အခါတွင် ဝန်ထမ်းများစွာ၊ အလုပ်သမားများစွာ အလုပ်လက်မဲ့ဖြစ်ပြီး ဒုက္ခရောက်ကြရသည်။ တန်ဖိုးအကြီးဆုံး ရပိုင်ခွင့် ယူဆထားသော ကိုယ်ပိုင်အိမ်က ဒုက္ခပေးတော့သည်။ အလုပ်မရှိသော်လည်း အိမ်စရိတ်က လစဉ်မှန်မှန်ကုန်ကျနေ၏။နောက်ထပ်ရပိုင်ခွင့်တစ်မျိုးဟုယူဆထားသည့် မော်တော်ကားကလည်း စိတ်အနှောင့်အယှက် ပေးနေလေပြီ။ စီးပွား ရေးအကြပ်အတည်းနှင့် ရင်ဆိုင်ရသောအခါ ရပိုင်ခွင့်များက ထောက်ကူပေးနိုင်ခြင်းမရှိကြောင်း တွေ့မြင်ကြ ရသည်။

ရပိုင်ခွင့် (ရင်းနှီးမြှုပ်နှံပစ္စည်း)ဟု လူအများထင်မှတ်ထားသောပစ္စည်းအချို့သည် မိမိအိမ်သို့ ရောက်လာသည်နှင့် တန်ဘိုးလျော့သည့်ပစ္စည်းများ ဖြစ်နေကြသည်။ (ဥပမာ-တီဗီ၊ ဒီဗီဒီ၊ ရေခဲသေတ္တာ) စသည်တို့ဖြစ်သည်။

ထို့ကြောင့် လုပ်လက်စ ဝမ်းကျောင်းအလုပ်ကို လုပ်မြဲတိုင်း ဆက်လက်လုပ်ကိုင်နေရင်းဖြင့် ကိုယ်ပိုင်စီးပွားရေးအလုပ်ကို စတင်လုပ်ကိုင်ရမည်။ ရပိုင်ခွင့် အစစ်အမှန်ကိုသာ ဝယ်ယူစုဆောင်းရ။ မရှိမဖြစ်မဟုတ်သော အသုံးအဆောင်ပစ္စည်း(ပေးရန်တာဝန်)များ

www.burmeseclassic.com

www.burmeseclassic.com



ကိုမဝယ်ပါနှင့်။ အသုံးစရိတ်များ နည်းနိုင်သမျှနည်းအောင် အားထုတ်ပါ။ ပေးရန်တာဝန်များကို လျှော့ချပါ။ မိဘများအနေဖြင့်လည်း လူငယ်များအား ရပိုင်ခွင့်နှင့် ပေးရန်တာဝန်၏ ခြားနားမှုကို သဘောပေါက်အောင် သင်ကြားပေးဖို့ လိုအပ်ပါသည်။

ကျွန်တော်ငယ်စဉ်ကမူ ပညာတတ်အဖေက အာမခံချက်ရှိသောအလုပ်တစ်ခုကိုရှာဖွေလုပ်ကိုင်ဖို့သာ တိုက်တွန်းဆုံးမပါသည်။ ချမ်းသာသောအဖေက ကျွန်တော်နှစ်သက်သော ရပိုင်ခွင့်များစတင်၍ စုဆောင်းဖို့ တိုက်တွန်းအားပေး၏။ ထို့ကြောင့်အိမ်မြေ စသည်တို့ကို ကျွန်တော်ဝယ်ယူစုဆောင်းသည်။ အဘယ်ကြောင့်ဆိုသော် ထိုအရာများကို ကျွန်တော်နှစ်သက်သောကြောင့်ဖြစ်သည်။

ထို့နောက် ချမ်းသာသောအဖေအကြံပေးသည့်အတိုင်း လခစားအလုပ်ကို နှစ်ပေါင်းအတော်ကြာအောင် ကျွန်တော်လုပ်သည်။ တပြိုင်တည်းဆိုသလို ကိုယ့်အလုပ်ကိုလည်း ကိုယ်လုပ်သည်။ စာရင်းအင်းနှင့်ငွေကြေးစီမံခန့်ခွဲမှုကို ပိုမိုနားလည်လာသလို ရင်းနှီးမြှုပ်နှံမှုများကိုလည်း စိစစ်ဆုံးဖြတ်နိုင်လာသည်။ ကိုယ့်အလုပ် ကိုယ်လုပ်ပါဆိုသည်မှာ ရပိုင်ခွင့်ခိုင်မာတောင့်တင်းလာအောင် အာရုံစူးစိုက်တည်ဆောက်ဖို့ ဆိုလိုခြင်းဖြစ်ပါသည်။ ရပိုင်ခွင့်ထဲသို့ ဝင်



သွားသောငွေကို လုံးဝပြန်မထုတ်ပါနှင့်။ ငွေ၏အကောင်းဆုံး စွမ်းဆောင်ချက်မှာ နှစ်ပေါင်းများစွာ တစ်နေ့ကုန် အလုပ်လုပ်နိုင်စွမ်းရှိခြင်းပင်ဖြစ်ပါသည်။

ထိုသို့ရပိုင်ခွင့်များကို အစဉ်တစိုက်ဖြည့်တင်းလာပြီးငွေသားလည်ပတ်မှု မြင့်မားတိုးတက်လာသောအခါတွင် ဇိမ်ခံပစ္စည်းကို နောက်ဆုံးမှ ဝယ်ယူတတ်ခြင်းဖြစ်သည်။ ဆင်းရဲသားလူလတ်တန်းစားများ ဦးစားပေးဝယ်ယူသည့်ပစ္စည်းများမှာ အိမ်ကြီးအိမ်ကောင်း၊ ကျောက်မျက်လက်ဝတ်ရတနာ၊ အပျော်စီးယာဉ် စသည်တို့ ဖြစ်သည်။ အကြောင်းမှာ သူတို့အား ချမ်းသာသည်ဟု အများက ထင်မြင်စေလိုသောကြောင့် ဖြစ်သည်။ တကယ်တွင်မူ ငွေကြေးလုံးချာလည် နေကြသူများဖြစ်သည်။

ရေရှည်ကို မျှော်မြင်ဆင်ခြင်တတ်သူများက ရပိုင်ခွင့်ကို ဦးစွာတည်ဆောက်ပြီး ရပိုင်ခွင့်မှ ဝင်ငွေဖြစ်ထွန်းလာမှသာ ဇိမ်ခံပစ္စည်းဝယ်ယူကြသည်။ ဇိမ်ခံပစ္စည်းကို အကြွေးစနစ်ဖြင့် ဝယ်ယူခြင်းသည် အကြီးအကျယ်နောင်တရစရာဖြစ်ပြီး မကြာမီ အကြွေးပေးဆပ်ရမည့်တာဝန်ပိကာ စိတ်ညစ်လာရမည်။

သင်သည် အချိန်ယူကာ ရင်းနှီးမြှုပ်နှံပြီး ကိုယ်ပိုင်စီးပွားရေး ထူထောင်ပြီးမှသာ ဇိမ်ခံပစ္စည်းဝယ်ယူဖို့ စဉ်းစားရပါမည်။ ၄င်းသည် အများသူငါထက်ရှေ့သို့ ရောက်ပြီး ချမ်းသာနေစေဖို့ လျှို့ဝှက်ချက်တစ်ခုလည်း ဖြစ်သည်။ ကြွယ်ဝချမ်းသာသူများ၏ အကြီး မားဆုံးလျှို့ဝှက်ချက်လည်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

## သင်ခန်းစာ(၄) အခွန်အကောက်နှင့် အခွင့်အာဏာတို့၏ သမိုင်းကြောင်း

ကျွန်တော်တို့ငယ်စဉ်က စာသင်ကျောင်းတွင်ရော်ဘင်ဟုဒ်နှင့် နောက်လိုက်နောက်ပါများအကြောင်း သင်ခဲ့ရသည်ကို အမှတ်ရမိသည်။ ရော်ဘင်ဟုဒ်သည် လူချမ်းသာများထံမှ တိုက်ခိုက်ရယူပြီး ဆင်းရဲသားများကို ခွဲဝေပေးခဲ့သူဖြစ်သည်။ ကျွန်တော်တို့၏ ဆရာက သူသည် အလွန်စိတ်ဝင်စားဖွယ်ကောင်းသောသူရဲကောင်း တစ်ဦးဖြစ်သည်ဟု ယူဆသည်။ ချမ်းသာသောအဖေကမူ သူ့ကို သူရဲကောင်းတစ်ဦးဟု မသတ်မှတ်ဘဲ လူဆိုးတစ်ဦးအဖြစ်သာ ဖြစ်သည်။

အချိန်ကြာမြင့်စွာကတည်းက ရော်ဘင်ဟုဒ်မရှိတော့ပြီဖြစ်သော်လည်း သူ့အားထောက်ခံသူများက ယခုတိုင် ရှိနေကြသေးသည်။ အကြောင်းမှာ 'သူဌေးတွေက ဒီအတွက် ဘာလို့မပေးကြတာလဲ' 'သူဌေးတွေက အခွန်ပိုဆောင်ပြီး ဆင်းရဲသားတွေကို ဝေပေးသင့်တယ်' စသော စကားများ လူတွေကြားတွင် ပြောဆိုကြသည်ကို ကြိမ်ဖန်များစွာ ကြားနေရသောကြောင့် ဖြစ်သည်။ အဆိုပါ ရော်ဘင်ဟုဒ်၏ စိတ်ကူးအယူအဆကြောင့်ပင် လူလတ်တန်းစား ဆင်းရဲသားများ ပို၍ ဆုံးရှုံးနစ်နာကြရသည်။ အမှန်တကယ်တွင် လူလတ်တန်းစားများက ဆင်းရဲသားများအတွက် ကျခံပေးနေရသည်။ အထူးသဖြင့် လစာများသော ပညာတတ်လူလတ်တန်းစား



များ ဖြစ်ကြသည်။ အဆိုပါ အခြေအနေမည်ကဲ့သို့ ဖြစ်ပေါ်တိုးတက်လာသည်ကို သိရှိဖို့ အတိတ်သမိုင်းကြောင်းကို ပြန်ကြည့်ဖို့လိုအပ်ပါသည်။ ပညာရေးသမိုင်းကြောင်းကို ပညာတတ်အဖေက နှံ့စပ်ကျွမ်းကျင်ပြီး အခွန်အကောက်များ၏ သမိုင်းကြောင်းကို ချမ်းသာသောအဖေက ကျွမ်းကျင်နှံ့စပ်သည်။

သူက ရှင်းပြခဲ့သည်မှာ အင်္ဂလန်နှင့်အမေရိကတွင် ရှေးယခင်က အခွန်အကောက်ဟူ၍ မရှိ။ တခါတရံ စစ်ပွဲဖြစ်ပွားသည့်အခါ စစ်စရိတ်ကာမိရန်အတွက်သာ အခွန်အကောက်များ စည်းကြပ်တတ်ပါသည်။ ၁၈၇၄ ခုနှစ်တွင် အင်္ဂလန်က ပြည်သူအများထံမှ ဝင်ငွေခွန်ကောက်ခံရန် ဆုံးဖြတ်ခဲ့သည်။ အမေရိကတွင်မူ ၁၉၁၃ ခုနှစ်ရောက်မှသာ ဝင်ငွေခွန်စတင်ကောက်ခံသည်။ ပထမပိုင်းတွင် ချမ်းသာသူများထံမှသာ စတင်ကောက်ခံသည်။ ထိုသို့ကောက်ခံခြင်းသည် ချမ်းသာသူများကို အပြစ်ပေးဖို့ရည်ရွယ်ချက်ဖြစ်ကြောင်း စည်းရုံးဟောပြောသောအခါ ၎င်းကို ဥပဒေအဖြစ်ပြဌာန်းရန် အများစုက ထောက်ခံမဲပေးခဲ့သည်။ တကယ်တမ်းတွင်မူ ထိုဥပဒေက တက်ကြွစွာ မဲပေးဆုံးဖြတ်ခဲ့ကြသည့် လူလတ်တန်းစားဆင်းရဲသားများကိုသာ ထိခိုက်လေသည်။

'မင်းအဖေက အစိုးရအရာရှိတစ်ယောက် ငါကအရင်းရှင် ငါတို့ရဲ့အောင်မြင်မှုကို ဆန့်ကျင်ဘက်မှုတွေနဲ့တိုင်းတာကြတယ်။ သူက လူများများခန့်နိုင်လေ ငွေများများသုံးနိုင်လေ၊ သူ့အဖွဲ့အစည်းက ကြီးလာလေပဲပေါ့။ အစိုးရရဲ့အုပ်ချုပ်မှုလောကမှာ သူ့အဖွဲ့အစည်းကြီးမားလေ သူ့ကိုပိုမိုလေးစားကြလေပဲပေါ့။ ငါ့အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



အစည်းဖက်မှာကျတော့ ငှားရမ်းရတဲ့လုပ်ခနည်းလေ ငွေသုံးစွဲမှုနည်းလေ ရှယ်ယာရှင်တွေက ငါ့ကို လေးစားကြလေပဲပေါ့။ အစိုးရအရာရှိကြီးတွေနဲ့စီးပွားရေးသမားအများအပြားမှာ ကွဲပြားတဲ့ရည်မှန်းချက်တွေက ရှိကြတယ်။ အစိုးရအဖွဲ့တစ်ဖွဲ့ ကြီးထွားလာလေ၊ အဲဒီကို ထောက်ပံ့ဖို့ အခွန်အကောက်တွေ ပိုပြီးလိုလာလေပဲပေါ့။

ချမ်းသာသောသူများသည် လောဘကြီးသော လူလည်များဖြစ်ကြသောကြောင့် အခွန်အကောက်တွေ ပိုပေးသင့်တယ်ဟု ဆင်းရဲသောအဖေက ပြောသလိုပင် အစိုးရအမှုထမ်းများသည် ပျင်းရိပြီး အခချောင်လိုက်သူများဖြစ်သည်ဟု ချမ်းသာသောအဖေက ပြောကြားသည်။ အဆိုပါစကားများကို ဆယ်နှစ်သားအရွယ်လောက်ကတည်းက ကျွန်တော်ကြားနေခဲ့ရပါသည်။ တစ်ဦးက အောင်မြင်သော စီးပွားရေးသမား၊ တစ်ဦးက ထင်ရှားသောအစိုးရအရာရှိ၊ ထို့ကြောင့် မည်သည့်စကားယုံသင့်သည်ကို ခွဲခြားဖို့ မလွယ်ကူလှပါ။ နှစ်ဖက်စလုံးတွင် အကြောင်းပြချက်ကိုယ်စီရှိကြသည်။

မည်သို့ပင်ဖြစ်စေ အခွန်၏သမိုင်းစဉ်ကို ပြန်ကြည့်သောအခါ စိတ်ဝင်စားဖွယ်ရာတစ်ရပ်ကို တွေ့ရှိရသည်။ အခွန်အကောက်မှရရှိသည့် ငွေကြေးအပေါ်တွင်အစိုးရ၏အကြိုက်တွေ့မှုက ကြီးမားလာသောအခါ အခွန်အကောက်များသည် လူလတ်တန်းစားများမှတစ်ဆင့် အောက်ခြေသို့တိုင်အောင် စီးဆင်းကျရောက်လာလေဟော့သည်။ တခြားတစ်ဖက်တွင် ချမ်းသာသူများကလည်း ဥပဒေကို လက်တစ်လုံးခြားလှည့်ဖျားနိုင်မည့် အခွင့်အလမ်းများကို တွေ့ရှိကြလေသည်။ ကော်ပိုရေးရှင်းများ၊ ကုမ္ပဏီများ



အကြောင်းကို သူတို့က ကြေညက်အောင် သိနေကြသည်။ ရှေးယခင်က ကုမ္ပဏီဟူသည် ရွက်သင်္ဘောကြီးများနှင့်တူသည်ဟု ဆို၏။ ချမ်းသာသူတို့က ဥစ္စာခနစွန့်စားရှာဖွေရန် လှိုင်းလေကြမ်းသော ပင်လယ်ပြင်သို့ ရွက်သင်္ဘောကို လွှတ်လိုက်သည်။ ထိုခရီးစဉ်အတွက် သူက ငွေကြေးထောက်ပံ့သည်။ ရွက်သင်္ဘောကြီးနှင့်တူသောကော်ပိုရေးရှင်းကြီးက သူ့ခရီးစဉ်အတွက်သင်္ဘောသားများငှားသည်။ လိုအပ်သည်ကို ပြင်ဆင်သည်။ ထို့နောက် ဥစ္စာခနရတနာသိုက်ကို ရှာဖွေဖို့ ခရီးထွက်လေတော့သည်။ အကယ်၍ ပင်လယ်ပြင်တွင် မုန်တိုင်းမိ၍သော်လည်းကောင်း၊ သင်္ဘောပျက်၍သော်လည်းကောင်း အန္တရာယ်နှင့်ကြုံရပါက လိုက်ပါသွားသည့် သင်္ဘောသားများအားလုံးသေမည် ဖြစ်သော်လည်း သူဌေးကတော့ ခရီးစဉ်တစ်ခေါက်စာ မ,တည်လိုက်သည့် ငွေကြေးကိုသာ ဆုံးရှုံးမည် ဖြစ်သည်။

တရားဝင်ဖွဲ့စည်းထားသော ကော်ပိုရေးရှင်းတစ်ခု၏ လုပ်ပိုင်ခွင့်များကို ချမ်းသာသူများက တွေ့မြင်သဘောပေါက်ထားကြသည်။ ထို့ကြောင့်လည်းအဆိုပါအသိပညာကြောင့်လူလတ်တန်းစားဆင်းရဲသားများထက် အခွင့်အရေးကြီးကြီးမားမားရရှိစေခြင်းဖြစ်သည်။ ကျွန်တော့်အား ဆုံးမသွန်သင်ခဲ့သည့် အဖေနှစ်ယောက်မှ တစ်ယောက်က ဆိုရှယ်လစ်၊ တစ်ယောက်က အရင်းရှင်ဖြစ်သည်။ ငွေကြေးနှင့်ပတ်သက်လျှင် အရင်းရှင်အတွေးအမြင်က ပိုအဓိပ္ပါယ်ရှိကြောင်း ကျွန်တော်သဘောပေါက်လာသည်။ ငွေကြေးနှင့်ပတ်သက်သည့်အခြေခံကို ဆိုရှယ်လစ်တို့က သဘောမပေါက်။ မည်သို့

www.burmeseclassic.com

www.burmeseclassic.com



ပင် ချမ်းသာသူများထံမှ ရအောင်ယူမည်ဟု စီစဉ်ထားစေကာမူ ချမ်းသာသူတို့က ထွက်ပေါက်တစ်ခုကို အမြဲလိုပင် ရှာဖွေတွေ့ရှိကြသည်။ သူတို့အတွက် အမြဲတမ်းလိုလို အသာစီးရအောင် ဖန်တီးတတ်သည်။ ထို့ကြောင့်လည်း စည်းကျပ်သည့် အခွန်အကောက်က လူလတ်တန်းစားများပေါ်သို့ ပုံကျလာခြင်းဖြစ်သည်။

ချမ်းသာသူများက ပညာတတ်များထက် တစ်ပန်းသာနေကြသည်။ ၎င်းမှာ ငွေ၏စွမ်းအားသတ္တိကို နားလည်ထားသောကြောင့်ဖြစ်၏။ ပြဿနာမှာ ငွေ၏သတ္တိစွမ်းအားသည် စာသင်ကျောင်းများတွင် သင်ကြားပေးခြင်းမရှိသော ဘာသာရပ်တစ်ခုဖြစ်သည်။ ချမ်းသာသူများထံမှ ရအောင်ယူဖို့ ရည်ရွယ်ထားသည့် အခွန်ဥပဒေအတည်ဖြစ်သွားသည်နှင့် အစိုးရဆီသို့ ငွေသားများ စီးဝင်လာသည်။ ပထမပိုင်းတွင် လူအများ အားရကျေနပ်ကြသည်။ ၎င်းငွေသားများကို အစိုးရအမှုထမ်းများနှင့်ချမ်းသာသူများအား ခွဲပေးသည်။ အစိုးရအမှုထမ်းများကို အလုပ်အကိုင်များ အငြိမ်းစားလစာများအသွင်ဖြင့် ဝေပေးပြီး ချမ်းသာသူများကို အစိုးရလုပ်ငန်းကန်ထရိုက်များအသွင်ဖြင့် ဝေပေးသည်။

အစိုးရသည် ငွေကြေးများ စုဝေးရာ ဌာနကြီးဖြစ်လာသည်။ သို့သော် ၎င်းငွေများကို စီမံခန့်ခွဲဖို့က ပြဿနာဖြစ်သည်။ ထိုငွေများကို ပြန်၍လှည့်ပတ်သုံးစွဲခြင်းမရှိ။ တနည်းအားဖြင့် အစိုးရ၏မူအရ ဌာနတာဝန်ခံတစ်ဦးသည် ငွေပိုလျှံမထားရပါ။ ခွဲတမ်းချပေးထားသော ဘဏ္ဍာငွေကို ကုန်အောင်မသုံးနိုင်လျှင် နောင်နှစ်ဘတ်ဂျက်ခွဲတမ်းတွင် ထိုငွေကြေးအတိုင်းအတာလောက်ရမည်



မဟုတ်ပါ။ သင့်အားလည်း အရည်အချင်းပြည့်မီအောင် လုပ်ဆောင်နိုင်သူဟု သတ်မှတ်မည်မဟုတ်မှာ သေချာနေသည်။ စီးပွားရေးသမားများကတော့ ငွေပိုငွေလျှံထွက်လာအောင် ဆောင်ရွက်နိုင်သည့်အတွက် သင့်လုပ်ဆောင်ချက်ကိုအသိအမှတ်ပြုမည်ဖြစ်သည်။

ဤသို့ဖြင့် အစိုးရဌာနများက ငွေကို မဖြစ်မနေသုံးရသည့်အတွက် ကြာသောအခါလိုငွေပြလာသည်။ ၎င်းကို ဖြေရှင်းဖို့ အခွန်အကောက်ကို အလျှော့အတင်းလုပ်ရတော့သည်။ ၎င်း၏အကျိုးဆက်က လူလတ်တန်းစားများအထိ ကျရောက်လာလေတော့သည်။ အရင်းရှင်ကြီးများကမူ ငွေကြေးအသိပညာကို အသုံးချပြီး လွတ်လမ်းရှာခဲ့ကြသည်။ ကော်ပိုရေးရှင်းတစ်ခု၊ ကုမ္ပဏီတစ်ခု၏ အကာအကွယ်ကိုယူလိုက်ကြသည်။ ကော်ပိုရေးရှင်းတစ်ခုအပေါ် စည်းကြပ်သည့် ဝင်ငွေခွန်နှုန်းသည် လူတစ်ဦးချင်းပေါ်တွင် စည်းကြပ်သည့် ဝင်ငွေခွန်နှုန်းထက် လျော့နည်းသည်။ ထို့ပြင် ကော်ပိုရေးရှင်းတစ်ခုသည် အချို့အသုံးစရိတ်များကို အခွန်မကောက်မီ ဝင်ငွေထဲက သုံးစွဲခွင့်ရှိသည်။ ရှေးအစဉ်အဆက်ကပင် ရှိလာခဲ့သည့် ဆင်းရဲသူများနှင့် ချမ်းသာသူများကြားမှ တိုက်ပွဲတွင် ရှုံးနိမ့်သူများမှာ အတွေးအခေါ် ဗဟုသုတနည်းပါးသူများပင် ဖြစ်သည်။ အကယ်၍ ချမ်းသာသူတို့၏ နည်းနိသျှကို သိနားလည်လျှင် သူတို့လည်း ထိုအတိုင်း ကျင့်သုံးနိုင်မည်ဖြစ်သည်။ ကျောင်းတက် စာတွေသင်ပြီး ငွေကြေးအခြေခံပညာကို မကြေညက်ပါက လုံးလည်ချာလည်ဘဝမှ သူတို့ လွတ်မြောက်နိုင်မည်မဟုတ်ပါ။

လူအများစုက ချမ်းသာသူများကို နှိပ်ကွပ်ဖို့ ကြိုးစားတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးချမ်းသာသူများက ခေါင်းငုံ့ငြိမ်ခံနေမည်မဟုတ်။ ပြန်လည်တုန့်ပြန်ကြသည်။ သူတို့ထံတွင် ငွေနှင့်ဩဇာအာဏာရှိသလို အခြေအနေကို ပြောင်းလဲနိုင်ဖို့ အာရုံစူးစိုက်ထားမှုများရှိကြသည်။ သူတို့ပေးနေရသည့် အခွန်အကောက်ကို လျှော့သွားနိုင်သည့် နည်းလမ်းရှာဖွေကြံဆကြသည်။ အလွန်လိမ္မာပါးနပ်သော စာရင်းကိုင်များ၊ ရှေ့နေများကို ငှားရမ်းသည်။ နိုင်ငံရေးသမားများကို စည်းရုံးသည်။ တရားဝင်ထွက်ပေါက်များ ဖန်တီးဖို့ ကြိုးပမ်းကြသည်။ ထိုသို့ လုပ်ဆောင်ရန်အတွက် ငွေကြေးလည်း သူတို့ထံတွင် လုံလောက်စွာ ရှိကြသည်။

အမေရိကန်ပြည်ထောင်စု၏အခွန်ဥပဒေတွင်လည်းမည်သူမဆိုအသုံးချနိုင်သောအခွန်ပေးဆောင်မှုလျှော့နည်းစေမည့်ထွက်ပေါက်များရှိသည်။ သို့သော် ထိုထွက်ပေါက်များကို လူချမ်းသာများက လိုက်လံရှာဖွေကြသည်။ အကြောင်းမှာသူတို့သည်ကိုယ့်အလုပ်ကိုယ်လုပ်ကြသူများဖြစ်ကြသည်။ အခွန်အကောက် သက်သာစေမည့် နည်းလမ်းများကို အသုံးမချတတ်သူများသည် သူတို့၏ရပိုင်ခွင့်ကို ဖြည့်ဆည်းနိုင်သည့် အခွင့်အလမ်းကို လက်လွှတ်လိုက်ကြရသည်။

ချမ်းသာသောအဖေထံမှ လေ့လာဆည်းပူးနေသည့်အချိန်ကာလများအတွင်း ကျွန်တော့်အား သူအစဉ်အမြဲဆုံးမသည်မှာ အသိပညာသည် ဩဇာအာဏာဖြစ်ပြီး ငွေသည် ခွန်အားကြီးမားသော ဩဇာအာဏာဖြစ်ကြောင်းပင်တည်း။ ၎င်းကို ကြာရှည်ထိန်းထားနိုင်ဖို့နှင့် ပွားများတိုးတက်လာစေဖို့ မှန်ကန်သည့် အသိပညာရှိဖို့ လိုအပ်ကြောင်းကို သင်ကြားပေးသည်။ အဆိုပါ အသိပညာ



မရှိလျှင် သင်သည် လောကကြီး၏မောင်းနှင်မှုကို ခံရလိမ့်မည်ဟု ဆိုသည်။ ပထမဦးဆုံး သင်ခန်းစာမှာ မိမိသည် ဝင်ငွေရဖို့ အလုပ်မလုပ်ဘဲ မိမိအတွက်အလုပ်လုပ်ပေးမည့်ငွေကို ရှာဖွေရမည်ဟု ဆိုသည်။ ကျွန်တော်တို့အတွက် ငွေကြေး၏ဩဇာအာဏာက အလုပ်လုပ်ပေးသည်ဟူသော အသိပညာကို ရရှိသည်နှင့် ချမ်းသာသောအဖေက မိုက်နှင့်ကျွန်တော့်အား လိမ္မာပါးနပ်စွာ အလုပ်လုပ်စေလိုသည်။ သင်သည် ဥပဒေကို သိပြီး ဥပဒေက မည်သို့ အလုပ်လုပ်သည်ကို သဘောပေါက်ဖို့ လိုအပ်သည်။ ချမ်းသာသော အဖေသည် စာရင်းကိုင်များ၊ ဥပဒေပညာရှင်များကို ငွေကြေး ကုန်ကျခံပြီး ငှားရမ်းခဲ့သည်။ ထိုကုန်ကျမှုသည် အစိုးရကို ပေးရသည်ထက် သက်သာသည်ဟု ဆိုသည်။ 'ကိုယ်က လိမ္မာပါးနပ်ရင် အနိုင်ကျင့်မခံရဘူး'ဟူသော သူ၏ဩဝါဒကို ကျွန်တော်တစ်သက်လုံး စွဲကိုင်ထားခဲ့ပါသည်။

သူသည် ဥပဒေကို လေးစားလိုက်နာသူတစ်ဦးဖြစ်သောကြောင့် ဥပဒေကို သိသည်။ အကြောင်းမှာ ဥပဒေကို မသိလျှင် ခံရသောကြောင့် ဖြစ်သည်။ ပညာတတ်အဖေက အာမခံချက်ရှိသော ကော်ပိုရေးရှင်းတစ်ခုတွင် ဝင်လုပ်ဖို့ ကျွန်တော့်အား အမြဲတိုက်တွန်းပြီး ချမ်းသာသောအဖေက ကော်ပိုရေးရှင်းတစ်ခု ကိုယ်ပိုင်တည်ထောင်ဖို့ တိုက်တွန်းသည်။ ငယ်စဉ်အခါက ကော်ပိုရေးရှင်း တစ်ခုတည်ထောင်စေလိုသည့် ချမ်းသာသော အဖေ၏ စိတ်ကူးကို သိပ်ပြီးဖြစ်နိုင်ချေမရှိဟု ထင်မိသည်။ စိတ်ကူးကောင်းသည့် အနေနှင့်သာ သဘောပိုက်မိသည်။ ကိုယ်ပိုင်ကော်ပိုရေးရှင်းတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



တည်ထောင်နိုင်မည်ဆိုလျှင် မည်မျှတောင် ကောင်းလိုက်မည်နည်း။ သို့သော်လည်း ကျွန်တော်လို လူငယ်လူရွယ်တစ်ယောက် ပိုင်ဆိုင်သည့် ကော်ပီရေးရှင်းတွင် ကျွန်တော့်ထက် အသက်အရွယ်ကြီးရင့်သူများက အလုပ်လုပ်ပေးကြမည်ဆိုသည်ကို စိတ်တောင်မကူးမိခဲ့ဘူးပါ။

ချမ်းသာသောအဖေ၏ မကြာခဏ တိုက်တွန်းမှုကြောင့်သာမဟုတ်လျှင် ထိုသို့ဖြစ်လာမည်မဟုတ်ပေ။ ကျွန်တော့်သူငယ်ချင်းများ၏လုပ်ရိုးလုပ်စဉ်အတိုင်းတော့ လိုက်မလုပ်နိုင်ဟု ကျွန်တော်ဆုံးဖြတ်ထားသည်။ ကျွန်တော့်ဘဝကို ထိုဆုံးဖြတ်ချက်က ပြောင်းလဲစေခဲ့သည်။

ကျွန်တော့်အသက် နှစ်ဆယ့်ငါးနှစ်အရွယ်လောက်က ဇီရော့စ် (Zerox) စာကူးစက်ကုမ္ပဏီတွင် အလုပ်ဝင်လုပ်သည်။ စာကူးစက် အရောင်းကိုယ်စားလှယ်အလုပ်သည် အလွန်ပင် ဝင်ငွေကောင်းသည်။ သို့သော်ဖြတ်တောက်ငွေတွေ များလွန်းသည့်အတွက် လခထုတ်တိုင်း မကျေမနပ်ဖြစ်ရသည်။ ကျွန်တော်လည်း အလုပ်ကို ပို၍ကြိုးစားလုပ်ကိုင်သောကြောင့် ဝင်ငွေပိုမိုရရှိသည်။ ထိုအခါ ဖြတ်တောက်ငွေကပို၍ များပြားလာသည်။ လုပ်ငန်းခွင်၌ အောင်မြင်လာသောအခါ ကျွန်တော်ရာထူးတိုးဖို့ ဖြစ်လာသည်။ ထိုသို့ဖြစ်လာသည့်အတွက် အားတက်ဂုဏ်ယူစရာဖြစ်သော်လည်း ချမ်းသာသောအဖေက မေးနေသည်မှာ "မင်းဘယ်သူချမ်းသာဖို့ အလုပ်လုပ်နေတာလဲ" ဟူ၏။

၁၉၇၄ ခုနှစ်ထဲရောက်သောအခါ ဇီရော့စ်ကုမ္ပဏီ၌



အလုပ်လုပ်နေစဉ်မှာပင် ကျွန်တော်၏ကိုယ်ပိုင်ကော်ပီရေးရှင်းကို ပထမဦးဆုံး တည်ထောင်လိုက်သည်။ ကိုယ့်အလုပ်ကိုယ်လုပ်ဖို့ ကျွန်တော်စတင်လိုက်ပြီဖြစ်ပါသည်။ ကျွန်တော်၏ရပိုင်ခွင့်အနည်းငယ်ကို ထို့ထက်ပိုမိုကြီးမားအောင်လုပ်ဖို့ ရည်မှန်းချက်ပန်းတိုင်ထားရှိခဲ့သည်။ အလုပ်ရှင်အတော်များများအနေနှင့်မူ ကိုယ့်အလုပ်ကိုယ်လုပ်ဖို့ သူတို့ဝန်ထမ်းများကို အကြံဉာဏ်ပေးခြင်းသည် သူတို့၏လုပ်ငန်းကို ထိခိုက်စေသည်ဟု ယူဆကြသည်။ လူတစ်ချို့အတွက်တော့ မှန်ကောင်းမှန်မည်ဖြစ်သော်လည်း ကျွန်တော့်အတွက်တော့ ပိုပြီး ကျွမ်းကျင်ထက်မြက်သောဝန်ထမ်းတစ်ဦးဖြစ်လာသည်။ ကျွန်တော့်ရပိုင်ခွင့်ထဲတွင်များများ ရင်းနှီးမြှုပ်နှံနိုင်မှ ဝင်ငွေများများရမည်ဖြစ်သည်။ ထို့ကြောင့် စာကူးစက်များ ပိုရောင်းရအောင် အလုပ်ကို ပိုပြီးကြိုးစားအားထုတ်သည်။ ၁၉၇၈ ခုနှစ်သို့ ရောက်သောအခါ ကုမ္ပဏီ၏ထိပ်တန်းအရောင်းကိုယ်စားလှယ်ငါးဦးတွင် ကျွန်တော်အစဉ်အမြဲပါဝင်နေပြီဖြစ်သည်။

ကျွန်တော်၏ကိုယ်ပိုင်ကော်ပီရေးရှင်းမှာအိမ်မြေအရောင်းအဝယ်ကော်ပိုရေးရှင်းလေးဖြစ်သည်။ သုံးနှစ်ခန့်အကြာတွင် ရုပ်လုံးပေါ်လာပြီဖြစ်သော ကျွန်တော့်ကော်ပိုရေးရှင်းမှဝင်ငွေသည် ဇီရော့စ်ကုမ္ပဏီကရသည့် ဝင်ငွေထက်ပင် များလာသည်။ ကျွန်တော့် ကိုယ်ပိုင် ကော်ပိုရေးရှင်းမှရသောဝင်ငွေက ကျွန်တော့်အား ပြန်၍ အလုပ်လုပ်ကိုင်ပေးသည်။ ကျွန်တော်သည် မိတ္တူကူးစက်တွေ လိုက်လံရောင်းချရသူ မဟုတ်တော့ဘဲ ကော်ပိုရေးရှင်းတစ်ခု၏ ပိုင်ရှင်ဖြစ်လာသည်။ ယခုမှပင် ချမ်းသာသော

www.burmeseclassic.com



အဖေ၏ တိုက်တွန်းမှုကို သဘောပေါက်လာသည်။ ကျွန်တော်၏ ရပိုင်ခွင့်ထဲသို့ဝင်ရောက်လာသည့်ငွေသားပမာဏကြီးမားလာသော အခါ ပထမဆုံးအနေဖြင့် ပေါ့ရှ်ကားလေးကို ကျွန်တော်ဝယ်စီး လိုက်သည်။ ကျွန်တော်၏ ဇီရော့စ်အရောင်းကိုယ်စားလှယ် အပေါင်း အသင်းများကကျွန်တော့်စာကူးစက်ရောင်းလို့ရသည့်ကော်မရှင်များ ကို သုံးပစ်နေသည်ဟုထင်ကြသည်။ ကျွန်တော်ရသည့် ကော်မရှင် များအား ကျွန်တော့် ရပိုင်ခွင့်ထဲတွင် ရင်းနှီးမြှုပ်နှံထားသည်ကို သူတို့မသိကြပေ။

အဆိုပါရင်းနှီးမြှုပ်နှံငွေက ထပ်မံ၍ ပိုမိုတိုးပွားလာအောင် အလုပ်လုပ်ပေးသည်။ ချမ်းသာသောအဖေက သင်ပေးသည့် သင်ခန်းစာများကို လက်တွေ့အသုံးချခြင်းဖြင့် ကျွန်တော်သည် ဝယ်ရွယ်စဉ်မှာ အငြိမ်းစားယူနိုင်ခဲ့သည်။ ၎င်းမှာ ငွေကြေးအသိ ပညာကြောင့်ဖြစ်သည်။ ငွေကြေးအသိပညာသာ မရရှိခဲ့လျှင် ကျွန်တော်သည် ငွေကြေးအမှီခိုကင်းသည့်ဘဝကို လျှောက်လှမ်းနိုင် မည်မဟုတ်ပေ။

ယခုအခါ ထိုအသိပညာကို ဖြန့်ဝေသည့်သဘောဖြင့် ဆွေး နွေးပွဲ၊ ဟောပြောပွဲများတွင် ကျွန်တော်တင်ပြခဲ့သည်။ အဆိုပါ အသိပညာကိုရဖို့ ကျွမ်းကျင်မှုလေးရပ်ဖြင့် ပေါင်းစပ်ဖွဲ့စည်းရ ကြောင်းကိုလည်း ကျွန်တော်တင်ပြခဲ့သည်။ ထိုကျွမ်းကျင်မှု လေးရပ် မှာ အောက်ပါတို့ဖြစ်ပါသည် -



၁။ စာရင်းပညာ

၎င်းမှာ မရှိမဖြစ်အရေးကြီးသော ကျွမ်းကျင်မှုတစ်ခုဖြစ် သည်။ သင်တာဝန်ယူရသည့်ငွေကြေးအတိုင်းအတာကြီးမားလေ ပိုပြီးတိကျမှန်ကန်ဖို့ လိုအပ်လေဖြစ်သည်။ ငွေကြေးအခြေခံပညာ သည် စာရင်းများကို ဖတ်နိုင်ခြင်း၊ နားလည်နိုင်စွမ်းရှိခြင်းပင် ဖြစ်သည်။ ၎င်းစွမ်းရည်က စီးပွားရေးလုပ်ငန်းတစ်ခု၏အားနည်း ချက်၊ အားသာချက်များကို တွေ့ရှိနိုင်သည်။

၂။ ရင်းနှီးမြှုပ်နှံခြင်း

ငွေကို ငွေဖြင့် ရှာသောပညာပင်ဖြစ်သည်။ ထိုအထဲတွင် ပုံသေနည်းများ၊ မဟာဗျူဟာများနှင့်တီထွင်ဖန်တီးမှုများပါဝင်သည်။

၃။ ဈေးကွက်ကို နားလည်သဘောပေါက်ခြင်း

ဈေးကွက်၏ဖြစ်လေ့ဖြစ်ထရှိသော အနေအထားကိုနည်း ပညာပိုင်းနှင့်ချိန်ဆနားလည်နိုင်ဖို့လိုသည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံမှု တစ်ခုကို စီးပွားရေးအမြင်ဖြင့် အကဲဖြတ်တတ်ဖို့လိုသည်။ အကြောင်းမှာ ဈေးကွက်၏ လက်ရှိအခြေအနေပေါ် မူတည်ပြီး ရင်းနှီးမှု ပြုသင့်/မပြုသင့် ဆုံးဖြတ်နိုင်ခြင်းပင် ဖြစ်သည်။

၁၉၉၆ ခုနှစ်အချိန်က Tickle Me Elmo ဆိုသောကလေး ကစားစရာအရုပ်များသည် အလွန်လူကြိုက်များသည်။ ကလေး တိုင်းလိုလို ရယူလိုသောလက်ဆောင်စာရင်းတွင် ထိပ်ဆုံးမှ ပါဝင် သည်။ သို့သော်လည်း ကုမ္ပဏီက ဝယ်လိုအားရှိသလောက်ထုတ်လုပ် မှုမလုပ်နိုင်။ ကုမ္ပဏီကများ ဈေးကွက်ကို ပြန်သိမ်းသွားလေလား

www.burmeseclassic.com

www.burmeseclassic.com



ဟုပင် အများက ယူဆကြသည်။ မိဘများဝယ်ယူလိုသော အရုပ်ကိုစတိုးဆိုင်မှ ဝယ်မရသောအခါ မှောင်ခိုထုတ်သောကြားလူက အမြတ်ထုတ်သွားလေသည်။ ၄င်းမှာ ဝယ်လိုအားနှင့်ရောင်းလိုအားကို နှိုင်းချိန်တတ်ဖို့အကောင်းဆုံးဥပမာပင်ဖြစ်ပါသည်။

## ၄။ ဥပဒေကို သိနားလည်ခြင်း

ဈေးကွက်ပညာ စာရင်းဇယားနှင့် ရင်းနှီးမြှုပ်နှံမှုစသည့် ကျွမ်းကျင်မှုများနှင့် ပြည့်စုံသည့် ကော်ပိုရေးရှင်းတစ်ခုကို အသုံးပြုခြင်းဖြင့် လျင်မြန်စွာ ကြီးပွားချမ်းသာနိုင်သည်။ ကော်ပိုရေးရှင်းတစ်ခု ခံစားရရှိနိုင်သော အခွန်အကောက်ဆိုင်ရာ အခွင့်အရေးများအကြောင်းနားလည်ထားသူတစ်ဦးသည်သာမန်လူတစ်ဦးသို့မဟုတ်အသေးစားလုပ်ငန်း ထူထောင်ထားသူထက်ပင် မြန်မြန်ဆန်ဆန်ကြီးပွားနိုင်သည်။ ချမ်းသာကြွယ်ဝရေးရှုထောင့်မှ ကြည့်လျှင်ရေရှည်တွင် ကြီးမားသောကွာခြားချက်ဖြစ်ပေါ်လာသည်။

### (က) အခွန်အကောက်နှင့်စပ်လျဉ်း၍ အခွင့်သာမှုများ

လူတစ်ဦးချင်းလုပ်ဆောင်၍မရသောကိစ္စကိုကော်ပိုရေးရှင်းတစ်ခုအနေဖြင့် လုပ်ဆောင်နိုင်သည်များ အများအပြားရှိသည်။ ဥပမာအသုံးစရိတ်များကိုအခွန်မပေးဆောင်မီပေးချေခွင့်ရှိတာမျိုး။

ဝင်ငွေခွန်ဟူသည် ဝန်ထမ်းများရသည့်လခပေါ်မူတည်ပြီး ကောက်ခံသည်။ သူတို့သည် ကျန်ရှိသည့်ငွေပေါ်တွင် မှီခိုနေထိုင်ကြရသည်။ ကော်ပိုရေးရှင်းတစ်ခုမှာမူ ဝင်ငွေထဲမှ သုံးစွဲစရာရှိသည်များ အကုန်သုံးစွဲပြီး လက်ကျန်ငွေပေါ်မှသာ အခွန်စည်းကြပ်



ခံရသည်။ ၄င်းမှာ ချမ်းသာသူတို့ အသုံးချနေသော အကြီးမားဆုံးထွက်ပေါက်တစ်ခုဖြစ်နေသည်။ ဝင်ငွေကောင်းသော ရင်းနှီးမြှုပ်နှံမှုကို ရရှိထားပြီဆိုလျှင် အဆိုပါထွက်ပေါက်မျိုးကို လွယ်ကူစွာဖန်တီးနိုင်သည်။

### (ခ) တရားဥပဒေဖြင့် ကာကွယ်ထားခြင်း

ချမ်းသာသူများသည် သူတို့၏ရပိုင်ခွင့်များကို ကာကွယ်ရန်ကော်ပိုရေးရှင်းများ၊ ကုမ္ပဏီပေါင်းစုံအဖွဲ့အစည်းများ၏ အကာအကွယ်ကို ရယူထားကြသည်။ ချမ်းသာကြွယ်ဝသူတစ်ဦးကို တရားစွဲသောအခါတွင် တရားဥပဒေဘောင်အတွင်းမှ အကာအကွယ်များနှင့် မကြာခဏဆိုသလို ရင်ဆိုင်တွေ့ရတတ်သည်။ တရားဥပဒေအရ ချမ်းသာကြွယ်ဝသူတို့တွင် ဘာမှပိုင်ဆိုင်မှုမရှိသည်ကို အမြဲလို တွေ့ကြုံရ၏။ ချမ်းသာသူတို့သည် အရာရာထိန်းချုပ်ထားသော်လည်း တကယ်တမ်းတွင် ဘာမှပိုင်ဆိုင်မှုမရှိသည်ကို တွေ့ရသည်။

အမှန်အားဖြင့်ဆိုလျှင် ငွေကြေးအသိပညာဆိုသည်မှာ ပိုမိုများပြားသော ကျွမ်းကျင်လိမ္မာမှုနှင့် ပင်ကိုယ်စွမ်းရည်တို့ ပေါင်းစပ်ထွက်ပေါ်လာသောရလဒ်ဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သောကျွမ်းကျင်မှုလေးမျိုးပေါင်းစပ်နိုင်လျှင် ငွေကြေးအခြေခံပညာ တတ်မြောက်သည်ဟု ဆိုနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

## သင်ခန်းစာ (၅) ချမ်းသာသူတို့က ငွေကို ဖန်တီးယူသည်

ကျွန်တော်သည် ရုပ်မြင်သံကြားအစီအစဉ်တစ်ခုတွင် အလက်ဇန်းဒါးဂရေဟမ်ဘဲလ် Alexander Graham Bell ဆိုသည့် လူငယ်တစ်ယောက်အကြောင်းကို ကြည့်လိုက်ရသည်။ ဘဲလ်သည် သူကိုယ်တိုင်တီထွင်ထားသော တယ်လီဖုန်းကို မူပိုင်ခွင့်မှတ်ပုံတင်ထားပြီးဖြစ်သည်။ သို့သော် ထုတ်လုပ်ဖို့အတွက်မူ အတော်များပြားသော ငွေပမာဏကို လိုအပ်နေသဖြင့် အခက်အခဲကြုံနေရသည်။ ထိုအချိန်အခါက အနိုင်မာဆုံး အတောင့်တင်းဆုံးဖြစ်သော 'ဝက်စတင်းယူနီယံ' ကုမ္ပဏီသို့ လိုအပ်သောအကူအညီကို တောက်ပံပေးဖို့ သွားရောက်ခဲ့သည်။ သူပိုင်သောကုမ္ပဏီငယ်လေးနှင့်သူတီထွင်ထားသော တယ်လီဖုန်းမူပိုင်ခွင့်ကို ရောင်းချမည်ဟု ကမ်းလှမ်းကြည့်သည်။ သူက ဒေါ်လာ ၁၀၀,၀၀၀ လိုချင်ကြောင်း တောင်းဆိုသည်။ သူ့တောင်းဆိုမှုကို 'ဝက်စတင်းယူနီယံ' ဥက္ကဋ္ဌက ပယ်ချခဲ့သည်။ မဖြစ်နိုင်သည့်ဈေးကို တောင်းဆိုသည်ဟု ယူဆသည်။ ထို့နောက်ပိုင်းတွင်မူ သန်းထောင်ပေါင်းများစွာတန်ကြေးရှိသော (AT & T) အေတီအင်တီဟူသည့်စက်မှုလုပ်ငန်းကြီးပေါ် ထွက်လာလေသည်။

အလက်ဇန်းဒါးဂရေဟမ်ဘဲလ်၏ရုပ်သံဇာတ်လမ်းအစီအစဉ်ပြီးသည်နှင့်ညပိုင်းသတင်းအစီအစဉ်ဆက်လက်ထုတ်လွှင့်သည်။ သတင်းထဲတွင် လုပ်ငန်းလျှော့ချလိုက်သည့်ဒေသခံကုမ္ပဏီ



တခုအကြောင်းပါသည်။ အလုပ်သမားများက စိတ်ဆိုးဒေါသထွက်နေကြပြီး ကုမ္ပဏီပိုင်သူများဖက်တွင် တရားမျှတမှုမရှိဟု စွပ်စွဲကြသည်။ အသက် ၄၅ နှစ်ခန့်ရှိသောစက်ရုံမန်နေဂျာတစ်ဦးက သူ့အလုပ်ရပ်စဲခံရသည့်ကိစ္စကို ပြန်လည်စဉ်းစားပေးဖို့ ပိုင်ရှင်များကို မေတ္တာရပ်ခံလိုသည်။ လုံခြုံရေးအစောင့်များကို တောင်းပန်နေရသည်။ သူ၏ဇနီးနှင့်ကလေးငယ်နှစ်ဦးအတွက် သူစိုးရိမ်နေသောကြောင့် ဖြစ်သည်။ ကျွန်တော့်အာရုံထဲမှာ စွဲနေသည်မှာ ကင်မရာဖြင့် အနီးကပ်ရိုက်ပြထားသောသူ၏ရုပ်သွင်ကိုပင် ဖြစ်သည်။

၁၉၈၄ ခုနှစ်မှစ၍ ပညာရပ်ဆိုင်ရာဟောပြောမှုများ သင်ကြားပို့ချမှုများကို ကျွန်တော်ပြုလုပ်ခဲ့သည့်အတွက် အတွေ့အကြုံများရရှိပြီး အလွန်ပင်အကျိုးကျေးဇူးရှိပါသည်။ အကြောင်းမှာ ကျွန်တော်သင်ကြားပို့ချခဲ့သည့် ထောင်ပေါင်းများစွာသော လူများအားလုံးတွင် တူညီသောအချက်တစ်ခုရှိနေသည်ကို သိရှိရသောကြောင့်ဖြစ်သည်။ ကျွန်တော်တို့အားလုံးတွင် မွေးရာပါပင်ကိုယ်စွမ်းရည်များပါရှိကြပြီး ၎င်းကို ထိန်းချုပ်ထားသောအကြောင်းတစ်ခု လည်းရှိသည်။ ၎င်းမှာ မိမိကိုယ်မိမိသံသယဝင်ခြင်းပင် ဖြစ်သည်။ ကျွန်တော်တို့အား အဟန့်အတားဖြစ်စေသည်မှာ နည်းပညာပိုင်းဆိုင်ရာ သတင်းအချက်အလက်များ မရသောကြောင့် မဟုတ်ဘဲ ကိုယ့်ကိုကိုယ် ယုံကြည်မှုနည်းပါးသောကြောင့်သာ ဖြစ်ပါသည်။ အဆိုပါ အားနည်းချက်သည် လူတစ်ချို့နှင့်တစ်ချို့ပေါ် အကျိုးသက်ရောက်မှု မတူညီကြပေ။

စာသင်ကျောင်းမှ ရရှိသည့်တက္ကသိုလ်ဘွဲ့များ၊ အဆင့်

www.burmeseclassic.com

www.burmeseclassic.com



များ၊ ဂုဏ်ထူးများသည် အထူးတလည် အဓိကမကျလှကြောင်း ကျွန်တော်တို့သိမြင်လာရသည်။ တကယ့်လက်တွေ့လောကတွင် အဆိုပါအဆင့်များ ဂုဏ်ထူးများထက် ပို၍အရေးကြီးသည့် လိုအပ်ချက်တစ်ခု ရှိနေသည်မှာ အမှန်ပင်ဖြစ်သည်။ အဆိုပါအကြောင်းရင်းက ကျောင်းပညာရေးအဆင့်များထက် ကျော်လွန်ပြီး လူတစ်ဦးချင်း၏ အနာဂတ်ဘဝကို ကြီးမားစွာပင် အဆုံးအဖြတ်ပေးပါသည်။ ရဲဝံ့ခြင်း၊ စွန့်စားခြင်း၊ ပြတ်သားခြင်း စသည်ဖြင့် မည်သို့ပဲခေါ်ခေါ် အဆိုပါ ထက်မြက်သောစရိုက်သဘာဝသည် လူတစ်ဦးချင်းစီတွင် ပါရှိ၏။ ၎င်းနှင့်ဆန့်ကျင်ဖက်အဖြစ ညမ်မှုမရှိသော စိတ်ဓါတ်သည် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတွင် အကြီးမားဆုံးသော အနှောင့်အယှက်ပင် ဖြစ်သည်။ ကျွန်တော်သင်ကြားပို့ချသောအခါတွင် အဖြေကို သိပြီး ထိုအတိုင်းလုပ်ကိုင်ဆောင်ရွက်ဖို့ သတ္တိမရှိသော သင်တန်းသားများကို တွေ့ရသောအခါ အားမလိုအားမရဖြစ်မိပါသည်။

တကယ့်လက်တွေ့လောကတွင် သာမန်လူများထက် ပို၍အောင်မြင်ပြီး ရှေ့တန်းရောက်နေသူများသည် တတ်သိလိမ္မာမှုကြောင့်အဓိကမဟုတ်ဘဲ သတ္တိရှိရှိနှင့်ပြတ်ပြတ်သားသား စွန့်စားဝံ့သူများဖြစ်သောကြောင့်ပင်တည်း။ ကျွန်တော်၏အတွေ့အကြုံအရပြောရလျှင် ငွေကြေးနှင့်သက်ဆိုင်သောစွမ်းရည်ထက်မြက်ဖို့ နည်းပညာပိုင်း ကျွမ်းကျင်ထက်မြက်ရုံမကဘဲ သတ္တိရှိဖို့လည်း လိုအပ်ပါသည်။ မည်မျှပင် ပင်ကိုယ်စွမ်းရည်ရှိနေပါစေ ကြောက်စိတ်ကအားကြီးနေလျှင် တိမ်မြုပ်ပျောက်ကွယ်နေမည်သာဖြစ်သည်။ ကျွန်



တော်သည် ကျွန်တော့်၏သင်တန်းသားများအား ရဲဝံ့စွန့်စားကြဖို့ မိမိ၏ကြောက်စိတ်ကို စွမ်းအားထက်မြက်ခြင်းအသွင်သို့ ပင်ကိုယ်စွမ်းရည်ဖြင့် ပြောင်းလဲပစ်ကြဖို့ အစွမ်းကုန် တိုက်တွန်းအားပေးခဲ့ပါသည်။ ထိုတိုက်တွန်းချက်ကြောင့်ပင် တစ်ချို့ အတော်များများအလုပ်ဖြစ်သွားကြသည်။ လူအများစုအနေဖြင့် ငွေကြေးကိစ္စနှင့်ပတ်သက်လာလျှင် အရဲစွန့်လုပ်ဆောင်ရမည်ထက် စိတ်ချသေချာဘေးကင်းရာကိုသာ ရွေးချယ်ကြမည်ဖြစ်ကြောင်း ကျွန်တော်သဘောပေါက်ပါသည်။ လူတိုင်းကပင် "ငွေကြေးအသိပညာကိုဘာလို့ဒီထက်ပိုသိအောင် အားထုတ်ရမှာလဲ" "ဘာဖြစ်လို့ အရဲစွန့်ရမှာလဲ" စသည့် မေးခွန်းမျိုး ကျွန်တော့်အား မေးကြသည်။ "ဒီထက်ပိုပြီး ရွေးချယ်ခွင့်ရှိအောင်လို့ပါ" ဟု ကျွန်တော်ဖြေလိုက်သည်။ ကျွန်တော်၏အနာဂတ်အပြောင်းအလဲမှာ အလွန်ကြီးမားပါလိမ့်မည်။ လာမည့်နှစ်များအတွင်းတွင် အလက်ဇန်းဒါးဂရေဟမ်ဘဲလ်ကဲ့သို့သောလူမျိုးတွေများစွာ ပေါ်ထွက်လာပါလိမ့်ဦးမည်။ ဘီလ်ဂိတ်ကဲ့သို့သော လူမျိုးတွေ အယောက်တစ်ရာလောက်ပေါ်လာပါဦးမည်။ ကမ္ဘာမြေတလွှားတွင် မိုက်ခရိုဆော့ဖ်ကဲ့သို့ အောင်မြင်သောကုမ္ပဏီကြီးပေါင်းများစွာ တစ်နှစ်ပြီးတစ်နှစ်ပေါ်ထွက်လာပါလိမ့်မည်။ ထိုမျှမက ဒေဝါလီခံရမှုများ၊ လုပ်ငန်းရပ်ဆိုင်းမှုများ၊ လုပ်ငန်းလျှော့ချမှုများ များပြားစွာ ပေါ်ထွက်လာလိမ့်ဦးမည်။

ထို့ကြောင့် ငွေကြေးဆိုင်ရာ အသိပညာဖွံ့ဖြိုးအောင် ဘယ်အတွက်အားထုတ်နေရပါသလဲ။ ကျွန်တော့်အနေနှင့်မူ ထိုပညာရပ်ကို လေ့လာဆည်းပူးနေရသည့်အချိန်သည် စိတ်တက်ကြွစွာ

www.burmeseclassic.com



အကောင်းဆုံးအချိန်ဖြစ်သောကြောင့်ပင်တည်း။ ကျွန်တော်ကမူ
အပြောင်းအလဲကို ကြောက်ရွံ့စွာ ရင်ဆိုင်မည့်အစား ထိုအပြောင်း
အလဲကို အသင့်ကြိုဆိုသည်။ ကျွန်တော်ကမူ လခအနည်းငယ်တိုး
မရမှာကို စိုးရိမ်နေသူမဟုတ်ဘဲ စိတ်ဓါတ်တက်ကြွစွာဖြင့် ဒေါ်လာ
သန်းချီ၍ရအောင် လုပ်ချင်သူ၊ ကျွန်တော်တို့၏ ယခုပစ္စုပ္ပန်ကာလ
သည် စိတ်တက်ကြွဖွယ်ရာ အကောင်းဆုံးသောအချိန်ကာလ ဖြစ်
သည်။ ယခင်အခါက ဟောင်းနွမ်းမှုများ ချုပ်ငြိမ်းပြီးအသစ်အဆန်း
များမွေးဖွားပေါ် ထွန်းသောကာလဖြစ်သည်။

ထို့ကြောင့် ငွေကြေးအသိပညာဖွံ့ဖြိုးအောင် ဘယ်အတွက်
ကြိုးပမ်းအားထုတ်ကြမည်နည်း။ အကြောင်းမှာ ထိုသို့အားထုတ်
လျှင် သင်အကြီးအကျယ် ချမ်းသာလာနိုင်သောကြောင့် ဖြစ်သည်။
ထိုသို့ ကြိုးပမ်းအားထုတ်မထားလျှင် ယနေ့ခေတ်အခါကာလကြီးကို
စိုးရိမ်ကြောက်ရွံ့နေရပေမည်။ ယနေ့ကမ္ဘာကြီးကို အမေရိကန်က
လွှမ်းမိုးထားသည်။ စီးပွားဥစ္စာမှန်သမျှ စက်မှုလုပ်ငန်းရှင်များက
အများဆုံးပိုင်ဆိုင်ကြသည်။ နောက်ပြီး ယနေ့အချိန်သည် သတင်း
ခေတ်ဖြစ်သည်။ အခွင့်အခါကောင်းတွင်သတင်းကို အချိန်မှီ ရရှိသူ
တစ်ဦးသည် စီးပွားဥစ္စာကို များစွာပိုင်ဆိုင်သူဖြစ်လာသည်။
အကြောင်းမှာ ကမ္ဘာတဝှမ်းလုံးကို သတင်းက အလင်း၏လျင်မြန်မှု
နှုန်းဖြင့် လှည့်ပတ်ပျံသန်းနေသောကြောင့်ဖြစ်သည်။ သန်းကြွယ်
သူဌေးကြီးများ သိသာစွာများပြားလာမည်ဖြစ်သလို နောက်မှာ
ကျန်နေခဲ့သူများလည်း တပုံတပင်ဖြစ်နေလိမ့်မည်။

ယခုခေတ်အခါတွင် လူအတော်များများသည် အပြင်း



အထန် ကြိုးစားရုန်းကန်နေကြရသည်ကို ကျွန်တော်တွေ့နေရ
သည်။ မည်သို့ပင် ကြိုးစားအားထုတ်လုပ်ကိုင်ကြစေကာမူ ချောင်
လည်လာခြင်းမရှိ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် အပြောင်း
အလဲတစ်ခုခုကို ပြုလုပ်ရန် စိတ်မပါဘဲ အတွေးအမြင်ဟောင်းများ
ကိုသာ ဆုပ်ကိုင်ဖက်တွယ်ထားကြသည်။ ထိုသို့ရုန်းကန်ရင်းနှင့်ပင်
အလုပ်ပြုတ်သွားကြသူများက သက်ဆိုင်ရာ သူတို့၏အလုပ်ရှင်ကို
မကောင်းပြောအပြစ်တင်ကြသည်။ ပြဿနာ၏အဓိကပင်ရင်းမှာ
သူတို့ကိုယ်တိုင် ဖြစ်နေသည်ကို သဘောမပေါက်ကြပေ။

ကျွန်တော့်သင်တန်းတွင် သင်တန်းသားများ ကစားနိုင်ရန်
Cashflow ကစားနည်းကို ပြုလုပ်ပေးထားသည်။ ထိုကစားနည်းက
ငွေကြေး၏အလုပ်လုပ်ပုံနှင့်လည်ပတ်ပုံကို နားလည်သဘောပေါက်
အောင် အထောက်အကူပြုသည်။ ၎င်းကို ကစားခြင်းဖြင့် လက်ကျန်
ရှင်းတမ်းနှင့်အရှုံးအမြတ်စာရင်းတို့၏ အပြန်အလှန်အကျိုးပြုမှု ကို
နားလည်သဘောပေါက်စေသည်။ ထိုစာရင်းနှစ်ခုကြားမှာရှိသည့်
ငွေကြေးအနေအထားကို နားလည်လာပြီးမှ မည်သို့ချမ်းသာကြွယ်ဝ
အောင် လုပ်ရမည်ကို သဘောပေါက်လာမည်။ ထိုသို့သဘောပေါက်
လာသည်နှင့်တပြိုင်နက် ကြွက်ပြေးလမ်းကို ကျော်လွှားလွန်မြောက်
ပြီး အမြန်လမ်းပေါ်သို့ သင်လျှောက်လှမ်းနိုင်တော့မည်ဖြစ်သည်။

အဆိုပါကစားနည်းကို တစ်ချို့က သဘောကျကြသော်
လည်း တစ်ချို့ကနှစ်ခြိုက်မှုမရှိကြပါ။ ၎င်း၏ရည်ရွယ်ချက်ကိုလည်း
တစ်ချို့က သဘောပေါက်မှုမရှိကြပါ။ ကျွန်တော်၏သင်တန်းမှ
အမျိုးသမီးတစ်ဦးသည် လေ့လာသင်ယူခွင့်ရသည့် အဖိုးတန် အခွင့်

www.burmeseclassic.com

www.burmeseclassic.com



အလမ်းကို နားလည်သဘောပေါက်ခြင်းမရှိ။ သူသည် ကစားနေရင်းနှင့်ပင် အကြွေးများ ဝိုင်းဝိုင်းလည်နေတော့သည်။ နောက်ပိုင်းကလေးတစ်ယောက်ရလာပြီးနောက် သူမအလုပ်ပြုတ်သွားလေသည်။ သူ့အတွက်တော့ ထိုကစားနည်းက စိတ်ပျက်စရာကစားနည်း တစ်ခု ဖြစ်နေပေမည်။

ကျွန်တော်သည် စာသင်ကျောင်းတွင်သင်ကြားမပေးလိုက်သည့်အလုပ်များကိုလုပ်ကိုင်ရင်းဖြင့် သန်းနှင့်ချီပြီး ဒေါ်လာတွေရခဲ့သည်။ များသောအားဖြင့် စာသင်ကျောင်းများတွင် ဆရာများက စာသင်သားများကို ဟောပြောပို့ချပြီး သင်ကြားကြသည်။ ထိုသို့ သင်ကြားမှုမျိုးကို ကျွန်တော်မနှစ်သက်ပါ။ ၄င်းသည် မကြာမီ စိတ်ပျံ့လွင့်ငြီးငွေ့ပြီး ပျောက်ပျက်သွားတော့သည်။ ၁၉၈၄ ခုနှစ်လောက်ထဲတွင် ကျွန်တော်၏သင်ကြားပို့ချမှုများကို ကစားပွဲများ သရုပ်ဆောင်နည်းများဖြင့် ပြုလုပ်ခဲ့သည်။ ၄င်းက တစ်ဦးစီ၏ မလေ့စရိုက်ကို ပေါ်လွင်စေသည်။ ကမ္ဘာလောကကြီးသည် စစ်တုရင်ကစားပွဲတစ်ပွဲကဲ့သို့ပင် ထွက်ပေါ်လာသည့် တုန့်ပြန်ချက်များဖြင့် ကျွန်တော်တို့အား ကူညီပံ့ပိုးမှုပြုသည်။ ကျွန်တော်တို့က လိုက်လျောညီထွေဖြစ်အောင် ညှိနှိုင်းနိုင်လျှင် သင်ခန်းစာအမြောက်အများရနိုင်သည်။

မကြာသေးခင်လေးက အဝတ်တွေကို ပင်မင်းဆိုင်က မည်သို့လျှော်လိုက်သည်မသိ ဘောင်းဘီတွေ ကျုံ့ကုန်သည်ဟု ကျွန်တော်က ကျွန်တော်၏ဇနီးအားပြောပြသည့်အခါ ကျွန်တော်ဇနီးကပြုံးပြီး ကျွန်တော့်ဗိုက်ကိုပုတ်ပြကာ ဘောင်းဘီက ကျဉ်းသွား



ခြင်း မဟုတ်ဘဲ ကျွန်တော့်ဗိုက် ကြီးထွားလာခြင်းဖြစ်ကြောင်း ပြောပြသည်။ ငွေသားစီးဆင်းမှုကစားရာတွင်လည်း ကစားသူတိုင်း၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ တုန့်ပြန်ချက်များကို ထုတ်ဖော်ပေးနေသည်။ ရွေးချယ်ခွင့်များပေးနေသည်။ သည်ဟာလုပ်လို့ ဒီလိုဖြစ်ရင် ဘာဆက်လုပ်မလဲ၊ ဘယ်ဟာကို ရွေးချယ်လုပ်ကိုင်မလဲ၊ ရည်ရွယ်ချက်မှာ ပါဝင်ကစားသူများအား ငွေကြေးဆိုင်ရာ ရွေးချယ်လုပ်ကိုင်ခွင့်အမျိုးမျိုးကို ကြံဆတတ်အောင် သင်ကြားပေးနိုင်ဖို့ပင် ဖြစ်သည်။

အဆိုပါ ကစားနည်းကို ကစားခဲ့ကြသူပေါင်း တစ်ထောင်ကျော်ကို လေ့လာကြည့်ရာတွင် အမြန်ဆုံးနည်းဖြင့် ကြွက်ပြေးလမ်းမှ လွတ်မြောက်သူများသည် ကိန်းဂဏန်းများပေါ်မှနေ၍ ငွေကြေးဆိုင်ရာ တီထွင်ကြံဆတတ်မှု အတွေးအမြင်ရှိသူများဖြစ်ကြသည်။ ထိုကစားနည်းတွင် ငွေအမြောက်အမြား နိုင်သွားသူများရှိသော်လည်း သူတို့ထိုငွေဖြင့် ဘာမှဆက်မလုပ်တတ်ကြပေ။ သူတို့သည် လက်တွေ့လောကတွင်လည်း ငွေကြေးအရ အောင်မြင်သူများ ဖြစ်လာကြပေ။ သူတို့လက်ထဲတွင် ငွေရှိသော်လည်း တစ်ခြားသူများထက် နောက်ကောက်ကျနေသယောင် ထင်ရသည်။ တကယ့်လက်တွေ့ဘဝတွင်လည်း ငွေကြေးမြောက်များစွာရှိပြီး ငွေကြေးဆိုင်ရာ ခိုင်မာတောင့်တင်းမှု မရှိသူတွေ အများအပြားပင် ရှိပါသည်။

အမှန်အားဖြင့် သင်၏ရွေးချယ်ပိုင်ခွင့်ကို ထိန်းချုပ်ကန့်သတ်ထားခြင်းသည် အတွေးအမြင်ပေါင်းများကို ဖက်တွယ်ထားသကဲ့သို့ ဖြစ်ပါသည်။ ကျွန်တော့်ထံတွင် ကျောင်းနေဖက်သူငယ်ချင်းတစ်ယောက်ရှိသည်။ သူသည် ယခုအခါ အလုပ်သမားကို

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်နေရ၏။ လွန်ခဲ့သောအနှစ်နှစ်ဆယ်ခန့်ကဆိုလျှင် သူသည် ကျွန်တော့်ကျောင်းနေဖက်များထဲတွင်အချမ်းသာဆုံးပင်။ ကျွန်တော်တို့မြို့ကလေးမှ ကြံစိုက်ခင်းများ ဖျက်သိမ်းလိုက်ရသောအခါ ကုမ္ပဏီလည်းပါသွားတော့သည်။ ကျွန်တော့်သူငယ်ချင်းက သူ့စိတ်ထဲတွင် ရွေးချယ်ခွင့်တစ်မျိုးတည်းကိုသာ စဉ်းစား၍ရလိုက်သည်။ ၎င်းက အများသူငါ လျှောက်လှမ်းနေသော သမားရိုးကျလမ်းကြောင်းဖြစ်သည့် ပိုပြီး အလုပ်ကြိုးစားလုပ်ဖို့ ဖြစ်သည်။ ပြဿနာမှာ သူ့အရည်အချင်းနှင့် ကိုက်ညီသော အလုပ်ကို ရှာ၍မရခြင်းပင် ဖြစ်သည်။ ထိုအခါသူ၏စားဝတ်နေရေးရပ်တည်နိုင်မှုအတွက် ငွေကြေးလောက်ငမှုရှိအောင် အလုပ်သုံးခုလုပ်ရလေတော့သည်။

ကျွန်တော်၏ကျစားပွဲ၌ ပါဝင်ကစားကြသူများထဲတွင် အခွင့်အလမ်းကောင်းကတ်ပြားရောက်မလာသည့်အတွက် အပြစ်တင်ညည်းညူနေကြသူများရှိသလို အခွင့်အလမ်းကောင်းကတ်ပြားရောက်လာပြီး ငွေကြေးလုံလောက်စွာမရှိသူများကိုလည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ သူတို့တွင် ပိုက်ဆံပိုရှိလျှင် အဝအခွင့်အလမ်းကောင်းမည်ဟု ညည်းညူကြသည်။ သူတို့၌ ကြီးမားသောအခွင့်အလမ်းများ တွေ့သော်လည်း လက်ထဲတွင် ငွေမရှိကြ။

တစ်ချို့သူတို့ ဆွဲထုတ်လိုက်သော ကတ်ပြားသည် တကယ့်ကြီးမားသောအခွင့်အရေးကတ်ပြားဖြစ်သည်။ သို့သော်လည်း သူတို့က ကြီးမားသောအခွင့်အလမ်းကောင်းမှန်းမသိကြ။ သူတို့ထံတွင် ရင်းနှီးမြှုပ်နှံဖို့အတွက် ငွေကြေးအဆင်သင့်ဖြစ်သော်လည်း ရရှိလာသည့်အခွင့်အလမ်းကို ထွက်ပေါက်ဟူ၍ မမြင်။ တဖြည်းဖြည်း



အချိန်ရလာသည်နှင့်အမျှ အခြားသူများ ကြွယ်ဝချမ်းသာလာသည့်အခါမှ ထိုအရာကို အခွင့်အလမ်းကောင်းကြီးမှန်း သိကြသည်။

ငွေကြေးဆိုင်ရာ အသိပညာဆိုသည်မှာ ရွေးချယ်ခွင့်များ ပိုများများ ရရှိအောင် ဖန်တီးတတ်ခြင်းပင်ဖြစ်သည်။ အကယ်၍ သင့်ထံသို့ အခွင့်အလမ်းကောင်းရောက်မလာလျှင် သင်၏ငွေကြေးအခြေအနေကောင်းမွန်လာအောင် မည်သို့လုပ်ကိုင်ဆောင်ရွက်နိုင်ပါသလဲ။ အကယ်၍ သင့်လက်ထဲသို့ အခွင့်အလမ်းကောင်းတစ်ခုရောက်လာသော်လည်း သင့်ထံ၌ ငွေကြေးမရှိ၊ ဘဏ်ကလည်း သင့်အား ငွေမချေးဘူးဆိုလျှင် ထိုအခွင့်အရေးကို သင့်အတွက် အကျိုးရှိစွာ အသုံးချနိုင်အောင် သင်မည်သို့ လုပ်ဆောင်မည်နည်း။ အကယ်၍ သင်၏ခန့်မှန်းချက်လွဲချော်ပြီး သင်မျှော်လင့်ထားသည့် အနေအထားအတိုင်း ဖြစ်မလာနိုင်ဘူးဆိုလျှင် အဆိုပါအခြေအနေ များထဲမှ သင့်အတွက် အကျိုးရှိအောင် မည်သို့လုပ်ဆောင်မည်နည်း။ အရေးကြီးသည်မှာ ဘာတွေဖြစ်ပျက်လာသည်ဆိုတာက အဓိကမဟုတ် သင်တွေးတောကြံဆ၍ရရှိသော နည်းလမ်းအဖြေ ဘယ်နှစ်မျိုးရှိသလဲဆိုတာကသာ အဓိကဖြစ်သည်။ ငွေကြေးပြဿနာများကို ဖြေရှင်းရာတွင် မည်သည့်အတိုင်းအတာအထိ သင်ကြံဆနိုင်စွမ်းရှိပါသလဲ ဆိုသည်ကသာ အရေးကြီးပါသည်။

သာမန်လူအများစုကတော့ အလုပ်ကို ပို၍ကြိုးစားလုပ်ကိုင်ပြီး ငွေစုမည်။ ထို့နောက် ရနိုင်သည့်နေရာမှ ငွေချေးမည်ဆိုသည့်အရာတစ်ခုတည်းကိုသာ သိကြသည်။

ထို့ကြောင့် ငွေကြေးအသိပညာမြင့်မားအောင် ဘာ

www.burmeseclassic.com

www.burmeseclassic.com



အတွက်အားထုတ်ချင်ရပါသလဲဆိုလျှင် ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သော အနေအထားမျိုးရယူလိုသောကြောင့်ဖြစ်သည်။ မည်သည့်အခြေအနေမျိုးကို ကြုံတွေ့ရသည်ဖြစ်ပါစေ ထိုအထဲမှ အကောင်းဆုံးဖြစ်လာအောင် စွမ်းဆောင်ဖန်တီးယူနိုင်ရပါမည်။ သင်သည် အလုပ်ကို ပို၍ ကြိုးစားလုပ်ကိုင်ပြီး ရုန်းကန်နေမည့်နေရာတွင် ပို၍ ဝင်ငွေကောင်းဖို့ ပို၍ကံကောင်းဖို့အတွက် ငွေကြေး အသိပညာက အရာရောက်လာပြီဖြစ်သည်။ သင်သည် အခွင့်အလမ်းကောင်းရရှိလာဖို့ ထိုင်၍သာစောင့်နေရသူဆိုလျှင် အလွန် အချိန်ကြာအောင် စောင့်နေရပေလိမ့်မည်။

ချမ်းသာသောအဖေက ကျွန်တော်နှင့်မိုက်အား ငယ်ရွယ်စဉ်ကတည်းက အမြဲတစေပြောလာသည်မှာ 'တကယ်တမ်းက ငွေဆိုတာ အမှန်တကယ်ရှိတာမဟုတ်ဘူး' ဟူ၏။ လူလတ်တန်းစားဆင်းရဲသားတွေက ငွေရဖို့အလုပ်လုပ်ကြတယ်။ ချမ်းသာတဲ့လူတွေက ငွေကို ဖန်တီးယူကြတယ်။ ငွေဆိုတာ တကယ်ရှိတယ်လို့ ထင်လေ မင်းတို့ကြိုးစားပြီးအလုပ်လုပ်လေပဲ။ ငွေဆိုတာ တကယ်ရှိတာမဟုတ်ဘူးဆိုတဲ့သဘောကို သိလာလေ မင်းတို့ချမ်းသာဖို့နီးလာလေပဲမှတ်'။ 'ငွေဆိုတာ တကယ်မရှိဘူးဆိုရင် ဘယ်လို သဘောမျိုးလဲဟင်' ဟု ကျွန်တော်ပြန်မေးမိသည်။ 'ငွေဆိုတာ တို့တစ်တွေသတ်မှတ်ထားတဲ့ ပညတ်ချက်တစ်ခုပဲပေါ့' ဆိုသောအဖြေကို ကျွန်တော်တို့ ထိုစဉ်အခါက နားမလည်ခဲ့ပါ။

ကျွန်တော်တို့ အားလုံးပိုင်ဆိုင်သည့်စွမ်းအားအရှိဆုံးအရာမှာ ကျွန်တော်တို့၏စိတ်ဖြစ်သည်။ ထိုစိတ်ကို စနစ်တကျလေ့ကျင့်



ပေးခြင်းဖြင့် စည်းစိမ်ချမ်းသာကို လျင်မြန်စွာ ရရှိစေနိုင်သည်။ ထိုနည်းတူစိတ်ကို စနစ်တကျ လေ့ကျင့်မပေးလျှင် အလွန်အမင်းဆင်းရဲမွဲတေစေနိုင်သည်။

ငွေကြေးသည် ယခုကဲ့သို့သော သတင်းခေတ်အခါကြီးတွင် အဆမတန်ပွားများလာသည်။ လူအနည်းစုလောက်သာလျှင် အရင်းအနှီးမရှိဘဲ အမြန်ချမ်းသာလာကြသည်။ တကယ်တမ်းတွင် သူတို့၏အရင်းအနှီးမှာ လုပ်ရည်ကိုင်ရည် ကြံဖန်နိုင်စွမ်းနှင့်သဘောတူညီချက်များသာ ဖြစ်သည်။ စတော့များ သို့မဟုတ် အခြားသောရင်းနှီးမြှုပ်နှံမှုများကို အရောင်းအဝယ်လုပ်ပြီး ရပ်တည်ကြသူများကို ကြည့်ပါက သိနိုင်ပါသည်။ မည်သည့်အရင်းအနှီးမှ မစိုက်ထုတ်ရဘဲ ငွေသန်းပေါင်းများစွာ ရအောင် လုပ်နိုင်သည်။ အရင်းအနှီးမစိုက်ထုတ်ဆိုသည်မှာ ငွေကြေးတစ်ပြားတစ်ချပ်မှ လွှဲပြောင်းမှုမရှိသည်ကို ဆိုလိုသည်။ လန်ဒန်ရှိ အရောင်းအဝယ်သမားက တိုရွန်တိုရှိ အရောင်းအဝယ်သမားထံ ကွန်ပျူတာမှတဆင့် အချက်အလက်တစ်ခုလှမ်းပို့လိုက်သည်။ သူကလည်း ထိုအချက်ပြမှုကို လန်ဒန်သို့ ပြန်ပို့လိုက်၏။ ကျွန်တော်တို့ တိုင်ပင်ထားသည့်ကိစ္စကို ဝယ်ယူဖို့ကျွန်တော့ပွဲစားထံ ဖုန်းဆက်အချက်ပေးလိုက်သည်။ ခဏအကြာတွင် ထိုပစ္စည်းကို ပြန်ရောင်းဖို့ သဘောတူလိုက်သည်။ ငွေသားများ လွှဲပြောင်းနေခြင်းမဟုတ်ပါ။ သဘောတူညီချက်များ အပေးအယူလုပ်ကြခြင်းသာဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်၏ငွေကြေးဆိုင်ရာကိစ္စများတွင် စွမ်းရည်တိုးတက်အောင် ဘယ်အတွက် ကြိုးစားခဲ့ရသလဲဆိုသည်ကို

www.burmeseclassic.com

www.burmeseclassic.com



သိနိုင်ပါသည်။ အကြောင်းမှာ ကျွန်တော်သည် ငွေကို အလျင်အမြန် ရလိုသောကြောင့်ဖြစ်ပါသည်။ ကျွန်တော့်အတွက် အရေးတကြီး ငွေလိုအပ်နေသောကြောင့်မဟုတ်၊ အလျင်အမြန်ရလိုသောဆန္ဒ သက်သက်ကြောင့်သာဖြစ်ပါသည်။ ၎င်းသည် နှစ်သက်ဖွယ်ကောင်း သောဆည်းပူးသင်ယူမှုလုပ်ငန်းစဉ်လည်း ဖြစ်ပါသည်။ ကျွန်တော် သည် ငွေကြေးဆိုင်ရာပင်ကိုယ်စွမ်းရည်ထက်မြက်အောင်အားထုတ် ခဲ့ရခြင်းမှာ ကမ္ဘာ့အကြီးမားဆုံးနှင့် အမြန်ဆုံးကစားပွဲတွင် ကျွန်တော်ပါဝင်ယှဉ်ပြိုင်လိုသောကြောင့် ဖြစ်သည်။ ရှေးယခင်က မဖြစ်ပေါ်ခဲ့ဖူးသော လူသားတို့၏တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်တွင် ကဏ္ဍတစ်ခုမှနေ၍ ပါဝင်လိုသောကြောင့် ဖြစ်ပါသည်။ ယခု ခေတ်ကာလလူသားတို့သည် ကာယခွန်အားဖြင့် အလုပ်မလုပ်ဘဲ သူတို့၏စိတ်ဖြင့်သာ အလုပ်လုပ်သောကာလဖြစ်သည်။ ထို့ပြင် တက်ကြွပျော်ရွှင်စွာဖြင့် စီးပွားတိုးတက်ဖြစ်ထွန်းသောကာလလည်း ဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်တော်သည် ငွေကြေးအသိပညာ ဖွံ့ဖြိုးဖို့အတွက် ရင်းနှီးမြှုပ်နှံအားထုတ်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော် ကနောက်ကျန်ရစ်နေခဲ့မှာမလိုလားဘဲ ရှေ့သို့လိုက်ပါသွားလိုသည်။

ငွေကြေးဖန်တီးခြင်းနှင့်စပ်လျဉ်းသည့် အရိုးရှင်းဆုံးဥပမာ တစ်ခုကို ကျွန်တော်တင်ပြပါမည်။ ၁၉၉၀ ပြည့်နှစ် အစပိုင်း လောက်တွင် ဖီးနစ်မြို့၏စီးပွားရေးအခြေအနေမှာ ဆိုးဝါးစွာ ကျဆင်းနေ၏။ ကျွန်တော် TV အစီအစဉ်ကြည့်နေစဉ်မှာပင် ငွေကြေးဆိုင်ရာ စီမံ ကိန်းပညာရှင်တစ်ဦး ထွက်လာပြီး ငွေစုကြဖို့ အကြံပေးချက်တခုကို ပြောကြားလာသည်။ သင်ရရှိသည့် ဝင်ငွေ



ထဲမှတစ်လလျှင်ဒေါ်လာ ၁၀၀ ဖယ်ဖယ်ထားပြီး စုလျှင် နှစ်ပေါင်း ၄၀ ကြာသောအခါ၌ သင်သန်းကြွယ်သူဌေးတစ်ယောက်ဖြစ်လာ မည်ဟူ၏။

မှန်ပါသည်။ လစဉ် ငွေစုခြင်းသည် ကောင်းသောနည်း စနစ်တစ်မျိုးနှင့် အများစု လိုက်နာကျင့်သုံးကြသော ရွေးချယ်ခွင့် တစ်မျိုးလည်း ဖြစ်ပါသည်။ သို့သော် ထိုအကြံဉာဏ်သည် လက်တွေ့ လောကတွင် ဖြစ်ပျက်နေသောအရာများကို မမြင်မတွေ့နိုင်အောင် ဖြစ်စေသည်။ သူတို့၏ အခွင့်အရေးအား လက်လွှတ်သွားစေပါ သည်။ ထိုအချိန်အခါက စီးပွားရေးအခြေအနေ ဆိုးဝါးနေသော် လည်း ရင်းနှီး မြှုပ်နှံသူများအတွက်မူ ရင်းနှီးမြှုပ်နှံဖို့ အကောင်းဆုံး အခြေအနေ ဖြစ်ပါသည်။ ကျွန်တော်သည် စတော့ဈေးကွက်နှင့် အိမ်ခန်းတွေထဲမှာ ငွေမြှုပ်နေပြီး လက်ကျန် ငွေသားနည်းနေပါ သည်။ အကြောင်းမှာ လူတိုင်းက ရှိသမျှကို ထုတ်ရောင်းနေချိန်တွင် ကျွန်တော်က ရနိုင်သလောက် ရင်းနှီးမြှုပ်နှံနေသောကြောင့် ဖြစ်သည်။ ကျွန်တော် တို့ဇနီးမောင်နှံထံတွင် ဈေးကွက်အတွင်း၌ လည်ပတ်နေသော ဒေါ်လာငွေတစ်သန်းကျော်ရှိ၏။ ထိုငွေများက နေ့စဉ်ရက်ဆက် တိုးတက်ပွားများနေပါသည်။ ကျွန်တော့်အတွက် စီးပွားရေး ယိုယွင်းကျဆင်းနေသော ဤအချိန်သည် ရင်းနှီးမြှုပ်နှံ ဖို့ အကောင်းဆုံးအချိန်ပင် ဖြစ်သည်။

ယခင်က ဒေါ်လာ ၁၀၀,၀၀၀ တန်အိမ်များက ယခုအခါ ဒေါ်လာ ၇၅,၀၀၀ ဖြစ်လာသည်။ သို့သော် ကျွန်တော်က အိမ်မြေ အရောင်းအဝယ်ဌာနတွင် စုံစမ်းခြင်းမပြုဘဲ ဒေဝါလီခံမည့်သူများ

www.burmeseclassic.com

www.burmeseclassic.com



၏အကျိုးဆောင်ရွေ့နေရုံးခန်းသို့သာ သွားရောက်ခဲ့သည်။ ထိုနေရာများမှာ ဝယ်လျှင် ဒေါ်လာ ၇၅၀၀၀ တန်သော အိမ်တစ်လုံးကို ဒေါ်လာ ၂၀၀၀၀ လောက်ဖြင့်သာ တစ်ခါတစ်ရံ ဝယ်၍ရနိုင်သည်။ အဆိုပါ ဒေါ်လာ ၂၀၀၀၀ တန်အိမ်အတွက် စရံငွေ ၂၀၀၀ ကို ချက်လက်မှတ်ဖြင့် ပေးလိုက်သည်။ ထိုဒေါ်လာ ၂၀၀၀ မှာ မိတ်ဆွေတစ်ဦးထံမှ ရက်ပေါင်း ၉၀ အတွက် အတိုးငွေဒေါ်လာ ၂၀၀ ဖြင့် ချေးထားသည့်ငွေဖြစ်သည်။ ဥပဒေအရ အရောင်းအဝယ်ကိစ္စများ လုပ်ဆောင်နေခိုက်တွင် ကျွန်တော်က သတင်းစာထဲမှနေ၍ ဒေါ်လာ ၇၅,၀၀၀ တန်အိမ်တစ်လုံးကို ဒေါ်လာ ၆၀,၀၀၀ မျှဖြင့် ရောင်းချမည့်အကြောင်း ကြော်ငြာထည့်လိုက်၏။ ကျွန်တော့်ထံ ဆက်သွယ်မေးမြန်းမှုများ ရရှိလာပြီးနောက် ကျွန်တော်၏အိမ်ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းများထွက်လာသည့်အခါ ဝယ်လက်များအား အိမ်ကို ကြည့်ရှုခွင့်ပေးလိုက်၏။ မကြာခင်အချိန်အတွင်းမှာပင် အိမ်ရောင်းထွက်သွားလေ၏။ ကျွန်တော့်သူငယ်ချင်းအား ဒေါ်လာ ၂၀၀၀ နှင့်အတိုး ၂၀၀ ပြန်ပေးလိုက်သည်။ ဒေါ်လာ ၂၀၀၀၀ ဖြင့် ဝယ်သည့်အိမ်ကို ဒေါ်လာ ၆၀၀၀၀ ဖြင့် ရောင်းလိုက်သည့်အတွက် ဒေါ်လာ ၄၀၀၀၀ သည် ကျွန်တော်၏ရပိုင်ခွင့်ထဲတွင် စာရင်းဝင်သွားလေသည်။

ထိုစီးပွားရေးအကြပ်အတည်းကာလအတွင်းတွင် အထက်ပါ အရောင်းအဝယ်ကိစ္စမျိုးပေါင်း ခြောက်ခုတိတိကို ကျွန်တော်တို့ ဇနီးမောင်နှံလုပ်ဆောင်နိုင်ခဲ့သည်။ ကျွန်တော်တို့၏ ငွေကြေး အလုံးအရင်းကို အိမ်ရာနှင့်စတော့ဈေးကွက်တွင် မြှုပ်နှံထားသည့်အခိုက်



ဖော်ပြခဲ့သော ဝယ်ရောင်းကိစ္စလေးများဖြင့် ဒေါ်လာ ၁၉၀,၀၀၀ ထက်မကသော ငွေပမာဏကို ရှာဖွေရယူနိုင်ခဲ့သည်။ ထိုငွေပမာဏ ရပိုင်ခွင့်ထဲတွင် ဝင်သွားသည့်အတွက် တစ်နှစ်လျှင် ဒေါ်လာ ၁၉၀၀၀ မျှ ဝင်ငွေ ရနေပါသည်။ ထိုဝင်ငွေထဲမှ အများစုမှာ ကျွန်တော်တို့အတွက် အကာအကွယ်လုပ်ထားသည့် ကော်ပိုရေးရှင်း (ပုဂ္ဂလိက) ၏ အသုံးစရိတ်များဖြစ်သွားသည်။ ထိုစရိတ်များမှာ ခရီးစရိတ်များ၊ မိတ်ဆီဖိုးများ၊ အာမခံစရိတ်များ၊ ညစ်ခံကျွေးမွေး စရိတ်များ စသည်တို့ဖြစ်သည်။ အစိုးရက ကျွန်တော်တို့အား ဝင်ငွေခွန်စည်းကြပ်ချိန်တွင် ဝင်ငွေများကို ဥပဒေဘောင်အတွင်းမှာပင် တရားဝင်သုံးစွဲထားပြီးဖြစ်သည်။ ထိုအခါ အစိုးရက လက်ကျန်ဝင်ငွေပေါ်၌သာ အခွန်စည်းကြပ်ရလေတော့သည်။

အောက်ပါပုံသည် ငွေကြေးအသိပညာကို အသုံးချကာ ငွေကို မည်သို့မည်ပုံဖန်တီးရယူပြီး မည်ကဲ့သို့ အကာအကွယ်ယူထားကြောင်း ရိုးရှင်းစွာဖော်ပြထားသောပုံဥပမာဖြစ်ပါသည်။


သင်သည် လစဉ်ပုံမှန် ငွေစုမည်ဆိုပါက ဒေါ်လာ ၁၉၀,၀၀၀ ရဖို့ မည်မျှကြာအောင် စုရမည်ကို သင်သိပါသလား။ ဘဏ်က သင်၏အပ်ငွေအပေါ် ၁၀% အတိုးပေးနိုင်ပါသလား။ ငွေပေးချေဖို့ ကတိစာချုပ်က နှစ်ပေါင်း ၃၀ ထိ တရားဝင်သည်။ တစ်နှစ်လျှင် အတိုး ၁၉၀၀ ဖြင့် နှစ်ပေါင်း ၃၀ တွင် ဝင်ငွေဒေါ်လာ ၅၀၀,၀၀၀ ကျော်ရနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခွန်သက်သာငွေများ
စုငွေဒေါ်လာ၄၀,၀၀၀
ရဖို့ဘယ်လောက်
ကြာမလဲ
အခွန် ၅၀%ဖြင့်
ကောက်လျှင် မည်မျှ
ကျပါမလဲ




အကယ်၍ ပေးချေမည့်သူက ငွေပေးရန် ပျက်ကွက်လျှင် မည်သို့လုပ်မလဲဟု လူအများက မေးကြသည်။ ထိုသို့ဖြစ်တတ်သည့် အဖြစ်အပျက်များလည်း ရှိပါသည်။ ၁၉၉၄ နှင့် ၁၉၉၇ ခုနှစ် အတွင်းက ဖီးနစ်မြို့အိမ်မြေဈေးကွက်သည် အမေရိက၏ ရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားမှုအများဆုံးသော ဈေးကွက်ဖြစ်ပါသည်။ အကယ်၍သာ ပေးချေရမည့်သူက ပျက်ကွက်ပါလျှင် ၄င်းဒေါ်လာ ၆၀,၀၀၀ တန်အိမ်ကို သိမ်းပြီး ဒေါ်လာ ၇၀,၀၀၀ ဖြင့်တဆင့် ရောင်းချပါမည်။ တကယ့်လက်တွေ့တွင် အဆိုပါ အရောင်းအဝယ် ကိစ္စအတွက် ငွေကြေးတစ်ပြားတစ်ချပ်မှ လွှဲပြောင်းပေးရခြင်း မရှိပါ။

၁၉၉၇ ခုနှစ်တွင်မူ ဈေးကွက်အခြေအနေသည် ပြီးခဲ့သည့် ငါးနှစ်တုန်းကနှင့် လုံးဝကို ပြောင်းပြန်ဖြစ်နေပါပြီ။ ဒေါ်လာ



၆၀,၀၀၀ ဖြင့် ရောင်းချခဲ့သောအိမ်များသည် ဒေါ်လာ ၁၁၀,၀၀၀ ဖြစ်နေလေပြီ။ ငွေအရင်းအနှီးစွန့်စားရမှုနည်းပါးစွာဖြင့် ရိုးရှင်းသောလုပ်နည်းလုပ်ဟန်ကလေးမှနေ၍ သိန်းချီရသောငွေကြေးကို မြတ်စွန်းနိုင်ကြောင်း သဘောတူညီမှုတစ်ခုသာဖြစ်ကြောင်းကို ဖော်ပြသည့်အပြင် အထက်တန်းပညာတတ်မြောက်သူ မည်သူမဆို လုပ်နိုင်သည့်ကိစ္စမျိုးဖြစ်သည်။

သို့သော် လူအများစုက အလုပ်ကြိုးစားပြီး ငွေစုသည့် သမားရိုးကျအကြံဉာဏ်ကိုသာ လိုက်နာကြသည်။

အထက်ဖော်ပြပါနည်းလမ်းနှစ်ခုတွင် မည်သည်ကပင်ပန်း ခက်ခဲပါသလဲ။

၁။ အလုပ်ကိုကြိုးစားလုပ်ကိုင်ပြီး ၅၀%ကို အခွန်အကောက် ပေး၊ ကျန်သည့်ငွေထဲမှ စုဆောင်း

သို့မဟုတ်

၂။ ငွေကြေးအသိပညာကို ဆည်းပူးလေ့လာပြီး သင့်ကိုယ်ပိုင် စဉ်းစားဉာဏ်ဖြင့် ရပိုင်ခွင့်စာရင်းကို စီမံကွပ်ကဲ

ထို့ကြောင့်တချို့မိဘများက 'ကျွန်တော့်ကလေးက စာသိပ် တော်တာဗျ၊ ပညာရေးက ဖြောင့်ဖြူးနေတာပဲ' ဟု ပြောလျှင် ကျွန်တော်နှုတ်ဆိတ်နေမိသည်။ ကျောင်းစာတော်သည်က စိတ်ချမ်းသာစရာဖြစ်သော်လည်း ထိုမျှနှင့်လုံလောက်နေပါပြီလား။

အထက်ဖော်ပြပါ ရင်းနှီးမြှုပ်နှံမှု နည်းဗျူဟာသည် အသေးအဖွဲမျှသာဖြစ်ပါသည်။ ငွေကြေးဆိုင်ရာအသိပညာကို အခြေခံပြီး

www.burmeseclassic.com

www.burmeseclassic.com



တက်မြောက်လာသည့် ငွေကြေးပညာထက်မြက်မှုက အလွန်ပင် အရေးပါအရာရောက်သည်ကို ကျွန်တော်၏အောင်မြင်မှုများက ဖော်ပြနေပါသည်။ ငွေကြေးအသိပညာသည် အောက်ပါကျွမ်းကျင်မှုဆိုင်ရာ နည်းပညာလေးရပ်ဖြင့် ဖွဲ့စည်းပေါ်ပေါက်လာပါသည်။

(၁) ငွေကြေးအခြေခံပညာ - ကိန်းဂဏန်းများကို ဖတ်ပြီး အဓိပ္ပါယ်ဖော်နိုင်စွမ်းရှိခြင်း။

(၂) ရင်းနှီးမြှုပ်နှံမှုနည်းဗျူဟာများ - ငွေကို ငွေဖြင့်ရှာခြင်းပညာ

(၃) ဈေးကွက် - ဝယ်လိုအားနှင့်ရောင်းလိုအား - ဈေးကွက်၏ လိုအပ်ချက်ကို အလက်ဇန်းဒါးဂရေဟမ်ဘဲလ်က ဖြည့်ဆည်းပေးခဲ့သည်။ ဘီလ်ဂိတ်လည်း ထိုနည်းကဲ့သို့ပင်။ ဒေါ်လာ ၇၅၀၀၀ တန်အိမ်ကို ၂၀၀၀၀ ဖြင့် ဝယ်ပြီး ၆၀၀၀၀ ဖြင့် ပြန်လည်ရောင်းချခြင်းသည်လည်း ဈေးကွက်က ဖန်တီးပေးသည့် အခွင့်အလမ်းကို အရယူနိုင်သောရလဒ်ပင်ဖြစ်သည်။

(၄) ဥပဒေ - စာရင်းအင်းကို စိတ်ဝင်စားစွာ လေ့လာပြီး ကော်ပိုရေးရှင်းနိုင်ငံနှင့်ပြည်နယ်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများကို အလေးထား၍ ဥပဒေဘောင်အတွင်းမှ လုပ်ဆောင်လှုပ်ရှားဖို့ ကျွန်တော်အကြံပြုပါသည်။

ချမ်းသာကြွယ်ဝဖို့ ကြိုးပမ်းရာတွင် အောင်မြင်နိုင်ရန်အတွက် ဖော်ပြပါ ကျွမ်းကျင်မှုလေးရပ်ပေါင်းစပ်ထားသည့် အသိပညာရှိဖို့လိုအပ်ပါသည်။ သင့်အနေဖြင့် သေးငယ်သောအိမ်လေးများကို ဝယ်ရောင်းလုပ်သည်ဖြစ်စေ၊ အိမ်ကြီးကြီးမားမားကို ဝယ်ရောင်းလုပ်သည်ဖြစ်စေ၊ စတော့ဝယ်သည်ဖြစ်စေ၊ အကျိုးတူ



ရုံပုံငွေတည်ထောင်သည်ဖြစ်စေ၊ ကျောက်မျက်ရတနာ စုဆောင်းသည်ဖြစ်စေ၊ မည်သည့်စီးပွားရေးကိုပင်လုပ်ကိုင်ပါစေ၊ အထက်ဖော်ပြပါ အသိပညာများရှိဖို့ လိုအပ်သည်။

၁၉၉၆-ခုနှစ်အတွင်း အိမ်မြေဈေးကွက်နောက်ထပ်တဖန်လှုပ်ရှားလာသောအခါ လူတိုင်းလိုပင် ထိုဈေးကွက်ထဲသို့ဝင်လာကြသည်။ အမေရိကန်၏စီးပွားရေး ပြန်လည်ထူထောင်လာပြန်ပြီဖြစ်သည်။ ထို ၁၉၉၆-ခုနှစ်ထဲတွင်ပင် ကျွန်တော့်ရှယ်ယာပိုင်ခွင့်များကို စတင်ရောင်းချသည်။ထိုနောက် နော်ဝေ၊ ပီရူး၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့သို့ ခရီးထွက်သည်။ ရင်းနှီးမြှုပ်နှံဖို့အတွက် အခြေအနေကပြောင်းလဲသွားပြီဖြစ်သည်။ အိမ်မြေဈေးကွက်ထဲတွင် အဝယ်လိုက်နေသမျှ ကျွန်တော်က ဈေးကွက်အပြင်ထွက်နေလိုက်သည်။ ယခုအခါ ကျွန်တော်၏ ရှယ်ယာပိုင်ခွင့်ပစ္စည်းများ တဖြည်းဖြည်းချင်းဈေးတက်နေသည်ကို စောင့်ကြည့်နေလိုက်၏။ ကွန်ဂရက်တော်မှ အတည်ပြုမည့်ဥပဒေအပြောင်းအလဲများပေါ်တွင် အခြေအနေအရပ်ရပ်က အမှီပြုနေသည်။

ရင်းနှီးမြှုပ်နှံမှုဟူသည် အခွင့်သာသောအချိန်ရှိသလို၊ အခွင့်မသာသောအချိန်များလည်းရှိသည်ကိုကျွန်တော်တင်ပြလိုပါသည်။ ဈေးတွေတရားလွန်ထိုးတက်သွားခြင်း၊ မတရားထိုးကျသွားခြင်း၊ စီးပွားရေးစန်းပွင့်မှု၊ ပျက်စီးယိုင်လဲမှု မည်သို့ပင် ဖြစ်ပျက်နေပါစေ သင်၏ဘဝခရီးလမ်းတွေကို ပေးအပ်နေပါသည်။ အဆိုပါအခွင့်အလမ်းများကို ကျွန်တော်တို့က သတိမထားမိကြပေ။ ကမ္ဘာကြီးပြောင်းလဲလာသလို နည်းပညာများပြောင်းလဲသလေ

www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးများပို၍ ပေါ်ပေါက်လာလေပင်ဖြစ်သည်။ အဆိုပါ အခွင့်အလမ်းများက သင်၏ မျိုးဆက်အဆက်ဆက်ကိုပင် ငွေကြေး အခြေခိုင်အောင် လုပ်ဆောင်ပေးနိုင်စွမ်းရှိပါသည်။

ထိုသို့ဆိုလျှင် ငွေကြေးအသိပညာတိုးတက်ဖို့ အဘယ်အတွက်ကြိုးပမ်းနေမည်နည်း။ ကျွန်တော်အဘယ်အတွက် ကြိုးပမ်းနေသည်ဆိုတာကိုတော့ ဖြေနိုင်ပါသည်။ အပြောင်းအလဲများနှင့် မကြာခင်ကြုံတွေ့ကြမည်ဖြစ်သည်ကို ကျွန်တော်သိနေသောကြောင့် ဖြစ်သည်။ ဈေးကွက်များပွင့်လန်းတက်ကြွလာလိမ့်မည်။ ထို့နောက် ဈေးကွက်များ ယိုင်လဲပျက်စီးကုန်မည်။ ထို့အတွက် ကျွန်တော်တို့ အနေဖြင့် ငွေကြေးအသိပညာဖွံ့ဖြိုးတိုးတက်အောင် အဆက်မပြတ် လေ့လာအားထုတ်နေဖို့လိုအပ်သည်။ အကြောင်းမှာ ဈေးကွက်တွင် အပြောင်းအလဲဖြစ်ပေါ်တိုင်းတစ်ချို့သောသူတို့သည်အလုပ်လက်မဲ့ ဖြစ်မသွားစေဖို့ တောင်းပန်တိုးလျှိုးနေကြရတော့မည်။ တပြိုင်နက်တည်းဆိုသလို အခြားတစ်ဖက်တွင်မူ လူတစ်ချို့ကတော့ ရရှိလာသည့် အခွင့်အလမ်းကို အရယူကြလိမ့်မည်။ ကျွန်တော်တို့အားလည်း ထိုသို့သော အခွင့်အလမ်းမျိုး မကြာခဏ ပေးတတ်ပါသည်။ အဆိုပါ မပြောပလောက်သောအခွင့်အလမ်းလေးများကို ငွေကြေး အသိပညာပြည့်ဝသူတို့က ငွေကြေးသန်းပေါင်း များစွာဖြစ်အောင် ပြုလုပ်ကြလိမ့်မည်။ ထိုအရာသည် ငွေကြေးအသိပညာပင် ဖြစ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သကဲ့သို့ ငွေကြေး သန်းနှင့်ချီ၍ ဖြစ်လာအောင် ကျွန်တော်ကိုယ်တိုင် ပြောင်းလဲပစ်ခဲ့သောအခွင့်အလမ်းငယ်ကလေးများအကြောင်းကို သိလိုသူအတော်များများက ကျွန်တော်



အား မေးမြန်းကြသည်။ ထိုရင်းနှီးမြှုပ်နှံမှုများအကြောင်းကို ပြောပြဖို့အတွက်မူ ကျွန်တော် အလွန်ဝန်လေးခဲ့ပါသည်။ ကျွန်တော် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည်များကို ဥပမာပြု၍ အဆိုပါ လုပ်ငန်းရပ်သည် လုပ်ကိုင်ရလွယ်ကူကြောင်းကို အများသိစေလိုသောကြောင့် ဖြစ်သည်။ ငွေကြေးအသိပညာ အခြေခံလေးမျိုးကို ပိုပြီးကျွမ်းကျင်လေ၊ လုပ်ငန်းတစ်ခုကို ရင်းနှီးမြှုပ်နှံဖို့ ပိုပြီးလွယ်ကူလေဖြစ်ပါသည်။

ကျွန်တော်အနေဖြင့် ကြီးပွားချမ်းသာဖို့အတွက် လက်ကိုင်ပြုထားသည့်လုပ်ငန်းရပ် နှစ်ခုရှိပါသည်။ ၄င်းမှာအိမ်မြေလုပ်ငန်းကို အဓိကအသုံးပြုသည်။ ထိုအိမ်မြေ စသည်တို့က ကျွန်တော့်အတွက် ငွေသားများစွာ စီးဝင်လာစေသည်။ တစ်ခါတစ်ရံ တန်ဖိုးတက်သွားတတ်သည်။ စတော့အငယ်စားလေးများကိုမူ အမြန်ငွေပေါ်စေသောလုပ်ငန်းအဖြစ်အသုံးပြုသည်။ ကျွန်တော် လုပ်ကိုင်ခဲ့သမျှအားလုံးကို ဥပမာများအဖြစ် တင်ပြခြင်းဖြစ်ပါသည်။ ထိုအတိုင်းလိုက်လုပ်ဖို့ အကြံပေးတိုက်တွန်းခြင်း မဟုတ်ပါ။ ကျွန်တော့်အနေဖြင့် ကြုံတွေ့လာရသည့် အခွင့်အလမ်းတစ်ခုကို ရင်းနှီးမြှုပ်နှံဖို့ သင့်တော်မှုရှိမရှိ မဝေခွဲနိုင်လျှင် ထိုအခွင့်အလမ်းကို ဖယ်ရှားထားလိုက်ပါသည်။ စီးပွားရေးလုပ်ငန်းတစ်ခု အောင်မြင်ဖို့အတွက် ဂဏန်းသင်္ချာအခြေခံနှင့် ရိုးစင်းသော အသိဉာဏ်ရှိဖို့သာ လိုပါသည်။ အောက်ပါအကြောင်းအရာများအတွက်ကြောင့် ဥပမာများကို အသုံးပြုရခြင်းဖြစ်သည်။

၁။ လူအများယခုထက်ပို၍ လေ့လာသင်ယူလိုစိတ်များဖြစ်

www.burmeseclassic.com

ပေါ်လာအောင် တိုက်တွန်းပေးလိုခြင်း။

၂။ အခြေခံအသိပညာတောင့်တင်းလျှင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ဖို့ လွယ်ကူကြောင်း လူအများသိရှိစေခြင်း။

၃။ မည်သူမဆိုကြီးပွားချမ်းသာအောင် လုပ်ဆောင်နိုင်ကြောင်း သိစေလိုခြင်း။

၄။ သင်၏ ရည်မှန်းချက်များ အောင်မြင်နိုင်သည့် အခွင့်အလမ်းမြောက်များစွာရှိကြောင်း တင်ပြလိုခြင်း။

၅။ မိမိကိုယ်ကို ကြီးပွားချမ်းသာအောင် ကြိုးစားခြင်းသည် လူတိုင်းပြုလုပ်နိုင်သော ပညာရပ်ဖြစ်ကြောင်း တင်ပြလိုခြင်း။

ကျွန်တော်သည် ၁၉၈၉-ခုနှစ်တွင် ပိုလင်းမြို့ကလေး၏ အနီးနားပတ်ဝန်းကျင်၌ နံနက်တိုင်းအပြေးလေ့ကျင့်ခန်းယူပါသည်။ ဆင်ခြေဖုံးရပ်ကွက်တွင် နီဝါရောင်လုံးချင်းအိမ်ကလေးများရှိသည်။ အပြေးလေ့ကျင့်ရာလမ်းတစ်လျှောက်တွင် "ရောင်းရန်"ဟူသော ဆိုင်းဘုတ်ကလေးများကို တွေ့ရသည်။ စတော့ဈေးကွက်ပြိုလဲပြီး စီးပွားရေးက ကျဆင်းနေသည်။ သစ်ဈေးက မတရားကြီးမြင့်နေသည်။ "ရောင်းရန်"ဆိုင်းဘုတ်အချိန်အကြာမြင့်ဆုံး ချိတ်ဆွဲထားသည့် ဆိုင်းဘုတ်ကို တွေ့ရသည်။ တစ်နေ့တွင် ထိုဆိုင်းဘုတ်ချိတ်ဆွဲသည့် အိမ်ပိုင်ရှင်နှင့် ရင်ဆိုင်တွေ့ရသည်။ သူသည် အတော်ပင် စိတ်ဓာတ်ကျနေပုံရသည်။

ထိုအိမ်ရှင်နှင့် ကျွန်တော်အပြန်အလှန် ဈေးဆစ်ကြပြီးနောက်တွင် သူခေါ်သည့်ဈေးထက် ဒေါ်လာ ၂၀,၀၀၀ လျှော့နည်း



သောဈေးဖြင့် ထိုအိမ်ကို ကျွန်တော်ဝယ်လိုက်သည်။ အိမ်ကလေးကနှစ်လိုဖွယ်ရာရှိသည်။ အိမ်ခန်းနှစ်ခန်းပါပြီး ပြူတင်းပေါက်ဘောင်များကို နီဝါရောင်ဆေးသုတ်ထားသည်။ ၁၉၃၀ ပြည့်လောက်ကတည်းက ဆောက်လုပ်ထားခဲ့ခြင်းဖြစ်ပြီး အိပ်ခန်းကလေးနှစ်ခန်းနှင့်အတူ ကျောက်သားမီးလင်းဖိုလေးပါ ပါဝင်သည်။ အိမ်ငှားစားပါက အလွန်အဆင်ပြေမည့်အိမ်မျိုးဖြစ်သည်။

မည်သူကမှ မဝယ်ချင်ကြသည့် ဒေါ်လာ ၆၅,၀၀၀ တန်အိမ်လေးကို ဒေါ်လာ ၄၅၀၀၀ ဖြင့် ဝယ်ယူဖို့အတွက် ကျွန်တော်က ဒေါ်လာ ၅၀၀၀ လက်ငင်းငွေချေလိုက်ပါသည်။ တစ်ပတ်အတွင်းမှာပင် အိမ်ရှင်က ကျေနပ်စွာ ပြောင်းရွှေ့သွားပါသည်။ ထို့နောက် င်းမှာ တက္ကသိုလ်ပါမောက္ခတစ်ဦးကို ကျွန်တော်အိမ်ငှားတင်လိုက်ပါသည်။ လကုန်သည့်အခါတိုင်း ကုန်ကျစရိတ်နုတ်ပြီး အပြီးအစီး ဒေါ်လာ ၄၀ ခန့် ကျွန်တော့်ထံဝင်လာသည်။ ကျွန်တော့်အတွက် လက်မထောင်ပြီး ဂုဏ်ယူဝင့်ကြွားလောက်သည့် ဝင်ငွေမျိုး မဟုတ်သေးပါပေ။

နောက်တစ်နှစ်ခန့် အော်ရီဂွန်ပြည်နယ်တွင် အိမ်မြေဈေးကွက် ပြန်လည်ရှင်သန်လာသောအခါ ကာလီဖိုးနီးယားမှ ငွေရှင်များ အလုံးအရင်းနှင့်ဝင်ရောက်လာသည်။ ကာလီဖိုးနီးယားမှ လူငယ်စုံတွဲက ထိုအိမ်လေးကို ဒေါ်လာ ၉၅၀၀၀ ဖြင့် ဝယ်ယူသွားသည်။ သူတို့ကလည်း သူတို့ဝယ်ယူသည့်ဈေးကို တန်သည်ဟု ယူဆကြပါသည်။ ဒေါ်လာ ၄၀,၀၀၀ နီးပါး ရရှိသောအမြတ်ငွေကို အခွန်ကင်းလွတ်ခွင့်ဥပဒေဖြင့် အကာအကွယ်ယူ၍ ထပ်မံ[illegible]

www.burmeseclassic.com



မြှုပ်နှံဖို့လိုက်လံရှာဖွေရပါသည်။ ထိုအခါ အိမ်ခန်း ၁၂ခန်း ပါသော တိုက်တစ်လုံးကို ဘီဟာတန်တွင်တွေ့ရှိရသည်။ ထိုအိမ်ပိုင်ရှင်များက ဂျာမဏီတွင်နေကြသည်။ သူတို့ကသူတို့၏အိမ်ကို ရောင်းချင်တာသိပြီး တန်ကြေးမည်မျှရှိသည်ကိုမသိကြပေ။ သူတို့၏ ဒေါ်လာ ၄၅၀,၀၀၀ တန်တိုက်ကို ဒေါ်လာ ၂၇၅,၀၀၀ဖြင့်ကျွန်တော်ကကမ်းလှမ်းသည်။ ထိုအခါ သူတို့က ဒေါ်လာ ၃၀၀,၀၀၀ ဖြင့် ရောင်းဖို့ သဘောတူလိုက်လေသည်။ ထိုတိုက်ကို ကျွန်တော့်လက်ထဲတွင် ၂ နှစ်မျှ ထိန်းထားလိုက်သည်။ နောက်ပိုင်း မှ ဒေါ်လာ ၄၉၅,၀၀၀ ဖြင့် ရောင်းထုတ်လိုက်ပြီး အိမ်ခန်း ၃၀ ပါသော တိုက်ကြီးတစ်လုံးကို ဖီးနစ်တွင် ဝယ်လိုက်လေသည်။ ထိုစဉ်က ဖီးနစ်မြို့တွင် အိမ်မြေဈေးကွက်ပြိုလဲနေသောအချိန်ဖြစ်သည်။ တစ်လလျှင်အိမ်ခန်း ၃၀ အတွက် ငှားရမ်းခ ဒေါ်လာ ၅၀၀၀ ကျော် ရရှိသည်။ ထို့နောက်ပိုင်း ဈေးကွက်အခြေအနေ ပို၍ရှင်သန်လာသောအခါ ကော်လိုရာဒိုမှ ငွေရှင်တစ်ဦးက ၄င်းတိုက်ကြီးကို ဒေါ်လာ ၁.၂ သန်းပေးမည်ဟု ကမ်းလှမ်းလေသည်။

သို့သော်လည်း ကွန်ဂရက်လွှတ်တော်၏ ဥပဒေအပြောင်းအလဲကို စောင့်ကြည့်မည်ဟု ကျွန်တော်ဆုံးဖြတ်လိုက်သည်။ အကယ်၍သာ ဥပဒေအပြောင်းအလဲဖြစ်လျှင် ထိုတိုက်ကြီးသည် ၁၅% မှ ၂၀%ထိ တန်ဖိုးတက်သွားနိုင်သည်။ ဆိုလိုသောအဓိပ္ပါယ်မှာ ရင်းနှီးငွေအနည်းအကျဉ်းလောက်နှင့် ငွေကြေးမြောက်များစွာ တိုးပွားလာသည်ကို သိစေလိုခြင်းဖြစ်ပါသည်။ ဤဥပမာက ငွေကြေးဆိုင်ရာ စာရင်းဇယားများ၊ ရင်းနှီးမြှုပ်နှံမှုနည်းလမ်းများ၊



ဈေးကွက်အခြေအနေ စသည်တို့နှင့် ဥပဒေအရပ်ရပ်အား တတ်သိနားလည်ထားခြင်းကို ဖော်ပြသည်။ ၄င်းတို့ကို လေ့လာမထားသူများအနေဖြင့် လုပ်ငန်းလုံခြုံစိတ်ချရဖို့အတွက် ရင်းနှီးမြှုပ်နှံရသဖြင့် အဓိကပေါ်ပေါက်သောပြဿနာမှာ အမြတ်ငွေလွန်စွာနည်းပါးခြင်းဖြစ်သည်။

ကျွန်တော်တို့အားလုံးအတွက် ငွေကြေးအသိပညာများ ပိုမိုကြွယ်ဝလေ အခွင့်အလမ်းများ ပိုမိုတွေ့မြင်လာလေဖြစ်သည်။ ထို့ပြင် လုပ်ငန်းတစ်ခုကို တွေ့ရှိပါက ထိုလုပ်ငန်းသည် လုပ်ကိုင်ဖို့ သင့်/မသင့် အကဲဖြတ်ဖို့ ပိုမိုလွယ်ကူလာလေဖြစ်သည်။ ငွေကြေးနှင့် ဆိုင်သော အသိပညာရပ်က အကျိုးမရှိသော မလုပ်သင့်သောလုပ်ငန်းကိုသိသာမြင်သာစေသည်။ ကျွန်တော့်အဖို့မှ ငွေကြေးနှင့်ပတ်သက်ပြီး ပို၍လေ့လာသင်ယူလေ ဝင်ငွေပိုရလေပင်ဖြစ်သည်။ အကြောင်းမှာ အချိန်ကြာမြင့်လာသည်နှင့်အမျှ အတွေ့အကြုံနှင့် ဆင်ခြင်သုံးသပ်မှုအားများ ပို၍ကြီးမားလာသောကြောင့်ဖြစ်သည်။ ကျွန်တော့်ထံတွင်ရှိသော မိတ်ဆွေအတော်များများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ကြိုးစားပမ်းစားလုပ်ကြသော်လည်း သူတို့စွန့်စားရမှုနည်းပါးသော အလုပ်များကို သာလုပ်ကြသည်။ ကြီးပွားတိုးတက်ဖို့အတွက် ငွေကြေးဆိုင်ရာ တွေးခေါ်မြော်မြင်မှုများကို သင်ယူလေ့လာမှုမပြုကြပေ။

ကျွန်တော့်ကိုယ်ပိုင်ယူဆချက်မှာ ကျွန်တော့်ရပိုင်ခွင့်အတွက် မျိုးစေ့များများ ကြဲထားဖို့ပင်ဖြစ်သည်။ လုပ်ငန်းသေးသေးများဖြင့် အစပျိုးပြီး မျိုးစေ့များများကြဲချထားသော်လည်း အချို့

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ပြီး အချို့က ရှင်သန်ခြင်းမရှိပေ။

ကုမ္ပဏီကို အများပိုင်ပြုလုပ်မည့်အစီအစဉ်များ အမေရိက နှင့် ကနေဒါတို့တွင် ရှိတတ်သည်။ ထိုသို့ပြုလုပ်ဖို့အတွက် မကြေညာမီလေးတွင် ထိုကုမ္ပဏီ၏အစုရှယ်ယာ ၁၀၀,၀၀၀ ကို တစ်စုလျှင် ၂၅ ဆင့်ဖြင့် ဝယ်လိုက်သည်။ ထိုကုမ္ပဏီ ၆ လကြာသောအခါ အများပိုင်ဖြစ်သွားပြီး အစုရှယ်ယာတစ်ခုတန်ဖိုး ၂ ဒေါ်လာဖြစ်သွားလေသည်။ ကျွန်တော်တို့ဒေါ်လာ ၂၅၀၀၀ ရင်းနှီးထားသည့်ငွေသည်ပင် တစ်နှစ်မပြည့်မီ၌ ဒေါ်လာတစ်သန်းဖြစ်သွားသည့်အခါ ရှိသေးသည်။

ဤသို့ အလုပ်ကို စွန့်စားလုပ်ဆောင်ခြင်းသည် လောင်းကစားခြင်းမဟုတ်ပါ။ လောင်းကစားခြင်းဆိုသည်မှာ အလုပ် (လုပ်ရပ်) တစ်ခုတွင် ငွေထည့်ထားကာ မြတ်ပါစေဟူ၍ ထိုင်ပြီး ဆုတောင်းနေရခြင်းဖြစ်သည်။ အဓိက ဆိုလိုသည်မှာ မည်သည့်အရာကိုပဲလုပ်လုပ်၊ နည်းပညာနှင့်ဆိုင်သောအသိပညာ၊ အမြော်အမြင်ကို အသုံးချခြင်းဖြင့် မိမိအတွက် အခွင့်အလန်းသာသလို စွန့်စားရမှုလည်း နည်းပါးသွားနိုင်ပါသည်။ မည်သည့်လုပ်ငန်းနယ်ပင်တွင်ဖြစ်ပစေ စွန့်စားမှုဆိုသည်ကတော့ ရှိစမြဲပင်ဖြစ်သည်။ ငွေကြေးအသိပညာကြွယ်ဝမှုကမိမိဖက်မှအခွင့်အလန်းသာအောင်စွမ်းဆောင်ဖန်တီးပေးပါသည်။ ထို့ကြောင့် တစ်စုံတစ်ဦးအတွက် ကြီးမားသောစွန့်စားမှုနည်းပါးချင် နည်းပါးနေပေလိမ့်မည်။ ကျွန်တော့်အနေနှင့်မူလူအများအား အခြားနေရာများတွင် ရင်းနှီးမြှုပ်နှံမည့်အစားငွေကြေးဆိုင်ရာ အသိပညာတိုးတက်ကြွယ်ဝဖို့အတွက် ရင်းနှီးမြှုပ်နှံ



ကြဖို့ကို အမြဲမပြတ် တိုက်တွန်းလိုပါသည်။ ကြီးမားသော အခွင့်အလမ်းကြီးများကို မျက်စိဖြင့်မမြင်နိုင်ပါ။ သင်၏ စိတ်အတွေးအခေါ် ဖြင့်သာ မြင်နိုင်ပါသည်။ လူအများစုကြီး ချမ်းသာကြွယ်ဝဖို့ဘယ်တော့မှ ဖြစ်မလာခြင်းမှာ သူတို့၏ မျက်စိရှေ့မှောက်ရောက်ရှိနေသော အခွင့်အလန်းများကို စီးပွားရေးအမြင်ဖြင့် ကြည့်တတ်အောင် သင်ယူထားခြင်းမရှိသောကြောင့်ဖြစ်သည်။

'ကျွန်တော်တို့ ဘယ်က စတင်ကြမလဲ' ဟု ကျွန်တော့်အားမကြာခဏ မေးမြန်းလာကြသူများရှိသည်။ ပြီးခဲ့သောရှေ့ကအခန်းများတွင် ငွေကြေးအားဖြင့် မှီခိုရမှု ကင်းဝေးစေဖို့ ကျွန်တော်လိုက်နာခဲ့သောအချက်ဆယ်ချက်ကို ဖော်ပြခဲ့သည်။ သို့သော် စိတ်ပျော်ရွှင်မှုရှိအောင် နေတတ်ဖို့တော့ လိုအပ်ပါသည်။ ကစားပွဲတစ်ခုတွင်ဝင်ရောက်ယှဉ်ပြိုင်နေသကဲ့သို့ပင် ဖြစ်သည်။ တစ်ခါတစ်ရံ အနိုင်ရသည့်အခါရှိသလို ကိုယ့်အတွက် သင်ခန်းစာရသည့်အခါလည်း ရှိသည်။ အများအားဖြင့် လူတိုင်းလိုလိုပင် ရှုံးမှာကို ပို၍ ကြောက်ရွံ့သောကြောင့် အနိုင်မရကြပေ။ အမှားပြုလုပ်ခြင်းသည် မကောင်းသည့်ကိစ္စရပ်ဖြစ်ကြောင်း စာသင်ကျောင်းတွင် သင်ခဲ့ကြရသည်။ သို့သော်လည်း လက်တွေ့လောကတွင် ကျွန်တော်တို့အားလုံးသည် အမှားများပေါ်မှသာ သင်ခန်းစာယူပြီး လေ့လာဆည်းပူးကြရသည်။ ကျွန်တော်တို့ ငယ်စဉ်က မကြာခဏလဲကျမှသာ လမ်းလျှောက်တတ်ကြသည်။ လဲမကျဘဲနှင့်တော့ မည်သည့်နည်းနှင့်မျှ လမ်းမလျှောက်တတ်ပါ။ စက်ဘီးစီးသင်ရာတွင်လည်း ထိုကဲ့သို့ပင် ဖြစ်သည်။ ကြီးပွားချမ်းသာဖို့အတွက်လည်း ထိုနည်းလည်းကောင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရှုံးမှာကို ကြောက်နေသောကြောင့် လူအများစု မကြီးပွားကြပေ။ အောင်မြင်သူများက ရှုံးမှာကို မကြောက်ကြပါ။ အရှုံးသမားများကသာ ကြောက်ကြသည်။ သူတို့သည် ရှုံးနိမ့်မှုကို ရှောင်ရှားသလို အောင်မြင်မှုကိုလည်း ရှောင်ကွင်းသွားကြခြင်းဖြစ်သည်။

ကျွန်တော်ကမူ ငွေကြေးဆိုင်ရာကိစ္စရပ်ကို တင်းနစ်ကစားပွဲတခုကဲ့သို့ သဘောထားသည်။ ကျွန်တော့်ဖက်ကအားထုတ်ကြိုးစားကစားသည်။ ပြုလုပ်မိသည့်အမှားများကို ပြန်ပြင်ယူသည်။ ကိုယ့်အရည်အချင်းတိုးတက်လာအောင် ကြိုးစားသည်။ ရှုံးသွားလျှင်လည်း ပြိုင်ဖက်ကို လက်ဆွဲနှုတ်ဆက်၍ နောက်တကြိမ်ထပ်မံဆုံတွေ့ဖို့ ပြောကြားသည်။

ယခုလက်တွေ့လောကကြီးထဲတွင် ရင်းနှီးမြှုပ်နှံသူနှစ်မျိုးရှိသည်။ ပထမအမျိုးအစားမှာ လူတိုင်းလုပ်နေကျအတိုင်း ဈေးကွက်ရှိပစ္စည်းကို အရံသင့်ဝယ်ယူရင်းနှီးသူဖြစ်သည်။ ရိုးရှင်းသောနည်းလည်းဖြစ်သည်။ သူတို့သည် ပွဲစားများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်ဆက်သွယ်ပြီး အိမ်မြေသော်လည်းကောင်း၊ စတော့သော်လည်းကောင်း၊ ငွေချေးစာချုပ်သော်လည်းကောင်း ဝယ်ယူသည်။ ဥပမာ စတိုးဆိုင်တွင် အသင့်ရှိသော ကွန်ပျူတာကို ဝယ်သလိုမျိုးဖြစ်သည်။

ဒုတိယအမျိုးအစားမှာ တီထွင်ဖန်တီးပြီး ရင်းနှီးမြှုပ်နှံသူများဖြစ်သည်။ လုပ်ငန်းတစ်ခုဖြစ်ပေါ်လာအောင် စုစည်းယူခြင်းဖြစ်သည်။ ၄င်းမှာ ရင်းနှီးမြှုပ်နှံလုပ်ငန်းဆိုင်ရာပညာရှင်ဖြစ်ဖို့များပါသည်။ ချမ်းသာသောအဖေက ကျွန်တော့်အား ဖြစ်စေချင်



သည်မှာ ဤဒုတိယအမျိုးအစားလုပ်ငန်းရှင်မျိုးဖြစ်သည်။ အခွင့်အလမ်းအပိုင်းအစလေးများကို မည်သို့စုစည်းပုံဖော်ရမည်ကို နားလည်အောင် လေ့လာသင်ယူဖို့ လိုအပ်သည်။ အကြောင်းမှာ တကယ့်ကြီးမားသော အမြတ်အစွန်းများက ထိုအထဲတွင်သာ ရှိသောကြောင့်ဖြစ်သည်။ သို့သော်လည်း တခါတရံ အခြေအနေအရပ်ရပ်က ကိုယ့်ဖက်ကမရှိလျှင် ဆုံးရှုံးမှု ကြီးမားတတ်သည်။

သင့်အနေနှင့် ဒုတိယအမျိုးအစားရင်းနှီးမြှုပ်နှံသူဖြစ်ဖို့အတွက် အဓိကကျသော အောက်ပါစွမ်းရည်သုံးရပ်ကို လေ့လာအားထုတ်ရပါမည်။ ၄င်းတို့သည် ငွေကြေးအသိပညာကြွယ်ဝဖို့ လေ့လာရမည့်အချက်များပင်မကဘဲ ထပ်မံလိုအပ်သော စွမ်းရည်များဖြစ်ပါသည်။

### (၁) လူတိုင်းသတိမပြုမိသော အခွင့်အလမ်းများကို ရှာဖွေခြင်း

အခြားသော သာမန်လူများမမြင်တွေ့နိုင်သည်ကို သင်၏စိတ်က မြင်တွေ့နိုင်ရမည်။ ဥပမာပြရလျှင် ကျွန်တော့်မိတ်ဆွေတစ်ဦးသည် သရဲခြောက်သည့်အိမ်ကြီးကဲ့သို့ ဟောင်းနွမ်းပျက်စီးနေသော အိမ်တစ်လုံးကို ဝယ်ယူလိုက်သည်။ ထိုသို့သောအိမ်ကြီးကို ဝယ်သဖြင့် လူတိုင်းက အံ့သြနေကြသော်လည်း ကျွန်တော်တို့ မမြင်သည့်အရာများကို သူက မြင်ထားသည်။ ထိုအိမ်ကြီးတွင် မြေကွက်အလွတ်လေးကွက်ရှိနေသည်။ အကျိုးဆောင်ကုမ္ပဏီတခုကိုငှားရမ်းပြီး အံ့ဆိုပါမြေကွက်လွတ်တွေကိုပါ သူကရအောင် ဝယ်ယူလိုက်လေသည်။ ထို့နောက်အိမ်ကြီးကို ဖြိုချလိုက်ကာ မြေကွက် ၅ ကွက်

www.burmeseclassic.com

www.burmeseclassic.com



စလုံးကို ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးထံ ရောင်းချလိုက်သည်။ ထိုအတွက် သူ့ဝယ်ဈေးထက် သုံးဆရရှိလေသည်။ ၄င်းကိစ္စရပ်ကို ၂ လကြာ လုပ်ဆောင်ရသည့်အတွက် ဒေါ်လာ ၇၅၀၀၀ ရလိုက်သည်။ များပြားလှသည့် ငွေကြေးပမာဏမဟုတ်သော်လည်း အနိမ့်ဆုံးလစာထက်တော့ပိုပါသည်။ ထို့ပြင် ခက်ခဲနက်နဲသော နည်းပညာကို သုံးရသည်လည်း မဟုတ်ပါ။

## (၂) မတည်ငွေကြေးရှာဖွေနည်း

လူအများစုကမူ အလွယ်အားဖြင့် ဘဏ်သို့သာ သွားကြလိမ့်မည်။ ဒုတိယအမျိုးအစားရင်းနှီးမြှုပ်သူအနေဖြင့် မ,တည်ငွေကြေးမည်သို့ ရှာဖွေရမည်ကို သိထားဖို့ လိုသည်။ ဘဏ်နှင့်ပတ်သက်မှုမရှိဘဲ ရှာဖွေနိုင်သော နည်းလည်းအများအပြားရှိပါသည်။

"ဘဏ်ကမှ ငွေမချေးတာ"၊ "ကျွန်တော့်မှာ ငွေမှမရှိတာ" စသည့်စကားမျိုးတွေနှင့်သာ တုန့်ပြန်ကြသည်။ သင့်အနေဖြင့် ဒုတိယအမျိုးအစားရင်းနှီးမြှုပ်နှံသူဖြစ်ဖို့ မတည်ငွေမည်သို့ ရှာရမည်ကို သိထားရအောင် လေ့လာဖို့လိုအပ်သည်။ ယေဘုယျအားဖြင့် လူအများစုသည် ငွေကြေးအလုံအလောက်မရှိသောကြောင့် အရောင်းအဝယ်လုပ်ငန်းကို မလုပ်ဖြစ်ကြခြင်းဖြစ်သည်။ အကယ်၍ ထိုအခက်အခဲများကို ကျော်လွှားနိုင်သောနည်းလမ်းကို သိမည်ဆိုလျှင် အခြားသာမန်လူများထက် ရှေ့သို့သာမြင့်မည်ဖြစ်သည်။ ကျွန်တော်သည် လက်ထဲတွင် ငွေတစ်ပြားမှမရှိဘဲနှင့် အိမ်တစ်လုံး (သို့မဟုတ်) အိမ်ခန်းများစွာပါသော တိုက်ကြီးတစ်လုံး စသည်တို့ကို အကြိမ်ကြိမ်အခါခါ ဝယ်ခဲ့ဖူးသည်။ တစ်ချိန်ကဆိုလျှင် အိမ်ခန်းများ



စွာငှားရမ်းနိုင်သော တိုက်ကြီးတစ်လုံးကို ဒေါ်လာ ၁.၂ သန်းဖြင့် ဝယ်ယူဖို့ သဘောတူစာချုပ် ချုပ်လိုက်သည်။ ပြီးနောက် စရန်ငွေ ၁၀၀,၀၀၀ ဒေါ်လာ ရှာပေးလိုက်သည်။ အပြီးသတ်ငွေချေဖို့ ၃ လ အချိန်ရသည်။ ထိုအတွက် စရန်ပေးငွေ ထုတ်ချေးသူက ဝယ်ယူအောင် ကျွန်တော်ဖန်တီးလိုက်သည်။ သူကလည်း ထိုတိုက်ကြီးသည် ဒေါ်လာ ၂ သန်းတန်ကြောင်း သိနေသောကြောင့် ဖြစ်သည်။ နောက်ဆုံးတွင် အရောင်းအဝယ်ဖြစ်သည့်အတွက် ဝယ်သူက ကျွန်တော့်အား ဒေါ်လာ ၅၀,၀၀၀ ပေးသည်။ ထိုအတွက် အလုပ်ချိန်အားလုံးပေါင်း ၃ ရက်သာ ကြာလိုက်ပါသည်။ အဓိကမှာ ရင်းနှီးမြှုပ်နှံခြင်းနှင့် ဝယ်ယူခြင်းကို ခွဲခြားသိထားဖို့ဖြစ်သည်။ ရင်းနှီးမြှုပ်နှံခြင်းသည် ဝယ်ယူခြင်းမဟုတ်ပါ။ ထိုအချက်ကို သိနားလည်ဖို့ လိုအပ်ပါသည်။

## (၃) အရည်အချင်းပြည့်ဝသူများကို စုစည်းနိုင်ခြင်း

အသိပညာကြွယ်ဝသူများသည် ကိုယ့်ထက်ပိုတော်သူများနှင့်သာ အတူလက်တွဲ၍ သို့မဟုတ် ငှားရမ်း၍ အလုပ်လုပ်ကြလေ့ရှိသည်။ ထို့ကြောင့် သင့်အနေဖြင့် အကြံဉာဏ်လိုအပ်နေသည့်အချိန်တွင် ကျွမ်းကျင်စွာ အကြံဉာဏ်ပေးနိုင်မည့်ပုဂ္ဂိုလ်ကို ရွေးချယ်တတ်ဖို့ လိုအပ်ပါသည်။ ကျွန်တော်တို့အတွက် လေ့လာဆည်းပူးစရာတွေ တစ်ပုံတစ်ပင်ရှိသလို ထိုအတွက် ရရှိမည့်အကျိုးခံစားခွင့်များလည်း တစ်ပုံတစ်ပင်ရှိပါသည်။ သင်တို့၏အကြီးမားဆုံးသော ပစ္စည်းဥစ္စာမှာ အသိပညာဖြစ်သည်။ အသိပညာမရှိဘဲနှင့် စျေးကွက်

www.burmeseclassic.com

www.burmeseclassic.com



ရခြင်းသည် ကြီးမားသော အရဲကိုးမှုဖြစ်သည်။ အစဉ်အမြဲ တည်ရှိနေမည်ဖြစ်သော စွန့်စားမှုကို ရှောင်ကွင်းမည့်အစား တတ်နိုင်သလောက် စွန့်စားလုပ်ဆောင်နိုင်အောင် သင်ယူဆည်းပူးမှုများ ပြုလုပ်သင့်ပါသည်။

## အခန်း (၇)
## သင်ခန်းစာ (၆) အလုပ်လုပ်ခြင်းသည် ဝင်ငွေရဖို့ မဟုတ်ဘဲ ပညာရဖို့ဖြစ်ပါစေ

၁၉၉၅ ခုနှစ်က ကျွန်တော်စင်္ကာပူသို့ ရောက်နေစဉ် သတင်းစာတစ်စောင်က လူတွေ့မေးမြန်းဖို့ မေတ္တာရပ်ခံခဲ့သည်။ ငယ်ရွယ်သောသတင်းထောက်မိန်းကလေးက အချိန်တိကျစွာဖြင့် ပင် မေးမြန်းခန်းကို စတင်ပြုလုပ်သည်။ လှပခန့်ညားသော ဟိုတယ်၏ ဧည့်ခန်းတွင် ကော်ဖီသောက်ရင်း ကျွန်တော်စင်္ကာပူသို့ လာရသည့်ရည်ရွယ်ရင်းအကြောင်းကို ဆွေးနွေးကြသည်။ ကျွန်တော်သည် ဇစ် ဇစ်ဂလာ(Zig Ziglar) နှင့် ဟောပြောပွဲအတူ ပြုလုပ်ဖို့ရှိသည်။ ‘စိတ်တွန်းအား’ နှင့် ဆိုင်သည့်အကြောင်းအရာကို သူက ဟောပြောမည်ဖြစ်ပြီး ကျွန်တော်က ‘ချမ်းသာသူတို့၏ လျှို့ဝှက်ချက်’ များအကြောင်းကို ဟောပြောမည်ဖြစ်သည်။

‘ကျွန်မလည်း တစ်ချိန်မှာ ဆရာကြီးလို ရောင်းအကောင်းဆုံး စာရင်းဝင်တဲ့ စာရေးဆရာဖြစ်ချင်ပါတယ်’ ဟု သူမက ပြောသည်။ သူ့သတင်းစာတွင် သူရေးခဲ့သော ဆောင်းပါးများကို ကျွန်တော်ဖတ်ဖူးပါသည်။ သူ့ဆောင်းပါးများက သန့်ရှင်းပြီး ခိုင်မာကာ ဖတ်ပရိသတ်အပေါ် ဆွဲဆောင်မှုအပြည့်ရှိပါသည်။

“ခင်ဗျားရေးနည်းရေးဟန်တွေ အတော်ကောင်းနေတာပဲ ဘာအခက်အခဲတွေကြောင့် ခင်ဗျားရည်မှန်းချက် မအောင်မြင်သေး

www.burmeseclassic.com

www.burmeseclassic.com



တာလဲ၊ 'ဟုတ်ပါတယ်၊ လူတိုင်းက ကျွန်မရဲ့ရေးဟန်ကို အရမ်းကောင်းတယ်ပြောကြပေမယ့် ကျွန်မအားထုတ်မှုတွေက အရာထင်မလာသေးပါဘူး၊ ဒါကြောင့် စားဝတ်နေရေးစရိတ်ကာမိအောင် သတင်းစာတိုက်မှာပဲ စွဲစွဲမြဲမြဲ လုပ်နေရတာပါပဲ'၊ 'အကြံဉာဏ်ရှိရင် ပေးပါဦးဆရာကြီး'၊ 'ရှိတာပေါ့ဗျာ' ဟု ကျွန်တော်အားပါးတရ ပြန်ဖြေလိုက်သည်။ 'ဒီစက်ဘ်ပူမှာ ကျွန်တော့်မိတ်ဆွေတစ်ယောက်ရှိတယ်။ သူက ရောင်းစွဲတဲ့နည်းတွေကို သင်ကြားပေးတဲ့ သင်တန်းဖွင့်ထားတယ်' ဒီက ကော်ပီရေးရှင်းကြီးတွေအတွက်လည်းအရောင်းသင်တန်းတွေ ပို့ချပေးတယ်။ ခင်ဗျားသူ့သင်တန်းသွားတက်လိုက်ရင် အောင်မြင်လိမ့်မယ်ထင်တယ်'

ထိုအခါသူမအံ့ဩသွားပုံရသည်။ 'ကျွန်မက အဲဒီသင်တန်းတက်ပြီး ရောင်းတတ်အောင် လေ့ကျင့်ရမယ်လို့ ဆရာကြီးက ဆိုလိုတာလား' ကျွန်တော်ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် စိတ်ထဲမှာလည်း ငါမပြောမိရင်ကောင်းသားဟု တွေးမိသည်။ ကျွန်တော်က ကူညီသည့်အနေဖြင့် ပြောသော်လည်း သူမက စော်ကားသည်ဟု ယူဆဟန်တူသည်။

"ကျွန်မက ဘာအတွက် အဲဒီသင်တန်းသွားပြီး လေ့လာသင်ယူရမှာလဲ၊ ကျွန်မက အင်္ဂလိပ်စာနဲ့ မဟာဝိဇ္ဇာဘွဲ့ရထားတာ တက္ကသိုလ်တက်ပြီး ပညာရှင်တစ်ယောက်ဖြစ်အောင် စနစ်တကျသင်ယူခဲ့တာ ကျွန်မ အရောင်းဈေးသည်တစ်ယောက် ဖြစ်စရာမလိုဘူး။ ဘာ့အတွက်ကြောင့် သင်ယူဆည်းပူးရမယ်ဆိုတာကို ဆရာကြီးပြောပြပါအုံး"ဟု စိတ်ဆိုးဆိုးနှင့် ကျွန်တော်ကို ပြန်ပြောလေတော့



သည်။ ဤတွင်ပင် တွေ့ဆုံမေးမြန်းခန်းက ပြီးသွားပြီဖြစ်သည်။ ကျွန်တော် ရေးထားသော ရောင်းအစွံဆုံး စာရင်းဝင်စာအုပ်က ကော်ဖီစားပွဲပေါ်တွင် ရှိနေသည်။ ကျွန်တော်က ထိုစာအုပ်ကို ထောက်ပြလိုက်ပြီး "ဒါကိုတွေ့လား" ဟုမေးလိုက်သည်။ သူက စိတ်ရှုပ်ထွေးစွာဖြင့် ပြန်ကြည့်သည်။ စာအုပ်ပေါ်တွင် ရေးထားသည်က "ရောဘတ်ကီယိုဆာကီ-ရောင်းအစွံဆုံးစာရေးဆရာ" ဟု ရေးထားသည်။ တွေ့တယ်မှတ်လား။ "ရောင်းအစွံဆုံးစာရေးဆရာ" လို့ရေးထားတာ၊ "စာရေးအကောင်းဆုံးစာရေးဆရာ" လို့ ရေးထားတာ မဟုတ်ဘူးလေ။

"အမှန်က ကျွန်တော် စာရေးသိပ်ကောင်းတဲ့လူ မဟုတ်ဘူးလေ။ ခင်ဗျားရေးတဲ့ စာတွေအရမ်းကောင်းတယ်၊ ခင်ဗျားမှာ မဟာဝိဇ္ဇာဘွဲ့ရှိပေမဲ့၊ ကျွန်တော်က အရောင်းသင်တန်းတက်ခဲ့တယ်။ အကုန်လုံးပေါင်းရင် ခင်ဗျားအနေနဲ့ စာရေးအကောင်းဆုံး စာရေးဆရာရော၊ ရောင်းအစွံဆုံး စာရေးဆရာအဖြစ်ပါ ခံယူနိုင်တယ်" သူ့မျက်လုံးထဲ ပို၍ ဒေါသဖြစ်လာပုံရသည်။

"ရောင်းစွံတဲ့နည်းကိုသင်ယူဖို့ ကျွန်မ သိက္ခာကျမခံနိုင်ဘူး၊ ကျွန်မ စနစ်တကျသင်ယူခဲ့တဲ့စာရေးသူပဲ။ ဆရာကြီးက ဈေးရောင်းဖို့အတွက် ကျွန်မကို ပြောတာမတရားပါဘူး" ဟု ပြောဆိုကာ သူ့မှတ်စုစာအုပ်များကို သိမ်းဆည်းပြီး ပြန်သွားလေတော့သည်။

နောက်ပိုင်းတွင်မူ သူမက နံနက်ခင်း သတင်းစာထဲ၌ ကျွန်တော့်အကြောင်းနှင့်ပတ်သက်၍ ဖေးဖေးမမ ရေးပေးပါသည်။ ဘကယ့်လက်တွေ့လောကတွင် အလွန်တော်သူများ၊ ပညာတတ်

www.burmeseclassic.com

www.burmeseclassic.com



များ ပင်ကိုယ်ပါရမီရှိသူများ အများအပြားပင်ရှိပါသည်။ ထိုသို့သော သူများနှင့်လည်း အမြဲလိုဆုံတွေ့နေပါသည်။ တကယ့်လက်တွေ့၌ အဆိုပါ စွမ်းရည်ရှိရုံနှင့် မလုံလောက်သည်ကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်ရသည်။ တကယ့်ကို ပင်ကိုယ်စွမ်းရည်ရှိသူများ၊ ဝင်ငွေ နည်းပါးနေသည်ကို တွေ့ရသဖြင့် ကျွန်တော်အံ့ဩမိသည်။ ယနေ့ လက်ရှိသတင်းအရ အမေရိကန်လူမျိုးများထဲတွင် ဟစ်နှစ်ဝင်ငွေ ဒေါ်လာ ၁၀၀,၀၀၀ ကျော်ရသူ ၅ ရာခိုင်နှုန်း ပင်မပြည့်ဟုဆိုသည်။ အချို့ဘွဲ့ထူးဂုဏ်ထူးကြီးကြီးရထားသူတွေ၊ ထက်မြက်သူတွေ တစ်နှစ်ကို ဒေါ်လာ ၂၀,၀၀၀ ပြည့်အောင် ပင်မရသည်ကိုလည်း တွေ့ရှိရသည်။ ဆရာဝန်များ၊ ပညာရှင်များလည်း စီးပွားရေးအရ ရုန်းကန်နေကြရသည်ကို သိရှိရသည်။ ထိုသူတွေကျောင်းပြီးလျှင် ဒေါ်လာအမြောက်အမြားရလိမ့်မည်ဟုကျွန်တော်ထင်ထားခဲ့သည်။ "ဒီလိုလူတွေချမ်းသာဖို့အတွက် ကျွမ်းကျင်မှုတစ်မျိုး လိုသေးတယ်" ဟု စီးပွားရေးတိုင်ပင်ခံတစ်ဦးက ကျွန်တော့်အား ပြောပြဖူးသည်။

ဆိုလိုသည်အဓိပ္ပါယ်မှာလူတိုင်းသည်နောက်ထပ်ကျွမ်းကျင်မှုတစ်မျိုးကို သင်ယူဖို့လိုအပ်နေပြီး ၎င်းကိုသာ တတ်မြောက်သွားမည်ဆိုလျှင်ဝင်ငွေအမြောက်အမြားတိုးပွားလာလိမ့်မည်ဟုဆိုသည်။ ငွေကြေးအသိပညာဟူသည်မှာ စာရင်းပညာ၊ ဈေးကွက်ပညာ၊ ရင်းနှီးမြှုပ်နှံမှုပညာ၊ ဥပဒေအရပ်ရပ်ကို နားလည်ခြင်းတို့ ပူးပေါင်းထားခြင်းဖြစ်ကြောင်း ရှေ့ပိုင်းတွင် ပြောပြခဲ့ပြီးဖြစ်သည်။ ၎င်းနည်းစနစ်များကို အသုံးချပြီး ငွေကိုငွေဖြင့်ရှာခြင်းက ပို၍ လွယ်ကူပါသည်။ သို့သော် လူအများစုကြီးက ငွေဖြင့်ပတ်သက်လာလျှင်



အလုပ်ကြိုးစားသည့် စွမ်းရည်တစ်ခုကိုသာ သိရှိကြလေသည်။

ကျွန်တော့်အား တွေ့ဆုံမေးမြန်းခဲ့သည့် သတင်းစာတွင် ဆောင်းပါးများရေးနေသော ကလေးမကို အကောင်းဆုံး ဥပမာအဖြစ် တင်ပြလိုပါသည်။ အကယ်၍ အရောင်းပညာကိုသာ သင်ယူလိုက်မည်ဆိုလျှင် သူမ၏ ဝင်ငွေတဟုန်ထိုး တိုးတက်သွားပေလိမ့်မည်။ သူ့နေရာမှာ ကျွန်တော်သာဆိုလျှင် အရောင်းပညာနှင့် ကြော်ငြာရေးနည်းပညာကို တက်ရောက်ပြီး သတင်းစာတိုက်မှာ လုပ်မည့်အစား ကြော်ငြာအေဂျင်စီတစ်ခုခုတွင် ဝင်၍အလုပ်လုပ်မည်။ ထို့နောက် အရေးပါသော ပြည်သူ့ဆက်ဆံရေး ပညာကိုလည်းသင်ယူမည်။ ထိုအခါ ယခင်ကထက် ပိုပြီးစွံအောင် သူ၏ဝတ္ထုများ ရောင်းအား တက်လာပါလိမ့်မည်။ သူသည် မကြာမီအတွင်း "အရောင်းအစွံဆုံး စာရေးဆရာမ" ဖြစ်လာနိုင်ပါသည်။

၁၉၆၉-ခုနှစ်တွင် အမေရိကန်ကုန်သွယ်ရေကြောင်းသိပ္ပံမှ သင်တန်းဆင်းလာသော ကျွန်တော့်အတွက် ပညာတတ်သော အဖေက ဝမ်းသာအားရဖြစ်၍နေသည်။ စတင်းဒတ်ရေနံကုမ္ပဏီက ရေနံတင်သင်္ဘောအုပ်စုအတွက် ကျွန်တော့်အား အလုပ်ပေးသည်။ စချင်းတွင် တစ်နှစ်လျှင် ဒေါ်လာ ၄၂,၀၀၀ ရရှိသည်။ ခုနှစ်လပဲ လုပ်ရပါမည်။ ပြီးလျှင် ငါးလအနားယူခွင့်ရမည်။ ထိုအနားယူခွင့် ငါးလကို မယူဘဲ ဗီယက်နမ်ရှိ ကုမ္ပဏီခွဲတွင် သွားရောက်လုပ်မည် ဆိုပါကလည်း ကျွန်တော့်အတွက် လစာနှစ်ဆခန့်ကို အလွယ်တကူ ဖြစ်သွားနိုင်သည်။

ကျွန်တော့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းကလည်း

www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေနေပါသည်။ သို့သော်လည်း ခြောက်လခန့် ကြာသော
အခါ အလုပ်ထွက်ပြီး ရေတပ်ကမ်းတက်တပ်ဖွဲ့ထဲ ဝင်လိုက်ပါသည်။
ထို့ကြောင့် ပညာတတ်အဖေက ကျွန်တော့်အတွက် အားမလို အား
မရ ဖြစ်သွားသည်။ ချမ်းသာသောအဖေကတော့ ဝမ်းမြောက်
ဝမ်းသာ ဖြစ်နေပါသည်။

သင်၏ဝင်ငွေပိုကောင်းဖို့နှင့် ရာထူးတိုးဖို့အတွက် အထူးပြု
ကျွမ်းကျင်မှုရှိဖို့ လိုအပ်ပါသည်။ ပညာတတ်သောအဖေက ထို
အယူအဆကို ယုံကြည်လက်ခံသည်။ ချမ်းသာသောအဖေက ထို
အယူအဆနှင့် ပြောင်းပြန်ကျင့်ကြံမှုပြုဖို့ အားပေးသည်။ ချမ်းသာ
သော အဖေက အများကြီးကို နည်းနည်းချင်းစီ သိအောင်လုပ်ဟု
ဆိုသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် အလုပ်မျိုးစုံ လုပ်ခဲ့
သည်။ ကျွန်တော်ကုန်သွယ်ရေးကျောင်းသိပ္ပံတက်ခြင်းကို သင်္ဘော
အရာရှိဖြစ်လိုသောကြောင့်ဟု ပညာတတ်သော အဖေက ယူဆ
သည်။ ချမ်းသာသောအဖေကမူ ကျွန်တော်နိုင်ငံတကာ ကုန်သွယ်
ရေးကို လေ့လာချင်၍ဟုသိနေသည်။ ကျွန်တော်သည် ကျောင်းသား
ဘဝမှာပင်ကုန်တင်သင်္ဘော၊ ရေနံသင်္ဘော၊ ခရီးသည် တင်သင်္ဘော
စသည်တို့နှင့်လိုက်ပါပြီး အရှေ့ဖျားနှင့် တောင်ပစိဖိတ်ဒေသတို့သို့
ရောက်ရှိခဲ့သည်။ ချမ်းသာသောအဖေက ဥရောပသွားမည့်အစား
ပစိဖိတ်ဒေသတွင် ကျင်လည်ကျက်စားဖို့ တိုက်တွန်းသည်။
အကြောင်းမှာ ကုန်သွယ်မှုစည်ပင်လာမည့်နိုင်ငံများသည် ဥရော
တွင်မရှိဘဲ အာရှမှာရှိနေသည်ကို သူသိထားသောကြောင့်ဖြစ်သည်။

ထို့ကြောင့် ကျောင်းနေဖက်သူငယ်ချင်းများ ပျော်ပါးနေ



ချိန်တွင် ကျွန်တော်က ထိုင်း၊ စင်္ကာပူ၊ ဂျပန်၊ ထိုင်ဝမ်၊ ဟောင်ကောင်၊
ဗီယက်နမ်၊ ကိုးရီးယား၊ အီတလီ၊ ဖိလစ်ပိုင်စသည့်နိုင်ငံများတွင်
ယဉ်ကျေးမှု၊ ကုန်သွယ်ရေး၊ စီးပွားရေး လုပ်နည်း လုပ်ဟန်များကို
လေ့လာနေခဲ့သည်။ ထိုသို့လုပ်ရသည့်အတွက်လည်း ကျွန်တော်
ပျော်ရွှင်မှုရှိပါသည်။

ထို့နောက် ကျွန်တော် စတင်းဒတ်ရေနံကုမ္ပဏီမှထွက်ပြီး
ရေတပ်ထဲဝင်လိုက်သည်။ တပ်သားများကို ဦးဆောင်လိုသော
ကြောင့်ဖြစ်သည်။ လူတွေကို စီမံအုပ်ချုပ်ရတာ အခက်ခဲဆုံးပဲဟု
ချမ်းသာသော အဖေက ပြောခဲ့သည်။ သူကိုယ်တိုင်တွင်လည်း
ကြည်းတပ်တွင် သုံးနှစ်အမှုထမ်းခဲ့သူဖြစ်သည်။ ပညာတတ်သော
အဖေက စစ်မှုထမ်းလွတ်ငြိမ်းခွင့် ရခဲ့သည်။ ချမ်းသာသော
အဖေက ခေါင်းဆောင်မှုပညာ၏ တန်ဖိုးကိုလည်းပြောပြသည်။
ခေါင်းဆောင်ကောင်းတစ်ယောက်မဖြစ်ပါက စီးပွားရေးလောက
တွင်လည်း ကျဆုံးသွားလိမ့်မည်ဟု ဆိုသည်။

၁၉၇၃-ခုနှစ်တွင် ဗီယက်နမ်မှ ပြန်လာပြီး ရေတပ်မှ
ထွက်လိုက်သည်။ ထို့နောက် ဇီရောစ်ကုမ္ပဏီတွင် အလုပ်တစ်နေရာ
ရခဲ့သည်။ ထိုကုမ္ပဏီတွင် အမေ[illegible]နိ၏ အကောင်းဆုံးသော
အရောင်းသင်တန်းတွေရှိသည်။ ချမ်းသာသောအဖေက ကျွန်တော့်
အတွက် ဝမ်းမြောက်ဂုဏ်ယူသော်လည်း ပညာတတ်အဖေကမူ
မျက်နှာမကောင်းလှပါ။ အရောင်းစျေးသည်ဆိုသည်မှာ အဆင့်နိမ့်
သည်ဟု သတ်မှတ်ထားသည်။ ဇီရောစ်တွင် အရောင်းစျေးသည်ဘဝ
ဖြင့် လေးနှစ်အလုပ်လုပ်ပြီးသည့်အခါ ရှက်ရွံ့တတ်သည့် ကြောက်

www.burmeseclassic.com

www.burmeseclassic.com



စိတ်များ မရှိတော့ပါ။ ထိပ်တန်းမှအရောင်းသမားငါးယောက်၏စာရင်းတွင် ကျွန်တော်အမြဲပါဝင်ပါသည်။ ထို့နောက်ဝင်ငွေကောင်းရရှိနေသည့်ထိပ်တန်းကုမ္ပဏီကြီးမှ ကျွန်တော်ထွက်ခဲ့ပါသည်။

ကျွန်တော်၏ပထမဆုံးကုမ္ပဏီကို ၁၉၇၇ တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ချမ်းသာသောအဖေက မြေတောင်မြှောက်သင်ကြားပေးခဲ့သည့်အတိုင်း ကုမ္ပဏီကို မည်သို့ဖွဲ့စည်းရမည်။ မည်သို့အုပ်ချုပ်ရမည်ကို ကျွန်တော်သိရှိထားပြီးဖြစ်သည်။ ကျွန်တော်၏ပထမဆုံးထွက်ကုန် နိုင်လွန်နှင့်ဗဲလ်ခရိုပိုက်ဆံအိတ်များကို အရှေ့ဖျားတွင်ထုတ်လုပ်ပြီး နယူးယောက်ရှိ ကုန်လှောင်ရုံသို့ရေကြောင်းမှသယ်သည်။ ကျွန်တော်၏လေ့လာဆည်းပူးမှုများ ပြီးဆုံးပြီဖြစ်သဖြင့်ကိုယ်ပိုင်အစွမ်းအစဖြင့်လှုပ်ရှားရတော့မည်။ လူတစ်ယောက်အနေဖြင့် အသက် ၃၀ မတိုင်မီမွဲသွားပါကပြန်လည်အားထုတ်၍ရသည်ဟုချမ်းသာသောအဖေက ပြောပြသည်။ ကျွန်တော့် အသက် ၃၀ပြည့်မွေးနေ့ညတွင် ကျွန်တော့်ထုတ်ကုန်ပစ္စည်းများ တင်ထားသောသင်္ဘောသည် ကိုရီးယားမှနယူးယောက်သို့စတင်ထွက်ခွာလေသည်။

ယနေ့အထိ ကျွန်တော်သည် နိုင်ငံတကာနှင့်စီးပွားရေးလုပ်ငန်းများ ဆက်သွယ်လုပ်ကိုင်နေဆဲဖြစ်သည်။ ချမ်းသာသောအဖေအကြံပေးသလိုပင် စီးပွားရေးလမ်းပွင့်မည့်နိုင်ငံများကို ကျွန်တော်အစဉ်တစိုက်ကြည့်ရှုနေပါသည်။ ကျွန်တော်ရင်းနှီးမြှုပ်နှံထားသော ကုမ္ပဏီသည် ယခုအခါ အာရှ၊ တောင်အမေရိက၊ နော်ဝေးနှင့် ရုရှနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက်ရှိသည်။

လခစားအလုပ်ဆိုသည်မှာ 'စားလောက်ရုံကလေး' ပင်



ဖြစ်သည်ဟု စကားရှိသည်။ ထိုစကားသည် လူဦးရေသန်းပေါင်းများစွာအတွက် မှန်ကန်နေသည်ကို ကျွန်တော်တွေ့မြင်နေရသည်။ အကြောင်းရင်းမှာ စာသင်ကျောင်းများက ငွေကြေးနှင့်ဆိုင်သောအသိပညာကို ပညာရပ်တစ်ခုဟု မသတ်မှတ်သောကြောင့် ဖြစ်သည်။ များစွာသော အလုပ်သမားထုကြီးသည် လောက်ငရုံတမယ်စားသောက်နေကြရသည်။

အုပ်ချုပ်ရေးပိုင်းနှင့်သက်ဆိုင်သော စိတ်ပျက်ဖွယ်ရာစကားတစ်ရပ်ရှိသေးသည်။ ၎င်းမှာ အလုပ်သမားများကလည်းအလုပ်မပြုတ်ရုံလောက်သာ လုပ်ကြပြီး အလုပ်ရှင်များကလည်းအလုပ်သမားများ အလုပ်မထွက်ရုံလောက်သာ လခပေးသည်ဟူ၏။ ကုမ္ပဏီအများစုက ပေးသောလစာနှုန်းထားကို သုံးသပ်ကြည့်ပါက အဆိုပါစကားရပ်သည် မှန်သင့်သလောက် မှန်ကန်နေကြောင်း သိရပါသည်။

နောက်ဆုံးရလဒ်မှာအလုပ်သမားအများစုသည် မည်သည့်အခါမှ ရှေ့တန်းသို့ ရောက်မလာခြင်းပင်ဖြစ်သည်။ သူတို့အတွက်သင်ယူရရှိထားသလောက်ကိုသာ လုပ်ကြသည်။ သူတို့အတွက်လောလောဆယ်အကျိုးရှိမည့်လခနှင့်ခံစားခွင့်များကို ကြည့်ပြီးလုပ်ကြသည်။ ထိုသို့လုပ်ခြင်းသည် ရေရှည်အကျိုးမရှိသော လုပ်ဆောင်မှုမျိုးဖြစ်သည်။

လူငယ်လူရွယ်များအနေဖြင့် ထိုသို့လုပ်မည့်အစား လခရဖို့ထက် ပညာရရှိဖို့အရေးကို ကြည့်ပြီး အလုပ်လုပ်ကြဖို့ တိုက်တွန်းလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားအများစုသည် သူတို့၏ရှေ့အနာဂတ်ကို မျှော်မှန်းကြည့်ကြရဲ့လားဟု ကျွန်တော်တွေးမိသည်။ သို့မဟုတ် လခထုတ်မည့်ရက်ကိုသာ မျှော်နေကြပါသလား။ သူတို့ဘ၀ကြီး မည်သို့လှုပ်ရှားသွားလာနေသည်ကို ဆန်းစစ်မှုရှိကြပါရဲ့လား။

လုပ်ခလစာတိုးမြှင့်ရလိုသူများကိုလည်း ထိုကဲ့သို့ပင် ကျွန်တော်အကြံပေးသည်။ လတ်တလောဝင်ငွေရရှိဖို့ အရေးကြီးသည်မှာ မှန်သော်လည်း နောက်ထပ်ကျွမ်းကျင်မှုတစ်မျိုး သင်ယူဆည်းပူးပြီး နောက်အလုပ်တစ်ခုကို လုပ်ဖို့ ကျွန်တော့်အနေနှင့်သူတို့ကိုအားထုတ်စေလိုသည်။ တစ်ချို့ကုမ္ပဏီများတွင် အလွန်အကျိုးရှိသော လေ့ကျင့်ရေးသင်တန်းများရှိသည်။ အဆိုပါသင်တန်းများက ရဲရင့်မှုရှိအောင်၊ မိမိကိုယ်ကို ယုံကြည်မှုရှိအောင် လေ့ကျင့်ကူညီပေးနိုင်သည်။ စိုးရိမ်စိတ်နှင့်ကြောက်စိတ်ကြောင့်လည်း လူအများစုကြီး မအောင်မြင်ရခြင်းဖြစ်သည်။ အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ ပညာသည် ငွေထက်ပို၍ တန်ဖိုးရှိပါသည်။

သို့သော် လူတစ်ဦးသည် ပြောင်းလဲမှုနှင့်နီးစပ်မှု မရှိလျှင် ပြောင်းလဲဖို့ အတော်မလွယ်သောကိစ္စဖြစ်ပါသည်။ မိမိပညာရရှိဖို့အတွက် အလုပ်လုပ်ပါဆိုသောတိုက်တွန်းချက်ကို ဇဝေဇဝါဖြစ်နေကြသူများအား ပြောကြားလိုသည်မှာ ဘ၀ဟူသည် အားကစားလေ့ကျင့်ရုံသွားခြင်းနှင့်တူပါသည်။ အခက်ခဲဆုံးအပိုင်းမှာ သွားဖို့ဆုံးဖြတ်ရခြင်းပင် ဖြစ်သည်။ ဆုံးဖြတ်ချက်ချပြီးသည့်နောက်ပိုင်းမှာ အားလုံးလွယ်ကူသွားပြီဖြစ်သည်။

အားကစားလေ့ကျင့်ရုံထဲရောက်ပြီး လေ့ကျင့်



နေသောအခါ တဖြည်းဖြည်းနှင့် ပျော်ရွှင်စရာကောင်းသည်။ ထိုသို့ဆုံးဖြတ် လိုက်သည့်အတွက်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။

မိမိမတတ်မြောက်သေးသည်များကို လေ့လာသင်ယူခြင်းမပြုဘဲ ကိုယ်ကျွမ်းကျင်ရာတစ်ရပ်ထဲမှာသာ အထူးပြုလေ့လာကြသူများမှာ အထူးပင် ဆင်ခြင်သတိထားရပါမည်။ အကြောင်းမှာ တစ်နေရာတွင် အသုံးတည့်သော အထူးကျွမ်းကျင်မှု ပညာတစ်ရပ်သည် အခြားတစ်နေရာတွင် အရာရောက်ချင်မှ ရောက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် လေယာဉ်မှူးတစ်ဦး၏ ကျွမ်းကျင်မှုသည် လေကြောင်းကုမ္ပဏီအတွက် အရေးကြီးသော်လည်း ပညာရေးလောကအတွက် အရာမရောက်ပေ။ တစ်နေရာမှ တစ်နေရာသို့ အကူးအပြောင်းတွင် ကိုယ့်ကျွမ်းကျင်မှု အရည်အသွေးနှင့် ထိုက်တန်သော ခံစားခွင့်မရသည်ကို ကြုံရတတ်သည်။

ကျွန်တော်သင်တန်းမှ သင်တန်းသားများအား 'ခင်ဗျားတို့ထဲမှာ မက်ဒေါ်နယ်ဆိုင်က ဟမ်ဘာဂါထက်ပိုကောင်းတဲ့ ဟမ်ဘာဂါမျိုး လုပ်တတ်တဲ့သူ ဘယ်သူရှိသလဲ' ဟု မေးလိုက်သောအခါ အားလုံးလိုလိုက လက်ထောင်ပြလိုက်ကြသည်။

'ဒါဆိုရင် ခင်ဗျားတို့တွေဟာ မက်ဒေါ်နယ်ဆိုင်က ဟမ်ဘာဂါထက် ပိုကောင်းတာကို လုပ်နိုင်ရက်သားနဲ့ ဘာလို့ဝင်ငွေနည်းနေကြရတာလဲ'ဟု ကျွန်တော် ပြန်မေးလိုက်သည်။

အရှင်းဆုံးသောအဖြေမှာ မက်ဒေါ်နယ်ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းနည်းစနစ်များတွင် သာလွန်ကောင်းမွန်သောကြောင့် ဖြစ်သည်။ ဟမ်ဘာဂါကို ထိုထက်ပို၍ကောင်းအောင်

www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်နိုင်ကြသူများက စီးပွားရေးလုပ်ငန်းဆိုင်ရာ နည်းစနစ်များကို တတ်သိနားလည်မှု အားနည်းသောကြောင့် ဖြစ်သည်။

ကျွန်တော့် မိတ်ဆွေများထဲတွင် အလွန်လက်ရာမြောက်သော ပန်းချီဆရာတစ်ဦး ရှိသည်။ သူလည်းအတော်လေးဝင်ငွေကောင်းပါသည်။ တစ်နေ့တွင် သူ၏မိခင်ကြီးက ဒေါ်လာ ၃၅,၀၀၀ အမွေထားခဲ့ကြောင်း မိခင်ဖြစ်သူ၏ ရှေ့နေက ဆက်သွယ်ပြောကြားလာသည်။ ထိုအခါ ပန်းချီဆရာက သူ့စီးပွားရေးလုပ်ငန်းတိုးတက်ဖို့ အခွင့်အလမ်းများကို စဉ်းစားမိသည်။ ထိုအမွေများထဲမှ တစ်ချို့ကို ကြော်ငြာအတွက် အသုံးပြုဖို့ ဆုံးဖြတ်သည်။ နောက်နှစ်လခန့်ကြာသောအခါ ထိပ်တန်းမဂ္ဂဇင်းကြီးတစ်စောင်တွင် စာမျက်နှာပြည့်ဖြင့် လေးရောင်ချယ်ကြော်ငြာကြီးပါလာသည်။ ထိုကြော်ငြာကို သုံးလဆက်တိုက်သူထည့်သည်။ သို့သော် မည်သည့်တုံ့ပြန်မှုမှ ပြန်မလာ။ သူရထားသည့် အမွေများအားလုံးကုန်ပြီးသည့်အပြင် မဂ္ဂဇင်းကိုပင် ပန်းချီဆရာက တရားစွဲဖို့ စီစဉ်နေသည်။

အဆိုပါဖြစ်ရပ်က အကောင်းစား ဟမ်ဘာဂါကို ပြုလုပ်တတ်ပြီး စီးပွားရေးလုပ်ငန်းအကြောင်း နားမလည်သူနှင့် ဖြစ်ရပ်ခြင်းတူနေလေသည်။ ဘာတွေသင်ခန်းစာ ရလိုက်သလဲဟု ကျွန်တော်က သူ့အားမေးသောအခါ “ကြော်ငြာသမားတွေက လူလိမ်တွေပဲ”ဟု ပြော၏။ ကျွန်တော်က သူ့အား အရောင်းပညာသင်တန်းတက်ဖို့ စိတ်ဝင်စားသလားဟု မေးသောအခါ “ကျွန်တော့်အတွက် အချိန်တွေ၊ ငွေတွေ မဖြုန်းတီးချင်ဘူး” ဟု ဖြေသည်။



ကမ္ဘာပေါ်တွင် ပင်ကိုယ်စွမ်းရည်ရှိသော ပါရမီရှင်အတော်များများ ဆင်းရဲကျပ်တည်းနေကြသည်။ ငွေကြေးလုံးချာလည်နေကြသည်။ ဝင်ငွေကို ထိုက်သင့်သလောက်မရကြ။ အကြောင်းမှာ သူတို့ တတ်သိနားလည်မှု မရှိတာတွေကြောင့်ဖြစ်သည်။ သူတို့အထူးပြုထားသော ကျွမ်းကျင်မှုအရည်အသွေးကိုသာ အာရုံစိုက်နေကြသည်။ အကောင်းစားဟမ်ဘာဂါကို ပြုလုပ်တတ်ပြီး ရောင်းကောင်း၍ ဈေးကွက်ဝင်အောင် လုပ်နိုင်သည့် အရည်အသွေးကို မျက်ကွယ်ပြုထားကြသည်။ မက်ဒေါ်နယ်ကုမ္ပဏီမှ ဟမ်ဘာဂါသည် အကောင်းစားဟုတ်/ မဟုတ် မသေချာသော်လည်း ရောင်းကောင်းစေအောင် လုပ်ဆောင်ရာမှာတော့ အတော်ဆုံးပင် ဖြစ်ပါသည်။

ပညာတတ်သောအဖေက ကျွမ်းကျင်မှုအထူးပြုသည့်လမ်းကြောင်းကို ကျွန်တော့်အားလိုက်စေလိုသော်လည်း ထိုသို့ပြုလုပ်ခြင်းဖြင့် လူတစ်ဦးသည် ထိုအရည်အသွေးပေါ် အားထားမှုလွန်ကဲသွားနိုင်ကြောင်း သူမသိရှိခဲ့ပါ။

ချမ်းသာသောအဖေကမူ ကျွန်တော်တို့အား ကိုယ့်ကိုယ်ကိုလက်သပ်မွေးဖို့အကြံပေးသည်။ ကော်ပိုရေးရှင်း၊ လုပ်ငန်းအများအပြားသည် စီးပွားရေးသင်တန်းကျောင်းဆင်းပြီး ဉာဏ်ရည်ကောင်းသည့် လူငယ်တို့က တစ်နေရာတည်းမှာ မလုပ်ကြဘဲ ဌာနတစ်ခုမှ တစ်ခုသို့ ကူးပြောင်းအလုပ်လုပ်ကြသည်။ ချမ်းသာသောသူတို့ကလည်း သူတို့၏သားသမီးများကိုသော်လည်းကောင်း၊ အခြားသူတို့၏သားသမီးများကိုသော်လည်းကောင်း၊ လက်သပ်မွေး

www.burmeseclassic.com

www.burmeseclassic.com



ပြီး ပံ့ပိုးမြှင့်တင်ပေးကြသည်။ ထိုအခါ ကလေးများကလည်း စီးပွားရေးဆိုင်ရာ နည်းနိဿယများကို သဘောပေါက်လာသည်။

ရှေးယခင်က ကုမ္ပဏီတစ်ခုမှ တစ်ခုသို့ ပြောင်းသည်ကို နှစ်သက်မှုမရှိကြသော်လည်း ယခုအခါ ထိုအယူအဆမျိုး မရှိတော့ပါ။ ထိုသို့ကူးပြောင်းလုပ်ကိုင်ကြသော်လည်း ဝင်ငွေရဖို့ ထက်ပညာရဖို့မလုပ်ကြပေ။ ကာလတိုအားဖြင့် ဝင်ငွေနည်းကောင်း နည်းနိုင်သော်လည်း ရေရှည်တွင် ကြီးမားသောအကျိုးအမြတ်ကို ခံစားရပါလိမ့်မည်။

အောင်မြင်ဖို့အတွက် အဓိကလိုအပ်သော အုပ်ချုပ်မှုပညာရပ်များမှာ -

(၁) ငွေသားစီးဆင်းမှုကို ထိန်းသိမ်းခြင်း

(၂) စနစ်များကို ထိန်းသိမ်းခြင်း

(၃) လူအများကို ထိန်းသိမ်းခြင်း

အရေးပါဆုံးသော စွမ်းရည်များမှာ အရောင်းပညာနှင့် ဈေးကွက်ဖော်မှုကို နားလည်သဘောပေါက်ဖို့ပင် ဖြစ်သည်။ ၎င်းမှာ အမြင့်ဆုံးရောင်းနိုင်စွမ်းပင်ဖြစ်သည်။ ထို့ကြောင့် မိမိပတ်ဝန်းကျင်ရှိလူအများနှင့်ဆက်သွယ်ခြင်းသည်သင်၏ ပုဂ္ဂိုလ်ရေးအောင်မြင်ဖို့အတွက် အခြေခံလိုအပ်ချက် ဖြစ်ပါသည်။ စာရေးခြင်း၊ စကားပြောခြင်း၊ ဇေ့စပ်ညှိနှိုင်းခြင်း စသောအရည် အချင်းများသည်လည်း အောင်မြင်မှုအတွက် မရှိမဖြစ်လိုအပ်သော အရာများဖြစ်သည်။

ကျွန်တော်၏ ပညာတတ်သော အဖေသည် အလုပ်ကို



ပို၍ပို၍ ကြိုးစားသောကြောင့် အထူးပြုသော အရည်အချင်းများ ပိုမို၍ ပြည့်စုံလာသည်။ ထိုသို့ဖြစ်လာလေ သူသည် လုပ်ငန်းထဲတွင် ပို၍ ပိတ်မိနေလေဖြစ်သည်။ သူ့အတွက်လခက တိုးတက်လာသော်လည်း ရွေးချယ်နိုင်မှုက ပို၍ နည်းပါးသွားသည်။ မကြာမီ အစိုးရဝန်ထမ်းဘဝမှ ထွက်လိုက်သည်တွင်မှ အသက်မွေးဝမ်းကျောင်းဘက်တွင် သူသည် ခိုင်မာမှုမရှိကြောင်း သိလာသည်။ ထိုဖြစ်ရပ်မှာ ကြေးစားကစားသမားတစ်ဦးအသက်ထောက်လာ၍ မကစားနိုင်တော့သလိုမျိုးဖြစ်သည်။ ထို့ကြောင့် ချမ်းသာသောအဖေက ကျွန်တော်နှင့် မိုက်အား အကြောင်းအရာအများအပြားကို နည်းနည်းချင်းစီ သိအောင်ကြိုးစားထားဖို့ အကြံပေးခြင်း ဖြစ်ပါမည်။ သူက ကျွန်တော်တို့အား ကိုယ့်ထက်တော်သူများနှင့်သာ လက်တွဲဖို့တိုက်တွန်းခဲ့ပါသည်။ ထို့နောက် လူတော်များကို စုစည်းပြီး အလုပ်လုပ်ဖို့လည်း အကြံပေးခဲ့သည်။ ၎င်းမှာ တစ်ဦးချင်း စီ၏ ကျွမ်းကျင်မှုအရည်အချင်းများကို ပူးပေါင်းအသုံးချခြင်းပင် ဖြစ်သည်။

ယခုအခါ တစ်နှစ်လျှင် ဒေါ်လာသိန်းပေါင်းများစွာရသော ကျောင်းဆရာဟောင်းများနှင့် ကျွန်တော်ဆုံတွေ့ရသည်။ ထိုမျှလောက်အထိ သူတို့ဝင်ငွေကောင်းရခြင်းမှာ သူတို့ကျွမ်းကျင်သည့် အရည်အချင်းအပြင် အခြားအရည်အချင်းများလည်း ရှိသောကြောင့် ဖြစ်သည်။ မည်သည့်နယ်ပယ်တွင် ဖြစ်ပါစေ ရောင်းခြင်းနှင့်ဈေးကွက်ဖေါ်ခြင်းထက် ပို၍အရေးကြီးသော ကျွမ်းကျင်မှု မရှိတော့ကြောင်း ကျွန်တော်သိလာရသည်။ ၎င်းကျွမ်း

www.burmeseclassic.com

www.burmeseclassic.com



ကျင့်မှုအရည်အချင်းမှာ လူတိုင်းတတ်သိဖို့ခက်ခဲသော အရည်အချင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကြောက်စိတ်က ကာဆီးထားသောကြောင့် ဖြစ်သည်။ ကြောက်စိတ်ဆိုသောအရာကိုသာ ကျော်လွှားနိုင်မည်ဆိုပါက သင်၏ ဘဝတစ်လျှောက်လုံး အဆင်ပြေချောမွေ့လာပါလိမ့်မည်။

ကျွန်တော်၏ မိတ်ဆွေများတွင် ပင်ကိုယ်စွမ်းရည်ထူးချွန်သော အရည်အချင်းရှိသူ အများအပြားရှိပါသည်။ သို့သော်လည်း ပတ်ဝန်းကျင်လူအများနှင့်ဆက်ဆံရေး ညံ့ဖျင်းမှုကြောင့် အလွန်အမင်းဝင်ငွေနည်းပါးကြသည်။ ထို့ကြောင့် ကျွန်တော်က သူတို့အား အရောင်းပညာကို တစ်နှစ်လောက် အချိန်ယူပြီး သင်ယူဖို့ အကြံပေးပါသည်။ အနည်းဆုံးအားဖြင့်တော့ လူထု ဆက်သွယ်ရေး အရည်အချင်းများ တိုးတက်လာမည် အမှန်ပင် ဖြစ်သည်။ ၎င်းသည်လည်း တန်ဖိုးရှိသော အရည်အချင်း ဖြစ်ပါသည်။

ကျွန်တော်တို့အားလုံးသည် သင်ယူမှုတွင် ကြိုးစားအားထုတ်ရပါမည်။ အရောင်းသမားကောင်းဖြစ်ပြီး ဈေးကွက်ဖော်ကျွမ်းကျင်သူများ ဖြစ်ရပါမည်။ ထိုမျှမကသေးဘဲ သင်ကြားပို့ချမှုကျွမ်းကျင်သော ဆရာကောင်းများဖြစ်သလို လိုလိုလားလားနှင့် သင်ယူဆည်းပူးသူများလည်း ဖြစ်ရပါမည်။ တကယ်တမ်း ချမ်းသာကြွယ်ဝသူဖြစ်ဖို့အတွက် ကျွန်တော်တို့သည် ရယူလိုစိတ်ရှိသလို ပေးကမ်းနိုင်စွမ်းလည်း ရှိရပါမည်။ ငွေကြေးအကျပ်အတည်းကြုံကြိုက်သည့်အချိန်မျိုးတွင် ကျွန်တော်တို့သည် ရယူမှုကော၊ ပေးကမ်းမှုပါ နည်းပါးလာကြသည်။



ကျွန်တော့်အဖေနှစ်ဦးစလုံးမှာမူ စေတနာထက်သန်ကြသလို လှူဒါန်းပေးဝေခြင်းလည်း ပြုကြသည်။ များများပေးဝေလေ များများရလေပင် ဖြစ်သည်။ ချမ်းသာသောအဖေသည် သူပိုင်သောငွေအမြောက်အများကိုစွန့်ကြဲပေးဝေသည်။ဘုရားကျောင်းသို့လည်းလှူသည်။ ရံပုံငွေတွေလည်း ထူထောင်သည်။ချမ်းသာကြွယ်ဝသော မိသားစုများ၏ လျို့ဝှက်ချက်သည် ပေးဝေခြင်းဖြစ်သည်။ထို့ကြောင့် ရော့ကဲဖဲလား ရံပုံငွေနှင့် ဖို့ဒ်ရံပုံငွေကဲ့သို့သော အဖွဲ့အစည်းများပေါ်ပေါက်ရခြင်းဖြစ်သည်။

ပညာတတ်သောအဖေက ကျွန်တော့်အား အမြဲပြောခဲ့ဖူးသည်မှာ - "ငါ့ဆီမှာ ငွေတွေပိုလျှံလာရင် ငါပေးဝေပစ်မယ်" ဟူ၏။ သို့သော် ခက်နေသည်က သူ့ထံတွင် ဘယ်တော့မှ ငွေကြေးပိုလျှံခြင်းမရှိပေ။ ငွေကြေးပိုရလာဖို့သူပိုပြီး အလုပ်ကိုကြိုးစားလုပ်သည်။ အမှန်တကယ်တွင် သူသည် ငွေကြေးနှင့်ပတ်သက်ပြီး အရေးကြီးဆုံးဥပဒေကို အလေးမထားမိသောကြောင့်ဖြစ်သည်။ ပေးပြီးမှ ယူရမည့်အစား သူကယူပြီးမှ ပေးသောနည်းကို ကျင့်သုံးသောကြောင့် ဖြစ်သည်။

နောက်ဆုံးတွင် ကျွန်တော့်အဖေနှစ်ဦးစလုံးမှ ကျွန်တော့်အားဆင်းသက်လာသည်။ ကျွန်တော်၏ စိတ်ထဲတွင် ငွေရှာရခြင်းကို သဘောကျသော အရင်းရှင်တစ်ဦးအဖြစ် တစ်ဝက်ရှိနေပြီး ကျန်တစ်ပိုင်းမှာ လူမှုရေးတာဝန်သိတတ်သော ကျောင်းဆရာ အဖြစ်ရှိနေသည်။ သူကဆင်းရဲချမ်းသာ ကွာဟမှုကြီးမားလာခြင်းကို စိတ်ပူပန်နေသူဖြစ်သည်။ ထိုသို့ ဆင်းရဲချမ်းသာကွာဟမှု

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားလာခြင်းသည် ခေတ်မမှီသော ပညာရေးစနစ်ကြောင့်ဟု ကျွန်တော် ယုံကြည်ပါသည်။

---

## အခန်း(၈)
## ပထမဦးစွာ အခက်အခဲများကို ကျော်လွှားခြင်း

လူအများသည် ငွေကြေးအခြေခံပညာကို လေ့လာဆည်းပူးခြင်းတတ်မြောက်လာသော်လည်း ငွေကြေးအရ မှီခိုမှုကင်းသောဘဝကို တည်ဆောက်ဖို့ အခက်အခဲများ ရင်ဆိုင်ရပါဦးမည်။ ထိုသို့ တတ်မြောက်ထားသော်လည်း ရပိုင်ခွင့်ကဏ္ဍတွင် မပြည့်ဝခြင်းမှာ အဓိကအချက် (၅)ချက်ကြောင့်ဖြစ်သည်။ ၎င်းရပိုင်ခွင့်က ကြီးမားသော ကြီးစားရှန်းကန်ရသည့်ဘဝမျိုးမှ လွတ်ကင်းသွားပါမည်။ ထိုအကြောင်း (၅)ချက်မှာ (၁) ကြောက်စိတ်၊ (၂) အဆိုးမြင်စိတ်၊ (၃) ပျင်းရိခြင်း၊ (၄) အကျင့်ဆိုးများ၊ (၅) မောက်မာဝါကြွားခြင်း။

### (၁) ငွေကြေးဆုံးရှုံးမည်ကို ကြောက်စိတ်အား ကျော်လွှားခြင်း

မိမိ၏ ကိုယ်ပိုင်ငွေကြေးဆုံးရှုံးမှုကို နှစ်သက်သူဟူ၍ တစ်ဦးတစ်ယောက်မှ ရှိမည်မဟုတ်ပါ။ ငွေကြေးဆုံးရှုံးမှုကိုမကြုံဘူးသော လူချမ်းသာဟူ၍လည်း ကျွန်တော့်တစ်သက်တာတွင် တစ်ဦးမှ မကြုံဘူးပါ။ သို့သော်လည်း တစ်ခါမှ ငွေကြေးမဆုံးရှုံးဖူးသော ဆင်းရဲသားများစွာကို တော့ ကြုံတွေ့ဖူးပါသည်။ အကြောင်းမှာ သူတို့သည် ရင်းနှီးမြှုပ်နှံမှုကို မလုပ်ကြသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းသည် ငွေကြေးဆုံးရှုံးမှာကို ကြောက်ကြပါသည်။
သို့သော် ထိုကြောက်စိတ်ကို မည်သို့ထိန်းချုပ် ကိုင်တွယ်မလဲဆိုတာ
ကသာ အဓိကပြဿနာ ဖြစ်ပါသည်။ တွေ့ကြုံရသော ရှုံးနိမ့်မှု
ကို စီမံကွပ်ကဲတတ်ခြင်းက လူတစ်ဦးချင်းစီ၏ ဘဝကိုခြားနား
သွားစေပါသည်။ လူ့ဘဝကြီးတွင် ထိုအရည်အချင်းသည် ငွေကြေး
ကိစ္စတွင်မကဘဲ အခြားမည်သည့်ကိစ္စမျိုးနှင့်မဆိုသက်ဆိုင် မှုရှိပါ
သည်။ ၎င်းက ချမ်းသာမှုနှင့် ဆင်းရဲမှုကို ခွဲခြားသွားစေပါသည်။
ထို့ကြောင့် ငယ်စဉ်ကတည်းက ငွေကြေးစုဆောင်းခြင်းကို
အကျင့်လုပ်ထားဖို့ ဘဏ်များက အကြံပေးထားကြခြင်းဖြစ်မည်။
သင့်အနေဖြင့် ငယ်စဉ်ကတည်းက စတင်ပြီးစုဆောင်းလျှင် ချမ်းသာ
ကြွယ်ဝမှုကို လွယ်ကူစွာရနိုင်သည်။ သို့သော်အသက် (၂၀)မှစ၍
ငွေစုသူနှင့် အသက်(၃၀)မှ စတင်ပြီး ငွေစုသူတို့ကြားတွင် ကွားခြား
မှုက ကြီးမားပါသည်။

ကျွန်တော့်မိတ်ဆွေတစ်ဦးသည် ကွန်ပျူတာကုမ္ပဏီကြီး
တစ်ခုတွင် အလုပ်လုပ်သည်။ ငါးနှစ်ပြည့်သောအခါ အငြိမ်းစား
စီမံကိန်းအရ သူသည် ဒေါ်လာ(၄)သန်းရယူပြီး အငြိမ်းစားယူလိမ့်
မည်။ ၎င်းငွေများကို ကြီးထွားနှုန်းမြင့်သည့် အကျိုးတူရန်ပုံငွေထဲ
မှာ ထည့်ဝင်မြှုပ်နှံလိုက်သည်။ ထိုအချိန်တွင် သူ၏အသက်
(၅၅)နှစ်သာရှိအုံးမည်။ သူ၏ပုံမှန်ဝင်ငွေက တစ်နှစ်လျှင် ဒေါ်လာ
၃၀၀,၀၀၀ ဖြစ်နေပါမည်။ သူ၏ လခအားလုံးစုထားသည့် ပမာဏ
ထက်များသော ငွေကြေးပမာဏဖြစ်ပါသည်။ ထို့ကြောင့် သင်သည်
ငွေကြေးဆုံးရှုံးမှာကို လိုလားသည်ဖြစ်စေ၊ မလိုလားသည်ဖြစ်စေ



ငွေကြေးတိုးပွားအောင် ပြုလုပ်၍ရသည်။ ထိုအတွက် သင်သည်
ငယ်ရွယ်စဉ်ကပင် စတင်စုဆောင်းရပါမည်။ သင်ရင်းနှီးမြှုပ်နှံမှု
ပြုတော့မည်ဆိုလျှင် ယုံကြည်စိတ်ချရသော အတိုင်ပင်ခံကို ရှာ၍
အကြံဉာဏ်ယူပါ။ အကယ်၍ သင့်တွင်အချိန်သိပ်မရှိပါကလည်း
ကောင်း၊ စောစီးစွာအငြိမ်းစားယူချင်ပါကလည်းကောင်း၊ ငွေကြေး
ဆုံးရှုံးမည်ကို ကြောက်ရွံ့သည့်စိတ်အား မည်သို့ထိန်းချုပ်မည်နည်း။
ကျွန်တော်၏ ဆင်းရဲသောအဖေက ထိုကိစ္စနှင့်ပတ်သက်ပြီး
ဆွေးနွေးမှု မပြုပေ။ ချမ်းသာသောအဖေကတော့ တက်ဆပ်ပြည်
နယ်သားများကဲ့သို့ တွေးတောကျင့်ကြံဖို့ ကျွန်တော့်အား အကြံဉာဏ်
ပေးသည်။ “ငါ-တက်ဆပ်ပြည်နယ်သားတွေကို သဘောကျတာ
တက်ဆပ်မှာ အကြီးစားတွေချည်းဘဲ၊ နိုင်ပြီဆိုရင်လည်းအကြီး
အကျယ်ဘဲ၊ ရှုံးပြီဆိုရင်လည်း ပါးစပ်အဟောင်းသားဘဲပေါ့။ ငါဆိုလို
ချင်တာက စွန့်စားမှုပေါ်မှာ ထားတဲ့သူတို့ရဲ့သဘော ကိုပြောတာ၊
တစ်နည်းအားဖြင့် အနိုင်နဲ့အရှုံးပေါ်ထားတဲ့ သူတို့ရဲ့ စိတ်ဓာတ်ကို
ဆိုလိုတာ၊ သူတို့ဟာကြီးကျယ်တဲ့ စိတ်ဓာတ်ရှိတယ်။ အနီးအနား
ဝိုက်က လူတွေနဲ့တောင် မတူဘူး”

ချမ်းသာသောအဖေက ဆက်ပြောသည်။ “လူတွေဟာများ
သောအားဖြင့် ငွေကြေးနဲ့ပတ်သက်လာရင် ပိုးဟပ်လိုပြားပြား ဝပ်
နေတဲ့သူတွေ၊ သူတို့ကို တစ်ဦးဦးကကြည့်မှာတောင် ကြောက် နေတဲ့
သူတွေလေ။ တက်ဆက်ပြည်နယ်သားတွေကတော့နိုင်တဲ့ အခါ
လည်း လက်မထောင်ပြီးဂုဏ်ယူတယ်၊ ရှုံးသွားတဲ့အခါမှာလည်း
သူတို့ ဘယ်လောက်ရှုံးသွားတယ်ဆိုတာ ကြွားကြသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူအများစုအနေဖြင့် ငွေကြေးအရ မအောင်မြင်ကြရခြင်းမှာ ဆုံးရှုံးမှုမရှိသော စိတ်ချရသည့်အလုပ်ကိုသာ လုပ်ချင်ကြသောကြောင့် ဖြစ်သည်။ ၎င်းသည်သာ အဓိကအကြောင်းရင်းဖြစ်သည်။ စသဖြင့် ချမ်းသာသော အဖေက အမြဲမပြတ်သွန်သင်ဆုံးမသည်။

'လူတွေဟာ ဆုံးရှုံးမှာကို ကြောက်လွန်းတဲ့အတွက် သူတို့တွေဆုံးရှုံးကုန်ကြတာ' ဟုဆိုသည်။ 'အနိုင်ရတယ်ဆိုတာ ရှုံးမှာကို မကြောက်တာ' ဟုသူက ပြောကြားခဲ့သည်။

ကျွန်တော့်ဘဝအတွေ့အကြုံအရ အရှုံးနှင့်တွေ့ကြုံပြီးမှ သာအောင်မြင်မှုကိုရလေ့ရှိသည်ကို သတိပြုမိသည်။ ငွေကြေးအရှုံး မရှိဖူးသော လူချမ်းသာဟူ၍ ကျွန်တော်မမြင်ဖူးပါ။ ထို့ကြောင့် လူအများစီးပွားရေးမအောင်မြင်ရခြင်းမှာ ချမ်းသာခြင်းကြောင့် ရရှိမည့်ပီတိထက် ဆုံးရှုံးလျှင်ခံစားရမည့် ဝေဒနာကိုကြောက်နေကြသောကြောင့်ဖြစ်သည်။ 'နိဗ္ဗာန်ကိုတော့ လူတိုင်းရောက်ချင်ကြတယ်၊ ဒါပေမဲ့ ဘယ်သူမှ မသေချင်ကြဘူး" ဟူသောစကားသည် တက်ဆက်ပြည်နယ်သားတို့၏ လက်သုံးစကားဖြစ်သည်။ ချမ်းသာကြွယ်ဝမှုကို လိုလားကြသော်လည်း ဆုံးရှုံးမှာကိုကြောက်ကြသူသည် နိဗ္ဗာန်ကို ဘယ်တော့မှ မရောက်ကြတော့ပေ။

ချမ်းသာသော အဖေက သူသွားခဲ့သော ခရီးစဉ်များအကြောင်းကို ကျွန်တော်တို့အား အမြဲပြောပြတတ်သည်။ "စွန့်စားဆုံးရှုံးမှု၊ ရှုံးနိမ့်မှုဆိုတာ ဘယ်လိုသဘောထားသလဲဆိုတာ မင်းသိလေ့လာချင်တယ်ဆိုရင် စန်အန်တိုနီယိုကိုသွား၊ ပြီးရင် အာလာမိုမြို့လေးကို ရောက်အောင်ဝင်၊ အဲဒီမြို့လေးက တကယ့်ကို သ



ပြောင်မြောက်သူတွေရဲ့ သမိုင်းကြောင်းပဲ။ သူတို့ရဲ့ အကျပ်အတည်းအနေအထားအရ မနိုင်နိုင်ဘူးဆိုတာ သိနေကြတယ်။ ဒါပေမဲ့ သူတို့ဟာ အရှုံးပေးမယ့်အစား သေတဲ့အထိ တိုက်မယ်လို့ ဆုံးဖြတ်ချက်ချခဲ့ကြသည်။ တကယ်ကိုလေ့လာထိုက်ပြီး စိတ်ဓာတ်တက်ကြွစရာကောင်းတဲ့ သမိုင်းကြောင်းတစ်ခုပဲ နောက်ဆုံးသူတို့တွေ ရှုံးနိမ့်မှုနဲ့ ရင်ဆိုင်ရတယ်။ ဒါပေမဲ့ "ဒါ-အာလာမိုဆိုတဲ့နာမည်ပဲကွ"တဲ့ သူတို့ကြိမ်းမောင်းအော်ဟစ်နေကြတုန်းဘဲလေ။

- ကျွန်တော်နှင့် မိုက်သည် အဆိုပါဇာတ်လမ်းကို မကြာမကြာ နားထောင်ခဲ့ရသည်။ ချမ်းသာသောအဖေက တစ်ချိန်တစ်မောင်း ပြင်ဆင်ပြီး စိုးရိမ်မှုဖြစ်ပေါ်နေလျှင် အထက်ပါဇာတ်လမ်းကို ပြောပြလေ့ရှိသည်။ ထိုဇာတ်လမ်းက ခွန်အားများပေးသည်ဟု ဆိုသည်။ အဘယ့်ကြောင့်ဆိုသော် ငွေကြေးဆုံးရှုံးမှုကို အမြတ်ရရှိမှုအဖြစ်သို့ ပြောင်းလဲပစ်နိုင်ကြောင်း အဆိုပါဇာတ်လမ်းက သတိပေးတိုက်တွန်းနေသောကြောင့် ဖြစ်သည်။ ရှုံးနိမ့်မှုတစ်ခုမှနေ၍ ပိုပြီးကြံ့ခိုင်လာအောင် လုပ်ပေးမည်ကို ချမ်းသာသော အဖေက သဘောပေါက်ထားသည်။ သူကရှုံးနိမ့်မှုကို နှစ်သက်လိုလားခြင်း မရှိသော်လည်း မည်သို့ရင်ဆိုင်ရမည်ကို သူသိထားသည်။ သူက ရှုံးနိမ့်အရှုံးကိုရင်ဆိုင်ပြီး အောင်မြင်အောင် လုပ်မည့်သူ ဖြစ်သည်။ သူ၏ သဘောထားနှင့်ခံယူချက်က အခြားသာမန်လူများမဖြစ်တ် ကျော်ဝံ့သည်ကို ဖြတ်ကျော်သွားနိုင်သည့် စွမ်းအားများရှိလာလေသည်။

"တက်ဆက်နယ်သားတွေကို ငါသဘောကျတာ အဲဒီသူတို့

www.burmeseclassic.com

www.burmeseclassic.com



က ကြီးမားတဲ့အရှုံးကိုရင်ဆိုင်ပြီး သူတို့မြို့လေးကို ကမ္ဘာ့လှည့်ခရီးသည်တွေ လေ့လာကြည့်နေရမယ့် နေရာအဖြစ် ဖန်တီးခဲ့တယ်။ ဒါကြောင့်မို့ ခုဆို သူတို့မြို့လေးဟာ သန်းပေါင်းများစွာ ရရှိနေပြီးဖြစ်တယ်။

ယနေ့ထိ ကျွန်တော်မှတ်သားထားသော စကားလုံးများမှာ "တက်ဆက်နယ်သားတွေဟာ သူတို့ရဲ့ရှုံးနိမ့်မှုကနေ အင်အားသစ်တွေ မွေးယူကြတယ်။ ဒါကြောင့်မို့လဲ တက်ဆက်နယ်သားတွေကို ရှုံးနိမ့်သူအဖြစ်ကနေ အောင်နိုင်သူတွေဖြစ်စေခဲ့တယ်။ ဒီယူဆချက်ဟာ တက်ဆက်နယ်သားတွေတင်မကဘဲ အောင်နိုင်သူအားလုံးရဲ့ ယူဆချက်ပဲ" ဟုဆို၏။

ရှုံးနိမ့်မှုသည် အောင်မြင်သူများအတွက် ခွန်အားသစ်များ တိုးပွားစေသော်လည်း ရှုံးနိမ့်သူများအတွက် အညံ့ခံစေသည်။ ၎င်းအချက်က အောင်နိုင်သူများ၏ အကြီးမားဆုံး လျှို့ဝှက်ချက်လည်းဖြစ်ပါသည်။ အရှုံးသမားများ မသိကြသော လျှို့ဝှက်ချက်လည်းဖြစ်ပါသည်။ အောင်နိုင်သူများသိရှိထားသော လျှို့ဝှက်ချက်မှာအရှုံးသည် အောင်မြင်မှုဖြစ်ပေါ်အောင် တွန်းအားပေးသည်ဆိုသော အချက်ပင်ဖြစ်သည်။

အရှုံးကို မုန်းတီးခြင်းနှင့် အရှုံးကိုကြောက်ရွံ့ခြင်းဟူသည်မှာ အကြီးအကျယ်ကွာခြားပါသည်။ အရှုံးကို မုန်းတီးခြင်းက နောက်တစ်ခါ အနိုင်ရဖို့ အားမာန်ဖြစ်စေသည်။ များစွာသော သူတို့သည် ဆုံးရှုံးမှာကြောက်လွန်းသည့်အတွက်ပင် သူတို့ငွေတွေ ဆုံးရှုံးကြရသည်။ စီးပွားရေးငွေကြေးအနေအထားဖြင့် အလွန်



အမင်းစိတ်ချရဖို့အတွက် သေးငယ်လွန်းသော အလုပ်များကိုသာ ရွေးချယ်လုပ် ကိုင်ကြသည်။ ကြီးမားသောအိမ်၊ အဆောက်အဦး၊ အဖိုးတန်ကားများကို သူတို့ဝယ်ကြသော်လည်း ရင်းနှီးမြှုပ်နှံမှုကိုမူ အနည်းငယ်မျှသာ လုပ်ကြသည်။ များသောအားဖြင့် စီးပွားရေး မပြေလည်ကြသော အမေရိကန်ပြည်သူလူထု၏ ၉၀% ကျော်ကျော် သည် ဆုံးရှုံးမည်ကိုကြောက်ရွံ့ပြီး နိုင်အောင်မကစားကြသော ကြောင့် ဖြစ်သည်။

တချို့ကမူ အကျိုးခံစားခွင့်နည်းပါးသော်လည်း တည်ငြိမ်မှု ရှိသော ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်ကြသည်။ ဥပမာ-ငွေချေးစာ ချုပ်များ၊ အကျိုးတူအပ်ငွေများစသည်ဖြင့်။ ၎င်းတို့မှာ စိတ်ချရပြီး အန္တရာယ်ကင်းသည်။ သို့သော်လည်း အဆိုပါအလုပ်များက အောင် မြင်မှုပန်းတိုင်ကို ရယူနိုင်သော ရင်းနှီးမြှုပ်နှံမှုမျိုးမဟုတ်ပါ။ မရှုံးရုံ သာ ကစားသောသူမျိုး၏ အလုပ်မျိုးဖြစ်သည်။ သို့ပါသော်လည်း တည်ငြိမ်ပြီးစိတ်ချသော ရင်းနှီးမြှုပ်နှံမှုကို ပြုလုပ်ခြင်းသည် လုံးဝ မလုပ်တာထက်တော့တော်ပါသေးသည်။ ထိုရင်းနှီးမြှုပ်နှံမှုများသည် အောင်မြင်သူများ ပြုလုပ်သော နည်းမဟုတ်ပါ။ သင်အမှန်တကယ် ချမ်းသာလိုပြီး လက်ထဲမှာလည်း ငွေနည်းနည်းသာရှိမည်ဆိုလျှင် ပထမဦးဆုံး"အာရုံစူးစိုက်မှုပြတ်သား"ရပါမည်။ ဟန်ချက်ညီအောင် ချိန်ဆနေခြင်းဖြင့် ခရီးမရောက်နိုင်ပါ။ တစ်နေရာတည်းတွင် ရပ်နေ၍မရပါ။ သင်ကိုယ်တိုင်လမ်းလျှောက်သင်ခါစ အချိန်ကို ပြန်စဉ်းစားကြည့် လိုက်ပါ။ တိုးတက်မှုကို ရလိုပါက အစပထမပိုင်း တွင်သိပ်ချိန်ဆနေ၍မရပါ။ သင်အမှန်တကယ် ချမ်းသာကြွယ်ဝ

www.burmeseclassic.com

www.burmeseclassic.com



လိုပါက အာရုံစူးစိုက်မှု ပြတ်သွားရပါမည်။ ဆင်းရဲသားလူလတ်တန်းစားများလုပ်သည့် အလုပ်မျိုးကို မလုပ်ပါနှင့်။

အကယ်၍ သင်သည်အရှုံးကို ရင်မဆိုင်လိုပါက ဟန်ချက်ညီအောင် ချိန်ဆထားသော စိတ်ချရသည့် အလုပ်မျိုးကိုသာ လုပ်ပါ။ သင်၏အသက်(၂၅)နှစ်ကျော်နေပြီဆိုလျှင် စွန့်စားမှုကိုကြောက်ရွံ့ပါက စိတ်ချရသည့်အလုပ်ကို စောစီးစွာစလုပ်ပါ။ သင်၏လုပ်အားဖြင့် ရရှိသည့်ငွေကို စောစီးစွာပင် စတင်စုဆောင်းပါ။ သင်၏လုပ်အားဖြင့် ရရှိသည့်ငွေကို စောစီးစွာပင် စတင်စုဆောင်းပါ။ အဘယ့်ကြောင့်ဆိုသော် သင့်အတွက်အချိန်ယူဖို့လိုအပ်သောကြောင့်ဖြစ်သည်။

သို့သော်လည်း သင့်ထံတွင် ဆင်းရဲတွင်းမှ လွတ်မြောက်လိုသောရည်မှန်းချက်များရှိသည်ဆိုလျှင် ပထမဆုံးသင့်ကိုယ်သင်ပြန်မေးရမည်မှာ 'ငါ-ရှုံးနိမ့်မှုကို ဘယ်လိုတုံ့ပြန်မလဲ' ဆိုသည့်မေးခွန်းပင်ဖြစ်သည်။ အကယ်၍ သင့်အား ရှုံးနိမ့်မှုမှနေ၍ အားမာန်များတက်ကြွလာစေသည်ဆိုလျှင် စွန့်စားရသည့်အလုပ်ကို လုပ်သင့်ပါသည်။ လုပ်ကိုလုပ်ရမည်ဟုသာ ပြောရပါလိမ့်မည်။ ရှုံးနိမ့်မှုကြောင့်သင့်အား စိတ်ခံစားမှုဒဏ်ရာကြီးမားစွာရစေသည်ဆိုလျှင် သို့မဟုတ် တွက်ခြေမကိုက်တိုင်း ဒေါသကြောင့် တရားစွဲလိုစိတ်သာဖြစ်ပေါ်နေသည်ဆိုလျှင် လခစားအလုပ်၊ သို့မဟုတ် စိတ်ချရသော အလုပ်သာ လုပ်သင့်သည်။ ငွေချေးစာချုပ်ဝယ်ခြင်း၊ အကျိုးတူရန်ပုံငွေများမှာထည့်ဝင်ထားခြင်း စသည်တို့ကဲ့သို့ ဖြစ်သည်။ ထိုစိတ်ချရသော အလုပ်များတွင်လည်း စွန့်စားရမ



အနည်းအကျဉ်းတော့ရှိကြောင်း သင်သိထားရပါမည်။

ကျွန်တော့်အနေနှင့် တက်ဆက်ပြည်နယ်နှင့် ဖရန်တာကင်တန်တို့အကြောင်းအပြင် ကျွန်တော်ပြောပြလိုသည် များရှိပါသေးသည်။ အကြောင်းရင်းမှာ ရပိုင်ခွင့်ကဏ္ဍအတွက် ကိုယ်ပိုင်ရင်းနှီး မြှုပ်နှံမှုပစ္စည်းများ စုဆောင်းရသည်မှာ အလွန်လွယ်ကူသောကြောင့်ဖြစ်သည်။ ထိုအတွက် ကိုယ်ပိုင် အစွမ်းအစ ကြီးကြီးမားမားမလိုအပ်သော အလုပ်ဖြစ်သည်။ ပဉ္စမတန်း အဆင့်သင်္ချာလောက်ကို တတ်သျှင်ပင် လုပ်လို့ ရပါသည်။သည့်အတွက်မြင့်မားသောပညာအရည်အချင်း မလိုပါ။ သို့သော်မိမိ ရင်းနှီးထားသည့်ကိုယ်ပိုင်ပစ္စည်းကို လောင်းကြေးထပ်ရသည့် အလုပ်တွင် စိတ်ဓာတ်အရေးပါလာပါသည်။ သည့်အတွက် ရင်ဆိုင်ရဲသော သတ္တိ၊ စိတ်ရှည်မှု၊ အရှုံးကိုခံယူတတ်ဖို့ လိုအပ် လာပါသည်။အဆိုပါ အရှုံးကရှုံးနိမ့်သူများကို အောင်နိုင်သူအဖြစ် ပြောင်းလဲပေး တတ်ကြောင်းအာလာမိုမြို့လေးကို အမှတ်ရနိုင်ပါသည်။

## ၂။ အဆိုးမြင် စိတ်ဓာတ်ကို ကျော်လွှားခြင်း

ကျွန်တော်တို့အများစုသည် "ကြက်ငကြောက်ကလေးပုံပြင်ထဲမှ "မိုးပြိုလာပြီ၊ မိုးပြိုလာပြီ' ဟူသော စကားကို ကြားဖူးကြပါသည်။ ထိုအထဲမှ ဇာတ်ကောင်ကြက်ငကြောက်ကလေးသည် ကြက်ခြံကြီးတစ်ခုလုံးကို လှည့်ပတ်ပြေးလွှားကာ ကမ္ဘာကြီးပျက်တော့မည့်အကြောင်းကို အော်ဟစ်သတိပေးသောသူဖြစ်သည်။ လူအများထဲတွင် ကြက်ငကြောက်ကလေးကဲ့သို့သောသူများ

www.burmeseclassic.com

www.burmeseclassic.com



ရှိကြောင်း၊ ကျွန်တော်တို့ သိသွားကြသည်။ ထိုကဲ့သို့ပင် ကျွန်တော်တို့ တစ်တွေ၏ ရင်ထဲတွင်လည်း ကြက်ငကြောက်လေးတစ်ကောင်စီ ရှိနေကြပါသည်။

ကျွန်တော်ရှေ့ပိုင်းတွင်းပြောခဲ့သည့် အဆိုးမြင်သဘောထားသည် ထိုကြက်ငကြောက်လေးပင် ဖြစ်ပါသည်။ ကျွန်တော်တို့ စိတ်ထဲတွင်ဖုံးလွှမ်းနေသောသံသယစိတ်နှင့် ကြောက်စိတ်များသည် ကြက်ငကြောက်ကလေးတစ်ကောင် ရောက်လာသကဲ့သို့ပင် ဖြစ်သည်။

ကျွန်တော်တို့ထဲတွင် ရှိနေသော သံသယစိတ်များက ရည်မှန်းချက်များကို တုံ့ဆိုင်းသွားစေသည်။ ကျွန်တော်တို့အနေဖြင့် "အကယ်၍များ တို့တစ်တွေရင်းနှီးမြှုပ်နှံပြီးတာနဲ့ စီးပွားပျက်ကပ်နဲ့ကြုံနေရင် ဘယ်လိုလုပ်မလဲ"၊ "အကယ်၍များ ကိုယ်စီမံထားတဲ့ အခြေအနေအတိုင်း ဖြစ်မလာရင် ဘယ်လိုလုပ်မလဲ"၊ "အကယ်၍များမိတ်ဆွေအပေါင်းအသင်းများက အပျက်သဘောဆောင်ပြီး ပြောလာကြရင် ဘယ်လိုလုပ်မလဲ၊" စသည့်ဖြင့် သံသယများကြီးထွားလာသောအခါ လုပ်ဆောင်စရာရှိသည်များကို ရှေ့ဆက်မလုပ်ဖြစ်တော့ချေ။ စိုးရိမ်ကြောက်ရွံ့မှုများက ကျွန်တော်တို့စိတ်ထဲတွင် ကိန်းအောင်းလာသည်။ ထို့ကြောင့် ရှေ့ဆက်မလျှောက်ဖြစ်တော့ဘဲ စိတ်ချရသည် တစ်နေရာတည်းမှာဘဲ ရပ်နေတော့သည်။ ထို့အတွက်လည်း အခွင့်အလမ်းများက ကျော်လွှားသွားတော့သည်။

ကျွန်တော်တို့ စိုးရိမ်ကြောက်ရွံ့မှုကို ပွေ့ပိုက်ကာ အချိန်တွေကုန်လွန်သွားသည့်တိုင် မလှုပ်မယှက်ရှိနေကြသည်။ ဖီဒယ်



လတီမက်ဂယ်လန် အကျိုးတူရန်ပုံငွေအဖွဲ့မှ ပီတာလင့်ချ် (Peter Lynch)ကမူ မိုးပြိုပြီ ဆိုသကဲ့သို့သော စကားမျိုးကို အသံဗလံ ဟူ၍သာ မှတ်ချက်ချသည်။

ထိုအသံဗလံဟူသည် ကျွန်တော်တို့ဦးနှောက်ထဲတွင် သူ့အလိုအလျောက် ဖန်တီးပေါ်ပေါက်လာသကဲ့သို့ ပြင်ပမှလည်း ဖြစ်ပေါ်လာတတ်သည်။ ဥပမာအားဖြင့် မကြာခဏဆိုသလို မိတ်ဆွေအပေါင်းအသင်း၊လုပ်ဖော်ကိုင်ဖက်များထံမှလည်း ကောင်း၊ ထို့ပြင်လူထုဆက်သွယ်ရေးသတင်းဌာနစသည်တို့မှ သော်လည်းကောင်း ဖြစ်တတ်သည်။

၁၉၅၀-ခုနှစ်ပတ်ဝန်းကျင်က အကြောင်းအရာများကို လင့်ချ်က ပြန်ပြောပြသည်။ ထိုအချိန်က နူယူးကလီးယားစစ်ပွဲဖြစ်ပွားတော့မည်ဟူသောသတင်းကအတော်ပင် နေရာယူထားသည်။လူအများတို့သည်အကာအကွယ်အတွက် ဗုံးခိုကျင်းများဆောက်လုပ်ခြင်း၊ စားနပ်ရိက္ခာစုဆောင်းခြင်းများကိုသာ အင်တိုက်အားတိုက်ပြုလုပ်နေကြသည်။ အကယ်၍ သူတို့တွေသာ အမြော်အမြင်ရှိပါက အဆိုပါကုန်ကျစရိတ်များဖြင့် ရင်းနှီးမြှုပ်နှံမှုတစ်ခုခုကိုသာ ပြုလုပ်ခဲ့လျှင် ယခုအချိန်တွင် သူတို့သည် စီးပွားရေးတောင့်တင်းခိုင်မာသူများ ဖြစ်နေနိုင်ပါသည်။

လောစ်အိန်ဂျလိစ်မြို့တွင် လွန်ခဲ့သောနှစ်များက အဓိကရုဏ်းများဖြစ်ပွားသောအခါ တိုင်းပြည်တစ်ခုလုံးတွင် သေနတ်တွေအရောင်းတက်ခဲ့လေသည်။ ဟမ်ဘာဂါထဲတွင်ပါသည့် အသားကြောင့်ဝါရှင်တန်တွင် လူတစ်ဦးသေဆုံးသွားသောအခါ အရိုးနား

www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးဝန်ကြီးဌာနက အမဲသားကို ဂရုစိုက် ချက်ပြုတ်ဖို့ စားသောက်ဆိုင်များအားလုံးကို သတိပေးတိုက်တွန်းခဲ့လေသည်။ နိုင်ငံ၏ ရုပ်မြင်သံကြားအစီအစဉ်ကြော်ငြာတွင် လူအများ အအေးမိတုပ်ကွေးဖြစ်သူကို ဆေးကုမ္ပဏီတစ်ခုကပြသလိုက်လေ သည်။ ထိုနောက်ပိုင်း ချက်ခြင်းဆိုသလိုပင် အအေးမိ တုပ်ကွေး ရောဂါဖြစ်သူများပြားလာပြီး တုပ်ကွေးပျောက်ဆေးလည်း ရောင်းစွံ သွားလေတော့သည်။

ကမ္ဘာပေါ်တွင် ဆင်းရဲမွဲတေသော လူများက အများစု ဖြစ်နေသည်။ အကြောင်းရင်းမှာ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက် လာလျှင် ကြက်ငကြောက်လေးတွေချည်းသာ ဖြစ်နေကြသော ကြောင့်တည်း။ ကျွန်တော်တို့အားလုံးသည်လည်း အနည်းအကျဉ်း တော့ ကြက်ငကြောက် ဖြစ်နေပါလေသည်။ သံသယစိတ်များ၊ ကြောက်စိတ်များနှင့် ကောလဟာလစကားများ၏ လွှမ်းမိုးမှုကို တွန်းလှန်နိုင်ရန် အတော်ကြီးကို စွမ်းအားရှိဖို့ လိုအပ်ပါသည်။

၁၉၉၂-ခုနှစ်အတွင်းက ကျွန်တော်၏ မိတ်ဆွေတစ်ဦး ဖြစ်သူ ရစ်ချတ်သည် ဖီးနစ်မြို့တွင် နေထိုင်သော ကျွန်တော်တို့ မိသားစုထံလာတွေ့ဆုံသည်။ ကျွန်တော်တို့ဇနီးမောင်နှံအလုပ်လုပ် ကြပုံကို ကြည့်ပြီး သူအားရကျေနပ်နေသည်။ ဖီးနစ်မြို့တွင် အိမ်မြေ ဈေးတွေကျဆင်းနေသည်။ ကျွန်တော်တို့သည် ရင်းနှီးမြှုပ်နှံမှု အတွက် အကောင်းဆုံးအခြေအနေများကို နှစ်ရက်ကြာမျှ အချိန် ယူပြီး ရှင်းပြသည်။

ကျွန်တော်တို့ ဇနီးမောင်နှံသည် အိမ်မြေပွဲစား မဟုတ်ကြ



ပါ။ ရင်းနှီးမြှုပ်နှံသူသက်သက်သာ ဖြစ်ပါသည်။ အပန်းဖြေစခန်း ရှိသော ဒေသရှိ အိမ်တစ်လုံးကို စစ်ဆေးကြည့်ရှုပြီး ပွဲစားနှင့်ဆက် သွယ်လိုက်သည်။ ၎င်းအိမ်ကိုပွဲစားက ကျွန်တော်၏ မိတ်ဆွေ ရစ်ချတ်အား ရောင်းချလိုက်သည်။ အဆိုပါ အိပ်ခန်း(၂)ခန်း ပါသော အိမ်ကို ဒေါ်လာ-၄၂၀၀၀ ဖြင့်ရလိုက်သည်။ ထိုအိမ်မျိုး အခြားအလားတူအိမ်မျိုးဆိုလျှင် ပေါက်ဈေးဒေါ်လာ- ၆၅၀၀၀ခန့် ရှိသည်။ ရစ်ချတ်ကဈေးချိုချိုနှင့်အချောင်ရသွားခြင်း ဖြစ်သည်။ ရစ်ချတ်လည်း ထိုအိမ်ကိုဝယ်ပြီး တက်ကြွစွာနှင့်ပင် ဘော့စတွန်သို့ ပြန်သွားလေသည်။

ရက်သတ္တနှစ်ပတ်မျှကြာသောအခါ ရစ်ချတ်ဘက်မှ နောက်ပြန်ဆုတ်သွားသည်ဟု ကျွန်တော့်အား ပွဲစားက အကြောင်း ကြားလာသည်။ ထိုအခါ ချက်ခြင်းပင် ကျွန်တော်လည်း ဖုန်းဆက် ပြီး အကျိုးအကြောင်းလှမ်းမေးကြည့်သည်။ ရစ်ချတ်၏ အိမ်နီးချင်း တစ်ဦးက သူ့အားဈေးကြီးမိသွားပြီဟု ပြောသည်ဆို၏။ တို့အိမ်နီး ချင်းက ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းသမားလားဟု မေးကြည့်သော အခါတွင်လည်း မဟုတ်ကြောင်း ရစ်ချတ်က ပြန်ဖြေသည်။ "ဒါဆိုရင် ဘာဖြစ်လို့ သူ့စကားနားထောင်ရတာလဲ"ဟု ကျွန်တော် မေးသောအခါ ရစ်ချတ်က အခြေအနေစောင့်ကြည့်ချင်သေး ကြောင်း မရေမရာ ပြန်ဖြေလေသည်။

၁၉၉၄-ခုနှစ်လောက်တွင် ဖီးနစ်မြို့၏ အိမ်မြေဈေးကွက် ပြန်ပြီးခေါင်းထောင်လာသောအခါ ရစ်ချတ်လက်လွှတ်လိုက်သော ထိုတိုက်အိမ်လေးသည် ငှားရမ်းခတစ်လလျှင် ဒေါ်လာ-၁၀၀၀ရရှိ

www.burmeseclassic.com

www.burmeseclassic.com



နေလေသည်။ ဈေးအမြင့်ဆုံးဖြစ်သော ဆောင်းတွင်းကာလတွင် ဒေါ်လာ-၂၅၀၀ထိရရှိသည်။ ၁၉၉၅ခုနှစ်တွင်မူ ထိုအိမ်လေးသည် ဒေါ်လာ-၉၅၀၀၀ တန်ကြေးရှိနေပြီဖြစ်သည်။ ရစ်ချတ်အနေနှင့် လက်ငင်းဒေါ်လာ ၅၀၀၀သာ ငွေချေရမည်ဖြစ်ရာသူ့အတွက် စီးပွားရေးအရ အခြေခိုင်နိုင်သောလမ်းစပင် ဖြစ်သည်။ ယခုထိလည်း ရစ်ချတ်တစ်ယောက် ဘာတစ်ခုမှ မလုပ်သေး။ ဖီးနစ်မြို့လေးမှာမူ အရောင်းအဝယ်များဖြစ်ထွန်းနေဆဲပင်။ အနည်းငယ်ပိုမိုကြိုးပမ်းအားထုတ်ဖို့သာ လိုပါသည်။

ရစ်ချတ်၏အဖြစ်အပျက်မျိုးကို အံ့သြစရာမရှိပါ။ ကျွန်တော်တို့အားလုံးလည်း တစ်ခါတစ်ရံ ထိုသို့ဖြစ်တတ်ပါသည်။ ၄င်းကိုဝယ်သူ့နောင်တဟု ခေါ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ သံသယစိတ်များကြောင့်ဖြစ်ပြီး ကြွက်ငကြောက်ကလေးက အနိုင်ယူသွားခြင်းပင် ဖြစ်သည်။ ထိုအတွက် စီးပွားရေးအရ အခြေခိုင်နိုင်သော အခွင့်အလမ်းဆုံးရှုံးသွားရလေသည်။ လူအများ ဆင်းရဲအောင် သံသယစိတ်နှင့် အဆိုးမြင်မှုများ လွှမ်းမိုးနေတတ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ အမှန်အားဖြင့် လောကကြီးက သင့်အား အခွင့်အလမ်းကောင်းများပေးဖို့စောင့်ကြိုနေသည်။သို့သော် သံသယစိတ်များက သူ့အားဆင်းရဲတွင်းထဲ ဆွဲခေါ်ထားခြင်း ဖြစ်သည်။ ၄င်းမှ လွတ်မြောက်နိုင်ဖို့အတွက် ပညာတွေအများကြီး တတ်စရာ မလိုပါ။ လွယ်ကူသောနည်းစနစ်များ ရှိပါသည်။ သို့သော် အဆိုပါ သံသယစိတ်များက လူအများစုအတွက် အဖျက်အဆီးပင် ဖြစ်နေပါသည်။

"အဆိုးမြင်သမားတွေက ဝေဖန်တယ်၊ အောင်မြင်သူတွေက စိစစ်သုံးသပ်တယ်၊ ဘယ်တော့မှ အဆိုးမြင်သမားတွေ အနိုင်မရဘူး" ဟူသော စကားများသည် ချမ်းသာသောအဖေ၏ စကားများဖြစ်သည်။ ဝေဖန်ရေးကအမြင်ကွယ်စေပြီး စိစစ်သုံးသပ်ကာ မျက်စိဖွင့်ပေးကြောင်းသူက ပြောပြသည်။ ဝေဖန်ရေးအများအမြင်ကွယ်နေကြောင်းကို အောင်မြင်သူများက သိရှိသည်။ အောင်မြင်သူများသည် စိစစ်သုံးသပ်ခြင်းဖြင့် အခွင့်အလမ်းများကို တွေ့ရှိကြသည်။ သာမန်လူများဒတွေ့မြင်ခြင်းမရှိသော အရာကို ရှာဖွေဖော်ထုတ်ဂတ်ခြင်းသည် အောင်မြင်မှုအတွက် အရေးကြီးသော အဓိကအချက်ပင်ဖြစ်သည်။



၁၉၉၆-ခုနှစ်ထဲတွင် ကျွန်တော်သည် မိတ်ဆွေတစ်ဦးနှင့်အတူ အနီးနားရှိ ဓာတ်ဆီဆိုင်တစ်ဆိုင်ရှေ့မှ ကားဖြတ်မောင်းသွားမိကြသည်။ ကျွန်တော့်မိတ်ဆွေက ဆီဆိုင်ကို မော့ကြည့်လိုက်ပြီး ဓာတ်ဆီဈေးတက်သွားသည်ကို သတိထားလိုက်မိသည်။ သူကားအလိုလို စိုးရိမ်နေတတ်သူဖြစ်သည်။ သူ့စိတ်ထဲတွင် အမြဲတမ်းမိုးပြိုနေလေ့ရှိသည်။ ထို့အတွက်လည်း မိုးကသူ့အပေါ်သာပြိုလေ့ရှိသည်။

များမကြာခင်ဓာတ်ဆီဈေးတွေ တက်ဦးမည့်အကြောင်း အထောက်အထား စာရင်းဇယားများနှင့်တကွ သူကရှင်းပြလေသည်။ ကျွန်တော်သည် သူပြောပြသည့် သတင်းများစာရင်းဇယားများကို လက်ကိုင်ပြုပြီး နာမည်သိုပ်မရှိသော ရေနံကုမ္ပဏီမှ အစုရှယ်ယာ ၁၅,၀၀၀ ကိုတစ်ခုလျှင် ၆၅ ဆင့်ဖြင့် ဝယ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၇-ခုနှစ်တွင် ထိုမိတ်ဆွေနှင့်ပင် ဓာတ်ဆီဆိုင်ရှေ့မှ ဖြတ်သွားမိကြပြန်သည်။ ဓာတ်ဆီဈေးတက်နေသည်ကတော့ သေချာနေပါသည်။ ဈေးနှုန်း၁၅ရာခိုင်နှုန်းခန့် တက်သွားသည်ကို တွေ့ရသည်။ ထိုမိတ်ဆွေက စိုးရိမ်သောကတွေပွားကာ ညည်းညူနေပြန်တော့သည်။ ကျွန်တော်လည်း ပီတိဖြင့် ပြုံးနေမိ၏။ အကြောင်းမှာ ကျွန်တော်ရှယ်ယာဝင်ထားသော ရေနံကုမ္ပဏီက ၁၉၉၇-ခုနှစ်ထဲတွင် ရေနံတွေ့ရှိသွားသောကြောင့် ဖြစ်သည်။ ကျွန်တော် ၆၂ဆင့်ဖြင့် ဝယ်ထားခဲ့သည့် အစုရှယ်ယာတစ်စုသည် ယခုသုံးဒေါ်လာကျော်ဖြစ်နေလေပြီ။ ကျွန်တော်မိတ်ဆွေ၏ ယူဆသုံးသပ်ချက်သာမှန်မည်ဆိုလျှင် ဓာတ်ဆီဈေးက ရှေ့ဆက်တတ်နေပါလိမ့်ဦးမည်။

သူတို့၏ စိုးရိမ်ကြောက်ရွံ့မှုက အသိအမြင်ကို ကန့်သတ်ထိန်းချုပ်ထားလိုက်သောကြောင့် အခွင့်အလမ်းများကို ရှောင်ဖယ်တွန့်ဆုတ်နေကြတော့သည်။ ချမ်းသာသောအဖေကမူ "ဗိုလ်မှူးကြီးစန်းဒါးလုပ်တဲ့အတိုင်းသာ လုပ်ကွာ"ဟု ပြောသည်။ ဗိုလ်မှူးကြီးစန်းဒါးသည် အသက်-၆၆နှစ်အရွယ်တွင် စီးပွားရေးကျဆင်းပြီး လူမှုဖူလုံရေးထောက်ပံ့ငွေဖြင့် ရပ်တည်ရသည်။ သို့သော်လည်း သည်အတိုင်း သူရပ်တည်မနေဘဲ တိုင်းပြည်အနှံ့လှည့်လည်ပြီး သူ၏ကြက်ကြော်နည်းကို ရောင်းချရန် ကြိုးစားလေသည်။ သူ၏နည်းကို ငြင်းပယ်မှုပေါင်း ၁၀၀၉ကြိမ်မျှ ရင်ဆိုင်တွေ့ကြုံခဲ့ရသည်။ ထို့ကြောင့်လည်း အများသူငါ အလုပ်မလုပ်တော့သည့် အရွယ်ရောက်မှ သန်းကြွယ်သူဌေးဖြစ်လာလေသည်။ ဗိုလ်မှူးကြီး ဟာလန်



စန်းဒါးစ်သည် အလွန်ပင်ဇွဲသတ္တိရှိပြီး ရဲရင့်သောသူဟု ချမ်းသာသောအဖေက မှတ်ချက်ချခဲ့သည်။

ထို့အတွက်ကြောင့် သင်သည် အနည်းငယ်ကြောက်ရွံ့ပြီး သံသယစိတ်များဖြစ်ပေါ်နေပြီဆိုလျှင် ဗိုလ်မှူးကြီးစန်းဒါးကိုသာ သတိရလိုက်ပါ။

## ၃။ ပျင်းရိခြင်း

လောကတွင် အပျင်းဆုံးလူတို့မှာ အလုပ်များသောသူများဖြစ်လေ့ရှိပါသည်။ ကျွန်တော်တို့သည် ငွေရဖို့အတွက် အလုပ်ကြိုးစားလုပ်ကြသူများအကြောင်းကို ကြားသိထားကြပါသည်။ ထိုသူသည် သူ၏မိသားစုကို ကောင်းမွန်စွာ ကျွေးမွေးစောင့်ရှောက်နိုင်ဖို့အတွက် အလုပ်ကြိုးစား လုပ်ကိုင်သည်။ ညဉ့်နက်မိုးချုပ်အထိ သူရုံးတွင် အလုပ်လုပ်သည်။ ထို့ပြင် အလုပ်များကို အိမ်သို့ယူလာပြီး လုပ်သည်။ သို့သော်တစ်နေ့တွင်မူ မိန်းမနှင့်ကလေးများက သူ့အားစွန့်ခွာသွားပြီဖြစ်သည်။ သူ၏မိသားစုအတွင်း မပြေလည်မှုပြဿနာလေးများ အနည်းငယ်ရှိနေကြောင်း သူသိနေသော်လည်း မိသားစုပြဿနာကို ပြေလည်အောင် အားထုတ်ရမည့်အစား သူ၏ရုံးခန်းမှာပင် အလုပ်များဖြင့် ဝန်ပိနေလေသည်။ ထိုထက်ပို၍ အံ့သြစရာကောင်းသည်က သူ၏လုပ်ဆောင်ချက်များတွင်အတိမ်းအစောင်း အမှားအယွင်း ဖြစ်ပေါ်ပြီး သူအလုပ်ထွက်လိုက်ရခြင်းပင်ဖြစ်သည်။

ယခုအခါတွင်လည်း လူအတော်များများသည် ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုဂရုမစိုက်နိုင်လောက်အောင် အလုပ်များနေကြသည်ကို မကြာခဏ တွေ့နေရ၏။ မိမိ ကျန်းမာရေးကို ထိခိုက်လောက်အောင် အလုပ်ဝန်ပိနေသူတွေလည်း ရှိသည်။ အဓိက အကြောင်းရင်းမှာ အလုပ်များနေကြခြင်းပင် ဖြစ်သည်။ သူတို့စိတ်ထဲတွင် သူတို့ကိုယ် သူတို့ သိနေကြပါသည်။ တစုံတစ်ရာကို ရင်မဆိုင်လိုသောကြောင့် အလုပ်များပြားနေခြင်းဖြစ်သည်။ အကယ်၍ ထိုအချက်ကို ထောက်ပြပြောဆိုပါက သူတို့က ဒေါသတကြီးဖြင့် သင့်အား ပြန်လည်တုံ့ပြန်လိမ့်မယ်။ သို့သော်သူတို့စိတ်ထဲတွင်တော့ တစ်စုံတစ်ခုကို ရှောင်ဖယ်နေခြင်းဖြစ်ကြောင်း သိနေကြသည်။ အလုပ်များပြပြီး ပျင်းရိနေခြင်းပင်ဖြစ်သည်။

ထိုသို့ဆိုလျှင် ပျင်းရိမှုကို ပျောက်စေသည့်နည်းကား အဘယ်နည်း။ ၎င်းမှာ အနည်းငယ်ပိုပြီး လောဘကြီးဖို့ပင် ဖြစ်သည်။ ကျွန်တော်တို့အများစုမှာ ငယ်စဉ်တည်းကပင် လောဘ (လိုအင်ဆန္ဒ)သည် မကောင်းသောအရာဟူသော သွန်သင်မှုဖြင့် ကြီးပြင်းလာခဲ့ကြသည်။ သို့သော် ကျွန်တော်တို့အားလုံး၏ ရင်ထဲတွင်မူ အသစ်အဆန်းလေးများ၊ ကောင်းတာလေးများကို လိုချင်စိတ်ရှိကြသည်သာပင်။ သို့ဖြစ်သော်ငြားလည်း လူကြီးမိဘများက ထိုလိုအင်ဆန္ဒကို အပြစ်ဟူ၍ ညွှန်ပြပြီး ထိန်းသိမ်းချုပ်ချယ်ခဲ့ကြသည်။

ထို့ကြောင့်လည်း ယခုအခါ လူသန်းပေါင်းများစွာတို့သည် လောဘဟူသောအကြောင်းအရာနှင့် ပတ်သက်ပြီး စိတ်မသိုးမသန့် ဖြစ်နေကြရသည်။ ၎င်းမှာ ကလေးဘဝအရွယ်ကတည်းက သူတို့အား



ပုံသွင်းပေးခဲ့သော စနစ်ဟောင်းကြီးကြောင့်ပင် ဖြစ်သည်။ ငွေကြေးလုံးချာလည်နေသောဘဝမှ လွတ်မြောက်နိုင်ဖို့အတွက် ဆုံးဖြတ်ချက်ချခဲ့စဉ်က ကျွန်တော်ကိုယ်ကျွန်တော် ပြန်မေးခဲ့သော မေးခွန်းမှာ "ငါ ဘယ်တော့မှ အလုပ်မလုပ်ဘဲနေရအောင် ငါဘာလုပ်မလဲ" ဟူ၍ဖြစ်သည်။ အခက်ခဲဆုံးသောအရာများ မိဘများက တရားသေစွဲကိုင်ထားသော အရာများဖြစ်သည့် "ကိုယ့် အတွက်ချည်းဘဲ စဉ်းစားမနေနဲ့" "သူများတွေအတွက် ဘာလို့ မစဉ်းစားတာလဲ" ဆိုသည်တို့ကို အနိုင်ရဖို့ ရင်ဆိုင်ရခြင်းပင်ဖြစ်သည်။ ထိုအတွက် ပျင်းရိခြင်းကို ဖယ်ရှားပစ်ဖို့အတွက် အနည်းငယ် လောဘပိုကြီးဖို့သာ လိုအပ်ပါသည်။ အနည်းငယ်မျှလောဘ မရှိလျှင် ပိုမိုတိုးတက်လိုသောစိတ် ရှိမည်မဟုတ်ပါ။ ကျွန်တော်တို့တစ်တွေ တီထွင်ဖန်တီးမှုအသစ်များကို လုပ်ကြသည်မှာ ပိုမို တိုးတက်ကောင်းမွန်သော အရာကို လိုချင်ကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် အနည်းငယ်ခန့်လောဘကြီးလိုက်ပါ။ ၎င်းသည် ပျင်းရိမှုကို ဖယ်ရှားနိုင်သော အစွမ်းထက်သည့် ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ လောဘသိပ်ကြီးလွန်းခြင်းသည် လည်း မကောင်းပါ။ အယ်လီနာရုစဗဲ့က လောဘနှင့်ပတ်သက် သော စကားတစ်ခွန်းကို ပြောသွားခဲ့သည်။ "သင်တို့ရဲ့ နှလုံးသားထဲ က မှန်တယ်ထင်တာကို လုပ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ဘာပဲ လုပ်လုပ် ဝေဖန်ခံရမှာမို့လို့ပဲ၊ တစ်ခုခုကို လုပ်ရင်လည်း အပြစ်တင် ခံရမှာပဲ။ အဲဒီတစ်ခုခုကို မလုပ်ပြန်ရင်လဲ အပြစ်တင်ခံရမှာပါဘဲ" ဟုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၄။ အကျင့်ဆိုးများ

ကျွန်တော်တို့၏ဘဝများသည် ကျွန်တော်တို့လေ့လာတတ်မြောက်ထားသော ပညာ၏ ထင်ဟပ်ချက်များဖြစ်သည်ထက် ကျွန်တော်တို့အကျင့်စရိုက်များ၏ ထင်ဟပ်ချက်များ ဖြစ်နေသည်။ ကျွန်တော်တို့ "ခိုနန်"ဆိုသော ရုပ်ရှင်ကားကိုကြည့်ပြီးသောအခါ မိတ်ဆွေက ပြောသည်မှာ "အာနိုးရှွာဇင်နက်ဂါလို ကိုယ်လုံးမျိုး ငါမှာရှိချင်လိုက်တာကွာ" "ဟိုတုန်းကတော့ ဒီကောင် သေးညှက်ညှက်လေးလို့ ကြားဖူးတယ်ကွ" ဟု အခြားမိတ်ဆွေတစ်ဦးက ဝင်ပြောလိုက်သည်။ "ဟုတ်တယ်။ သူက အားကစားလေ့ကျင့်ရုံကိုလည်း နေ့တိုင်းသွားတယ်တဲ့။ အလေ့အကျင့်ရှိတယ်လို့ ကြားတယ်" "သူ ဒီလိုပဲလုပ်တယ်ဆိုတာ ငါသိပါတယ်" "ငါသိတာတော့မွေးကတည်းက ဒီလူလိုဘဲဖြစ်လာတာပါ" "မင်းတို့ကကွာ အာနိုးအကြောင်းပြောတာရပ်ပြီး ကိုယ့်ဘီယာကိုယ် သောက်ကြစမ်းပါ။

ဤသည်မှာ လူတို့၏ အပြုအမူကို အကျင့်စရိုက်က ထိန်းချုပ်နေကြောင်း ဖော်ပြသည့် ဥပမာဖြစ်သည်။ ချမ်းသာသော အဖေက ကျွန်တော့်အား မေးဖူးသည်။

"ငွေတောင်းခံလွှာတွေကို မင်းအဖေက ဘယ်အချိန်မှာ ပေးတတ်သလဲ"

"လဆန်းတစ်ရက်နေ့မှာ ပေးတာပဲ"

"အဲဒီငွေတွေ ကျန်သေးရဲ့လား"

" နည်းနည်းပဲ ကျန်တယ်"

" သူလုံးချာလည် နေရတဲ့ အဓိက အကြောင်းရင်းက



အဲဒီဓလေ့ စရိုက်ကြောင့်ပဲပေါ့ကွာ"

"မင်းအဖေက တခြားလူတိုင်းကို အရင်ပေးပြီး နောက်ဆုံးမှ သူ့ကိုယ်သူပေးတယ်။ ဒါလည်း ငွေလက်ကျန်ရှိမှ ဖြစ်တာ"

"ဒါဆိုရင်အခြားအကြွေးတွေကို မဆပ်ရဘူးလို့ ဦးက ပြောချင်တာလား။

"မဟုတ်ဘူးလေကွာ၊ အကြွေးတွေကို ဆပ်ရမယ်ဆိုတာတော့ ငါယုံကြည်ပါတယ်။ ဒါပေမဲ့ ငါကိုယ်ငါအရင်းပေးပြီးမှပဲ ကျန်တာကို စဉ်းစားတယ်။

"ဒါပေမယ့် ဦးဆီမှာ ငွေအလုံအလောက်မရှိရင်ကော ဦးဘယ် လိုလုပ်မလဲ။

"ဒါက ငါပြောတဲ့အတိုင်းပဲ။ ငါ့ကိုယ်ငါပဲ အရင်ပေးမယ်။ ငါ့လက်ထဲမှာ ငွေနည်းနေရင်တောင် ငါ့ကိုငါ့ပဲ အရင်ပေးတယ်။

"ဒါဆိုရင် ဦး ဘယ်လိုလုပ်မလဲ"

"မင်းမေးရမှာ ဘယ်လိုလဲ မဟုတ်ဘူး၊ ဘာ့ကြောင့်လဲလို့ မေးရမှာ၊ တွန်းအားတစ်ခုကြောင့်ပေါ့၊ ငါသူ့တို့ကို မပေးရင် ဘယ်သူ့ကို အပြစ်ပြောမယ်ထင်သလဲ။ "

"ဦးရဲ့အကြွေးရှင်တွေကသာ ပိုအော်ကြမှာ သေချာတာပေါ့"

"ငါ့ကိုငါပေးပြီးတဲ့အခါ အကြွေးရှင်တွေပေးဖို့ အရမ်းတာဝန်ကြီးလာပြီ၊ အဲဒီတာဝန်ကနည်းလမ်းတစ်ခုနဲ့ ငွေရှာဖို့ တွန်းအားဖြစ်လာတာပေါ့။ ဒါကြောင့်ငါ တခြားအလုပ်တွေထပ်လုပ်လာတယ်။ ကုမ္ပဏီတွေထပ်ဖွင့်တယ်။ စတော့ဈေးကွက်မှာ အရောင်းအဝယ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်တယ်။ ငါ့ဆီကို ကြွေးရှင်တွေလာပြီး ဖိအားမပေးအောင် ငွေရှာရတယ်လေ။ အဲဒီဖိအားက ငါ့ကို အလုပ်တွေပိုပြီးလုပ်စေတယ်။ အကြံဉာဏ်တွေပိုပြီး အသုံးချစေတယ်။ ဒီတော့ နောက်ဆုံးငါဟာ ငွေနဲ့ပတ်သက်လာရင် ပိုပြီးလျှင်မြန်ပါးနပ်လာတယ်။ ပိုတော်လာတယ်။ တက်ကြွဖျတ်လတ်လာတယ်၊ "ဒါဆိုရင် ဦးအနေနဲ့ အကြွေးဆပ်ရမယ်ဆိုပြီး ကြောက်တဲ့စိတ်က ဦးကို တွန်းအားတွေ ပေးတာပေါ့။

"ဒါပေါ့ကွ၊ မင်းကတော့ဘယ်သိမလဲ၊ ပုံမှန်အားဖြင့်တော့ ကြွေးတောင်းတဲ့သူတွေအားလုံးဟာ အနိုင်ကျင့်တတ်တဲ့သူတွေချည်းပါဘဲ"လူတွေဟာအများအားဖြင့် အနိုင်ကျင့်တတ်တဲ့လူတွေကို ကြောက်ကြတယ်လေ။ ဒါသဘာဝပဲ၊ ဒါကြောင့် သူတို့ကိုယ်သူတို့ မပေးပဲ၊ အဲဒီလူတွေကိုပဲပေးကြတယ်။ ငါကတော့ အဲဒီလို ကြောက်တဲ့စိတ်ကို အသုံးချမယ်လို့ဆုံးဖြတ်လိုက်တယ်။ အခြားလူတွေ ပိုပြီးချည့်နဲ့သွားပေမယ့် ငါကတော့ ပိုပြီးကြံ့ခိုင်တောင့်တင်း လာ တယ်။ ငွေကြေးပိုလျှံအောင် ဘယ်လိုလုပ်ရမလဲလို့ တွေးဆရတာဟာ အားကစားရုံကို နေ့စဉ်သွားပြီးလေ့ကျင့်ရသလိုပါပဲ။ ခုဆို အဲဒီ အနိုင်ကျင့်တဲ့ ကြွေးတောင်းသမားတွေကို ငါမကြောက်တော့ဘူး။

ကျွန်တော်လည်း ချမ်းသာသောအဖေ၏ စကားကို အလွန်သဘောကျသွားသည်"ဒါဆိုအရေးကြီးတာက ကိုယ့်ကိုကိုယ် အရင်ပေးရမယ်၊ ဒါမှ ကျွန်တော်ငွေကြေးအရ ပိုပြီးတောင့်တင်းလာမယ်လို့ဆိုလိုတာပေါ့"၊ "ချမ်းသာသောအဖေက ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြလေသည်။



## ၅။ မောက်မာဝင့်ကြွားခြင်း

မောက်မာဝင့်ကြွားခြင်းသည် အသိဉာဏ်မဲ့ခြင်းနှင့် အတ္တစိတ်တို့ပေါင်းစပ်ထားခြင်းဖြစ်သည်။ "ငါမောက်မာကြွားဝါပြီဆိုရင် ငွေကုန်တာပဲ၊ ငါသိထားတာတွေကသာ ငါ့ကို ငွေရှာပေးတာ၊ ဘာ့ကြောင့်လဲဆိုတော့ ငါမာနဝင်နေပြီဆိုရင် မသိတဲ့အရာတွေကို အရေးမကြီးတဲ့ ကိစ္စတွေလို့ပဲ စိတ်ထဲမှာ တကယ်ယုံကြည်လာတဲ့အတွက်ပဲ" ဟု ချမ်းသာသောအဖေက မကြာခဏ ပြောပြသည်။

လူအတော်များများသည် မောက်မာဝင့်ကြွားမှုကို အသုံးချ၍ သူတို့၏ အသိဉာဏ်နဲ့ပါးမှုကို ဖုံးကွယ်ဖို့ကြိုးစားကြကြောင်း ကျွန်တော်သိရသည်။ အခြားသောရင်းနှီးမြှုပ်နှံသူများနှင့်သော်လည်းကောင်း၊ စာရင်းကိုင်များနှင့်သော်လည်းကောင်း၊ ဆွေးနွေးကြသည့်အခါ ထိုဖြစ်ရပ်မျိုးကို တွေ့ရတတ်သည်။ သူတို့သည် လိုသည်ထက် ဟိတ်ဟန်ထုတ်ကြသည်။ သူတို့လုပ်ရပ်ကို သူတို့ကိုယ်တိုင် နားမလည်ကြပေ။ လိမ်ညာနေခြင်းမဟုတ်သော်လည်း အမှန်အတိုင်းလည်း မပြောဆိုကြပေ။

အများသည် ငွေကြေးလောကတွင် ကြီးကျယ်သောစကားလုံးများကိုသုံးပြီး ကားအရောင်းအဝယ်သမားကဲ့သို့ လုပ်ကိုင်ကြသည်။ သင်ကိုယ်တိုင် အကြောင်းအရာတစ်ခုကို တတ်သိနားလည်မှုမရှိဟု ယူဆလျှင် ထိုအကြောင်းအရာကို ကျွမ်းကျင်သည့်အတတ်ပညာရှင်ထံတွင် လေ့လာဆည်းပူးပါ။ ၎င်းနှင့်သက်ဆိုင်သော စာအုပ်စာတမ်းများရှာဖွေဖတ်ရှုလေ့လာပါ။

------------------------

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)
## ကြိုးပမ်းအားထုတ်မှုကို စတင်ခြင်း

ကျွန်တော်အနေဖြင့် ပစ္စည်းဥစ္စာရှာဖွေစုဆောင်းသည့် အမှန် အလုပ်ကို လွယ်ကူလှပါသည်ဟု ပြောဆိုလိုသော်လည်း အမှန် စင်စစ်တော့ လွယ်ကူခြင်းမရှိပါ။ ထို့ကြောင့် "မည်သို့စတင် အား ထုတ်ရမလဲ" ဆိုသောမေးခွန်းကို ဖြေကြားရန်အတွက် ကျွန်တော် နေ့စဉ်လေ့ကျင့်ခဲ့သောအတွေးအခေါ်များကို ပြောပြခဲ့ပါသည်။ ကြီးမားသောအခွင့်အလမ်းကောင်းကြီးများကို တွေ့ကြုံဖို့ အမှန်ပင် လွယ်ကူပါသည်။ ထိုသို့လုပ်ကိုင်ရသည်မှာမဆိုစ လောက် ဟု ယိမ်းသည်ယိမ်းအဆင့်ကိုကျော်လွန်ဖို့အတွက် တစ်ဦးချင်းစီနှင့်သာ သက်ဆိုင်ပါသည်။

ကျွန်တော်တို့အနေဖြင့် တစ်သက်မှာတစ်ခါသာ ကြုံကြိုက် နိုင်သော ဒေါ်လာငွေ သန်းနှင့်ချီ၍ မြတ်စွန်းနိုင်သည့် ကြီးမားလှ သော အခွင့်အလမ်းကောင်းမျိုး တွေ့ရှိဖို့ ကျွန်တော်တို့၏ ပင်ကိုယ် ပါရမီကို နှိုးဆွပေးဖို့လိုပါသည်။ ကျွန်တော်တို့ တစ်ဦးချင်းစီတွင် ငွေကြေးနှင့်သက်ဆိုင်သော ပါရမီများကိုယ်စီ ရှိကြမည်ဟု ယုံကြည် ပါသည်။ သို့သော်လည်း သူ့ကို အသုံးမကျသည့်အတွက် ထိုပါရမီ ကအအေးဆေးစွာပင် လဲလျောင်းအိပ်စက်နေခြင်းဖြစ်သည်။ သူ့အား လှုပ်နှိုးပြီး အသုံးချမည့်အချိန်ကို စောင့်နေသည်။ အဓိကပြဿနာ မှာ ငွေကိုချစ်ခြင်းသည် မကောင်းမှုအားလုံး၏ မူလအစဖြစ်သည် ကျွန်တော်တို့အားလုံးအား သွန်သင်ပေးခဲ့ခြင်းကြောင့်ဖြစ်သည်



ကျွန်တော်တို့သင်ကြားခဲ့ရသည်မှာ ဝင်ငွေရဖို့အလုပ်လုပ်ရန် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ပညာသင်ကြားဖို့ပင်ဖြစ်သည်။ ထိုသို့ပိုင်ဆိုင်လျှင် ဘဝအနာဂတ်အတွက် ပူပင်စရာမလိုဘဲ အစိုးရ ကသော်လည်းကောင်း၊ အလုပ်လုပ်သည့်ကုမ္ပဏီကသော်လည်း ကောင်း၊ ပံ့ပိုးစောင့်ရှောက်လိမ့်မည်ဟု သင်ယူခဲ့ရသည်။

ဆိုလိုသည့်အဓိပ္ပါယ်မှာ အလုပ်ကိုကြိုးစားလုပ်၍ ဝင်ငွေ ရှာသုံးစွဲပြီး၍ ငွေကြေးချို့တဲ့လျှင် ချေးငှား၍ရနိုင်သည်ဟု ဆို၏။ ထို့အတွက် ဧင်း၏ ဆိုးကျိုးများကို ခံစားရမည့်သူများမှာ ပညာရေး စနစ်ဟောင်းလက်အောက်တွင် အရွယ်ရောက်လာကြမည့်ကျွန်တော် တို့၏ သားသမီးများဖြစ်ကြသည်။

ကမ္ဘာ့အနောက်ခြမ်းမှ လူဦးရေ၏ ၉၀%သည် အထက်ပါ အယူအဆကို လက်ခံထားကြသည်။ အဘယ့်ကြောင့်ဆိုသော် အလုပ်လုပ်ပြီး လစာဝင်ငွေရရှိဖို့က ပိုလွယ်ကူသောကြောင့် ဖြစ်သည်။ အကယ်၍သင့်အနေဖြင့် ကြီးပွားတိုးတက်လိုသော စိတ်ဆန္ဒရှိလျှင် ကျွန်တော်ကိုယ်တိုင် လိုက်နာကျင့်သုံးခဲ့သော ငွေကြေးပါရမီကို ဖော်ထုတ်နိုင်သည့် အဆင့်(၁၀)ဆင့်ကို တင်ပြပါ မည်။ ထိုအဆင့်ဆင့်ကို လိုက်နာနိုင်သလို သင့်ကိုယ်ပိုင်နည်းစနစ် များလည်း တီထွင်ဖန်တီးနိုင်ပါသည်။ ထိုသို့ တီထွင်ဖန်တီးနိုင်သည့် အရည်အချင်းမျိုးလည်း သင့်ထံတွင် ရှိပါသည်။

ကျွန်တော်သည် ပီရူးတွင်ရှိစဉ်က ရွှေတူးသမားတစ် ယောက်အား မေးခဲ့ဖူးသည်။ "ရွှေတွင်းတစ်တွင်းတွေ့မယ်လို့ ဘာကြောင့်စိတ်ချ ယုံကြည်နေတာလဲ" ဟုပင်ဖြစ်သည်။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



သူက "ရွှေက နေရာတိုင်းမှာရှိတယ်၊ ဒါကို လူအများစုက ကြည့်တတ်မြင်တတ်အောင် လေ့ကျင့်မထားကြလို့ပါပဲ" ဟုဖြေခဲ့သည်။ သူ၏ အဖြေက အလွန်မှန်သော စကားပင်ဖြစ်သည်။ ကျွန်တော် အိမ်အပြင်ထွက်သွားလိုက်လျှင် အခြေအနေကောင်းသော အလုပ်ငါးခုလောက် အလုပ်ဖြစ်လာနိုင်သည်။ သာမန်သူလို ကိုယ်လိုလူတစ်ယောက်အတွက် တစ်နေကုန် လှည့်လည်နေလည်း အလုပ်တစ်ခုမှ ရလာမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ငွေကြေးပါရမီ ဖွံ့ဖြိုးတိုးတက်အောင် အားမထုတ်ခဲ့ ကြသောကြောင့်ဖြစ်သည်။

သင်တို့၏ စွမ်းအားများဖွံ့ဖြိုးတိုးတက်စေမည့် အစီအစဉ် (၁၀)ချက်ကို ဖော်ပြလိုက်ပါသည်။

## ၁။ လက်တွေ့တရားထက် ပို၍စွမ်းအားရှိသော အရာတစ်ခုရှိဖို့ လိုအပ်သည်

ထိုအရာမှာ စိတ်၏စွမ်းအားပင် ဖြစ်သည်။ လူတိုင်းပင် မည်သူမဆို ငွေကြေးအရ အမှီခိုကင်းပြီး ချမ်းသာကြွယ်ဝလိုကြသူများသာဖြစ်သည်။ သို့သော်သူတို့ ကျော်လွှားလျှောက်လှမ်းရမည့်လမ်းက ရှည်လျားလှသောကြောင့် အရှိတရားက ဝင်ရောက်လာသည်။ ထိုအခါ အလုပ်တစ်ခုဝင်လုပ်၍ ဝင်ငွေရသည့်အခါ ပိုလျှံငွေလေးကို ပွဲစားလက်သို့အပ်ပြီး လွယ်ကူစွာလျှောက်လှမ်းလိုက်သည်။

ကျွန်တော်သည် အိုလံပစ်ရေကူးပြိုင်ပွဲတွင် ဝင်ရောက်



ယှဉ်ပြိုင်မည့် အမေရိကန်အိုလံပစ်ရေကူးအဖွဲ့မှ ကလေးမငယ်တစ်ဦးနှင့်တွေ့ဆုံဖူးသည်။ သူက အိုလံပစ်ရေကူးပြိုင်ပွဲတွင် ဝင်နွှဲမည်ဟု စိတ်ကူးယဉ်ထားသူဖြစ်သည်။ ထို့ကြောင့် လက်တွေ့တွင် နေ့စဉ် မနက်တိုင်း လေးနာရီမှာ အိပ်ယာထသည်။ စာသင်ခန်းတွင်လည်း အဆင့်ကောင်းကောင်းရအောင်စာကြိုးစားသည်။ အများတကာနှင့်အပျော်အပါးဟေးလားဝါးလားပင်မလုပ်။ ထိုကဲ့သို့ ရည်မှန်းချက်ထားပြီး လုပ်ကိုင်ဖို့ မည်သည့်အရာက တွန်းအားပေးနေပါသလဲဟု ကျွန်တော်မေးကြည့်မိသည်။ ထိုအခါသူ ပြောပြသည်မှာ "ဒီလိုအခက်အခဲအဟန့်အတားတွေကို ကျော်လွှားနိုင်တော့ ကိုယ့်အတွက်နဲ့ ကိုယ်ချစ်မြတ်နိုးသူတွေ အတွက်ပါပဲ" ဟုဆိုသည်။

တနည်းအားဖြင့် ရည်မှန်းချက်တစ်ခု သို့မဟုတ် အကြောင်းအရာတစ်ခုသည် ဖြစ်ချင်သောအရာနှင့် မဖြစ်ချင်သောအရာနှစ်ခုကို ပေါင်းစပ်ထားခြင်းပင်ဖြစ်သည်။ ကျွန်တော်သည် လခစားအလုပ်ကို လုံးဝ လုပ်ချင်စိတ်မရှိပါ။ မိဘများက တရားသေချမှတ်ထားသောအလုပ်ကိုလည်း မလုပ်လိုပါ။ ကောင်းမွန်သော အလုပ်တစ်ခုဝင်လုပ်ပြီး ဆင်ခြေဖုံးတွင် အိမ်တစ်လုံးဝယ်နေနိုင်ဖို့ဆိုသည်ကိုလည်း ကျွန်တော်မနှစ်မြို့၊ အမှုထမ်းလုပ်ရသည်ကို ကျွန်တော် လုံးဝမနှစ်မြို့ပါ။ ကျွန်တော်၏အဖေသည် လုပ်ငန်းခွင်တွင် အမြဲအလုပ်များနေလေ့ရှိပြီး တစ်သက်လုံး အလုပ်ကြိုးစားအလုပ်လုပ်၍ကွယ်လွန်ချိန်တွင် မည်သည့်ချွေးနည်းစာမှချန်မထားနိုင်ပါ။ ချမ်းသာသူတို့ကမူ သူတို့ကြိုးစားလုပ်ကိုင်ပြီးနောက်တွင် သားသမီးများအတွက် လက်ဆင့်ကမ်းချန်ထား ရစ်နိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ ဖြစ်ချင်သောအရာများကိုသာ ကျွန်တော်ပြောရမည်ဆိုလျှင်ထက် ကမ္ဘာလုံးကို လွတ်လပ်စွာခရီးလှည့်လည်ချင်သည်။ ဘဝကို ကိုယ်နှစ်သက်ရာပုံစံမျိုးဖြင့် နေထိုင်လိုသည်။ အရွယ်ငယ်ငယ်မှာပင်ထိုဘဝမျိုးရချင်သည်။ လွတ်လွတ်လပ်လပ်နှင့် ကိုယ့်ဘဝအချိန်ကို ကိုယ့်ဘာသာထိန်းချုပ် ကွပ်ကဲလိုသည်။ ကျွန်တော်ခိုင်းစေနိုင်မည့် ငွေကြေးကိုလိုချင်သည်။

ထိုအတိုင်း ဖြစ်ဖို့မှာ တစ်ကယ်တော့ မလွယ်ပါ။ သို့သော်ကြီးမားသောအခက်အခဲလည်း မဟုတ်ပါ။ သို့သော်လည်း ရည်မှန်းချက်အားမကောင်းလျှင် မည်သည့်အရာဖြစ်ပါစေခက်ခဲ ကြမ်းတမ်းမည်သာဖြစ်ပါသည်။

သင့်ထံတွင်စွမ်းအားကြီးသော အကြောင်းတရား မရှိလျှင်ရှေ့ဆက်၍ သင့်အတွက် အဓိပ္ပါယ်ရှိမည်မဟုတ်ပါ။ သင့်အတွက်အလုပ်ရှုပ်သည်ဟုပင် ယူဆနေပါလိမ့်မည်။

## ၂။ နေ့စဉ် နေ့တိုင်းကျွန်တော်ရွေးချယ်မှုပြုလုပ်သည်

၎င်းသည် ရွေးချယ်ခြင်း၏ စွမ်းအားဖြစ်သည်။ လူတိုင်းလူတိုင်းလွတ်လပ်သည့် နိုင်ငံမှာသာ နေထိုင်လိုကြခြင်းမှာ အဆိုပါအကြောင်းတရားကြောင့် ဖြစ်သည်။

ကျွန်တော်တို့ထံတွင်ရှိသော တစ်ဒေါ်လာတိုင်းဖြင့်ကျွန်တော်တို့၏ အနာဂတ်ဘဝကို ဖန်တီးကြသည်။ ရွေးချယ်နိုင်သော အခွင့်အာဏာကို စွဲကိုင်ထားကြသည်။ ကျွန်တော်တို့ရွေးချယ်မည့် အရာသည် ချမ်းသာသည့်ဘဝလား၊ ဆင်းရဲသည့်ဘဝ



လား၊ လူလတ်တန်းစားဘဝလား၊ ကျွန်တော်တို့ မည်သူမည်ဝါဆိုသည်ကို ကျွန်တော်တို့၏ အလေ့အကျင့်များက ဖော်ပြနေကြသည်။ ဆင်းရဲသားများတွင် ညံ့ဖျင်းသောအလေ့အကျင့်များရှိသည်။

မိုနိုပိုလီကစားနည်းကို ကျွန်တော်ငယ်စဉ်က အမြဲကစားခဲ့သည်။ ၎င်း၏ အကျိုးကျေးဇူးများကိုလည်း ခံစားရပါသည်။ အသက်ကြီးလာသည်အထိလည်း ထိုကစားနည်းကို ကျွန်တော်ဆက်ကစားခဲ့သည်။ ကျွန်တော့်ထံတွင်ရှိသော ရပိုင်ခွင့်နှင့် ပေးရန်တာဝန်၏ ခြားနားချက်ကို ထောက်ပြပြီး ပညာပေးသည့် ချမ်းသာသောအဖေလည်း ရှိခဲ့သည်။ ထို့ကြောင့် ကလေးဘဝကတည်းက သူဌေးဖြစ်ဖို့လမ်းကြောင်းကိုသာ ကျွန်တော် ရွေးချယ်ခဲ့သည်။ ကျွန်တော်အဓိကထားပြီး လုပ်ရမည့်အလုပ်မှာ ရပိုင်ခွင့်အစစ်အမှန်များကို ရှာဖွေစုဆောင်းဖို့ဆိုသည်ကိုလည်း နားလည်ထားသည်။ ကျွန်တော့်အချစ်ဆုံးသူငယ်ချင်းမိုက်ကတော့ မိဘထံရပိုင်ခွင့်များလွှဲပြောင်းရရှိထားသည်။ ထိုရပိုင်ခွင့်များ မပျောက်ပျက်အောင်ပင် လေ့လာသင်ယူရသေးသည်။ ချမ်းသာသောမိသားစုတို့သည် များသောအားဖြင့် နောက်မျိုးဆက်ရောက်သောအခါ သူတို့၏ ဥစ္စာဓနများ ပျက်စီးဆုံးရှုံးသွားသည်ကို ကြုံကြရသည်။ အကြောင်းမှာ သူတို့၏ပစ္စည်းများ ထိန်းသိမ်းဖို့အတွက်မည်သူ့ကိုမှ သင်ကြားမပေးခဲ့သောကြောင့်ဖြစ်သည်။

အများစုသောသူတို့သည် ချမ်းသာသောဘဝကို ရွေးချယ်ခြင်းမပြုကြပေ။ စိတ်ပူပင်သောကများပြားသည်ဟု ဆိုကြသည်။ ထို့သည်အတွက် သူတို့က ပြောစရာစကားတစ်မျိုးမျိုး ထွင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြုကြသည်။ ထိုပြောကြားချက်များ၏ အားနည်းချက်မှာ အကြောင်းအရာနှစ်မျိုးကို လုယူနေခြင်းပင် ဖြစ်သည်။ ၎င်းမှာ အချိန်နှင့် တန်ဘိုးအရှိဆုံးသော ရပိုင်ခွင့်တို့ဖြစ်ပြီး နောက်တစ်မျိုး မှာသင်ယူခြင်းပင်တည်း။ ထို့ကြောင့် ငွေကြေးချို့တဲ့ခြင်းသည် လေ့လာသင်ယူမှုအတွက် အကြောင်းပြချက် မဖြစ်သင့်ပေ။ ကျွန်တော်တို့သည် ငွေနှင့်ပတ်သက်၍သော်လည်းကောင်း၊ အချိန်နှင့် ပတ်သက်၍သော်လည်းကောင်း နေ့စဉ်နှင့်အမျှ ရွေးချယ်မှုများ ပြုလုပ်နေကြသည်။ ကျွန်တော်တို့ထံ၌ ရွေးချယ်ပိုင်ခွင့် လည်းရှိသည်။ ၎င်းမှာ ရွေးချယ်မှုအခွင့်အာဏာပင်ဖြစ်သည်။ကျွန်တော် ကသူဌေးဖြစ်ဖို့ ရွေးချယ်ခဲ့ပြီး နေ့စဉ်နေ့တိုင်းလည်း ရွေးချယ်မှု ပြုလုပ်ခဲ့သည်။

သင်သည် ပထမဦးဆုံးအနေဖြင့် ပညာရေးတွင် ရင်းနှီး မြှုပ်နှံပါ။ အမှန်တကယ်တွင် သင်၏ တစ်ခုတည်းသောဥစ္စာမှာ သင့်စိတ်ပင်ဖြစ်သည်။ သင်လွှမ်းမိုးနိုင်သော အစွမ်းထက်ဆုံး အရာသည်သင့်စိတ်ပင်ဖြစ်သည်။ကျွန်တော်တို့ တန်သင့်သလောက် အသက်အရွယ်ရလာသောအခါ ကျွန်တော်တို့ ဘာတွေစဉ်းစား တွေးခေါ်သင့်သည်ကို ရွေးချယ်ပိုင်ခွင့်ရှိသည်။ အများစုသော သူတို့က ပထမဦးစွာ ရင်းနှီးမြှုပ်နှံမှုများကို ဝယ်ယူကြသည်။ လေ့လာသင်ယူမှုထဲတွင် မြှုပ်နှံမှုမပြုကြပေ။ ငွေကြေး ပြည့်စုံသော ကျွန်တော့် မိတ်ဆွေတစ်ဦး၏အိမ်ကို ဖောက်ထွင်းခိုး ယူခြင်းခံ သည့်အခါတီဗွီနှင့် အောက်စက်တို့ပါသွားသည်။ မိတ်ဆွေဖတ်သော စာအုပ်များကိုမူ ထားခဲ့သည်။ စုစုပေါင်း လူဦးရေ၏ ၉၀%သည်



တီဗွီနှင့်အောက်စက်တို့ကို ဝယ်ကြသည်။ ကျန်သည့် ၁၀% လောက်သာစီးပွားရေးနှင့်ပတ်သက်သော စာအုပ်စာတမ်းများ ဝယ်ကြသည်။

ထို့ကြောင့် ကျွန်တော်တို့တစ်တွေ ဆွေးနွေးပွဲများသို့ သွားသည်။ အနည်းဆုံး ဆွေးနွေးပွဲနှစ်ရက်ခန့်ကြာလျှင်ပင် ကျွန်တော်က ပို၍ သဘောကျသည်။ ပညာရပ်တစ်ခုထဲတွင် ကိုယ့် ကိုယ်ကိုမြှုပ်နှံထားနိုင်သောကြောင့် ဖြစ်သည်။ ၁၉၇၃-ခုနှစ်က ငွေကြေးရင်းနှီးမှုမပြုဘဲ အိမ်မြေအရောင်းအဝယ်လုပ်သည့် ပညာရပ်အကြောင်း သုံးရက်ကြာပြုလုပ်သည့် ဆွေးနွေးပွဲကို ကျွန်တော်တက်ရောက်ခဲ့သည်။ ထိုသင်တန်းတက်ဖို့ ၃၈၅ ဒေါ်လာ ကုန်ကျခဲ့သည်။ ထိုဆွေးနွေးပွဲကြောင့် ကျွန်တော်သည် ဒေါ်လာ နှစ်သန်းမျှဝင်ငွေရခဲ့သည်။ ထို့ထက်ပို၍ အဓိကကျသည်မှာ ထိုဆွေးနွေးပွဲကပင် ဘဝတစ်ခုဖန်တီးပေးလိုက်ခြင်းပင်ဖြစ်ပါသည်။ ရှေ့လျှောက်အလုပ်လုပ်စရာမလိုတော့အောင် ထိုသင်တန်းမျိုးနှစ်ခု ခန့် ကျွန်တော်တက်လိုက်ပါသေးသည်။

ကျွန်တော်အသံသွင်းတိပ်ခွေများကိုလည်း နှစ်သက်သည်။ ၎င်းတို့က ပြန်ရစ်ပြီးနားထောင်နိုင်သောကြောင့်ဖြစ်သည်။ ပီတာလင့်ချ်၏ ဟောပြောချက်တိပ်ခွေကို ကျွန်တော်နားထောင် ကြည့်သည်။ ငါးမိနစ်မျှသောသူ၏ဟောပြောချက်ကို အကြိမ် နှစ်ဆယ်ခန့်မျှ နားထောင်လိုက်သည်။ ထိုသို့နားထောင်သည့် အတွက် သူ့စကားများ၏အကြောင်းရင်းကို ကျွန်တော်နားလည် သဘောပေါက်သွားသည်။ အကြီးကျယ်ဆုံးသော ရင်းနှီးမြှုပ်နှံမှု

www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်တစ်ဦးဖြစ်သည့် ထိုပုဂ္ဂိုလ်ကြီး၏ စိတ်ထဲထိပင် သိမြင်လိုက် သကဲ့သို့ ခံစားရသည်။

လောကတွင် ဉာဏ်ရည်မြင့်မားသူအများအပြားရှိသည်။ သူတို့၏ အတွေးအခေါ် အယူအဆများနှင့်ထိပ်တိုက်တွေးမည့် အယူအဆများဆိုလျှင် ငြင်းခုံကြသည်။ ထို့ကြောင့် ဉာဏ်ရည်ထက်မြက်မှုတွင် ကြွားဝါမှုကို ပေါင်းလိုက်သောအခါ အသိဉာဏ်ကင်းမဲ့သွားခြင်းဖြစ်သည်။ အချို့သော ဉာဏ်ရည်ထက်မြက်သူများက စိတ်ကူးသစ်အကြံသစ်များကို ကြိုးဆိုပြီး သူတို့၏စိတ်ကူးများနှင့် ပေါင်းစပ်အသုံးချကြသည်။ စကားပြောခြင်းထက် နားထောင်ခြင်းက ပို၍အရေးကြီးပါသည်။ လူအများသည် အကြံဉာဏ်သစ်များကို စူးစိုက်နားထောင်ခြင်းမပြုဘဲ ငြင်းခုန်ခြင်းကိုသာ ပြုလုပ်ကြသည်။

ကျွန်တော်သည် စီးပွားဥစ္စာချမ်းသာကြွယ်ဝမှုကို ရေရှည်အချိန်ယူပြီး တည်ဆောက်ခဲ့သည်။ ပညာကို လေ့လာဆည်းပူးဖို့ အချိန်ပိုပေးခဲ့သည်။ ချက်ခြင်းလက်ငင်းသူဌေးဖြစ်မည့် စိတ်ဓာတ်မျိုးမမွေးခဲ့ပါ။ လူတို့သည် စတော့များကိုသော်လည်းကောင်း၊ အိမ်မြေများကိုသော်လည်းကောင်း ဝယ်ယူကြသည်။ သို့သော် အဖိုးတန်ဆုံးဖြစ်သည့် သူတို့၏စိတ်ကို ဖွံ့ဖြိုးတိုးတက်အောင် မလုပ်ကြပါ။ ထို့ကြောင့် အိမ်တစ်လုံးနှစ်လုံးမျှ ရောင်းဝယ်ရုံဖြင့် ကျွမ်းကျင်သော အိမ်မြေလုပ်ငန်းရှင် ဖြစ်မလာနိုင်ပါ။



## ၃။ မိတ်ဆွေများကို စိစစ်ရွေးချယ်ပါ

ဤင်းက ပေါင်းသင်းဆက်ဆံရေး၏ စွမ်းအားဖြစ်သည်။ ကျွန်တော်ကမူ မိတ်ဆွေရွေးချယ်ရာတွင် ငွေကြေးအနေအထားကို မကြည့်ပါ။ ကျွန်တော့်ထံတွင် ဆင်းရဲသော မိတ်ဆွေများ ရှိပါသည်။ တစ်နှစ်ဝင်ငွေ သန်းချီရသော မိတ်ဆွေများလည်း ရှိပါသည်။ သူတို့အားလုံးထံမှ ကျွန်တော်လေ့လာသင်ယူသည်။ ပညာရဖို့ကိုသာ ကျွန်တော်အားထုတ်ခဲ့သည်။ ကျွန်တော်က သူတို့၏အသိပညာ ဗဟုသုတများကို ရယူလိုခြင်းဖြစ်သည်။

သို့သော် ထူးခြားချက်တစ်ခုကို ကျွန်တော် တင်ပြလိုသည်။ ၎င်းမှာ ငွေရှိသည့် မိတ်ဆွေများက ငွေကြေးအကြောင်း စိတ်ဝင်စားပြီး ငွေအကြောင်းကိုသာ ပြောလေ့ရှိကြသည်။ ဆင်းရဲသားမိတ်ဆွေများကမူ ငွေကြေး၊ ရင်းနှီးမြှုပ်နှံမှု အကြောင်းကို ပြောဖို့စိတ်မဝင်စားကြပေ။ သူတို့နှစ်ဦးထံမှ ပညာသင်ယူ လေ့လာဆည်းပူးသည့်အတွက် မည်သည့်အရာများကိုဆောင်ပြီး မည်သည့်အရာများကိုရှောင်ရမည်ကို သိလာရသည်။

အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ဝင်ငွေအမြောက်အမြားရအောင်စွမ်းဆောင်နိုင်သူများလည်း ကျွန်တော်မိတ်ဆွေတွေထဲတွင် ရှိပါသည်။ ငွေမရှိသူတို့သည် မည်သည့်နည်းဖြင့် ငွေရှာရမည်ကို ဘယ်တော့မှ လေ့လာမေးမြန်းခြင်း မပြုကြပေ။ သူတို့က ငွေချေးခြင်း အလုပ်ပေးဖို့ကိုသာ တောင်းရမ်းတတ်ကြသည်ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



သတိပေးချက်။ ။ ကျွန်တော်၏ မိတ်ဆွေများထဲတွင် ဆင်းရဲသား
များကြောက်ရွံ့တတ်သူများရှိကြသည်။ သူတို့ကိုလည်း ကျွန်တော်
ချစ်ခင်ရင်းနှီးပါသည်။ သူတို့မှာ ကြက်ကြောက်လေးများ ဖြစ်ကြ
ပါသည်။ သူတို့မှာ အမြဲတမ်း မိုးပြိုနေပြီး အလုပ်မဖြစ်တာတွေကို
သာ ပြောကြသည်။ သူတို့ပြောတာတွေကို လူအများနားထောင်နေ
ခြင်းက ပြဿနာဖြစ်သည်။ သူတို့ပြောသမျှ မဆင်မခြင်နားထောင်
နေသူတွေလည်း ကြက်ကြောက်လေးများသာ ဖြစ်ကြပေသည်။

အလုပ်တစ်ခု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုတစ်ခုကို တော့တော
ဆိုင်ဆိုင် ဖြစ်နေရာမှ နောက်ပြန်ဆုတ်ဖို့ တိုက်တွန်းမှုများကို အကြိမ်
များစွာပင် ကျွန်တော်ကြုံဖူးသည်။ မိမိဘဝကို ထူထောင်ရာ
အခက်ခဲဆုံးအလုပ်မှာ မိမိကိုယ်ကို ယုံကြည်စိတ်ချမှုရှိဖို့ပင်
ဖြစ်သည်။ အကြောင်းမှာ ဈေးကွက်ထဲသို့ နောက်ကျမှ ဝင်လာသူက
ဝိုင်းပြီး ထိုးနှက်တတ်ကြသောကြောင့်ဖြစ်သည်။ အကယ်၍
ကြီးမားသောအခွင့်အလမ်းတစ်ခုသည် သတင်းစာမျက်နှာဖုံးတွင်
ပါလာပြီဆိုလျှင် သင်များစွာ နောက်ကျနေပြီဟုသာ မှတ်ယူလိုက်ပါ
ပါလာပြီဆိုလျှင် သင်များစွာ နောက်ကျနေပြီဟုသာ မှတ်ယူလိုက်ပါ။ "နောက်ထပ်
အခွင့်အလမ်းသစ်တစ်ခုကိုသင်ရှာဖွေရပေတော့မည်။ "နောက်ထပ်
လှိုင်းလုံးတစ်လုံး အမြဲရှိတယ်" ဟူသောစကားသည် ကျွန်တော်
လှိုင်းစီးသူများအား အမြဲတမ်းပြောနေကြ စကားဖြစ်သည်
လှိုင်းပြန်အကျမှာ ကသုတ်ကယက်ပြေးစီးသူများသည် လှိုင်းနှင့်
အတူ တလိမ့်ကောက်ကွေး မျောပါသွားပါလိမ့်မည်။

ရင်းနှီးမြှုပ်နှံသည့်နေရာတွင် ပါးနပ်သူများသည် ဈေးကွက်
ထဲသို့ ဒရောသောပါး ပြေးလိုက်လေ့မရှိပါ။ လှိုင်းတစ်လုံးအ



နောက်တစ်လုံးကို စောင့်ကြည့်ကာ အသင့်ပြင်ဆင်ထားကြသည်။
ယေဘုယျအားဖြင့် လုပ်ငန်းရှင်အများစုသည် လူကြိုက်နည်းသော
အလုပ်များကို လုပ်ရမှာရွံ့ ကြသည်။ စိုးရွံ့တွန့်ဆုတ်စွာ ရင်းနှီးမြှုပ်
နှံသူများသည် လူအုပ်နှင့်ရောနှောလိုက်ပါသွားသော သိုးများနှင့်
တူသည်။ ဉာဏ်အမြော်အမြင်ရှိသော လုပ်ငန်းရှင်များက အမြတ်
ငွေတွေယူပြီး ခွင်ပြောင်းသွားသောအခါမှ တွန့်ဆုတ်သမားတွေက
လောဘတက်ကာ ဈေးကွက်ထဲသို့ တိုးဝင်လာဟတ် ကြသည်။
အမြော်အမြင်ရှိသောရင်းနှီးမြှုပ်နှံသူများက လူကြိုက်နည်းသော
အချိန်တွင်သာ လုပ်ငန်းကို ဝယ်ယူကြသည်။ အမြတ်ရရှိသော
အချိန်သည် ပစ္စည်းတစ်ခုကို ဝယ်သောအချိန်မှာဖြစ်ပြီးရောင်း
သောအချိန်မဟုတ်ကြောင်း သူတို့ နားလည်ထား ကြသည်။
သူတို့ကဈေးကွက်ကိုအချိန်ကန့်သတ်မထားဘဲ စိတ်ရှည်လက်ရှည်
စောင့်သည်။ နောက်ထပ်လှိုင်းတစ်လုံးအလာကို သူတို့က နေရာ
ယူပြီး အသင့်စောင့်နေတတ်ကြသည်။

အမှန်စင်စစ်တွင်ထိုအရာအားလုံးသည် အတွင်းသတင်း
ရောင်းဝယ်သောအလုပ်များသာဖြစ်သည်။ ၎င်းမှာ ပုံစံမျိုးစုံရှိသည်။
တရားဝင်သည်ဖြစ်စေ၊ တရားမဝင်သည်ဖြစ်စေ၊ သင်မည်မျှ
အတွင်းနှင့်နီးမှုရှိသည့်အပေါ်မူတည်သည်။ အခွင့်အလမ်းကောင်း
တစ်ခုအကြောင်းသတင်းရသည်နှင့် အလျင်အမြန်ရင်းနှီးမြှုပ်နှံပြီး
ဈေးကွက်မပျက်မီ ပြန်ထွက်ရပါသည်။ အကြောင်းရင်းမှာ
သတင်းပေါ် မူတည်ပြီး ငွေဖြစ်အောင်လုပ်ရသောကြောင်း
ဖြစ်သည်။ ဥပဒေအပြင်ပမှ လုပ်ဖို့တိုက်တွန်းခြင်းမဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သတင်းကို စောသိလေ အမြတ်များများရဖို့ နီးစပ်လေဖြစ်သည်။ ထို့ကြောင့် မိတ်ဆွေအရင်းအချာသည်လည်း အရေးကြီးသော ငွေကြေးအသိပညာတစ်မျိုးပင်ဖြစ်ပါသည်။

## ၄။ ပုံသေနည်းတစ်ခုကို ကျွမ်းကျင်ပြီးပြီဆိုလျှင် နောက်တစ်နည်းကို လေ့လာသင်ယူပါ။

ဤင်းသည် လျင်မြန်စွာသင်ယူနိုင်ခြင်းစွမ်းအားပင် ဖြစ်သည်။ "သင်စားသောက်လိုက်သည့်အတိုင်းသင်ဖြစ်လာသည်" ဟူသော စကားကို အနည်းငယ်ပြင်ဆင်ပြီး "သင့်လေ့လာဆည်းပူးသည့်အတိုင်းသင်ဖြစ်လာမည်" ဟုပြောရပေမည်။ တစ်နည်းအားဖြင့်အကြောင်းအရာများကို ဂရုတစိုက်ရွေးချယ်၍ လေ့လာဆည်းပူးလိုခြင်းဖြစ်သည်။ ဥပမာ- အချက်အပြုတ်ကို သင်ယူချင်လျှင် တစ်ခြားအကြောင်းအရာကို လေ့လာဆည်းပူးရမည်။ငွေကြေးနှင့်ပတ်သက်လာလျှင်ကျောင်းမှာသင်ခဲ့သော အခြေခံပုံသေနည်း တစ်ခုရှိသည်။၎င်းမှာငွေရဖို့အတွက် အလုပ်လုပ် ရမည်ဟူ၏။ ထိုအတိုင်းဆိုလျှင် နေ့စဉ်အလုပ်သွား၊ ဝင်ငွေရှာပြီး ဆပ်စရာရှိသော အကြွေးဆပ်၊ ပိုသောငွေဖြင့် အကျိုးတူရံပုံငွေ တချို့ကိုဝယ်၊ နောက်တဖန် အလုပ်ပြန်လုပ်၊ ထိုအရာများမှာ အခြေခံပုံသေနည်းပင်ဖြစ်သည်။သင်၏လက်ရှိအနေအထားကို ပြောင်းလဲပစ်ချင်သည်ဆိုလျှင်အဆိုပါပုံသေနည်းကို ပြောင်းလဲဖို့ သာရှိပါသည်။

ကျွန်တော်ငယ်စဉ်အခါက "အပေါင်ဆုံး အိမ်မြေများဝယ်နည်း" ဆိုသည့် သင်တန်းတစ်ခု တက်ခဲ့ဖူးသည်။ ထိုသင်တန်းမှ



တတ်မြောက်ခဲ့သည်မှာပုံသေနည်းတစ်ခုဖြစ်ပြီး ထိုတတ်မြောက်ခဲ့သည့်နည်းကို လက်တွေ့လောကတွင် အသုံးချဖို့ ပင်ဖြစ်သည်။ ဇရောက်ကုမ္ပဏီ၌ သုံးနှစ်ခန့် အလုပ်လုပ်နေစဉ် အတွင်း အချိန်ရတိုင်း အပေါင်ဆုံးအိမ်မြေဝယ်နည်းကို ကျွမ်းကျင် သည်ထက်ကျွမ်းကျင်အောင် အထူးဂရုစိုက်လေ့လာခဲ့ပါသည်။ ထိုနည်းနှင့်ပင် ဒေါ်လာပေါင်းများစွာရှာဖွေနိုင်ခဲ့သည်။သို့သော် အဆိုပါနည်းလမ်းကို ယခုအခါ အခြားသူများ လိုက်လံအသုံးပြုနေကြပြီ ဖြစ်သည်။

ကျွန်တော်သည် ထိုနည်းလမ်းကို ကျွမ်းကျင်တတ်မြောက်ပြီးသောအခါ အခြားသောနည်းလမ်းများကို ရှာဖွေလေ့လာခဲ့သည်။ ကျွန်တော်သည် အစဉ်အမြဲ ဆန်းသစ်သော အရာများကိုသာ ရှာဖွေလေ့လာခဲ့သည်။ ပိုပြီးလျင်မြန်သွက်လက်မည့် နည်းလမ်းမျိုးကို ကျွန်တော်အမြဲ ဦးစားပေးရှာဖွေ လေ့လာခဲ့သည်။ အခြားသူတို့ တစ်သက်တာလုံး လုပ်မှဖြစ်မြောက်မည့် အလုပ်များကို ကျွန်တော်က တစ်နေ့တာတည်းတွင်ပြီးအောင် လုပ်နိုင်ခဲ့သည်။

ထိုပြင်သတိထားရမည့်အချက်တစ်ခု ရှိပါသေးသည်။ ယနေ့ ကမ္ဘာကြီးသည် လျင်မြန်စွာ ပြောင်းလဲတိုးတက်နေသည့်အတွက် သင့်အနေဖြင့် တတ်ကျွမ်းနားလည်ထားမှုများက အဓိက မကျတော့ပါ။ လျင်မြန်စွာ ခေတ်နောက်ကျသွားသောကြောင့် ဖြစ်သည်။ ထို့ကြောင့် လျင်မြန်စွာ သင်ယူဆည်းပူးနိုင်မှုကသာ အဓိကကျပါသည်။ ၎င်းသည် တိုင်းတာ၍ မရနိုင်အောင်ပင် တန်ဖိုးရှိပါသည်။ ငွေရှာဖို့အတွက် ပို၍ မြန်ဆန်သော နည်းလမ်းများကို ရှာဖွေနိုင်မှုက အလွန်ပင် တန်ဖိုးရှိပါသည်။ ကြိုးစားအားနေကန်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်၍ ငွေရှာနည်းမှာ ရှေးခေတ်က နည်းလမ်းဟောင်းကြီး ဖြစ်ပါသည်။

## ၅။ မိမိကိုယ်ကိုဦးစားပေးပါ။

မိမိကိုယ်ကိုထိန်းသိမ်းခြင်း၏ စွမ်းအားဖြစ်သည်။ ချမ်းသာကြွယ်ဝဖို့ ကြိုးစားမည်ဆိုလျှင် မိမိကိုယ်ကို ထိန်းသိမ်းရမည်။ ထိုအတွက် မည်သည့်ရင်းနှီးမြှုပ်နှံမှုကို ပြုလုပ်၍ဖြစ်ပစေငွေကို ရအောင်ရှာရမည်။ ရှာဖွေရထားသည့် ငွေကိုဖြုန်းတီးပစ်၍ အမိပ္ပါယ်မရှိပါ။ ထီပေါက်၍ ငွေကြေးမြောက်မြားစွာရပြီး မကြာမီ လူမွဲဘဝပြန်ရောက်သွားခြင်းသည် ထိန်းသိမ်းမှုမရှိခြင်းကြောင့် ဖြစ်သည်။ လူအများသည် ရာထူးတိုးတက်ပြီး လစာတိုးရပြီဆိုသည်နှင့် ကားအသစ်တစ်စီးဝယ်ချလာခြင်းသည် ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်စွမ်းမရှိခြင်းပင်ဖြစ်သည်။ထိုအချက်သည်ပင်ကိုယ်က စည်းကမ်းမရှိသူများအတွက်ဆိုလျှင် ကျင့်ဆောင်ဖို့ အလွန်ခက်ခဲပါမည်။ လူတိုင်းအတွက် ချမ်းသာခြင်းနှင့် ဆင်းရဲခြင်းဟူ၍ ကွဲပြားသွားစေသည့် အဓိက အကြောင်းရင်းမှာ ကိုယ့်စည်းကိုယ်ထိန်းခြင်း ဟူသောအချက်ပင်ဖြစ်သည်။

ကိုယ့်စည်းကိုယ်မထိန်းနိုင်သူများ ငွေကြေးကျပ်တည်းမှုဒဏ်ကို မခံနိုင်သူများသည် မည်သည့်အခါမှ ချမ်းသာမည်မဟုတ်ကြောင်း အခိုင်အမာပြောနိုင်ပါသည်။ ချမ်းသာသော အဖေပြောပြခဲ့သည့်ထဲတွင် ကမ္ဘာလောကကြီးက သင့်အားမောင်းနေသည်။ ၎င်းမှာ အခြားသူတွေက အနိုင်ကျင့်လိုသောကြောင့် မဟုတ်ဘဲ အမောင်းခံရသူများက ကိုယ့်စိတ်ကို ထိန်းသိမ်းပြီးမနေတတ်ကြသောကြောင့် ဖြစ်သည်။ သူတို့သည် မကြာခဏဆိုသလိုကိုယ့်စိတ်ကိုယ်ထိန်းသူများ၏ အမောင်းခံဘဝသို့ ရောက်ရှိနေကြရသည်။



ကျွန်တော်ပို့ချခဲ့သောသင်တန်းများတွင် သင်တန်းသားများကို အစဉ်အမြဲသတိပေးခဲ့သည်မှာ သူတို့ထုတ်လုပ်သောကုန်ပစ္စည်းဝန်ဆောင်မှု သို့မဟုတ် တီထွင်ထားသည့် ပစ္စည်းပေါ်တွင်သာ အာရုံစိုက်မနေဘဲ အုပ်ချုပ်မှုဆိုင်ရာအရည်အသွေးများကိုလည်း အဓိကထား၍အာရုံစိုက်ဖို့ပင် ဖြစ်သည်။ သင်တို့အနေဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခု လုပ်တော့မည်ဆိုလျှင် အရေးကြီးဆုံးလိုအပ်ချက်မှာ အုပ်ချုပ်မှုဆိုင်ရာ အရည်အချင်းသုံးမျိုးပင်ဖြစ်သည်။

(၁) ငွေသားစီးဆင်းမှုကို ထိန်းသိမ်းအုပ်ချုပ်ခြင်း
(၂) လူအများကို ထိန်းသိမ်းအုပ်ချုပ်ခြင်း
(၃) အချိန်ကို စီမံခန့်ခွဲခြင်း

အထက်ပါအချက်အလက်က မည်သည့်လုပ်ငန်းတွင်မဆိုအသုံးချ၍ရကြောင်း တင်ပြလိုပါသည်။ သင်သည်တစ်ဦးတစ်ယောက်ချင်းဖြစ်စေ၊ အဖွဲ့အစည်းအနေဖြင့်ဖြစ်စေ၊ မြို့ရွာတိုင်းပြည်အနေဖြင့်ဖြစ်စေ အဆိုပါအရည်အချင်းသုံးရပ်သည် မပါမဖြစ်အရေးကြီးပါသည်။ ထိုအရည်အချင်းများအနက် တစ်မျိုးစီကိုကိုယ့်စည်းကိုယ်ထိန်းခြင်းဖြင့် တိုးတက်အောင်ပြုလုပ်၍ရသည်။

www.burmeseclassic.com

www.burmeseclassic.com




"ကိုယ့်ကိုကိုယ် ဦးစားပေးပါ"ဟူသောစကားသည် ဂျော့ကလက်ဆင်(George Classen)ရေးသည့် 'ဘေဘီလုံမှ အချမ်းသာဆုံးပုဂ္ဂိုလ်"ဆိုသော စာအုပ်ထဲမှ ဖြစ်သည်။ ထိုစကားကို အလွယ်တကူခပ်ပေါ့ပေါ့အနေဖြင့် ကျွန်တော်ပြောခဲ့ခြင်း မဟုတ်ပါ။ ထိုစာအုပ်သည် သန်းပေါင်းများစွာရောင်းချခဲ့ရသောစာအုပ်ဖြစ်သည်။ ထိုစကားစုကိုမူ လူတို့က ထပ်ဆင့်ပြောဆိုကြခြင်း၊ ကောက်နုတ်တင်ပြခြင်းပြုလုပ်ကြသော်လည်း ထိုအတိုင်းလိုက်နာကျင့်ကြံသူကား အလွန်ပင်နည်းပါးလှပါသည်။ ကျွန်တော်ပြောခဲ့သလိုပင် ငွေကြေးဆိုင်ရာပညာရပ်ကို တတ်မြောက်ထားသူသည် ကိန်းဂဏန်းများကို ဖတ်တတ်လာသည်။ လူတစ်ဦးသည် "ကိုယ့်ကိုယ်ကိုဦးစားပေးပါ" ဟူသောစကားအား အမှန်တကယ် လိုက်နာသည်၊ မလိုက်နာသည်ကို သူ၏အရှုံးအမြတ်စာရင်းနှင့် လက်ကျန်ရှင်းတမ်းကိုကြည့်ရုံဖြင့် သိသာနိုင်ပါသည်။

ပုံတစ်ပုံကို ရေးဆွဲကြည့်ပါက လွယ်ကူရှင်းလင်းမှုက အလွန်တာသွားပါသည်။ ထို့ကြောင့် "ကိုယ့်ကိုယ်ကို ဦးစားပေးသောသူ"နှင့် "မပေးသူ"တို့၏ စာရင်းဇယားများကို အောက်ပါအတိုင်း ပုံစံဆွဲ၍ ကြည့်ပါက သိသာနိုင်ပါသည်။



## မိမိကိုယ်ကို ဦးစားပေးသောသူများ




အဆိုပါပုံတွင် မိမိကိုယ်ကို ဦးစွာပေးသောသူ၏လုပ်ဆောင်ချက်ကို တွေ့မြင်နိုင်သည်။ သူက လစဉ်အသုံးစရိတ်ကို လကုန်တိုင်းမပေးချေသေးဘဲ ဝင်ငွေထဲမှနေ၍ ရပိုင်ခွင့် ကဏ္ဍထဲတွင်ထည့်ဝင်ပြီး ရင်းနှီးမြှုပ်နှံလိုက်သည်။လူသန်းပေါင်းများစွာတို့သည် ကလက်ဆင်၏ စာအုပ်ထဲမှ စာစုကို နားလည် ထားသော်လည်း တကယ့်လက်တွေ့တွင် ကိုယ့်ကိုယ်ကို နောက်ဆုံး မှသာပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ထံတွင်လည်း စာရင်းကိုင်များ၊ အရာရှိများ၊ ဘဏ်မန်နေဂျာများရှိပါသည်။ အထက်ပါအယူအဆနှင့် ပတ်သက်၍ သူတို့နှင့်လည်းအတော်ပင် ဆွေးနွေးရသည်။ အဘယ့်ကြောင့်ဆိုသော် ထိုပညာရှင်တို့သည်လည်း အများလုပ်သလိုသာလိုက်လုပ်ကြသောကြောင့်ဖြစ်သည်။ ကျွန်တော့်အနေဖြင့် ကြွေးတွေမဆပ်ဖို့ တာဝန်မဲ့ဖို့တိုက်တွန်းနေခြင်းမဟုတ်ပါ။ ယခုဆက်လက်ဖော်ပြမည့်ပုံကိုကြည့်ခြင်းဖြင့်နားလည်သဘောပေါက်လာပါလိမ့်မည်။ လူတို့သည် တစ်သက်လုံး ကြိုးစားပမ်းစား အလုပ်လုပ်ကိုင်လာပြီး အလုပ်မလုပ်နိုင်တော့သည့်အခါတွင်မှ ဒုက္ခရောက်ကြသည်မှာ အဘယ့်ကြောင့်ဆိုသည်ကို သိလာပါလိမ့်မည်။ ထို့ကြောင့် ကျွန်တော်ပြောလိုသည်မှာ မိမိကိုယ်ကို ဦးစားပေးဖို့သာဖြစ်သည်။ အခြားသူများကို ဦးစားပေးသူများသည် နောက်ဆုံး၌ သူတို့ထံတွင် တစ်ပြားတစ်ချပ်မှ မကျန်သောအခြေအနေမျိုး အမြဲကြုံရတတ်သည်။

ကျွန်တော့်ဘဝတွင်လည်း ရရှိသည့်ဝင်ငွေသည် ကြွေးဆပ်ရမည့်ငွေပမာဏကို မမှီသောအခြေအနေမျိုး ကြုံခဲ့ဘူးသည်။ သို့သော်လည်း ကျွန်တော်ကတော့ မိမိကိုယ်မိမိပဲ ဦးစားပေးသည်။ ထိုအခါ ကျွန်တော်စာရင်းကိုင်များ၊ အရာရှိများက စိုးရိမ်တကြီးဖြစ်ကြသည်။ "သူတို့လာကြလိမ့်မယ်" "ပြည်တွင်းအခွန်ဦးစီးကလာဖမ်းမှာပေါ့" "လျှပ်စစ်မီးဖြတ်ခံရတော့မှာပဲ" စသည်ဖြင့် သို့သော်လည်း ကျွန်တော့်ကတော့ ကိုယ့်ကိုယ်ကိုပဲ ဦးစာပေးသည်။

အဘယ့်ကြောင့်ဆိုသော် "ဘောဘီလုံမှာ အချမ်းသာဆုံး



ပုဂ္ဂိုလ်"စာအုပ်တွင် ဖော်ပြထားသည့်အတိုင်းပင်၊ ကိုယ့်စည်းကိုယ်ထိန်းပြီး ကိုယ့်စိတ်ကို ပိုင်နိုင်ခြင်း၏ စွမ်းအားပင် ဖြစ်သည်။ သည်အကြောင်းအရာကို ထိုစာအုပ်တွင်တင်ပြထားသည်။ အများသူငါလုပ်သည့်အတိုင်း မလုပ်ဘဲ သတ္တိမွေးပြီးကြီးပွားအောင်လုပ်ရမည်ဖြစ်သည်။ သင်သည်ကြံ့ခိုင်သူတစ်ယောက် ဖြစ်နိုင်ပါသော်လည်း ငွေရေးကြေးရေးနှင့် ပတ်သက်လာလျှင်မူ လူတို့သည် အများအားဖြင့် အားငယ်တတ်ကြသည်။

ထိုသို့ပြောနေသည်မှာ တာဝန်မဲ့ဖို့မဟုတ်ပါ။ မိမိကိုယ်ကို ဦးစားပေးချင်စိတ်ကြောင့် ကျွန်တော့်ထံတွင် အကြွေးတွေများများစားစားရှိနေခြင်းဖြစ်သည်။ ကျွန်တော်၏ဝင်ငွေထဲမှ အစိုးရကို မပေးလိုသောကြောင့် ဝင်ငွေကိုအနည်းဆုံး လျှော့ချခြင်းဖြစ်သည်။ ငွေရဖို့ သက်သက်အတွက်သာ ကျွန်တော် အလုပ်လုပ်မည်ဆိုလျှင် အစိုးရကသာ လက်ဝါးကြီးအုပ်သွားပါမည်။ နောက်ဆုံးမှသာ အကြွေးများပေးဆပ်မည်ဆိုသော်လည်း ကြီးမားသော ငွေကြေးအကျပ်အတည်းမဖြစ်အောင် အကွာင်းပါးဖို့လိုပါသည်။ ကျွန်တော်၏ ပေးရန်တာဝန်များသည် အမေရိကန်လူဦးရေ ၉၉% က ပေးရမည့် ပေးရန်တာဝန်များထက်ပင်များပါသည်။ သို့သော်လည်း ၎င်းတို့ကို ကျွန်တော်မပေးပါ။ ကျွန်တော်၏ အိမ်ငှားများက ပေးပါသည်။ ထို့ကြောင့် မိမိကိုယ်ကို ဦးစားပေးဖို့အတွက် ပထမဆုံးလိုက်နာရမည့် ဥပဒေသမှာ အကြွေးမတင်ဖို့ပင်ဖြစ်ပါသည်။ နောက်ဆုံးမှသာ အကြွေးများကိုပေးချေသော်လည်း မပေးဘဲကျန်နေသောအကြွေးများသည် ငွေကြေးအတိုင်းအတာနည်းပါးစေအောင် ဂရုစိုက်ရပါ

www.burmeseclassic.com


www.burmeseclassic.com



မည်။

ငွေကြေးပြတ်လတ်သည့် အခြေအနေမျိုးတွင်လည်း မိမိကိုယ်ကိုပဲ ဦးစားပေးဖို့ ဒုတိယအချက်အနေဖြင့် ပြောကြားလိုပါသည်။ အကြွေးတောင်းခံနေသူများ ပြောချင်ရာ ပြောနေပါစေ၊ ကျွန်တော်အလေးမထားပါ၊ ကျွန်တော့်အား မာကျောစွာဆက်ဆံလာလျှင်ပင် ပို၍သဘောကျပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူတွေက ကျွန်တော့်အား ကူညီကြသောကြောင့် ဖြစ်ပါသည်။ ကျွန်တော် အခွင့်လမ်းကောင်းတွေ ဖန်တီးချင်လာအောင် သူတို့လှုံ့ဆော်ပေးနေကြသောကြောင့်ဖြစ်သည်။ ထို့အတွက်ကြောင့်လည်း ကိုယ့်ကိုကိုယ်သာ ပထမဦးစွာပေးသည်။

## မိမိကိုယ်ကို ဦးစွာမပေးသူ




| | |
|---|---|
| ရပိုင်ခွင့် | ပေးရန်တာဝန် |



ငွေကိုမိမိအတွက်ရင်းနှီးမြှုပ်နှံသည်။ ကြွေးရှင်များကမည်ကဲ့သို့ပင် ဖိအားပေးနေပါစေ၊ စုငွေထဲမှ ထုတ်ပေးခြင်း၊ အစုရှယ်ယာများရောင်းပစ်ခြင်း မည်သည့်အခါမှ မလုပ်ပါ။ ထိုသို့လုပ်ဆောင်ခြင်းသည် စီးပွားရေးဆိုင်ရာ အသိဉာဏ်ရှိခြင်း မဟုတ်ပါ။

ထိုအတွက်ရလဒ်အနေဖြင့် -

(၁) အကြွေးများစွာ မတင်ပါစေနှင့်၊ အသုံးစရိတ်များလျော့နည်းအောင်ပြုလုပ်ပါ။ ရပိုင်ခွင့်များကို ဦးစွာစုဆောင်းပြီးမှ အိမ်ဝယ်ခြင်း၊ ကားဝယ်ခြင်းကို ပြုလုပ်ပါ။

(၂) ငွေကြေးမလုံလောက်သည့်အတွက် မည်မျှပင်ဖိအားများလာပါစေ သင်၏ ရင်းနှီးမြှုပ်နှံမှုကို မထိပါနှင့်။ ကြွေးရှင်များ၏ ဖိအားပေးမှုသည် သင်၏ငွေကြေးပါရမီကို နှိုးဆွခြင်းဖြစ်ပါစေ။ ထိုမှသာဝင်ငွေပိုရအောင် သင်ကြံဆောင်ပါလိမ့်မည်။ ဝင်ငွေပိုရအောင်ရှာဖွေနိုင်စွမ်းတိုးတက်လာပါလိမ့်မည်။ ငွေကြေးအသိပညာများလည်း တိုးတက်လာပါလိမ့်မည်။

ငွေကြေးနှင့်ပတ်သက်ပြီး အကျပ်အတည်းပေါင်းများစွာကို ကျွန်တော်ကို ကြုံဖူးပါသည်။ ဝင်ငွေပိုရဖို့အတွက်ကိုလည်း အပြင်းအထန် စဉ်းစားအားထုတ်ခဲ့ရပါသည်။ တပြိုင်နက်တည်းဆိုသလို ရင်းနှီးမြှုပ်နှံထားသမျှလေးကိုလည်း ခိုင်မာအောင် ကာကွယ်စောင့်ရှောက်ခဲ့၏။ အများသူငါသိသော ဆင်းရဲသားများ၏ အကျင့်ဆိုးမှာ စုငွေများယူသုံးတတ်ခြင်းပင် ဖြစ်သည်။ စုငွေဆိုသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးကို ပွားများအောင်လုပ်သည့်အရာဖြစ်မှန်း လူချမ်းသာများက သတ်မှတ်ထားသည်။ ထိုသို့ ကျင့်ကြံလုပ်ဆောင်ဖို့ မလွယ်ကူသော်လည်း စိတ်ဓာတ်မကြံ့ခိုင်လျှင် လောကကြီးက မောင်းနှင်တာကိုခံရပါလိမ့်မည်။

ငွေကြေးဖိအားပေးခံရမည်ကို မလိုလားပါက နည်းလမ်းတစ်ခုကို ကြံဆထားရပါမည်။ အကောင်းဆုံးနည်းလမ်းမှာ အသုံးစရိတ်များကို လျှော့ချပစ်ပြီး၊ ဘဏ်တွင် ပိုငွေကို စုပါ။ အစိုးရကို အခွန်ဆောင်ပြီး ပိုငွေကိုအကျိုးတူရန်ပုံငွေထဲထည့်တာ သာမန်ဘဝမျိုးဖြင့်သာနေထိုင်သွားရုံဖြစ်ပါသည်။ သို့သော်လည်း ထိုသို့ ပြုလုပ်ခြင်းသည် မိမိကိုယ်ကို ဦးစားပေးရမည့် ဥပဒေသကို ချိုးဖောက်ရာကျပါသည်။ ထိုဥပဒေက ငွေကြေးအရ အနစ်နာခံပြီး တင်းတိမ်ရောင့်ရဲဖို့အားပေးခြင်းမပြုပါ။ဘဝဟူသည်မှာ ပျော်ရွှင်ကြည်နူးမှုများခံစားဖို့ ဖြစ်ပါသည်။ သင်၏ငွေကြေးပူါရမီကို လှုံ့ဆော်ပေးပါက ဘဝ၏ ပျော်ရွှင်မှုများကို ရရှိပါလိမ့်မည်။ ၎င်းမှာ ငွေကြေးအသိ ပညာ ကြွယ်ဝမှုပင် ဖြစ်ပါသည်။

## ၆။ သင်၏ပွဲစားများအား ကောင်းကောင်းပေးပါ။

၎င်းမှာအကြံကောင်း၏ စွမ်းအားဖြစ်သည်။ ချမ်းသာသောအဖေက ပညာရှင်များအား ကောင်းစွာပေးရမည်ကို ယုံကြည်လက်ခံသည်။ သူ၏လမ်းစဉ်အတိုင်းလည်း ကျွန်တော်လိုက်နာသည်။ ကျွန်တော့်ထံတွင် လခကြီးစွာပေးထားရသော စာရင်းကိုင်များ၊ ဥပဒေအကျိုးဆောင်များ၊ အိမ်မြေစတော့ ပွဲစားများ ယခုလက်ရှိတွင် ရှိနေပါသည်။ သူတို့၏ ဝန်ဆောင်မှုများက ဝင်ငွေများစွာရစေသောကြောင့်ဖြစ်သည်။ ကျွန်တော်ဝင်ငွေကောင်းလေ သူတို့လည်းဝင်ငွေပိုရလေဖြစ်သည်။



ယခုအခါ ကျွန်တော်တို့သည် သတင်းခေတ်ထဲတွင် လုပ်ရှားလုပ်ကိုင်နေကြရသည်။ သတင်းအချက်အလက်က အလွန်ပင်အဖိုးထိုက်တန်သည်။ ထိုသို့သော သတင်းများကို ပွဲစားကောင်းကောင်းတစ်ယောက်က စုဆောင်းပေးနိုင်သည်။ အချိန်ယူ၍လည်း သင့်အားသင်ကြားပေးနိုင်သည်။ကျွန်တော့်ထံတွင် အကျိုးဆောင်ပေးမည့်ပွဲစားကောင်းများရှိသည်။ကျွန်တော် ငွေကြေးပြတ်လတ်နေသည့် အချိန်မျိုးတွင် ကျွန်တော့်အား တချို့ပွဲစားများက ပညာပေးသည်။ယခုထက်တိုင်သူတို့နှင့်အတူ လက်တွဲလုပ်ကိုင်လျက်ရှိပါသည်။ သူတို့အားပေးရသည့် ငွေကြေး ပမာဏမှာ သူတို့လုပ်ဆောင်ပေးမှုကြောင့် ကျွန်တော်ရရှိသည့် ငွေကြေးပမာဏနှိုင်းဆလျှင် မဆိုစလောက်သာ ရှိပါသည်။

ဈေးကွက်နှင့်ပတ်သက်လာလျှင် ပွဲစားတစ်ဦးသည် သင်၏နားမျက်စိများဖြစ်ပါသည်။ ပွဲစားကောင်းတစ်ဦးသည် ငွေရအောင်ဖန်တီးပေးရုံသာမက အချိန်ကုန်သက်သာအောင်လည်းကူညီ၏။ ကိုယ်ကိုယ်တိုင်သွားနေစရာမလိုဘဲ သူတို့က ဈေးကွက်ထဲ၌နေ့တိုင်း ရှိနေ၏။

ကိုယ့်အိမ်ကို ပွဲစားမသုံးဘဲရောင်းသူများသည် အချိန်ကို အကျိုးရှိစွာ အသုံးမချသူများဖြစ်သည်။ ကိုယ့်အိမ်ကို ရောင်းဖို့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အလုပ်ရှုပ်နေမည့်အချိန်တွင် အခြားသော ငွေရပေါက်လမ်းများ ရှာဖွေနိုင်သည်။ ၎င်းသည် စီးပွားရေးလာဘ် မမြင်သော လုပ်ရပ်ဖြစ်သည်။ ပွဲစားတိုင်းလည်း မတူညီကြပါ။ အိမ်မြေရောင်းသောပွဲစားနှင့် ရင်းနှီးမြှုပ်နှံမှုရောင်းသောပွဲစားမှာ လုံးဝပင်ကွာခြားပါသည်။

အကယ်၍သာ ပွဲစားငှားမည်ဟု ဆုံးဖြတ်ပါက သင်နှင့် အတွေးချင်း ဝါသနာချင်းတူညီသောပွဲစားကို ရွေးချယ်ပါ။ သူတို့က သင့်အား သင်ကြားပေးပါလိမ့်မည်။ သူတို့အား မျှတစွာဆက်ဆံပါက သူတို့ကလည်း ထိုသို့ပြန်လည်ဆက်ဆံပါလိမ့်မည်။ လူတွေကို ထိန်းသိမ်းကွပ်ကဲသည့် အရည်အချင်းသည်လည်း အုပ်ချုပ်ရေးဆိုင်ရာ အရည်အချင်းတွေထဲတွင် တစ်ခုအပါအဝင် ဖြစ်သည်။ မိမိထက် တော်သူများကို ထိန်းသိမ်းကွပ်ကဲပြီး ထိုက်တန်စွာပေးကမ်းတတ်ခြင်းသည်သာ အရည်အချင်း အစစ်အမှန်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကုမ္ပဏီများတွင် ဒါရိုက်တာဘုတ်အဖွဲ့ထားရှိခြင်းဖြစ်သည်။

## ၇။ အင်ဒီးယန်း ပေးနည်းမျိုးပေးပါ။

တစ်စုံတစ်ရာကို ဘာမှမပေးဘဲပြန်ရနိုင်သည့်နည်း၏ စွမ်းအားဖြစ်သည်။ အမေရိကန်တွင် ခြေချနေထိုင်ဖို့ လူဖြူများ ရောက်ရှိလာသောအခါ ပထမဦးဆုံးအနေဖြင့် မူလနေထိုင်နေကြသော အင်ဒီယန်းတို့၏ ယဉ်ကျေးမှုတစ်ရပ်ကြောင့် လူဖြူများမှာ အတော်ပင်စိတ်အနှောင့် အယှက်ဖြစ်ကြရသည်။ လာရောက်



အခြေချနေထိုင်သော လူဖြူတစ်ဦးချမ်းနေလျှင် အင်ဒီးယန်းတစ်ဦးက စောင်တစ်ထည် ထုတ်ပေးသည်။ အချမ်းသက်သာသွားသော အခါ အင်ဒီယန်းက သူ့စောင်ကိုပြန်တောင်းသည်။ ထိုအခါ စောင်ကို လက်ဆောင်အဖြစ်ပေးသည်ဟု ယူဆသော လူဖြူမှာ အတော်ပင် စိတ်ကသိကအောက်ဖြစ်ရသည်။ ထို့အတူပင် သူတို့၏ စောင်ကိုပြန်မပေးချင်ကြောင်းသိရသည့်အတွက် အင်ဒီးယန်း တို့လည်း စိတ်အနှောက်အယှက်ဖြစ်ကြရသည်။

အဆိုပါအင်ဒီးယန်းပေးနည်းသည် ချမ်းသာကြွယ်ဝရေး အတွက် အဓိကအရေးကြီးသော ဆောင်ရွက်နည်းတစ်ခုဖြစ်၏။ ရင်းနှီးမြှုပ်နှံသူ တစ်ဦးအနေဖြင့် ပထမဆုံးမေးရမည့်မေးခွန်းမှာ "ဘယ်လောက်မြန်မြန်ဆန်ဆန်ငွေပြန်ပေါ်မလဲ"ဟူ၍ပင်ဖြစ်သည်။ ဘာတွေအလကားရနိုင်သလဲဆိုသည်ကိုလည်း သူတို့သိလိုကြသည်။ ဥပမာအားဖြင့် ကျွန်တော် နေထိုင်ရာအနီးရှိ အပေါင်ဆုံး တိုက်ကြီး တစ်လုံးကို ဒေါ်လာ ၇၀,၀၀၀/-ဖြင့်ဝယ်ယူ လိုက်သည့် ကျွန်တော့် ကုမ္ပဏီက ထိုအဆောက်အဦးကြီးကို အငှားချထားလိုက်ရာ ဆောင်းရာသီကာလအတွင်းပင် တစ်လလျှင် ဒေါ်လာ ၂၅၀၀ ရရှိသည်။ တချို့သောဆောင်းခိုသူများက လေးလခန့်ကြာအောင်ပင် ငှားကြသည်။ ကျန်သည့်အချိန်တွင်မူ တစ်လ ဒေါ်လာ ၁၀၀၀ခန့် သာရရှိသည်။ ထို့ကြောင့်သုံးနှစ်အတွင်းတွင် ကျွန်တော်ရင်းနှီး ထားသောငွေကို ပြန်ရရှိမည်။ ယခုလက်ရှိတွင်မူ ကျွန်တော်သည် အဘိုးတန် အိမ်ကြီးကို ပိုင်ဆိုင်ထားပြီး ၎င်းက လစဉ်လတိုင်း ဝင်ငွေများ ရရှိနေစေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီစတော့စသည်တို့တွင်လည်း ထိုအတိုင်းပင်ဖြစ်သည်။ ထုတ်ကုန်အသစ်ထုတ်ဖို့ခြေလှမ်းပြင်နေသည့် ကုမ္ပဏီ၏စတော့များကို ဝယ်ယူဖို့ ကျွန်တော့ပွဲစားက တိုက်တွန်းလာသည်။ ထို့ကြောင့် ကျွန်တော်ဝယ်ယူလိုက်ရာ တစ်လအတွင်းမှာပင် စတော့ဈေးတွေတက်သွားသည်။ ထိုအခါ ကျွန်တော့်စာရင်းပြန်ပေါ်ဖို့အတွက် စတော့တစ်ချို့ကို ထုတ်ရောင်းလိုက်သည်။ နောက်ပိုင်းအတွက် ဈေးအတက်အကျကို ပူနေစရာမလိုတော့ပါ။ ကျွန်တော့အရင်းငွေပြန်ရထားပြီးဖြစ်သောကြောင့်ပင်တည်း။

အချို့သော အကြောင်းအရာအတော်များများမှာ ကျွန်တော်ရှုံးဖူးပါသည်။ သို့သော်လည်း အရှုံးခံနိုင်သော အတိုင်းအတာလောက်ဖြင့်သာ ကျွန်တော်ကစားခြင်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုကို ဆယ်စုလောက်လုပ်ကိုင်ပါက အမှန်တကယ် သိသိသာသာမြတ်စွန်းသောလုပ်ငန်းက နှစ်ခုသုံးခုသာ ရှိပါသည်။ ငါးခု၊ ခြောက်ခုလောက်ကဘာမှမထူးခြားလာဘဲ၊ နှစ်ခုသုံးခု လောက်က အရှုံးနှင့် ရင်ဆိုင်ရသည်။ သို့သော်လည်း ထိုအရှုံးသည် မြတ်ထားသောငွေများပြန်ရှုံးခြင်းသာဖြစ်ပါသည်။

သာမန်သူလိုကိုယ်လိုလူတွေက သူတို့ငွေကိုဘဏ်တွင်အပ်နှံကြသည်။ ရေရှည်အားဖြင့် ဘာမှမရှိတာထက်စာလျှင် စုငွေရှိခြင်းက အနည်းငယ်ပိုကောင်းပါသည်။ သို့သော်လည်း ငွေစုရသည်မှာ အချိန်ကြာလွန်းပြီး ဘဏ်ကလည်းဘာမှ ရမည်မဟုတ်ပါ။

ကျွန်တော့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင်မူ အမြဲဆိုသလို



တစ်စုံတစ်ရာကိုတော့ အလကားရရှိသည်သာဖြစ်သည်။ ဂိုဒေါင်ငယ်လေးတစ်လုံး၊ မြေကွက်လပ်တစ်ကွက်၊ အိမ်ငယ်တစ်လုံး စသည်ဖြင့် ကျွန်တော့်အရင်းငွေပြန်ပေါ်ပြီးသည်နောက်တွင် ထိုပစ္စည်းများကို အလကားရသွားသည့်သဘောဖြစ်သွားပါသည်။ အမြော်အမြင်ရှိသော လုပ်ငန်းရှင်များက အရင်းမြန်မြန်ပြန်ပေါ်ဖို့နှင့် အလကားရမည့်ပစ္စည်းကို ကြည့်ကြသည်။

## ဂ။ ဇိမ်ခံပစ္စည်းများကို ရင်းနှီးမြှုပ်နှံထားသော ပစ္စည်းဥစ္စာများက ဝယ်ပေးသည်

၎င်းမှာ အာရုံကိုအထူးပြုစူးစိုက်ခြင်း၏ စွမ်းအားဖြစ်သည်။ ကျွန်တော့်မိတ်ဆွေတစ်ဦးတွင် အသက်(၁၆)နှစ်ခန့်သာရှိသောသားငယ်တစ်ဦးရှိသည်။ ထိုကလေးကကိုယ်ပိုင်ကားလိုချင်ကြောင်း ဖခင်ဖြစ်သူကို ပူဆာသည်။ အကြောင်းမှာ သူငယ်ချင်းများ၏ မိဘများက သူ့တို့ကလေးများကို ကားဝယ်ပေးကြသည့်အတွက်ဖြစ်သည်။ သူ၏သားက စုငွေကိုထုတ်ပြီး ငွေချေချင်သည်။ ထိုအခါ မိတ်ဆွေက ကျွန်တော့်ထံမှ အကြံဉာဏ်တောင်းသည်။

"ခင်ဗျားသားရဲ့ မော်တော်ကားလိုချင်စိတ်ကို အသုံးချပြီး တစ်ခုခုကို လေ့လာသင်ယူချင်အောင် လှုံ့ဆော်ပေးလို့မရဘူးလား" ဟု ကျွန်တော်ပြောလိုက်သောအခါ ရုတ်တရက် သူအကြံရသွားပုံပေါ်သည်။ အိမ်သို့အလျင်အမြန်ပြန်သွားတော့သည်။ နောက်နှစ်လခန့်အကြာတွင် ကျွန်တော့်တို့ ပြန်ဆုံကြသောအခါ မေးကြည့်လိုက်မိသည်။ "ဟင့်အင်း- ကားတော့မရသေးပါဘူး။ ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com



သူတက္ကသိုလ်တက်ဖို့စုထားတဲ့ငွေတော့ မထုတ်နဲ့။ ဒေါ်လာ ၃၀၀၀ ငါထုတ်ပေးမယ်။ အဲဒီငွေကို အကျိုးရှိအောင်သုံးလို့ပြောလိုက်တယ်"

ထိုနောက်တွင် သားဖြစ်သူပိုင်ဆိုင်သောငွေဖြင့် ကားဝယ်ခွင့်မပြုဘဲ၊ ထိုငွေဖြင့်ရင်းနှီးမြှုပ်နှံမှုလုပ်ပြီး ငွေရှာဖို့ အကြောင်းနှင့် ဒေါ်လာ ၆၀၀၀ ရရှိပြီဆိုပါက အမြတ်ငွေ ဒေါ်လာ ၃၀၀၀ဖြင့် ကိုယ်ပိုင်ကားဝယ်နိုင်ပြီဖြစ်ကြောင်း တက္ကသိုလ်ပညာ သင်စရိတ်စုငွေထဲသို့ ရင်းနှီးငွေဒေါ်လာ ၃၀၀၀ ထည့်ရမည်ဖြစ်ကြောင်း ထိုမိတ်ဆွေက ပြောပြသည်။ ထိုနောက်သူက ပြောပြသည်မှာ-

"ပထမပိုင်းမှာတော့ကံကောင်းတယ်ဗျ၊ဒါပေမယ့် နောက်မကြာခင်မှာပဲသူမြတ်တာလေးပြန်ကုန်သွားတယ်၊ နောက်ပိုင်းသူလေးလေးနက်နက်စိတ်ဝင်စားလာတဲ့အခါ သူ့မှာ ဒေါ်လာ ၂၀၀၀ လောက်ပဲရှိတော့တယ်၊ကျွန်တော်ဝယ်ပေးတဲ့ စီးပွားရေးလုပ်ငန်း စာချုပ်တွေအကုန်ဖတ်ပြီးသွားတဲ့အပြင် စာကြည့်တိုက်မှာတောင် သွားငှားပြီးဖတ်တော့တာ။ ခုဆို ဒေါ်လာ ၁၀၀၀ လောက်ပဲကျန်တော့ဒီငွေသာကုန်သွားရင် နောက် နှစ်ထပ်စုရမည်ဆိုတော့ သူသိနေပေမယ့် သိပ်အလေးထားပုံမရဘူး။ ကားဝယ်ဖို့တောင် သိပ်ဂရုမစိုက်တော့ဘူး။ ဒီထက်ပိုကောင်းတဲ့ ကစားနည်းကို သဘောကျနေတာကိုး။"ငွေတွေသာကုန်သွားရင် ဘယ်လိုလုပ်မလဲ"ဟု ကျွန်တော်မေးလိုက်သည်။"ဒါကတော့ဗျာ- အခုကျွန်တော်တို့အရွယ်ရောက်မှကုန်သွားတာထက်စာရင် သူ့အသက်အရွယ်လောက်မှာကုန်တာကမှ တော်လိမ့်ဦးမယ် ထင်တယ်" "ကျွန်တော်သူ့ပညာရေးအတွက် သုံးခဲ့တဲ့ငွေတွေထဲမှာ ဒီဒေါ်လာ၃၀၀၀ဟာ



တန်ဖိုးရှိဆုံးပါပဲ။ ခုဆိုရင် သူရလိုက်တဲ့ပညာ အတွေ့အကြုံကတစ်သက်လုံးသူ့ကိုအလုပ်အကျွေးပြုတော့မယ်၊ ငွေရဲ့စွမ်းအားကိုလေးစားလာပုံရတယ်။"

ကျွန်တော်ဆိုခဲ့သလိုပင် လူတစ်ဦးသည် မိမိကိုယ်ကိုထိန်းသိမ်းနိုင်စွမ်းမရှိလျှင် ချမ်းသာကြွယ်ဝအောင် အားထုတ်ခြင်းမပြုလုပ်သည်က အကောင်းဆုံးဖြစ်သည်။ ရပိုင်ခွင့်မှ ငွေသားဖြစ်အောင် ပြုလုပ်ဖို့စာတွေ့အရ လွယ်ကူသော်လည်း လက်တွေ့တွင်မူ စိတ်ဓာတ်ကိုထိန်းသိမ်းဖို့ပင်ဖြစ်သည်။ ပြင်ပမှ မက်လုံးများကြောင့် အသုံးစရိတ်များ မတန်တဆတက်လာနိုင်သည်။စိတ်ဓာတ်အားနည်းသောကြောင့် လွယ်ကူသောနေရာသို့သာ ငွေကြေးကစီးဆင်းသွားလေသည်။ ငွေကို အလွယ်သုံးခြင်းသည် ဆင်းရဲခြင်းနှင့်ငွေကြေးကျပ်တည်းခြင်း၏ အကြောင်းရင်းပင် ဖြစ်သည်။

ကျွန်တော်တို့သည် ငွေကြေးရရှိရန် အလုပ်လုပ်ဖို့အတွက်အသက်မွေးဝမ်းကျောင်းပညာရပ်ကို သင်ယူဆည်းပူးကြသည်။ ကျွန်တော့်ထင်မြင်ချက်ကို ပြောရမည်ဆိုလျှင် ကိုယ့်အတွက်အလုပ်လုပ်ပေးမည့်ငွေကို မည်သို့ရှာဖွေရမည်ဆိုသည်ကိုလည်း လေ့လာသင်ယူဖို့ အရေးကြီးသည်ဟု ယူဆပါသည်။ တစ်ချို့က အဆိုပါဇိမ်ခံ ပစ္စည်းများကို အကြွေးစနစ်ဖြင့် ဝယ်ကြသည်။ ကျွန်တော်က ထိုသို့ ပေးရန်တာဝန်ကိုအသုံးပြုမည့်အစား ရပိုင်ခွင့်ကဏ္ဍကိုအသုံးပြု ခဲ့လေသည်။ ယခုအခါတွင် လူအများသည် လိုချင်သည့်ပစ္စည်းများ ဝယ်ဖို့အတွက် အလွယ်တကူ ငွေချေးဖို့လောဘသာအာရုံစိုက်ပြီး ဝင်ငွေရဖို့ကိုတော့ အားမထုတ်ကြပေ။ ငွေချေးခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဟူသည် လက်ငင်းအဆင်ပြေသော်လည်း တဖြည်းဖြည်း အကျပ်အတည်းဖြစ်သွားသည်။

သင်နှင့်တကွ ခင်မင်ရင်းနှီးသူများကို ငွေကြေးနှင့်ပတ်သက်ပြီး ငယ်ရွယ်စဉ်ကတည်းကသင်ကြားလေ့ကျင့် ပေးနိုင်လေ ပိုကောင်းလေဖြစ်သည်။ ငွေသည်အင်အားကြီးသော စွမ်းအားတစ်ရပ်ဖြစ်သော်လည်း လူတို့က ထိုစွမ်းအားကို သူတို့ပျက်စီးရာပျက်စီးကြောင်းအတွက်သာ အသုံးချနေကြသည်။ ငွေကြေးအသိပညာချို့တဲ့လျှင် ငွေကသင့်ကို လွှမ်းမိုးသွားမည်။ သင်က ငွေထက်ပို၍ တတ်ကျွမ်းနေလျှင် ထိုငွေကသင့်အား အလုပ်လုပ်ပေးပါလိမ့်မည်။

ငွေကို ကိုင်တွယ်နိုင်ဖို့ သင်ကပို၍ပါးနပ်နေရပါမည်။

## ၉။ သူရဲကောင်းများလိုအပ်ခြင်း။

ငယ်ရွယ်စဉ်က ကျွန်တော်သည် ဝီလီမေးစ်၊ ဟန့်စ်အေရွန်၊ ယိုဂီဘာရာတို့ကို အလွန်အားကျခဲ့သည်။ သူတို့ကဲ့သို့ ကျွန်တော်ဖြစ်ချင်ခဲ့သည်။ သူတို့၏ ဘေ့စ်ဘောကတ်ပြားများကို မြတ်နိုးစွာသိမ်းဆည်းထားပြီး သူတို့နှင့်ပတ်သက်သမျှကို ကျွန်တော်အကုန်သိလိုခဲ့သည်။

ကျွန်တော်(၁၀)နှစ်သားအရွယ်ခန့်က ဘေ့စ်ဘောကစားပြီဆိုလျှင် ကျွန်တော့်ကိုယ်ကျွန်တော် ယိုဂီသို့မဟုတ် ဟန့်စ်ဟုထင်မြင်နေသည်။ လူကြီးဖြစ်လာသောအခါ ထိုအရာများမေ့ပျောက်သွားလေပြီ။ ယခုအခါ ကျွန်တော်အိမ်အနီးမှ လူငယ်များ



ဘတ်စ်ကတ်ဘောကစားသည်ကို ကြည့်နေမိသည်။ ကျွန်တော့်အာရုံထဲတွင် သူတို့သည် မိုက်ကယ်ဂျော်ဒန်သော်လည်းကောင်း၊ ဆာချားလ်စ် သို့မဟုတ် ကလိုဒ်သော်လည်းကောင်းဖြစ်နေလေပြီ။ နာမည်ကျော်သော သူရဲကောင်းများအတိုင်း လိုက်၍ တုပခြင်းသည် လေ့လာဆည်းပူးခြင်း၏ စွမ်းအားမှန်ဖြစ်သည်။

အရွယ်ရောက်လာသောအခါတွင်လည်း ကျွန်တော့်အတွက် သူရဲကောင်းအသစ်များရှိလာသည်။ ပီတာဂျက်ကော့က်ဆင်နှင့် တိုက်ဂါးဝုဒ်တို့ကဲ့သို့သော ဂေါက်သီးချံပီယံများ၊ ဒေါ်နယ်ထရမ်ပ့်ပီတာလင်ချ်၊ ဂျော့ဆရော့စ်တို့ကဲ့သို့သော စီးပွားရေးလုပ်ငန်းရှင်ကြီးများ စသောသူတို့၏ အကြောင်းအရာများကို ရှာဖွေဖတ်ရှုပြီး မှတ်သားလေ့လာသည်။ ထိုသူရဲကောင်းများက ကျွန်တော့်အား စိတ်ဓာတ်တက်ကြွစေသည်။ သူတို့၏ လုပ်ဆောင်ချက်အဖြစ်အပျက်များကို လွယ်ကူသည်ဟု ထင်လာစေသည်။ ထိုသို့ထင်မြင်ချင်က သူတို့လုပ်နိုင်ရင် ငါလည်းလုပ်နိုင်မှာပေါ့ ဟူသောအတွေးမျိုး ပေါ်ပေါက်စေသည်။

လူအများအပြားက ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်လျှင် အလွန်တရာခက်ခဲနေသကဲ့သို့ ပြောဆိုကြသည်။ ထိုသို့ စိုးရိမ်ကြောက်ရွံ့နေမည့်အစား ရင်းနှီးမြှုပ်နှံမှုအပေါ် လွယ်ကူသည်ဟု ထင်မြင်လာစေမည့် သူရဲကောင်းများကို ရှာဖွေအတုယူပါလေ။

## ၁၀။ သင်ကြားပေးပါက ပြန်ရလိမ့်မည်။

ရင်းမှာ ပေးကမ်းခြင်း၏ စွမ်းအားပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏အဖေနှစ်ဦးစလုံးသည် သင်ကြားပေးသူမျာ းဖြစ်ကြသည်။ ချမ်းသာသောအဖေက တစ်သက်လုံးလိုက်နာကျင့်ကြံခဲ့သည့် သင်ခန်းစာတစ်ခုကို သင်ပေးခဲ့သည်။ ၎င်းမှာစွန့်ကြဲ၊ ပေးကမ်း၊ လှူဒါန်းဖို့လိုအပ်သည်ဟူသော အချက်ဖြစ်သည်။ ပညာတတ်သောအဖေက အချိန်ကိုသော်လည်းကောင်း၊ ဗဟုသုတကိုသော်လည်းကောင်း၊ပေးကမ်းကူညီဖို့သင်ပေးခဲ့သည်။ သို့သော်သူအနေဖြင့် ငွေကြေးကိုတော့ မစွန့်ကြဲနိုင်ခဲ့ပါ။ အကြောင်းမှာ သူ့ထံ၌တစ်ခါမှ ငွေပိုငွေလျှံမရှိသောကြောင့် ဖြစ်သည်။

ချမ်းသာသောအဖေကမူ ပညာနှင့်တကွ ငွေကြေးကိုပါ ပေးကမ်းစွန့်ကြဲခဲ့သည်။ သူက ဝင်ငွေ၏ ဆယ်ပုံတစ်ပုံကို ယုံကြည်စွဲမြဲစွာ လှူဒါန်းသည်။ "တစ်ခုခုလိုချင်ရင် အရင်ဆုံးပေးရတယ်ကွ" ဟုအစဉ်တစိုက်ပြောဆိုခဲ့သည်။ သူ့ထံတွင် ငွေကြေးကျပ်တည်းပြီဆိုလျှင် ဘုရာကျောင်းကိုသော်လည်းကောင်း၊ ကုသိုလ်အဖြစ်အဖွဲ့အစည်းများကိုသော်လည်းကောင်း လှူဒါန်းလိုက်သည်သာတည်း။

သင့်အတွက်တစ်ခုခုလိုအပ်နေသည်ဆိုလျှင်လည်း ဦးစွာပထမ လှူဒါန်းလိုက်ပါ။ ထိုထက်မက များစွာ ပြန်ဝင်လာပါလိမ့်မည်။ အသွားရှိလျှင် အပြန်ရှိသည်ဟူသော အခြေခံသဘောတရားကဲ့သို့ပင် ငွေကြေးအတွက်တင်မက ရင်းနှီးဖော်ရွေချစ်ခြင်းမေတ္တာစသည်တို့တွင်လည်း အားလုံးအတူတူပင်ဖြစ်သည်။မိမိလိုချင်သောအရာကို ဦးစွာပေးကမ်းစွန့်ကြဲလိုက်သောအခါ ထိုအရာသည် ကျွန်တော့်ထံအမြဲပြန်လာပါသည်။

လူအများကို ကျွန်တော်ကပင်စတင်ပြီး ရယ်ပြုံးနှုတ်ဆက်



ပြုလိုက်သောအခါ ကျွန်တော့်ဘေးပတ်ပတ်လည်တွင် ရယ်ပြုံးနှုတ်ဆက်သူတွေ အများအပြားဖြစ်လာပါတော့သည်။ တစ်ခါတစ်ရံတွင် ပေးကမ်းပြီး ဘာမှပြန်မလာသည့်အခါများလည်းရှိ၏။ သေချာစွာဆန်းစစ်လေ့လာကြည့်ပါက ကျွန်တော့်ပေးကမ်းမှုသည် ပြန်လည်ရရှိလိုမှုကြောင့်တစ်ကြောင်း၊ စေတနာသန့်သန့်မဟုတ်သောကြောင့်တစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် သင့်အနေဖြင့် စေတနာထက်သန်စွာဖြင့်သာ လှူဒါန်းပေးကမ်းပါက စွမ်းအားများကလည်းသင့်အား စေတနာထားပါလိမ့်မည်။

---

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

## ရှေ့ဆက်လုပ်ဆောင်ရမည့်အရာများ

လူအများအနေဖြင့် ကျွန်တော်ပြောခဲ့သောအချက်ကို ကျေနပ်နိုင်ခြင်းရှိချင်မှ ရှိမည်။ ၎င်းတို့ကို အတွေးအမြင်များဟု သူတို့သဘောထားကြလိမ့်မည်။ တကယ်တမ်းတွင် အတွေးအမြင်များကိုနားလည်သဘောပေါက်ခြင်းသည်လည်း အရေးကြီးသောအချက်တစ်ရပ်ဖြစ်ပါသည်။ လူအများသည် စဉ်းစားတွေးခေါ်မှုထက် လုပ်ဆောင်မှုကိုသာ ပြုလုပ်လိုကြသည်။ တစ်ချို့ကလည်း လုပ်ဆောင်မှုထက်ပို၍ စဉ်းစားတွေးခေါ်နေချင်သူတွေလည်း ရှိသည်။ ကျွန်တော့်အနေနှင့်ပြောရလျှင် နှစ်မျိုးစလုံးပေါ်တွင် နှစ်သက်မှုရှိသည်။ အတွေးအခေါ်အသစ်အဆန်းများကိုရောလုပ်ဆောင်မှုများကိုပါ သဘောကျပါသည်။

ကနဦးအစပိုင်းတွင် ကျွန်တော်ကိုယ်တိုင် လုပ်ဆောင်ခဲ့သည်များကို လက်ဆင့်ကမ်းလိုက်ပါသည်။

လုပ်လက်စအလုပ်ကိုရပ်လိုက်ပြီး သို့မဟုတ် ခေတ္တနားခြင်း၍ အလုပ်ဖြစ်၊မဖြစ်ကို အကဲဖြတ်ပါ။ တစ်မျိုးတည်းကိုသာ လုပ်နေပြီး ကွဲပြားသောအဖြေကို မျှော်လင့်နေခြင်းသည် ရူးသွပ်ခြင်းပင်ဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်သည်။ ထို့ကြောင့် မဖြစ်ထွန်းသောအလုပ်ကိုရပ်ပြီး အဆင်ပြေမည့်အသစ်တစ်ခုခုကို ရှာဖွေကြံစည်ပါ။

အကြံဉာဏ်၊ စိတ်ကူးအသစ်များကို ရှာဖွေကြံဆပါ။ ကျွန်တော်တုန်းကမူ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သောအကြံဉာဏ်



သစ်များရရှိအောင် ရှားပါးဘာသာရပ်များနှင့် သက်ဆိုင်သည့် စာအုပ်များကို ရှာဖွေဝယ်ယူသည်။ ထိုစာအုပ်ထဲမှ လုပ်ဆောင်မှုအစီအစဉ်အတိုင်း လိုက်နာလုပ်ဆောင်သည်။

* သင်လုပ်ချင်သောအရာကို လုပ်ဆောင်ထားဖူးသူကို ရှာဖွေပါ။ သူတို့ကိုကျွေးမွေး၍ အကြံဉာဏ်၊ ထင်မြင်ချက်များကို မေးမြန်းပါ။

* သင်တန်းများကိုတက်ပါ။ သတင်းစာများထဲမှ စိတ်ဝင်စားဖွယ်ကောင်းမည့် သင်တန်းသစ်ကြော်ငြာများကို ရှာဖွေပြီး တက်ရောက်လေ့လာပါ။ အချို့သင်တန်းများက အခမဲ့ဖြစ်ပြီး၊ အချို့က ငွေကြေးအနည်းငယ်ယူသည်။ ကျွန်တော်သည်လည်း လေ့လာလိုချင်သည့် အကြောင်းအရာနှင့် ပတ်သက်သည့်သင်တန်းဆိုလျှင် ငွေကုန်ကြေးကျခံကာ တက်ရောက်သည်။ ထို့ကြောင့်လည်း ယခုကျွန်တော် ကြွယ်ဝချမ်းသာနေရခြင်းဖြစ်သည်။ ထိုသင်တန်းများတက်ခြင်းသည် ငွေဖြုန်းတီးခြင်းဖြစ်သည်ဟု ပြောဖူးသောမိတ်ဆွေတစ်ချို့ရှိသည်။ ယခုထက်တိုင် သူတို့သည် လုပ်မြဲတိုင်းအလုပ်မှာပင် ဆက်လက်လုပ်နေကြရသည်။

* များစွာသောကမ်းလှမ်းချက်များကို ပြုလုပ်ပါ။ အိမ်မြေအရောင်းအဝယ်လုပ်ချင်သည်ဆိုလျှင် အနေအထားကို ကြည့်ပြီး ဈေးပေးခဲ့သည်၊ ဈေးအမှန်ကိုမူ မည်သူမှ မသိပါ။ ဈေးဖြစ်ဖို့မှာ အိမ်မြေလုပ်ငန်းကိုယ်စားလှယ်၏ အလုပ်ဖြစ်သည်။ သူတို့က ကမ်းလှမ်းချက်များကို ပြုလုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်မဟုတ်သူများသည် တစ်ခုခုကို ရောင်းချဖို့ကြိုးစားနေသူ၏ ခံစားချက်ကိုမသိကြပါ။ ယခင်တစ်ချိန်က မြေကွက်သေးလေးတစ်ကွက်ရောင်းဖို့ ကျွန်တော်ကြိုးစားနေသည်မှာ လပေါင်းအတော်ကြာသွားခဲ့သည်။ ကျွန်တော့်အား ဝက်ဆယ်ကောင်နှင့်အလဲအလှယ်ပြုဖို့ ကမ်းလှမ်းလာလျှင်လည်း ဝမ်းမြောက်ဝမ်းသာလက်ခံမိမည်ဖြစ်သည်။ ကမ်းလှမ်းချက်ကို နှစ်သက်လွန်း၍တော့မဟုတ်။ ကျွန်တော်ရောင်းမည့်ပစ္စည်းကို စိတ်ဝင်စားသူရှိမှန်းသိသောကြောင့်ဖြစ်သည်။ထိုအခါတွင် ဝက်ခြံတစ်ခြံလုံးစာနှင့် လဲမည်ဟု တန်ပြန်ပြီး ကျွန်တော်ဈေးခေါ်နိုင်မည်။ ထိုကဲ့သို့ဝယ်ရောင်းကစားပွဲ ကစားရသည်မှာ စိတ်ဝင်စားဖွယ်ရာကောင်းပါသည်။ ထို့ကြောင့် ကမ်းလှမ်းချက်များကို သာပြုလုပ်ပါ။ တစ်ဦးဦးထံမှ တုံ့ပြန်မှု ပြန်လာပါလိမ့်မည်။

လုပ်ငန်းတစ်ခုလုံးတည့်မတ်ဖို့နှင့် ရွေးချယ်မှုမှန်ကန်ဖို့ ဝန်ထမ်းရွေးချယ်မှု မှန်ကန်ဖို့အတွက် ဈေးကွက်များရှိရာသို့သင် ကိုယ်တိုင် သွားရမည်။ လူအမြောက်အများနှင့် စကားပြောပြီး ကမ်းလှမ်းချက်များပြုလုပ်ရမည်။ ထိုနောက်တုံ့ပြန်ခြင်း စေ့စပ်ညှိနှိုင်းခြင်း၊ ငြင်းပယ်ခြင်းလက်ခံခြင်းစသည်တို့ကို ပြုလုပ်ရမည်။ သင်သည် အိမ်မှာထိုင်ပြီး စောင့်မျှော်နေမည့်အစား ဈေးကွက်ရှိရာသို့ ကိုယ်တိုင်သွားရောက်ခြင်းက အကောင်းဆုံးဖြစ်ပါသည်။ အောက်ဖော်ပြပါ အဆင့်များသည် ဘဝတစ်လျှောက်တွေ့ကြုံရမည့်ကိစ္စတိုင်းတွင် ကျင့်ကြံလုပ်ဆောင်ရမည့် အဆင့်များဖြစ်ပါသည်။



* ကျွန်တော့်အတွက် အကျိုးရှိသော အိမ်မြေရောင်းဝယ်ကိစ္စများကို အပြေးလေ့ကျင့်ရင်းဖြင့် တွေ့ရှိရခြင်းဖြစ်သည်။ ထို့ကြောင့် မကြာခဏလမ်းလျှောက်ခြင်း၊ အပြေးလေ့ကျင့်ခြင်းပြုလုပ်ပါ၊ ကျွန်တော်မပြတ်စောင့်ကြည့်နေသည်က အပြောင်းအလဲပင်ဖြစ်သည်။ ဝယ်ရောင်းလုပ်ပါက အမြတ်ရနိုင်သော အကြောင်းအရာနှစ်ရပ်မှာ ဈေးဆစ်ခြင်းနှင့် ပြောင်းလဲခြင်းဖြစ်သည်။

* စတော့ဈေးကွက်တွင်မူ တန်ဘိုးတက်လာနိုင်မည့်စတော့များကို ရွေးချယ်ဝယ်ယူဖို့အရေးကြီးသည်။ ထိုသို့တန်ဖိုးအကဲဖြတ်သည့်သဘောတရား၏ အခြေခံမှာ မည်သည့်လုပ်ငန်းနယ်ပယ်တွင်မဆိုအားလုံး အတူတူပင်ဖြစ်သည်။

* မည်သည့်အတွက်ကြောင့် စားသုံးသူများအမြဲတမ်းဆင်းရဲနေရသနည်း၊ စတော့ဈေးကွက်တွင် စတော့ဈေးထိုးကျပါက အဆိုပါစတော့ကို မပတ်သတ်မိအောင် စားသုံးသူအများက ရှောင်ကျဉ်ကြသည်။ ကုန်ပဒေသာဆိုင်တစ်ခုတွင် ဈေးတက်လျှင် စားသုံးသူတို့ကအခြားတစ်ခုတွင် သွားရောက်ဝယ်ယူကြသည်။ ဈေးကွက်တွင် စတော့ဈေးတက်ပြီဆိုလျှင် အသည်းအသန်လိုက်ဝယ်ကြတော့သည်။

* ကျွန်တော်က အငှားအိမ်ခန်းများပါသောတိုက်တစ်လုံးကို ဒေါ်လာငါးသောင်းဖြင့်ဝယ်သည်။ ကျွန်တော့် မိတ်ဆွေက အဆိုပါအိမ်မျိုးကိုပင် ဒေါ်လာတစ်သိန်းဖြင့် ဝယ်လိုက်သည်။ စျေးတက်

www.burmeseclassic.com

www.burmeseclassic.com



မည့်အချိန်ကို စောင့်နေသည်ဟု သူကျွန်တော့်ကိုပြောသည်။ အမှန်ဘ အမြတ်ဟူသည်မှာ ဝယ်စဉ်မှာမှ ရခြင်းဖြစ်ပြီးရောင်းသည့် အချိန်မှ ရခြင်းမဟုတ်ကြောင်း၊ ကျွန်တော်ရှင်းပြလိုက်သည်။ ထိုသို့ တတ်မြောက်ဖို့ အိမ်မြေရင်းနှီးမြှုပ်နှံမှုသင်တန်းကို ဒေါ်လာ ၅၀၀ ပေးပြီးကျွန်တော်တက်ခဲ့သည်။ သူကမူ အချိန်ကုန်ငွေကုန်မခံနိုင်ကြောင်းပြောသည်။ ထိုအတွက် ဈေးတက်မည့်အချိန်ကို စောင့်နေရုံသာရှိတော့သည်။

* ကျွန်တော်တို့ ဝယ်မည့်သူကို ပထမရှာပြီးမှ ရောင်းချင်သူတစ်ဦးဦးကိုရှာသည်။ လူအများစုသည် သူတို့နိုင်သလောက်သာ ဝယ်လိုကြသည်။ ထိုအခါ အနည်းနှင့် အများဆိုသလိုဈေးကြီးပေးဝယ်ကြရသည်။ အသေးအဖွဲ့လေးသာကြံစည်သူသည် အမြတ်အခွန်ကြီးမားစွာရလေ့မရှိ။ ချမ်းသာကြီးပွားလိုလျှင် မြင့်မြင့်မားမား ကြံစည်ပါ။

ကုန်ပစ္စည်းအများအပြားဝယ်သူများသည် ကော်မရှင်များများရကြသည်။ အဘယ့်ကြောင့်ဆိုသော် အများအပြားဝယ်သူများကို စီးပွားရေးသမားများက သဘောကျကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့် သင်သည်ပမွှားလေးဖြစ်နေသည့်တိုင်အောင် လုပ်ငန်းကြီးကြီးမားမားကို ကြံစည်နိုင်ပါသည်။ ကွန်ပျူတာဈေးကွက်ထဲမှာ ကျွန်တော့်ကုမ္ပဏီရှိနေစဉ်က မိတ်ဆွေအများအပြားထံ ဆက်သွယ်ပြီး ကွန်ပျူတာဝယ်ဖို့အသင့်ဖြစ်နေပြီလာဟုမေးသည်။ ထို့နောက် ကော်မရှင်များများပေးဖို့အတွက် ကွန်ပျူတာအရောင်းဆိုင်



အသီးသီးကိုသွားရောက်ပြီး ညှိနှိုင်းကြသည်။

ဒင်းမှာ ကျွန်တော်တို့က အလုံးရေမြောက်မြားစွာ ဝယ်သောကြောင့် ဖြစ်သည်။ စတော့ဈေးကွက်တွင်လည်း ထိုနည်းအတိုင်းပြုလုပ်ခဲ့သည်။ သေးကွေးသူတို့က သေးသေးလေးဘဲ ကြံစည်ကြသောကြောင့်ကြီးကြီးမားမားမဖြစ်လာကြပေ။

* ပြီးသွားသောသမိုင်းစဉ်မှ ပညာယူပါ။ စတော့ဈေးကွက်တွင်းရှိ ကုမ္ပဏီကြီးများသည် ကုမ္ပဏီငယ်လေးများအဖြစ်မှ စတင်ခဲ့သည်သာ ဖြစ်သည်။ဗိုလ်မှူးကြီးစန်းဒါးစ်ဆိုလျှင် ရှိသမျှအားလုံးကုန်သွားပြီး အသက်(၆၀)ကျော်မှ သန်းကြွယ်သူဌေးဖြစ်လာသည်။ ဘီလ်ဂိတ်စ်သည် အသက်(၃၀)မတိုင်ခင်မှာပင် ကမ္ဘာ့အချမ်းသာဆုံးစာရင်းဝင် ဖြစ်နေလေပြီ။

* ငြိမ်သက်နေမှုကို တက်ကြွလှုပ်ရှားမှုက အစဉ်အမြဲအနိုင်ရသည်။

အထက်ပါအချက်အလက်များမှာ ကျွန်တော်လုပ်ဆောင်ခဲ့သည်များထဲမှ တစ်ချို့တစ်ဝက်သာဖြစ်ပါသည်။ ဤစာအုပ်တွင် အဖန်တလဲလဲ တင်ပြခဲ့သည့်အတိုင်း ငွေကြေးအကျိုးအမြတ်ရရှိအတွက် သင်ကိုယ်တိုင်တက်ကြွစွာ လှုပ်ရှားမှုပြုရပါမည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## – နိဂုံး –

ကလေးတစ်ဦး၏ တက္ကသိုလ်ပညာသင်စရိတ်ကို ဒေါ်လာ ၇၀၀၀ တည်းဖြင့် ထောက်ပံ့သောနည်း။

ဤစာအုပ်ကိုရေးသားပြုစုရခြင်း၏ အဓိကရည်ရွယ်ချက်မှာငွေကြေးဆိုင်ရာအသိပညာဖွံ့ဖြိုးပါက သာမန်ဘဝပြဿနာဖွံ့များကိုဖြေရှင်းပေးနိုင်ကြောင်း သိစေလိုခြင်းသာဖြစ်သည်။ ထိုပညာ ကိုသင်ယူထားခြင်းမရှိပါက အများသူငါလုပ်ဆောင်နေကျနည်းလမ်းများအတိုင်းဘဝကို ဖြတ်သန်းကြသည်။ ၎င်းမှာ အလုပ်ကြိုးစားလုပ်ကိုင်ပြီးငွေစု၊ အခွန်အခများစွာပေးရပြီး ငွေချေးသောလုပ်ဆောင်နေကျနည်းလမ်းများအတိုင်းပင် ဖြစ်သည်။ ကျွန်တော်တို့ ယခုခေတ်အခါတွင် ပိုမိုကောင်းမွန်သောနည်းလမ်းများ လိုအပ်လာပါသည်။

သင့်အနေဖြင့် အငြိမ်းစားယူသည့်အခါ အခက်အခဲမရှိစေရန်နှင့် သင်၏ကလေးပညာကောင်းစွာတတ်မြောက်စေရန် မည်သည့်အစီအစဉ်များကို သင်ချမှတ်ထားပါသလဲ။ သင်ကိုယ်တိုင်ခါးချိအောင်ကြံ့ရုန်းလုပ်မည့်အစား ငွေကြေးအသိပညာကို အသုံးချပါက အဆင်ပြေနိုင်သည်ကို အောက်ပါဥပမာက ဖော်ပြထားသည်။

ကျွန်တော့်မိတ်ဆွေတစ်ယောက်သည် သူ၏ကလေးလေးယောက်အတွက် တက္ကသိုလ်ပညာသင်စရိတ် စုဆောင်းဖို့ခက်ခဲ



လှကြောင်း ညည်းတွားနေသည်။ အကျိုးတူ ရံပုံငွေတစ်ခုတွင် တစ်လလျှင် ဒေါ်လာ ၃၀၀ကို သူစုနေသည်။ ယခုအခါ ဒေါ်လာ ၁၂၀၀၀စုမိနေပြီဖြစ်သည်။ သို့သော်ကလေးများ တက္ကသိုလ်မှ ကျောင်းပြီးသည်အထိ လိုအပ်မည့်ငွေမှာ ဒေါ်လာ ၄၀၀,၀၀၀ ရှိမည်ဟု တွက်ဆထားသည်။ ယခုအခါ အကြီးဆုံးကလေးမှာ (၆)နှစ်သာရှိသေး၍ နောက်ထပ်(၁၂)နှစ်ကြာမှ စုဆောင်းချိန်ရရှိသည်။

အချိန်ကာလမှာ ဖီးနစ်မြို့ငယ်၏ အိမ်မြေဈေးကွက်ပျက်ယွင်းနေချိန်ဖြစ်သည်။ အိမ်ရောင်းသူတွေက များပြားနေသည် ထိုအခါ ကျွန်တော်က မိတ်ဆွေဖြစ်သူအား ထိုအကျိုးတူရံပုံငွေထဲမှ စုငွေတစ်ချို့ဖြင့် အိမ်တစ်လုံးဝယ်ဖို့ အကြံဉာဏ်ပေးလိုက်သည် သူကလည်းစိတ်ဝင်စားပြီး ကျွန်တော်တို့ ဆွေးနွေးကြသည် သူစိုးရိမ်နေသည်က နောက်ထပ်အိမ်တစ်လုံးဝယ်ဖို့ သူ့ထံတွင် ဘဏ်စုငွေမရှိခြင်းဖြစ်သည်။ ကျွန်တော်တို့လည်း တခြားနည်းလမ်းရှိကြောင်းသူ့ကို အားပေးရသည်။

နှစ်ပတ်ခန့်ကြာသောအခါ ကျွန်တော်တို့လိုအပ်ချက်နှင့် ပြည့်စုံသော အိမ်တစ်လုံးကိုတွေ့ရသည်။ အိမ်ရှင်က သူ့အိမ်ကို အမြန်ရောင်းလိုသည်။ သူက ဒေါ်လာ ၁၀၂၀၀၀ ဈေးခေါ်သည်။ ကျွန်တော်တို့က ၇၉၀၀၀ ပေးသည်။ အိမ်ရှင်က ထိုအိမ်ကိုချေးငွေ ဒေါ်လာ ၇၂၀၀၀ ဖြင့်ဝယ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် မိတ်ဆွေဖြစ်သူက ချေးငွေနှင့်ရောင်းဈေး၏ခြားနားချက်ဖြစ်သော ဒေါ်လာ ၇၀၀၀ သာပေးဖို့လိုတော့သည်။ ပြီးစီးသွားသည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မိတ်ဆွေက အိမ်ကိုငှားရမ်းလိုက်သည်။ ထိုအခါ ကုန်ကျစရိတ်အားလုံးပေးပြီး အသားတင်တစ်လလျှင် ဒေါ်လာ ၁၂၅ လောက်ဝင်လာသည်။

ကျွန်တော်၏မိတ်ဆွေကစီစဉ်ထားသည်မှာ အိမ်ကို (၁၂)နှစ်လောက်ငှားထားပြီး အိမ်ပေါင်ချေးငွေကို အမြန်ပေါင်ဆပ်လိုက်မည်။ ဝင်ငွေ ၁၂၅ဒေါ်လာကို လစဉ်အရင်းအနှီးထဲသို့ပြန်ထည့်မည်။ (၁၂)နှစ်ဆိုလျှင် အိမ်ပေါင်ချေးငွေအတော်များများကြေသွားပြီး အကြီးဆုံးကလေးတက္ကသိုလ်တက်ချိန်၌ တစ်လလျှင် ဒေါ်လာ ၈၀၀ ခန့်အပိုဝင်ငွေရနေလိမ့်မည်။ ဈေးတက်လာသည့်အခါတွင် အိမ်ကိုရောင်းလိုက ရောင်းနိုင်သည်။

၁၉၉၄-ခုနှစ်၌ အိမ်မြေဈေးကွက်ကောင်းမွန်သောအခါ မိတ်ဆွေ၏ အိမ်ငှားဖြစ်သူက ထိုအိမ်လေးကို နှစ်သက်လွန်းသဖြင့် ဒေါ်လာ ၁၅၆,၀၀၀ ပေးမည်ဟု ကမ်းလှမ်းသည်။ ကျွန်တော်က သူ့အား ထိုအိမ်ကို ရောင်းပစ်လိုက်ပြီး အခွန်ကင်းလွတ်ခွင့် ဥပဒေကို အသုံးချဖို့ အကြံဉာဏ်ပေးလိုက်သည်။ ယခုသူ့လက်ထဲတွင် ဒေါ်လာ ၈၀,၀၀၀ ခန့် ရှိနေသည့်အတွက် ကုန်လှောင်ရုံအသေးစားလေးတစ်ခုကို ဝယ်ယူစေပြီး အခွန်စည်းကြပ်ခံရမှုကို ရှောင်လိုက်သည်။ နောက်ထပ်သုံးလခန့်အကြာတွင် ကုန်လှောင်ရုံငှားရမ်းခများကို တက္ကသိုလ်အကျိုးတူရံပုံငွေထဲထည့်ဝင်ထားသည့်အတွက် ယခုအခါ စုငွေအများအပြားရရှိလာပြီဖြစ်သည်။

၁၉၉၆-ခုနှစ် ကုန်လှောင်ရုံကလေးကို ရောင်းလိုက်ရာ ဒေါ်လာ ၃၃၀,၀၀၀ နီးပါးရရှိပြီး ၎င်းကိုလုပ်ငန်းအသစ်တစ်ခုတွင်



ရင်းနှီးမြှုပ်နှံလိုက်သည်။ နောက်ထပ်လုပ်ငန်းအသစ်က တစ်လလျှင် ဒေါ်လာ ၃၀၀၀ ကျော်ရရှိသည်။ ၎င်းကိုလည်း တက္ကသိုလ်အကျိုးတူရံပုံငွေထဲကိုပင် ထည့်ဝင်လိုက်သည်။ ယခုအခါ သူမျှော်လင့်နေသော ဒေါ်လာ ၄၀၀,၀၀၀ ကပြည့်မီတော့မည်ဖြစ်သဖြင့် သူစိတ်ချလက်ချ ဖြစ်နေလေပြီ။ ထိုသို့ဖြစ်လာဖို့အတွက် ဒေါ်လာ ၇၀၀၀ နှင့်စတင်ပြီး ငွေကြေးအသိပညာအနည်းငယ်တက်မြောက်ဖို့သာလိုအပ်သည်။ကလေးတွေလည်း တက္ကသိုလ်တက်နိုင်ပြီး သူအငြိမ်းစားယူဖို့လည်း စိတ်အေးနိုင်ပြီဖြစ်သည်။

အထက်ပါအကြောင်းအရာကို ဖတ်ရှုရသည့်အတွက် သင့်အတွက်အမှန်တကယ် အကျိုးရှိသော ငွေ၏စွမ်းအားကို အသုံးချနိုင်သောနည်းလမ်းအား သိရှိမည်ဟု ထင်ပါသည်။ ယခုခေတ်အခါကြီးတွင် ရပ်တည်ရှင်သန်နိုင်ဖို့ ငွေကြေးအသိပညာပြည့်စုံဖို့လိုအပ်သည်။ ငွေရှာဖို့အတွက် ငွေရှိရမည်ဟုသာ တွေးနေသူများသည် ငွေကြေးဆိုင်ရာ အသိပညာကို မသင်ယူခဲ့သောကြောင့်ဖြစ်သည်။ သင် ဝင်ငွေရလိုပါက အတွေးအခေါ်များကို ပြောင်းလဲပစ်ပါ။ ကိုယ်ထူးကိုယ်ချွန်သမားက စိတ်ကူးတစ်ခုဖြင့် လုပ်ငန်းအသေးလေးမှ ကြီးကြီးမားမားဖြစ်အောင် ပြောင်းလဲလိုက်ကြသည်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင်လည်း ဒေါ်လာအနည်းငယ်ဖြင့်စတင်ပြီး လုပ်ငန်းကြီးဖြစ်လာအောင် တူထောင်ယူရသည်သာဖြစ်၏။ ငွေကြေးဆိုင်ရာ အသိပညာကိုတတ်မြောက်ဖို့ဉာဏ်အမြော်အမြင်ရှိဖို့ လိုအပ်ပါသည်။ ငယ်ရွယ်စဉ်အခါကတည်းက ဖောင်၍ကြိုးစားအားထုတ်ပါ။ ကျွန်တော်သည် ဒေါ်လာ ၅၀၀၀ဖြင့် ဒေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



တစ်သန်းတန် အရင်းအနှီးကြီးဖြစ်လာအောင် (၆)နှစ်အတွင်း ထူထောင်ပြီး တစ်လဝင်ငွေဒေါ်လာ ၅၀၀၀ ရအောင်လုပ်ဆောင်နိုင်ခဲ့သည်။ သို့သော် ကျွန်တော်က ငယ်စဉ်ကလေးဘဝကတည်းက သင်ယူဆည်းပူးလာခဲ့သူတစ်ဦးဖြစ်သည်။ ထိုသို့လေ့လာဆည်းပူးဖို့လည်း မခက်ခဲလှပါ။ ထို့ကြောင့် သင်လည်းလေ့လာဆည်းပူးရန် တိုက်တွန်းပါသည်။

ငွေကြေးဟူသည် စိတ်ကူးတစ်ခုမျှသာဖြစ်သည်။ ကိုယ်ပိုင်ဦးနှောက်ဖြင့်အကြံဉာဏ်ထုတ်ပြီးချမ်းသာအောင်ပြုလုပ်ဖို့ စာအုပ်ကောင်းတစ်အုပ်ရှိသည်။ ဆိုလိုရင်းအဓိပ္ပါယ်မှာ အလုပ်ကို ကျိုးလုပ်ပြီး ချမ်းသာအောင်လုပ်ဖို့မဟုတ်ပါ။ ငွေကသင့်အတွက် အလုပ်လုပ်ပေးသည့်ပုံစံမျိုးဖြစ်အောင် လေ့လာဆည်းပူးသင်ယူပါ။ ပါးနပ်စွာလုပ်ကိုင်သည့်နည်းကို ကျင့်ကြံဖို့တိုက်တွန်းလိုပါသည်။ သို့မှသာလျှင်လည်း ဘဝဟူသည် ချောမွေ့လွယ်ကူပြီး ပျော်ရွှင်စရာကောင်းလာပါလိမ့်မည်။ ။

---

နေလှိုင်

# ချမ်းသာကြွယ်ဝအောင်မြင်ရေး ခရီးလမ်းကြောင်းသို့

## ရက်ပေါင်း(၃၀)ခရီးနှင့်နည်းစနစ်

## THE JOY OF WORKING

**The 30 days system of succes**

**Wealth & Happiness on the Jo**

*BY*
*DENIS WAITLEY*
*&*
*RENI L.WITT*

မှီငြမ်းပြန်ဆိုသည်။

ဖြန့်ချိရေး
ထီးလှိုင်ရှင်စာပေ

www.burmeseclassic.com